# အကြောက်တရားကို အံတုရင်း

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နေရပ်စွန့်ခွာနေရခြင်းနှင့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ဖြတ်သန်းနေရသော အမျိုးသမီးများ၏အတွေ့အကြုံများ



KHRG
ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

# အကြောက်တရားကို အံတုရင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိနေရပ်စွန့်ခွာနေရခြင်းနှင့်လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို
ရင်ဆိုင်ဖြတ်သန်းနေရသော အမျိုးသမီးများ၏အတွေ့အကြုံများ

ကရင်လူ့အခွင့်အရေးအဖွဲ့

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ

**အကြောက်တရားကို အံတုရင်း**

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နေရပ်စွန့်ခွာနေရခြင်းနှင့်လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ဖြတ်သန်းနေရသော အမျိုးသမီးများ၏အတွေ့အကြုံများ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရေးသားထုတ်ဝေသည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ။ KHRG စာအမှတ်- 2026-01

အရှေ့နှင့်အနောက်မျက်နှာဖုံးရှိ ဓာတ်ပုံများအကြောင်းကို ဤအစီရင်ခံစာ၏နောက်ဆုံးစာမျက်နှာတွင် ကျေးဇူးပြု၍ကြည့်ပါ။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အား ၁၉၉၂ ခုနှစ်တွင်စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက် ဒေသများရှိရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့် အခြားအထောက်အထားများဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ KHRG သည် သီးခြားလွတ်လပ်စွာ ရပ်တည်သောအဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွယ်ခြင်းမရှိပါ။ ကျွန်ုပ်တို့၏လုပ်ငန်းများကိုသိရှိလိုပါက အင်တာနက်စာမျက်နှာ ဖြစ်သည့် www.khrg.org တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ KHRG မှပုံနှိပ်ထုတ်ဝေပြီးသော အစီရင်ခံစာများကိုရယူလိုပါက အီးမေးလ်လိပ်စာ khrg@khrg.org သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဤအစီရင်ခံစာအား KHRG မှ ၂၀၂၆ ခုနှစ်တွင် ထုတ်ဝေပြီးအဖွဲ့၏မူပိုင်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ပါရှိသောအကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက်မဟုတ်ပဲ အများအကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများ တွင်ဖော်ပြလိုသည့်ရည်ရွယ်ချက်များအတွက် ထပ်မံကူးယူအသုံးပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများလုပ်ဆောင်နိုင်ပါသည်။ သို့သော် စီးပွားဖြစ်အကျိုးအမြတ်အတွက်ပြန်လည်အသုံးပြု ထုတ်ဝေလိုပါက ကရင်လူ့အခွင့်အရေးအဖွဲ့ထံမှ ဦးစွာခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။ KHRG မှ ဤအစီရင်ခံစာအား မူလအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်ပါသည်။

**ဤအစီရင်ခံစာသည် ရောင်းရန်မဟုတ်ပါ။**

# မာတိကာ


**စကားဦး** .......... ၆

**နိဒါန်း** .......... ၈

**အကြံပြုချက်များ** .......... ၁၁

အစီရင်ခံစာပြုစုပုံနည်းစနစ် .......... ၁၄

ဝေါဟာရများနှင့်အတိုကောက်အသုံးအနှုန်းများ .......... ၁၆

မြေပုံ ၁။ KHRG ၏လှုပ်ရှားရာနယ်မြေ (ဒေသတွင်း သတ်မှတ်ထားသောကရင်ပြည် နယ်နှင့် မြန်မာ အစိုးရသတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီး နယ်နိမိတ်များ) .......... ၁၇

**အခန်း ၁။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နေရပ်စွန့်ခွာနေရခြင်းနှင့်ပတ်သက်၍ နောက်ခံသမိုင်းနှင့် အခြေအနေ** .......... ၁၈

မြေပုံ ၂။ ကရင်ပြည်နယ်တွင် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက် ကြီးပစ်ခတ်မှုများနှင့် တိုက်ပွဲဖြစ်ပွားမှုများကို နေရပ်စွန့်ခွာနေရခြင်းဖြစ်စဉ်အကြိမ်ရေများနှင့်အတူ တင်ပြခြင်း (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ) .......... ၂၃

**အခန်း ၂။ လုံခြုံရေးအန္တရာယ်နှင့် တိုက်ခိုက်မှုများ** .......... ၂၄

၂.၁။ နေရပ်စွန့်ခွာနေရခြင်းကာလအတွင်း ကြုံတွေ့ရသည့်တိုက်ခိုက်မှုအန္တရာယ် .......... ၂၄

၂.၂။ လှုပ်ရှားသွားလာမှုနှင့် ခရီးသွားလာမှုကန့်သတ်ချက်များနှင့်ဆက်စပ်သည့် လုံခြုံရေးအန္တရာယ်များ .......... ၂၈

၂.၃။ စစ်ဘေးရှောင်အမျိုးသမီးများအသုံးပြုသည့် ကာကွယ်ရေးနည်းဗျူဟာများ .......... ၃၅

နော်အဖ--- ၏ဘဝဖြတ်သန်းမှု .......... ၃၈

**အခန်း ၃။ အသက်မွေးဝမ်းကြောင်းစိန်ခေါ်မှုနှင့် အခြေခံလိုအပ်ချက်များလက်လှမ်းမီရန်အတွက် အခက်အခဲများ** .......... ၄၀

၃.၁။ အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း .......... ၄၀

၃.၂။ ဆက်လက်ဖြစ်ပွားနေသည့်တိုက်ပွဲများကြား နေရပ်စွန့်ခွာနေရခြင်းနှင့်အတူတွဲပါလာသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်ချက်များ .......... ၄၄

၃.၃။ အသက်မွေးဝမ်းကြောင်းလက်လှမ်းမီရန် ရင်ဆိုင်ဖြေရှင်းသည့်နည်းလမ်းများ .......... ၅၂

**အခန်း ၄။ ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု** .......... ၅၆

၄.၁။ စစ်ဘေးရှောင်အမျိုးသမီးများကြုံတွေ့ရသောကျန်းမာရေးပြဿနာများ .......... ၅၆

၄.၂။ ကျန်းမာရေးစောင့်ရှောက်မှုအားလက်လှမ်းမီရရှိရန် ကြုံတွေ့ရသောအတားအဆီးများ .......... ၆၁

၄.၃။ အရေးကြီးသောကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လမ်းကြောင်းများ .......... ၆၉

နော်ပ--- ၏ဘဝဖြတ်သန်းမှု .......... ၇၃

**အခန်း ၅။ နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့်အမျိုးသမီးများ၏ စိတ်ကျန်းမာရေးအခြေအနေ................ ၇၄**

၅.၁။ တိုက်ခိုက်မှုနှင့် နေရပ်စွန့်ခွာနေရခြင်းများကြောင့်ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားမှုများ........................................................................................................................ ၇၅

၅.၂။ တိုက်ခိုက်မှုများနှင့် နေရပ်စွန့်ခွာနေရခြင်းကြောင့် မိသားစုများအပေါ်သက်ရောက်မှုများ .... ၈၂

၅.၃။ ပိုမိုကျယ်ပြန့်သောလူမှုအသိုက်အဝန်းအပေါ်သက်ရောက်မှုများ ........................................ ၈၄

၅.၄။ စိတ်ပိုင်းဆိုင်ရာဖိစီးမှုပြဿနာများလျှော့ချရန်အတွက် အမျိုးသမီးများ၏နည်းဗျူဟာများ ... ၉၀

ဒေါ်ပအ--- ၏ဘဝဖြတ်သန်းမှု ........................................................................................ ၉၂

**အခန်း ၆။ တရားမျှတမှုအပေါ်ထင်မြင်ချက်များနှင့် အနာဂတ်အတွက်မျှော်လင့်ချက်များ ...................... ၉၃**

**နိဂုံး .................................................................................................................................. ၉၈**

**ဆက်စပ်နောက်ဆက်တွဲအချက်အလက်(က)- အင်တာဗျူးဖြေဆိုသူများ၏တည်နေရာ .......................... ၁၀၆**

# စကားဦး

၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်အချိန်မှစ၍ မြန်မာစစ်အစိုးရသည် ၎င်း၏ 'ဖြတ်လေးဖြတ်' ဗျူဟာကို ပိုမိုအားကောင်းစေပြီး ပြင်းထန်သည့်စစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများကို ပြန်လည်အသက်သွင်းကာ မြန်မာပြည်အရှေ့တောင်ပိုင်းရှိအရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျတိုက်ခိုက်မှုများအား ကျူးလွန်နေသည့်အတွက် စစ်ဘေးရှောင်ရသူများ လွန်စွာများပြားလာခဲ့သည်။ ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်မှအမျိုးသမီးများသည် စစ်ဘေးရှောင်ရာတွင် ထိခိုက်နစ်နာမှုများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိပြီး ၎င်းတို့၏ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုသာမက လိင်ပိုင်းဆိုင်ရာခွဲခြားဆက်ဆံရခြင်းအပြင် လိုအပ်သည့်ဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအား လက်လှမ်းမီနိုင်မှုမရှိခြင်းများကိုလည်းကြုံတွေ့ခံစားရလျက်ရှိသည်။ ဤအရာများက ၎င်းတို့၏ကောင်းမွန်သောဘဝနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ် ရေရှည်ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေသည်။ ဤကဲ့သို့စစ်ဘေးရှောင်ရာတွင် ဆိုးရွားသည့်စိန်ခေါ်မှုအမျိုးမျိုးနှင့်ကြုံတွေ့ရခြင်းများရှိသော်လည်း မြန်မာစစ်တပ်မှ ၎င်းတို့၏နေအိမ်များကို တိုက်ခိုက်မှုများနှင့်ရင်ဆိုင်ရသည့်အခါတွင် အမျိုးသမီးများသည် ၎င်းတို့၏အသက်ရှင်သန်ရန်နည်းလမ်းတစ်ခုအဖြစ် စစ်ဘေးရှောင်နေထိုင်မှုကိုရွေးချယ်ကြရသည်။

ဤအစီရင်ခံစာသည် အမျိုးသမီးများ၏အသံကိုအဓိကထား၍ အမျိုးသမီးများစစ်ဘေးရှောင်နေစဉ်ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ စစ်ဘေးရှောင်နေခြင်းနှင့် မလုံခြုံမှုများကြောင့် ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုများအားလျှော့ချနိုင်ရန်နည်းလမ်းများအပြင် ၎င်းတို့၏ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာကျန်းမာခြင်းအား ထိခိုက်စေသည့်ဘေးဒုက္ခအားကြုံတွေ့ရသည့်တိုင် ကြံ့ကြံ့ခံနိုင်ခဲ့ခြင်းများအား ဆန်းစစ်ဖော်ပြထားပါသည်။ စုဆောင်းရရှိထားသည့်အချက်အလက်များက မြန်မာစစ်တပ်၏မဆင်မခြင်၊ ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသည့်ဆိုးရွားသောသက်ရောက်မှုများအား ဖော်ပြလျက်ရှိသည်။ အစပိုင်းတွင် ထွက်ပြေးတိမ်းရှောင်ရမှုများနှင့်စတင်ခဲ့ပြီး စစ်ဘေးရှောင်ရမှုက လူမှုအကျိုးစီးပွားအားလုံးအပေါ် ထိခိုက်နစ်နာမှုများ တဖြည်းဖြည်းနှင့်ဖြစ်ပေါ်စေပြီး ၎င်းတို့၏ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုကို ခြိမ်းခြောက်လာကာ လိင်ပိုင်းဆိုင်ရာကျား-မအခြေပြုအကြမ်းဖက်မှုများလည်း တိုးမြင့်လာစေသည်။ အစားအသောက်နှင့် နေရာထိုင်ခင်းအတွက် စားဝတ်နေရေးဆိုင်ရာအခက်အခဲများမြင့်တက်လာစေပြီး ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအား လက်လှမ်းမီနိုင်မှုမှာ ပိုမိုဆိုးရွားလာသည်။ ထို့အပြင် ဆက်လက်ဖြစ်ပေါ် နေသည့် လုံခြုံရေးဆိုင်ရာအန္တရာယ်များအပြင် မိသားစု၊ လူမှုအသိုက်အဝန်းများနှင့် ဝေးကွာရခြင်းများကြောင့် လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာအခြေအနေများကို ပိုမိုဆိုးရွားလာစေသည်။ အမျိုးသမီးများနှင့် ၎င်းတို့၏မိသားစုဝင်များသည် ယခုအစီရင်ခံစာထုတ်ပြန်သည့်အချိန်တွင် ဆက်လက်စစ်ဘေးရှောင်နေရဆဲဖြစ်ပြီး ၎င်းတို့၏နေအိမ်များသို့မပြန်နိုင်ပဲ ၎င်းတို့၏အခွင့်အရေးများအား အပြည့်အဝရယူပိုင်ခွင့်ကိုငြင်းဆန်ခြင်း ခံထားရသည်။

ဤသို့အမျိုးသမီးများစစ်ဘေးရှောင်နေရစဉ် ကြုံရသည့်စိန်ခေါ်မှုများရှိသော်လည်း ဖိနှိပ်မှုများကြုံရသည့်အခါကြံ့ကြံ့ခံနိုင်ပြီး ၎င်းတို့ရင်ဆိုင်ရသည့် အခွင့်အရေးချိုးဖောက်မှုများ၏သက်ရောက်မှုများကိုလျှော့ချရန် ဒေသတွင်း ကာကွယ်ရေးနည်းဗျူဟာများကို အသုံးပြုကြသည်။ ဤနည်းလမ်းများသည် ရေတိုအတွက်လိုအပ်၍အလုပ်ဖြစ်သယောင်ရှိသော်လည်း ရေရှည်ထွက်ပြေးတိမ်းရှောင်နေရသည့်အခါ ထိခိုက်နစ်နာမှုများအားဖြေရှင်းရန် လုံလောက်မှုမရှိပါ။ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ကြားဝင်ဖြေရှင်းမှုများ လိုအပ်သည်။ ဒေသတွင်းရှိသူများက အကူအညီများနှင့် လူသားချင်းစာနာထောက်ထားသည့်ပံ့ပိုးမှုများပြုလုပ်နိုင်ရန် ကြိုးစားလုပ်ဆောင်နေချိန်တွင် လိုအပ်ချက်ကြီးကြီးမားမားရှိနေပြီး ၎င်းတို့အတွက် ပြင်ပမှနည်းစနစ်များ၊ နိုင်ငံရေးနှင့်

ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုများရရှိနိုင်ပါက ၎င်းတို့ဝန်ဆောင်မှုပေးနေသောပြည်သူများအတွက် ပိုမိုအကျိုးရှိနိုင်မည်ဖြစ်သည်။

ဤအစီရင်ခံစာတွင် KHRG အနေဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိအခြေအနေနှင့်ပတ်သက်၍ အရေးကြီးသောသတင်းအချက်အလက်များ၊ ကရင်ပြည်နယ်အတွင်းသမိုင်းကြောင်းတစ်လျှောက် မြန်မာစစ်တပ်၏ဖိနှိပ်မှုကြောင့်ဖြစ်ပေါ်သည့်ထွက်ပြေးတိမ်းရှောင်ရမှုကို အကျယ်တဝင့်ရှင်းလင်းတင်ပြပြီး လူ့အခွင့်အရေးချိုးဖောက်ခံရသူအမျိုးသမီးများ၏အသံကို ပြန်လည်ဖော်ထုတ်ပေးရန်ရည်ရွယ်သည်။ ဤအစီရင်ခံစာ၏ရှာဖွေတွေ့ရှိမှုများမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေများအား ချိုးဖောက်နေသည့်ပုံစံများဖြစ်ပြီး အချို့မှာ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ချိုးဖောက်ကျူးလွန်သည့်ရာဇဝတ်မှုမြောက်သည်။ ဤသို့ထိခိုက်နစ်နာမှုအများဆုံးခံစားရသူများ၏အသံများအားဖော်ထုတ်ပြီး တိုက်ပွဲများကြောင့် စစ်ဘေးရှောင်နေရသည့်အမျိုးသမီးများ၏ဘဝအပေါ် ဆိုးရွားသည့်သက်ရောက်မှုများအားဖော်ပြရခြင်းမှာ အမျိုးသမီးများ၏အရေးပေါ်လိုအပ်ချက်များနှင့် ၎င်းတို့ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရသည့်စိန်ခေါ်မှုများအပေါ် အာရုံစူးစိုက်မှုရရှိရန်နှင့် အမျိုးသမီးများအား အကာအကွယ်ပေးရန်အတွက် သင့်လျော်သည့်သက်ဆိုင်သူများမှ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်ဖြစ်သည်။ ထို့အပြင် စစ်ဘေးရှောင်နေရမှုကိုဖြစ်ပေါ်စေသည့်အကြောင်းရင်းဖြစ်သော မြန်မာစစ်တပ်၏မဆင်မခြင် သို့မဟုတ် ပစ်မှတ်ထားပစ်ခတ်တိုက်ခိုက်မှုများအား ရှုံ့ချနိုင်ရန်လည်းဖြစ်သည်။ တရားမျှတမှုနှင့်ပက်သက်၍ ဒေသတွင်းရှိအမျိုးသမီးများ၏အမြင်သဘောထားများအပြင် ငြိမ်းချမ်းရေး၊ လွတ်လပ်မှုအတွက် ၎င်းတို့၏အနာဂတ်မျှော်မှန်းချက်များကို မီးမောင်းထိုးပေးခြင်းဖြင့် ဤအစီရင်ခံစာမှတစ်ဆင့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာပါဝင်ပတ်သက်သူအားလုံးကို အမျိုးသမီးများ၏တုံ့ပြန်မှုများမှတစ်ဆင့် ၎င်းတို့၏အသံများအားဗဟိုပြု၍ အသိအမှတ်ပြုရန်အတွက်ဖိတ်ခေါ်ပါသည်။

# နိဒါန်း

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးချိန်မှစ၍[1] မြန်မာစစ်တပ်[2]သည် မြန်မာနိုင်ငံတစ်ဝန်းရှိ အရပ်သားပြည်သူများအပေါ်တိုက်ခိုက်မှုများအား ပြင်းပြင်းထန်ထန်လုပ်ဆောင်လာသည့်အတွက် ရေရှည်ကြိမ်ဖန်များစွာ ထွက်ပြေးတိမ်းရှောင်ရမှုများကို ဖြစ်ပေါ်လာစေသည်။ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ ကျေးရွာများအားဖျက်ဆီးခြင်းများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ တရားလက်လွတ်ဖမ်းဆီးခြင်းများနှင့် အခြားအကြမ်းဖက်မှုပုံစံများအပါအဝင် အရပ်သားများအပေါ်လူ့အခွင့်အရေးချိုးဖောက်နေမှုများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေပြီး ထိုအရာက အရပ်သားများအားနေရပ်မှထွက်ပြေးစွန့်ခွာစေပြီး အိမ်သို့လုံခြုံစွာပြန်လည်နေထိုင်မှုကို ဟန့်တားလျက်ရှိသည်။[3] မြန်မာစစ်တပ်သည် ဤသို့သောတိုက်ခိုက်မှုနှင့် ချိုးဖောက်မှုများအား စစ်တပ်နှင့် တော်လှန်ရေးတပ်ဖွဲ့များဖြစ်သည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ကေအဲန်အဲလ်အေ-KNLA)[4]၊ ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (ကေအဲန်ဒီအို-KNDO)[5]၊ သို့မဟုတ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDF)[6] တို့ကြားဖြစ်ပွားသည့်တိုက်ပွဲများအတွင်း လုပ်ဆောင်လျက်ရှိသည်ဟုဆိုသော်လည်း ထိုတိုက်ခိုက်မှုအများစုမှာ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များအား ပစ်မှတ်ထားခြင်းမဟုတ်ပဲ အရပ်သားနှင့် အရပ်သားပိုင်ဆိုင်မှုများအား ဦးတည်တိုက်ခိုက်နေခြင်းဖြစ်သည်။ ဤသို့ခွဲခြားခြင်းမရှိ ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်ရသည့်ရွာသားများ အထူးသဖြင့် အမျိုးသမီးများနှင့် ၎င်းတို့၏ကလေးများအရေအတွက်သည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမတိုင်မီ ၃၃၀,၀၀၀ ကျော်သာ

---

1 ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဗမာ (မြန်မာ) စစ်တပ်သည် ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အစိုးရအား ဖယ်ရှားခဲ့သည်။ စစ်တပ်မှ တစ်နှစ်တာအရေးပေါ်နိုင်ငံအခြေအနေအားကြေညာခဲ့ပြီး အာဏာကို ထိုအချိန်ကဗမာ့စစ်တပ်၏ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်သို့ လွှဲအပ်ခဲ့သည်။ သက်သေမပြနိုင်သည့်စွပ်စွဲချက်များဖြင့် ဗမာစစ်တပ်မှ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲ NLD ၏သောင်ပြိုကမ်းပြိုမဲနိုင်ရရှိမှုအား မဲမသမာမှုအဖြစ်စွပ်စွဲခဲ့ပြီး အရေးပေါ်အခြေအနေကုန်ဆုံးသည့်အချိန်တွင် ရွေးကောက်ပွဲနောက်တစ်ကြိမ်ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ရွေးကောက်ခံ သမ္မတစ်ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည် တို့သည် ၎င်းတို့၏ဝန်ကြီးများ၊ လက်ထောက်ဝန်ကြီးများနှင့် လွှတ်တော်အမတ်များနှင့်အတူ ဖမ်းဆီးခံခဲ့ရသည်။

2 ဤအစီရင်ခံစာတွင် ရေးသားထားသည့် ဗမာစစ်တပ်၊ ဗမာ့တပ်မတော်၊ စစ်ကောင်စီ၊ စစ်ကော်မရှင်၊ တပ်မတော်နှင့် စစ်အာဏာရှင်ဆိုသည်မှာ ဗမာစစ်အာဏာရှင်၏လက်နက်ကိုင်တပ်ဖွဲ့ကို ပြောင်းလဲခေါ်ဝေါ်ရည်ညွှန်းခြင်းဖြစ်သည်။ ရွာသားများကိုယ်တိုင်က ဗမာစစ်တပ်၊ ဗမာစစ်သား၊ သို့မဟုတ် ဗမာစစ်တပ်မှ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းမှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအထိ ၎င်းတို့ကိုယ်ကိုမှည့်ခေါ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်မတီ (နစက-စစ်ကောင်စီ-SAC) ဟူ၍ ခေါ်ဝေါ်ကြသည်။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် စစ်အာဏာရှင်သည် ၎င်း၏အမည်အား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် (စစ်ကော်မရှင်-SSPC) အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

3 KHRG မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော “ငြင်းဆို၍မရနိုင်တော့သော- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ဖြစ်ပွားခဲ့သောစစ်ရာဇဝတ်မှု၊လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုနှင့် ဆယ်စုနှစ်သုံးခုအတွင်းဒေသခံပြည်သူတို့၏သက်သေခံချက်များ” တွင် ကြည့်ပါ။

4 ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ကေအဲန်အဲလ်အေ-KNLA) သည် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ-KNU) ၏လက်နက်ကိုင်အဖွဲ့ဖြစ်သည်။

5 ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (ကေအဲန်ဒီအို-KNDO) သည် ၁၉၄၇ ခုနှစ်တွင် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ-KNU) မှစတင် တည်ထောင်ခဲ့ပြီး လက်ရှိတွင် KNLA ကဲ့သို့ KNU ၏လက်နက်ကိုင်အဖွဲ့ဖြစ်သည်။

6 ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) သည် လက်နက်ကိုင်တောင်လှန်ရေးအဖွဲ့ဖြစ်ပြီး နိုင်ငံအနှံ့အပြားတွင် လွတ်လပ်စွာဖွဲ့စည်းတည်ထောင်ထားသည့် ဒေသခံပြည်သူ့စစ်များဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းခြင်းနှင့် စစ်အာဏာရှင်၏ဆက်တိုက်ရက်စက်ကြမ်းကြုပ်သော အကြမ်းဖက်လုပ်ရပ်များကြောင့် ထိုအဖွဲ့၏အများစုသည် မြန်မာနိုင်ငံ၏တရားဝင်အစိုးရဟုအခိုင်အမာဆိုထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် စတင်ပူးပေါင်းဆောင်ရွက်လာကြပြီး ၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် NUG မှ အနာဂတ်ဖက်ဒရယ်အတွက်ရေးရှုရန်အတွက် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) များအား တရားဝင်သတ်မှတ်ပေးခဲ့သည်။

ရှိခဲ့သော်လည်း အာဏာသိမ်းပြီးနောက်တွင် ၃.၇၅ သန်းအထိ[7] မြင့်တက်လာခဲ့သည်။ ဒေသတွင်းသတ်မှတ်ထားသည့်ကရင်ပြည်နယ်တွင်လည်း[8] ထိုသို့ စစ်ဘေးရှောင်နေရသူ အရေအတွက်မှာ ၂၀၂၂ ခုနှစ် အစောပိုင်းတွင် ၁၄၄,၀၀၀ ကျော်သာ[9] ရှိသော်လည်း ၂၀၂၄ ခုနှစ်၊ မေလတွင် ၁.၂ သန်းကျော်ထိ[10] မြင့်တက်လာခဲ့သည်။ ကရင်ပြည်နယ်တစ်ဝန်းရှိ လူမှုအသိုက်အဝန်းများသည် အရပ်သားများ၏နေရာများနှင့် ၎င်းတို့အတွက် မရှိမဖြစ်လိုအပ်သည့်အခြေခံအဆောက်အအုံများနှင့် ဒေသခံများအပေါ်တိုက်ခိုက်နေမှုများအပါအဝင် ရေရှည်ဖြစ်ပေါ်လျက်ရှိသောအကြမ်းဖက်မှုများက လုံခြုံရေးနှင့် အခြေခံလိုအပ်ချက်များအား လက်လှမ်းမီနိုင်မှုများကိုလည်း ထိခိုက်မှုရှိစေသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့်လက်နက်ကိုင်တိုက်ပွဲများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ထပ်ခါတလဲလဲကျူးလွန်နေသည့်အခြေအနေထဲတွင် နေထိုင်နေကြသည့် စစ်ဘေးရှောင်အမျိုးသမီးများ၏သက်သေခံချက်များက စစ်ဘေးရှောင်နေရမှုသည် တစ်ကြိမ်တစ်ခါသာဖြစ်ပွားခြင်းမဟုတ်ပဲ မလုံခြုံမှုများအား အဆက်မပြတ်ခံစားရစေသောအခြေအနေဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြလျက်ရှိသည်။ စစ်ဘေးရှောင်နေခြင်းသည် လုံခြုံသောရပ်ဝန်းသို့ နေရပ်စွန့်ခွာတိမ်းရှောင်နေထိုင်ခြင်းဟု နားလည်နိုင်သော်လည်း KHRG မှရရှိထားသောအချက်အလက်များအရ စစ်ဘေးရှောင်နေမှု၏တစ်ဖက်တွင် ပိုမိုရှုပ်ထွေးသောအခြေအနေများရှိကြောင်းကို ဖော်ပြလျက်ရှိသည်။ နေအိမ်မှထွက်ပြေးတိမ်းရှောင်နေရသောအမျိုးသမီးများအများစုသည် လုံခြုံသည့်နေရာသို့ရောက်ရှိခြင်း မဟုတ်ပဲ အခြားပုံစံမတူသောအန္တရာယ်မကင်းသည့် ပတ်ဝန်းကျင်တစ်ခုသို့ရောက်ရှိသွားခြင်းသာဖြစ်သည်။ နေအိမ်အတည်တကျမရှိခြင်းနှင့် စိတ်ချရသည့်ဝန်ဆောင်မှုများအားလက်လှမ်းမမီခြင်း၊ အခါအားလျော်စွာ သို့မဟုတ် ကြိမ်ဖန်များစွာ စစ်ဘေးရှောင်နေရခြင်း၊ ၎င်းတို့အတွက် အခြေခံလိုအပ်ချက်များကိုရရှိရန်အတွက် အကန့်အသတ်ရှိစေနိုင်သော်လည်း အတူတကွသွားလာခြင်းကို ရှောင်ကျဉ်ခြင်းများအပါအဝင် သွားလာလှုပ် ရှားခွင့်ကန့်သတ်ခြင်းနှင့် အခြေခံအခွင့်အရေးများအား ငြင်းပယ်ခံရသည့်အခြေအနေများကြားတွင် နေ့စဉ်ဆုံးဖြတ်ချက်များချမှတ်ရခြင်းများနှင့်ပတ်သက်၍ ၎င်းတို့ကြုံတွေ့ရသည့်အခြေအနေများကို အမျိုးသမီးများမှတင်ပြခဲ့သည်။ ဤအတွေ့အကြုံများသည် အင်တာဗျူးဖြေဆိုသူများနေထိုင်ရာဒေသ၏ထိန်းချုပ်မှုအခြေအနေများဖြစ်သော မြန်မာစစ်တပ်ထိန်းချုပ်မှုနယ်မြေ၊ ရောယှက်ထိန်းချုပ်မှုနယ်မြေနှင့် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ-KNU)[11] ထိန်းချုပ်မှုအပေါ်မူတည်၍ ပြောင်းလဲမှုရှိနိုင်သည်။

---

7 ၂၀၂၄ ခုနှစ်၊ မေလတွင် ထုတ်ဝေသော UNHCR ၏“Country – Myanmar” တွင်ကြည့်ပါ။

8 ဒေသတွင်းသတ်မှတ်ထားသည့်ကရင်ပြည်နယ်တွင် အောက်ပါနေရာဒေသများဖြစ်သည့် မြန်မာပြည်အရှေ့တောင်ပိုင်းမှ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး၏အစိတ်အပိုင်းများပါဝင်သည်။ ကရင်ပြည်နယ်သည် မြန်မာပြည်အရှေ့ တောင်ပိုင်းတွင်တည်ရှိပြီး တိုင်းရင်းသားကရင်လူမျိုးများမှအဓိကအားဖြင့်မှီတင်းနေထိုင်ကြသည်။ ကရင်လူမျိုးအများစုသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသအများစုတွင် အခြားတိုင်းရင်းသားများဖြစ်သည့် ဗမာ၊ ရှမ်း၊ မွန်၊ ပအို့ဝ်အပါအဝင်တိုင်းရင်းသားလူမျိုးစုများနှင့်အတူနေထိုင်ခဲ့ကြသည်။

9 ၂၀၂၂ ခုနှစ်၊ မတ်လတွင် ကရင့်သတင်းစဉ်မှ ထုတ်ဝေသည့် “Burma Army Offensive Attacks in Central Karen State Displaces Another 10,000 Villagers – Total Displaced Now Estimated at 144,000” တွင်ကြည့်ပါ။

10 ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် CIDKP မှထုတ်ပြန်သည့် “Kawthoolei-Displacement Overview Map” တွင်ကြည့်ပါ။

11 ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ - KNU) သည် အဓိက ကရင်နိုင်ငံရေးအဖွဲ့အစည်းဖြစ်သည်။ ၎င်းအား ၁၉၄၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၄၉ ခုနှစ်မှစတင်၍ ဗမာ/မြန်မာအစိုးရနှင့် ပဋိပက္ခ ဖြစ်ပွားလျက်ရှိသည်။ KNU သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိနေရာဒေသကြီးများတွင် အာဏာစွဲကိုင်နိုင်ခဲ့ပြီး ၁၉၇၆ ခုနှစ်မှစတင်၍ ဒီမိုကရေစီဖက်ဒရယ်စနစ်တည်ဆောက်ရေးအတွက်တောင်းဆိုခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အားလက်မှတ်ထိုးခဲ့သော်လည်း ၂၀၂၁ ခုနှစ် မြန်မာ့တပ်မတော်မှ အာဏာသိမ်းပြီးနောက် KNU သည် NCA ပျက်ပြယ်သွားပြီဟု တရားဝင်ထုတ်ပြန်ခဲ့သည်။

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စစ်ဘေးရှောင်အမျိုးသမီးများနှင့်ပြုလုပ်ခဲ့သည့် အင်တာဗျူးများအပေါ် အခြေခံ၍ ဤအစီရင်ခံစာတွင် စစ်ဘေးရှောင်နေစဉ် ၎င်းတို့ကြုံတွေ့ရသည့် အဓိကပုံစံတူအခြေအနေများကို ဖော်ထုတ်တင်ပြထားသည်။ ဤအစီရင်ခံစာတွင် ပဋိပက္ခနှင့်ဆက်စပ်သော အကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်လာသည့် ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးအန္တရာယ်များကိုဖော်ထုတ်တင်ပြခြင်းဖြင့်စတင်ထားပြီး မလုံခြုံမှု၊ သွားလာလှုပ်ရှားမှုများအားကန့်သတ်ထားခြင်းနှင့် လိင်နှင့် ကျား-မအခြေပြုအကြမ်းဖက်မှုများက အမျိုးသမီးများ၏နေ့စဉ်ဘဝတွင် စီမံခန့်ခွဲနိုင်မှုစွမ်းရည်ကို မည်ကဲ့သို့သက်ရောက်မှုရှိနေကြောင်း ဖော်ပြထားသည်။ ၎င်းတို့၏အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းရန်အတွက် လိုအပ်ချက်များရှိသော်လည်း သွားလာလှုပ်ရှားမှုများအားလျှော့ချခြင်း သို့မဟုတ် ရှောင်ကျဉ်ခြင်းအားဖြင့် ၎င်းတို့၏လုံခြုံရေးကိုစီမံကြသည်။ ထို့နောက်တွင် စစ်ဘေးရှောင်နေရမှုကြောင့် အစားအသောက်၊ နေရာထိုင်ခင်းနှင့် ဝင်ငွေလုပ်ငန်းများအပါအဝင် ၎င်းတို့၏စားဝတ်နေရေးနှင့် အခြေခံလိုအပ်ချက်များအပေါ် သက်ရောက်မှုများအားရှာဖွေဖော်ထုတ်ခဲ့ပြီး ထိုအရင်းအမြစ်များအားရရှိနိုင်ရန်အတွက် အမျိုးသမီးများကြုံတွေ့ရသည့်အတားအဆီးများကို မီးမောင်းထိုး ဖော်ပြထားသည်။ ဤအစီရင်ခံစာတွင် ထွက်ပြေးတိမ်းရှောင်ရမှုကြောင့် ကြုံတွေ့ရသည့်ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအား လက်လှမ်းမီနိုင်မှုအပေါ်သက်ရောက်မှုများအား ထည့်သွင်းဖော်ပြထားသည်။ ထိုသက်ရောက်မှုများတွင် ယိုယွင်းပျက်စီးနေသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ ဆေးဝါး အခက်အခဲ၊ သားဖွားမှုနှင့် မိခင်ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကြုံတွေ့ရသည့်အခက်အခဲများ ပါဝင်သည်။ ထို့နောက်တွင် ကာလရှည်ကြုံတွေ့ခံစားကြရသည့်မလုံခြုံမှုများအပြင် ကြောက်ရွံ့မှု၊ ဝမ်းနည်းပူဆွေးမှုနှင့် ရပ်ရွာလူမှုဘဝပြိုကွဲပျက်စီးခြင်းများကြောင့် ဖြစ်ပေါ်လာသည့် စိတ်လူမှုဆက်ဆံရေး ကျန်းမာပျော်ရွှင်ခြင်းအပေါ် သက်ရောက်မှုများကို ဆန်းစစ်ဖော်ပြထားပါသည်။

နောက်ဆုံးတွင် စစ်ဘေးရှောင်အမျိုးသမီးများ၏အနာဂတ်အတွက် အမြင်သဘောထားများနှင့် ၎င်းတို့၏လုံခြုံရေး၊ ဂုဏ်သိက္ခာပိုင်းနှင့် နေရပ်ပြန်နိုင်ရေးအတွက်မျှော်မှန်းချက်များအပြင် တရားမျှတမှု၊ တာဝန်ယူမှုတာဝန်ခံမှုနှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးအတွက် ၎င်းတို့၏ရှုမြင်သုံးသပ်ချက်များကို တင်ပြထားသည်။ ဤအခန်းတွင် စစ်ဘေးရှောင်နေရသောအမျိုးသမီးများသည် တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုလုပ်ငန်းစဉ်များတွင် သဘောတူလက်ခံသူများသက်သက်သာမဟုတ်ပဲ တက်ကြွစွာပါဝင်ဆောင်ရွက်သူများဖြစ်ပြီး ၎င်းတို့၏အမြင်သဘောထားများကို ထိုလုပ်ငန်းစဉ်များတွင်ထည့်သွင်းဆောင်ရွက်သင့်သည်။ ဤအစီရင်ခံစာသည် အင်တာဗျူးများတွင်တွေ့ရသည့်အဓိကချိုးဖောက်မှုများအား စီစစ်ဖော်ပြထားသော နောက်ဆက်တွဲဥပဒေပိုင်းဆိုင်ရာစီစစ်မှုများအတွက် ပေါင်းကူးအဖြစ်ဆောင်ရွက်ပေးပြီး တွေ့ကြုံခံစားရသူများ၏ကိုယ်ပိုင်အတွေ့အကြုံနှင့် ဦးစားပေးမှုများအပေါ် ဥပဒေဆိုင်ရာသုံးသပ်မှုများအား အခြေခံထားသည်။

ဤအစီရင်ခံစာတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိပဋိပက္ခများနှင့် ထွက်ပြေးတိမ်းရှောင်ရမှုများ၏အခြေအနေမှန်များကို နားလည်သဘောပေါက်နိုင်ရန်အတွက် စစ်ဘေးရှောင်အမျိုးသမီးများ၏အမြင်သဘောထားများကို ဗဟိုပြုခြင်းကအရေးကြီးကြောင်း မီးမောင်းထိုးပြထားသည်။ ဤရင်ဆိုင်ခံစားရမှုများသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး လူမှုအသိုက်အဝန်းအားလုံးအပေါ် သက်ရောက်မှုရှိသည်။ ဤရှုထောင့်ဖြင့် ၎င်းအတွေ့အကြုံများကိုဆန်းစစ်ခြင်းသည် ၎င်းတို့အနေဖြင့် လက်တွေ့တွင် အန္တရာယ်များကြား မည်ကဲ့သို့ရှင်သန်ရပ်တည်နေရပုံကိုတွေ့ရှိနိုင်ပြီး စစ်ဘေးရှောင်အမျိုးသမီးများသာကြုံတွေ့ရသည့်စိန်ခေါ်မှုများနှင့် ထိုစိန်ခေါ်မှုများက ၎င်းတို့၏မိသားစုများနှင့် လူမှုအသိုက်အဝန်းအပေါ် မည်သို့သက်ရောက်မှုရှိနေကြောင်းကိုလည်း ထုတ်ဖော်ပြသနိုင်သည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် အစီရင်ခံစာသည် စစ်ဘေးရှောင်နေရခြင်းနှင့်ပတ်သက်၍ အသေးစိတ်အခြေအနေအားဖော်ပြနိုင်သကဲ့သို့ ထိခိုက်ခံစားရသူများ၏အတွေ့အကြုံနှင့် ဦးစားပေးချက်များမှတစ်ဆင့် တင်ပြသူများ၏လိုအပ်ချက်များကိုလည်း မီးမောင်းထိုးဖော်ပြနိုင်သည်။ အစိုးရများ၊ အရပ်ဖက်အဖွဲ့အစည်း

များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တာဝန်ယူမှုယန္တရားများအား ဆက်လက်ဖြစ်ပွားလျက်ရှိသောပဋိပက္ခများအားဖြေရှင်းရန်အတွက် ကြိုးပမ်းရာတွင် ဤအမြင်သဘောထားများအား ထည့်သွင်းစဉ်းစား၍ တုံ့ပြန်မှုပေးရန်အတွက် ဤအစီရင်ခံစာမှ တောင်းဆိုလျက်ရှိသည်။

## အကြံပြုချက်များ

ကရင်ပြည်နယ်အတွင်း မြန်မာစစ်တပ်ကြောင့် ဆက်လက်ဖြစ်ပွားနေသည့်ပဋိပက္ခများသည် လူ့အခွင့်အရေးချိုးဖောက်မှုများ၏အဓိကအကြောင်းအရင်းဖြစ်သည်ကိုအသိအမှတ်ပြုလျက် ကျွန်ုပ်တို့မှ အောက်ပါအတိုင်း လေးလေးနက်နက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အာဆီယံ (ASEAN)၊ နိုင်ငံတကာအစိုးရများနှင့် ကုလသမဂ္ဂ (UN) သို့ တိုက်တွန်းချက်များ

- မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးဖော်ဆောင်ရေးကိုတွန်းအားဖြစ်စေသည့် အားလုံးပါဝင်နိုင်သော ဒီမိုကရေစီနည်းကျသောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းလာစေရန် လုပ်ဆောင်နေကြသည့် ဒေသခံအဖွဲ့အစည်းများသည် ကာလကြာရှည် အတွေ့အကြုံများ၊ ဒေသတွင်းလက်လှမ်းမီနိုင်မှုနှင့် ဒေသခံလူထုနှင့် အပြန်အလှန်ယုံကြည်မှုရှိသည့်အလျောက် ဤကဲ့သို့ **ဒေသတွင်း တရားဝင်ကိုယ်စားပြုမှုရှိသော ဒေသခံအဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးအပ်ရန်။**
- နိုင်ငံရေး၊ သံတမန်ရေးနှင့် စီးပွားရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများအပါအဝင် **စစ်အုပ်စု၏ "အစိုးရ" ကို တရားဝင်မှုဖြစ်စေမည့် မည်သည့်လုပ်ရပ်ကိုမဆို တရားဝင်ဆက်လက်ရှုတ်ချရန်နှင့် ရှောင်ကြဉ်ရန်။** ပြုလုပ်ခဲ့သည့် ၂၀၂၅ - ၂၀၂၆ ရွေးကောက်ပွဲများသည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများမဖြစ်သကဲ့သို့ မြန်မာပြည်သူလူထု၏ဆန္ဒကိုလည်း ကိုယ်စားမပြုပါ။ အရပ်သားအုပ်ချုပ်ရေးသို့ ကူးပြောင်းခြင်းဖြစ်သည်ဟု စစ်တပ်မှ အကြောင်းပြလုပ်ဆောင်သည့်လုပ်ရပ်များသည် ဟန်ပြသက်သက်သာဖြစ်ပြီး စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းခြင်းကို မဆိုလိုပါ။
- **ရုရှားနှင့် တရုတ်နိုင်ငံကဲ့သို့ မြန်မာစစ်အုပ်စုထံ သံတမန်ရေးရာအရ ကျောထောက်နောက်ခံပေးနေသည့် နိုင်ငံများသည် စစ်အုပ်စုနှင့်ထိတွေ့ဆက်ဆံမှုအားလုံးကို ရပ်တန့်ရမည်။** ဤနိုင်ငံများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏အရေးယူဆောင်ရွက်မှုများကို ပိတ်ဆို့ခြင်း၊ စစ်အုပ်စု၏တရားဝင်မှုကို ပြန်လည်အသက်ဝင်စေခြင်းနှင့် လက်တွေ့တွင် ပြည်သူလူထုအပေါ် တိုက်ရိုက်ထိခိုက်နစ်နာစေသော ပဋိပက္ခရလဒ်များကိုလွှမ်းမိုးခြယ်လှယ်ခြင်းဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိနေမှုကို အားပေးကူညီနေကြသည်။ လက်ရှိတွင် စစ်အုပ်စုနှင့်ထိတွေ့ဆက်ဆံမှုမပြုသည့် နိုင်ငံများအနေဖြင့် ရုရှား၊ တရုတ်နှင့် အခြားနိုင်ငံများကိုလည်း ထိုနည်းတူလုပ်ဆောင်လာစေရန် ဖိအားပေးသင့်သည်။
- စစ်အုပ်စုနှင့် ၎င်းတို့၏မိတ်ဖက်များ အမြတ်ထုတ်အသုံးချနေသည့်ဥပဒေဟာကွက်များကို ပိတ်ဆို့ခြင်းဖြင့် လက်ရှိချမှတ်ထားသော စစ်ရေးပိတ်ဆို့အရေးယူမှုများကို တင်းကျပ်စွာအကောင်အထည်ဖော်ရန်နှင့် မြန်မာစစ်တပ်အပါအဝင် စစ်လက်နက်ပစ္စည်းရောင်းဝယ်ပေးခြင်းမှတစ်ဆင့် စစ်တပ်ကို အားပေးကူညီနေသူများ၏**လက်နက်၊ စက်သုံးဆီနှင့် အခြားစစ်ဘက်ဆိုင်ရာပစ္စည်းများအပေါ် ပိတ်ဆို့အရေးယူမှုများထပ်တိုးချမှတ်ရန်။**
- ကုလသမဂ္ဂသည်သမိုင်းတစ်လျှောက် မြန်မာပြည်သူများအတွက် ထိရောက်သောအရေးယူဆောင် ရွက်မှုများကိုလုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်။ ယင်းကို ပြုပြင်တည့်မတ်ရန်အတွက် **အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မြန်မာပြည်သူလူထုတစ်ရပ်လုံးနှင့်ပိုမိုနက်ရှိုင်းပြီး တန်းတူညီမျှသော ပူးပေါင်းဆောင်ရွက်**

**မှုများပြုလုပ်ရန် ကျွန်ုပ်တို့တိုက်တွန်းပါသည်။** ဤကဲ့သို့လုပ်ဆောင်ရာတွင် ဒေသတွင်းအတွေ့အကြုံများအပေါ် အခြေခံထားသည့်ကျွမ်းကျင်မှုများကို အလေးအနက်ထားထည့်သွင်းစဉ်းစားခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ထိခိုက်ခံစားရသူများကို လူရာမဝင်သည့်ဒုက္ခခံစားရသူများအဖြစ်သဘောမထားဘဲ ပွင့်လင်းမြင်သာမှုရှိသောပူးပေါင်းဆောင်ရွက်မှုများလိုအပ်သည်။ လက်တွေ့ကျကျဆိုရသော် စစ်အုပ်စုသည် အဓိကပြဿနာအရင်းခံဖြစ်ကြောင်း တရားဝင်အသိအမှတ်ပြုခြင်းနှင့်အတူ စစ်တပ်ကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် မြန်မာပြည်သူများကိုယ်တိုင်လုပ်ဆောင်နေသည့် လက်ရှိကြိုးပမ်းအားထုတ်မှုများကို ထိရောက်စွာပံ့ပိုးကူညီခြင်းကို ဆိုလိုသည်။

- မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားခဲ့သောလူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများနှင့် ဖြစ်နိုင်ခြေရှိသည့် စစ်ရာဇဝတ်မှုနှင့်စပ်လျဉ်း၍ **အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့် (Universal Jurisdiction) အရ အမှုဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတကာမှ တရားစွဲဆိုရေးအဖွဲ့များကို ပံ့ပိုးကူညီရန်။**

ကရင်အမျိုးသားအစည်းအရုံး (KNU) သို့ တိုက်တွန်းချက်များ

- ဦးဆောင်မှုကဏ္ဍများအပါအဝင် **KNU ဌာနအားလုံးတွင် အမျိုးသမီးများတန်းတူညီမျှစွာပါဝင်ခွင့်** ရရှိစေမည့်မူဝါဒများကို ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် ရိုးရာ ကျား၊မ အယူအဆများ၊ လူမှုရေးအရခွဲခြားနှိမ့်ချမှုများနှင့် ပဒေသရာဇ် သို့မဟုတ် ဖိုကြီးစိုးရေးဝါဒ အယူအဆများအပါအဝင် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မအခြေပြုအကြမ်းဖက်မှု (SGBV) နှင့် ကျား၊မ ခွဲခြားဆက်ဆံမှုတို့၏အရင်းအမြစ်ပြဿနာများကိုဖြေရှင်းရန်။ ဤကဲ့သို့လုပ်ဆောင်ခြင်းဖြင့် အနာဂတ်အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ရေးကြိုးပမ်းမှုများတွင် အမျိုးသမီးများပါဝင်ခွင့်ရရှိစေရန် အထောက်အကူပြုမည်ဖြစ်သည်။
- ဂျီနီဗာကောလ် (Geneva Call) နှင့် ၂၀၁၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများပိတ်ပင်တားဆီးရေးနှင့် ကျား၊မ ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကတိကဝတ်ပြုလွှာပါ တာဝန်ဝတ္တရားများအားလုံးကို လိုက်နာစောင့်ထိန်းရန်။

အဓိကအရင်းခံအကြောင်းတရားများကို ဖြေရှင်းခြင်းသည်အခြေအနေများကို ကောင်းမွန်လာစေမည်ဖြစ်သော်လည်း လက်ရှိတွင် လူ့အခွင့်အရေးချိုးဖောက်မှုများသည် ကြီးမားလှသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာလိုအပ်ချက်များ (ဥပမာ - ကျန်းမာရေး၊ အသက်မွေးဝမ်းကြောင်း၊ ပညာရေးနှင့် လုံလောက်သောလူနေမှုအဆင့်အတန်းရရှိပိုင်ခွင့်အပါအဝင် အခြားအခွင့်အရေးများချိုးဖောက်ခံရခြင်း) ကြောင့်ဖြစ်ပွားနေရခြင်းဖြစ်ကြောင်း ဤအစီရင်ခံစာမှထောက်ပြနေသည်။ ဤပြဿနာများကို ချက်ချင်းဖြေရှင်းခြင်းဖြင့် ပြည်သူများမမလိုအပ်ဘဲ ခံစားနေရသောဆင်းရဲဒုက္ခများကို သက်သာစေမည်ဖြစ်ပြီး ဤဖြေရှင်းချက်များသည် အချိန်ကြန့်ကြာနိုင်သောအသွင်ကူးပြောင်းရေးကာလတရားမျှတမှု လုပ်ငန်းစဉ်များအပေါ်လုံးဝအမှီပြုနေခြင်း မဟုတ်သောကြောင့် ယခုချက်ချင်းဆောင်ရွက်သင့်သည်။ ထို့ကြောင့် ကျွန်ုပ်တို့မှ အောက်ပါအတိုင်း လေးလေးနက်နက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၊ အခြားကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGOs) နှင့် အလှူရှင်များအပါအဝင် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အသိုက်အဝန်းသို့ တိုက်တွန်းချက်များ-

- ရွာသူရွာသားများရင်ဆိုင်နေရသော အရေးပေါ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလိုအပ်ချက်များကိုဖြေရှင်းရန် ရန်ပုံငွေနှင့် နည်းပညာဆိုင်ရာပံ့ပိုးကူညီမှုများပေးအပ်ခြင်းဖြင့် **နယ်စပ်ဖြတ်ကျော် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် ဒေသခံ CBO/CSO များနှင့် တန်းတူရည်တူရှိပြီး ပွင့်လင်းမြင်သာ**

**သောမိတ်ဖက်များအဖြစ် ပူးပေါင်းဆောင်ရွက်ရန်။** ဤလိုအပ်ချက်များတွင် ကျန်းမာရေးစောင့်ရှောက်မှု (အထူးသဖြင့် အမျိုးသမီးသီးသန့်ကျန်းမာရေးစောင့်ရှောက်မှု)၊ စိတ်လူမှုဆက်ဆံရေးဆိုင်ရာပံ့ပိုးကူညီမှု (Psychosocial support)၊ အစားအစာနှင့် အစားအစာမဟုတ်သော ပစ္စည်းများ၊ ခိုလှုံရာနေရာနှင့် ပညာရေးလိုအပ်ချက်များပါဝင်သည်။ မသန်စွမ်းသူများသည် ထွက်ပြေးတိမ်းရှောင်နေရစဉ်အတွင်း စိန်ခေါ်မှုများကို ပိုမိုထိခိုက်ခံစားရနိုင်သောကြောင့် ၎င်းတို့အတွက် ရည်ရွယ်ချက်ရှိရှိ သီးသန့်ပံ့ပိုးကူညီမှုများပေးရန် အထူးအရေးကြီးသည်။

- **တရားဝင်လမ်းကြောင်းဖြင့်မဟုတ်သော ကူညီကယ်ဆယ်ရေးနှင့် ကုန်သွယ်မှုများအတွက် နယ်စပ်ဂိတ်များကို ဖွင့်လှစ်ပေးထားရန်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းပေးရန်။** ယခုအချိန်တွင် တရားဝင်လမ်းကြောင်းဖြင့် နယ်စပ်ဖြတ်ကျော်ကူညီကယ်ဆယ်ရေးနှင့် ကုန်သွယ်မှုများကိုမပြုလုပ်ရန် ကျွန်ုပ်တို့အကြံပြုလိုသည်။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့လုပ်ဆောင်ခြင်းသည် စစ်အုပ်စုကို တရားဝင်မှုရှိစေရုံသာမက ကူညီကယ်ဆယ်ရေးပစ္စည်းများသည် ပဋိပက္ခဒဏ်ခံစားနေရသောပြည်သူများထံသို့မရောက်ရှိဘဲ မြန်မာစစ်တပ်ထံသို့လမ်းလွှဲရောက်ရှိသွားနိုင်သည့်စိုးရိမ်ရမှုများကို တိုးပွားစေသောကြောင့်ဖြစ်သည်။
- **လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြောင်းပြချက်များကိုအခြေခံ၍ဖြစ်စေကာမူ မြန်မာစစ်တပ်နှင့် ၎င်းတို့၏တရားမဝင်အစိုးရတို့နှင့် မည်သည့်ထိတွေ့ဆက်ဆံမှုမျိုးကိုမဆို ရှောင်ကြဉ်ရန်။** အဘယ်ကြောင့်ဆိုသော် လူသားချင်းစာနာထောက်ထားမှုအကူအညီများအား စစ်ကောင်စီမှတစ်ဆင့် ပေးအပ်ခြင်းသည် ပြည်သူများထံသို့ ကူညီထောက်ပံ့မှုများရောက်ရှိမည် မဟုတ်ပါ။ သို့မဟုတ်ပါက ၎င်းတို့၏အဓမ္မဖိအားပေးခြိမ်းခြောက်သည့် လက်နက်တစ်ခုအဖြစ် အသုံးချခံရမည်ဖြစ်ကြောင်း ဒေသတွင်းဆယ်စုနှစ်များစွာဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံများမှ သက်သေပြနေသောကြောင့်ဖြစ်သည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) သို့ တိုက်တွန်းချက်များ

စစ်ဘေးရှောင်နေရသူများ၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို အထောက်အကူပြုနိုင်မည့် **နယ်စပ်ဖြတ်ကျော်ဈေးကွက်ပေါ်ထွန်းရေးလမ်းစများဖော်ဆောင်နိုင်ရန်**အတွက် ဒေသခံ CBO/CSO များနှင့်ပူးပေါင်းဆောင်ရွက်ရန်။

- အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကြောင်းကဏ္ဍအားလုံးရှိ ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်တိုင်းတွင်၊ အထူးသဖြင့် KNU ၏အရပ်ဘက်ဝန်ထမ်းဌာနများအတွင်း **အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် အားပေးမြှင့်တင်မည့်အခြားသောနည်းလမ်းများကို တက်ကြွစွာရှာဖွေဖော်ထုတ်ရန်။** ဤကဲ့သို့လုပ်ဆောင်ရာတွင် သင့်လျော်သောစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများပေးခြင်း၊ အမျိုးသမီးများ၏စွမ်းဆောင်မှုများကို အသိအမှတ်ပြုခြင်းနှင့် ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းနှင့် လုံခြုံရေးဆိုင်ရာစိုးရိမ်ရမှုများကဲ့သို့သော အမျိုးသမီးများ၏သီးခြားလိုအပ်ချက်များနှင့် သင့်လျော်အောင် ဖြည့်ဆည်းပေးခြင်းများကို မဖြစ်မနေလုပ်ဆောင်ပေးခြင်းဖြင့် အကောင်အထည်ဖော်နိုင်သည်။
- **KNU ၏ကျား၊မ တန်းတူညီမျှမှုဆိုင်ရာမူဝါဒကို အမြန်ဆုံးလူသိရှင်ကြားထုတ်ပြန်ပေးရန်။** ထိုမှသာ ကော်သူးလေအတွင်းရှိ အမျိုးသမီးအားလုံးဝင်ရောက်လေ့လာနိုင်ပြီး ၎င်းတို့၏သဘောထားတုံ့ပြန်ချက်များကို ပေးနိုင်မည်ဖြစ်သည်။ ဤမူဝါဒသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်(CEDAW) တွင် ဖော်ပြထားသည့်အတိုင်း ကျား၊မ ခွဲခြားဆက်ဆံမှုပပျောက်ရေးနှင့် ကျား၊မ ဆိုင်ရာအခွင့်အရေးများကာကွယ်ရေးအတွက် အကောင်းဆုံးသော ကျင့်ထုံးများနှင့် ကိုက်ညီမှုရှိကြောင်း သေချာစေရန်။

- စီးပွားရေးအကျပ်အတည်းများကြောင့် နောက်ထပ်ထွက်ပြေးတိမ်းရှောင်ရမှုများကိုမဖြစ်စေရန်နှင့် လက်ရှိ ထွက်ပြေးတိမ်းရှောင်နေရမှုကြောင့် ဖြစ်ပေါ်လာသောအခက်အခဲများကိုလျှော့ချရန်အတွက် **KNU လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် အရပ်ဘက်ဝန်ထမ်းများ၏မိသားစုဝင်များထံသို့ ဘဏ္ဍာရေးနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာပံ့ပိုးကူညီမှုများ အပြည့်အဝပေးအပ်ရန်။**

## အစီရင်ခံစာပြုစုပုံနည်းစနစ်

မြန်မာပြည်အရှေ့တောင်ပိုင်းရှိကျေးလက်ဒေသမှ စစ်ဘေးရှောင်အမျိုးသမီးများ ပဋိပက္ခအတွင်း ကြုံတွေ့နေရသည့်စိန်ခေါ်မှုများကို ပိုမိုကောင်းမွန်စွာနားလည်နိုင်ရန်အတွက် KHRG သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလကြားတွင် စစ်ဘေးရှောင်အမျိုးသမီးများနှင့် အင်တာဗျူး ၂၉ ခု ပြုလုပ်ခဲ့သည်။ ဤအင်တာဗျူးများမှာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကရင်ပြည်နယ်တွင် အမျိုးသမီးများ၏ရုပ်ပိုင်းဆိုင်ရာလုံခြုံရေး၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်လူမှုဆက်ဆံရေး ကျန်းမာပျော်ရွှင်ခြင်းနှင့်ပတ်သက်၍ ၎င်းတို့ထွက်ပြေးတိမ်းရှောင်ရချိန် ကြုံတွေ့ခဲ့ရသောအခြေအနေများနှင့် အမျိုးသမီးအခွင့်အရေးအခြေအနေများကို ဆန်းစစ်ခဲ့သည်။ အင်တာဗျူးများသည် သတ်မှတ်ချက်အချို့ရှိပြီး KHRG ၏ဝန်ထမ်းများအတွက် ပြင်ဆင်ထားသည့်စံမေးခွန်းလွှာကိုအခြေခံ၍ ဆောင်ရွက်ခဲ့သည်။ ဤအင်တာဗျူးများကို KHRG ၏ကွင်းဆင်းသုတေသနဝန်ထမ်းများက ပြုလုပ်ခဲ့သည်။ ထိုဝန်ထမ်းများသည် ဒေသခံများဖြစ်ပြီး ၎င်းတို့ဒေသအတွင်းရှိ အမျိုးသမီးများခံစားရသည့်အခြေအနေများကိုမှတ်တမ်းတင်ရန်အတွက် လေ့ကျင့်သင်ကြားပေးထားသူများဖြစ်သည်။[12] အင်တာဗျူးများတွင် ပါဝင်သူအားလုံးကို ဤသုတေသနပြုချက်၏ရည်ရွယ်ချက်နှင့်ပတ်သက်၍ အသိပေးရှင်းလင်းထားပြီး ၎င်းတို့တင်ပြသည့်အချက်အလက်များအား အသုံးပြုခွင့်ကိုလည်း တောင်းခံထားပြီးဖြစ်သည်။

အင်တာဗျူးများသည် KHRG လုပ်ငန်းလုပ်ဆောင်သည့် ခရိုင်ခုနစ်ခုလုံးကို လွှမ်းခြုံထားသည်။ ဒေသတွင်း အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ အချက်အလက်ကောက်ယူရာတွင် ကြုံတွေ့ရသည့်လုံခြုံရေး အန္တရာယ်ကြောင့် ဤအစီရင်ခံစာအတွက် ပြုလုပ်ခဲ့သည့်အင်တာဗျူးများတွင် ခရိုင်အားလုံးတန်းတူညီစွာ ပါဝင်ခြင်းမရှိပါ။ KHRG အနေဖြင့် ဒူးသထူ (သထုံ) ခရိုင်တွင် အင်တာဗျူး ၂ ခု၊ တောအူး (တောင်ငူ) ခရိုင်တွင် အင်တာဗျူး ၅ ခု၊ ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်တွင် အင်တာဗျူး ၃ ခု၊ ဘိတ်-ထားဝယ်ခရိုင်တွင် အင်တာဗျူး ၆ ခု၊ မူတြော် (ဖာပွန်) ခရိုင်တွင် အင်တာဗျူး ၅ ခု၊ ဒူးပလာယာခရိုင်တွင် အင်တာဗျူး ၅ ခုနှင့် ဘားအံခရိုင်တွင် အင်တာဗျူး ၃ ခု ပြုလုပ်ခဲ့သည်။[13] ဤခရိုင်များ၏အမည်သတ်မှတ်ချက်များမှာ ဒေသခံရွာသားများနှင့် ဒေသတွင်းကရင်အဖွဲ့အစည်းများမှအသုံးပြုသည့်အမည်များဖြစ်သည်။ KHRG မှ ဤအမည်များအားအသုံးပြုခြင်းမှာ နိုင်ငံရေးနှင့်သက်ဆိုင်ခြင်းမရှိပါ။

ဤသုံးသပ်မှုများအားပံ့ပိုးပေးနိုင်ရန် KHRG မှ ယခင်ဒေသခံများ (အမျိုးသမီး ၁၅ ဦးနှင့် အမျိုးသား ၇ ဦး) နှင့် ပြုလုပ်ခဲ့သည့် အခြားအင်တာဗျူး ၂၂ ခု ကိုလည်း ပြန်လည်သုံးသပ်ခဲ့သည်။ ထိုအင်တာဗျူးများတွင် ၂၀၂၄ ခု

---

[12] KHRG ၏သတင်းအချက်အလက်မှတ်တမ်းပြုစုပုံအပြည့်အစုံနှင့် အစီရင်ခံစာရေးသားမှုနည်းလမ်းများကို စာဖတ်သူများသိရှိလိုပါက KHRG ထံသို့ ခွင့်တောင်းရယူနိုင်ပါသည်။

[13] ရှင်းလင်းချက်အနေဖြင့် ဤခရိုင်များအတွက် ဗမာအသုံးအနှုန်းများကို ကွင်းထဲတွင်ထည့်သွင်းထားသော်လည်းမြန်မာအစိုးရ၏စီမံအုပ်ချုပ်မှုနယ်မြေများနှင့် ဆက်စပ်ခြင်းမရှိပါ။

နှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း စစ်ဘေးရှောင်ရသူအမျိုးသမီးများ ကြုံတွေ့ခံစားရသည့် အခြေအနေများကို ဖော်ပြထားသည်။ KHRG ၏ကွင်းဆင်းသုတေသနဝန်ထမ်းများမှ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အကြားပေးပို့ထားသည့် ၎င်းတို့ဒေသအတွင်းဖြစ်ပျက်နေသော ထွက်ပြေးတိမ်းရှောင်ရမှုနှင့် လူ့အခွင့်အရေးအခြေအနေများကို တင်ပြထားသည့်ကွင်းပိုင်းအစီရင်ခံစာ ၃၇ စောင် (မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ၊ နောက်ဆုံးရဒေသတွင်းသတင်းတိုနှင့် ဒေသတွင်းနောက်ဆုံးရအခြေအနေတင်ပြချက်များ) ကိုလည်း ဆန်းစစ်ခဲ့သည်။

နောက်ဆုံးအနေဖြင့် ၂၀၂၆ ခုနှစ်၊ မေလတွင် (ဒေသတွင်းလူထုအခြေပြုအဖွဲ့အစည်းများ (CBOs)၊ ဒေသတွင်းလုပ်ငန်းဆောင်ရွက်နေသည့်ဝန်ဆောင်မှုပေးသူများဖြစ်သည့် ကရင်အမျိုးသမီးအစည်းအရုံး (KWO)၊ ကရင်ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန (KDHW)[14] နှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူကရင်ပြည်သူများဆိုင်ရာကော်မတီ (CIDKP) တို့နှင့် အင်တာဗျူး ၃ ခု ပြုလုပ်ခဲ့သည်။

ဤအစီရင်ခံစာအတွက် သုတေသနပြုလုပ်ခြင်းနှင့်ပတ်သက်၍ အချို့သောကန့်သတ်ချက်များရှိသည်။ KHRG ၏သတင်းအချက်အလက်ကောက်ယူခြင်းများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိကျေးလက်ဒေသမှ ကျေးရွာများ၏အခြေအနေများကိုသာအဓိကထားသဖြင့် မြန်မာစစ်တပ်အုပ်ချုပ်သည့် မြို့များနှင့် မြို့ကြီးများမှ စစ်ဘေးရှောင်အမျိုးသမီးများ ကြုံတွေ့ခံစားရသည့်အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့်မှတ်တမ်းတင်ထားခြင်းမရှိပါ။ ထိုနည်းတူစွာ ကွင်းဆင်းသုတေသနဝန်ထမ်းများ၏အစီရင်ခံခြင်းနှင့် အချက်အလက်ကောက်ခံရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကြောင့် လက်တွေ့တွင် ခံစားရသည့်ဒေသတွင်းလူမှုအသိုက်အဝန်းအပေါ် တိုက်ခိုက်မှုများနှင့် စစ်ဘေးရှောင်နေရသည့်အမျိုးသမီးများ ကြုံတွေ့ခံစားရသောပဋိပက္ခဆိုင်ရာအကြမ်းဖက်မှုအရေအတွက်မှာ ဤအစီရင်ခံစာတွင် ဖော်ပြထားသည့်အရေအတွက်ထက် အဆမတန်များပြားသည်။


အင်တာဗျူးဖြေဆိုသူများနှင့် ရွာသားများ၏လုံခြုံရေးကိုကာကွယ်ပေးနိုင်ရန်အတွက် ၎င်းတို့၏အမည်များ၊ ဒေသအမည်များအား အက္ခရာ တစ်လုံး သို့မဟုတ် နှစ်လုံးကို သင့်လျော်သလိုအစားထိုး၍ အသုံးပြုထားသည်။ ထိုအစားထိုး အက္ခရာများသည် ဤအစီရင်ခံစာအတွက်သာအကျုံးဝင်ပြီး ၎င်းတို့၏ကျေးရွာအမည်မှန် သို့မဟုတ် ယခင်ထုတ်ဝေခဲ့သောအစီရင်ခံစာများနှင့်သက်ဆိုင်ခြင်းမရှိပါ။ ဆင်ဆာဖြတ်ထားသည့်အမည်များ၊ နေရာဒေသများအားလုံး၏အမည်ရင်းများနှင့် နေရာဒေသမှန်များအား KHRG မှ မှတ်တမ်းသိမ်းဆည်းထားသည်။

[14] ကရင်ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန (KDHW) သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ကျန်းမာရေးဌာန ဖြစ်ပါသည်။ ၎င်းသည် ၁၉၅၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများဆီသို့ကျန်းမာရေးဝန်ဆောင်မှုရရှိမှုနည်းပါးခြင်းအားကိုင်တွယ်ဖြေရှင်းရန် တည်ထောင်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ လက်ရှိတွင်လူထုအခြေပြုကျန်းမာရေးဆေးပေးခန်းများထားရှိခြင်းဖြင့်လည်ပတ်နေပါသည်။ သို့သော် လုပ်ဆောင်နိုင်စွမ်းနှင့် ငွေကြေးထောက်ပံ့ခြင်း ဝန်ဆောင်မှုများသည် အကန့်အသတ်ရှိနေဆဲဖြစ်ပါသည်။

# ဝေါဟာရများနှင့်အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| BPHWT | နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ |
| CBO | **လူထုအခြေပြုအဖွဲ့အစည်း** |
| CDM | အာဏာဖီဆန်ရေးအကြမ်းမဖက်လူထုလှုပ်ရှားမှု |
| CEDAW | အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ် |
| CIDKP | ပြည်တွင်းနေရပ်စွန့်ခွာရသူ ကရင်ပြည်သူများဆိုင်ရာကော်မတီ |
| CIL | အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ |
| CSO | **အရပ်ဘက်အဖွဲ့အစည်း** |
| ERW | **ပေါက်ကွဲစေတတ်သော စစ်လက်နက်အကြွင်းအကျန်များ** |
| ICC | နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံး |
| ICESCR | စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ နိုင်ငံတကာသဘောတူစာချုပ် |
| ICL | နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာဥပဒေ |
| ICRC | အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ |
| IDP | ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ |
| IHRL | အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေ |
| IHL | နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ |
| KDHW | ကရင်ကျန်းမာရေးနှင့်လူမှုကယ်ဆယ်ရေးဌာန |
| KECD | ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန |
| KERT | ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့ |
| KHRG | ကရင်လူ့အခွင့်အရေးအဖွဲ့ |
| KNDO | ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KORD | ကရင်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရုံး |
| KWO | ကရင်အမျိုးသမီးအစည်းအရုံး |
| NCA | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NRC | နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ်ပုံတင်) |
| PDF | ပြည်သူ့ကာကွယ်ရေးတပ်မတော် |
| SAC | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) |
| SGBV | လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ အခြေပြုအကြမ်းဖက်မှု |
| SRHR | လိင်နှင့် မျိုးပွားမှုဆိုင်ရာကျန်းမာရေးနှင့် အခွင့်အရေးများ |
| UDHR | အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း |
| UN | ကုလသမဂ္ဂ |

## မြေပုံ ၁။ KHRG ၏လှုပ်ရှားရာနယ်မြေ (ဒေသတွင်း သတ်မှတ်ထားသောကရင်ပြည်နယ်နှင့် မြန်မာအစိုးရသတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီး နယ်နိမိတ်များ)



# အခန်း ၁။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နေရပ်စွန့်ခွာနေရခြင်းနှင့်ပတ်သက်၍ နောက်ခံသမိုင်းနှင့် အခြေအနေ

ကရင်လူမျိုးများ ၎င်းတို့၏အခွင့်အရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် တိုက်ပွဲဝင်မှုသမိုင်းကြောင်းအား ဖော်ပြ
ရာတွင် ထွက်ပြေးတိမ်းရှောင်မှုသည် ၎င်းတို့၏ဆန္ဒနှင့်ဆန့်ကျင်၍သော်လည်းကောင်း အလွန်ဆိုးရွားလှသည့်
ဖိနှိပ်မှုများအားခုခံရန်အတွက်ရည်ရွယ်၍ ဗျူဟာတစ်ခုအနေဖြင့် အသုံးပြုသည်ကိုမြင်တွေ့နိုင်သည်။ ယေဘုယျ
အားဖြင့် ဤထွက်ပြေးတိမ်းရှောင်မှုများသည် မြန်မာစစ်အစိုးရကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့်
ဗမာလူမျိုးများနှင့် တိုင်းသူပြည်သားများအပေါ် အာဏာပြလို၍ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ဤနှစ်များအတွင်း
၎င်းတို့၏အာဏာတည်မြဲရေးအတွက် ရက်စက်ကြမ်းကြုတ်သည့်စစ်အင်အားကို အသုံးပြုခြင်း၊ ပြည်သူများ
အား စီးပွားရေးအရလွှမ်းမိုးချုပ်ကိုင်ခြင်း၊ နိုင်ငံရေးအကျပ်အတည်းနှင့်ရင်ဆိုင်ရသည့်အခါတွင် အမည်ရာထူး
များအား ကြိမ်ဖန်များစွာပြောင်းလဲပြင်ဆင်အသုံးပြုခြင်းဖြင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏အခြေအနေကို
ပြောင်းလဲတင်ပြခြင်းဖြင့် ခြယ်လှယ်ကြိုးကိုင်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ပစ်ခတ်တိုက်ခိုက်
မှုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများအတွက် ညှိနှိုင်းဆောင်ရွက်ရာတွင် စစ်မှန်မှုမရှိသည့်အားထုတ်မှုများက
လူ့အခွင့်အရေးချိုးဖောက်မှုများအား ပိုမိုများပြားလာစေပြီး စစ်တပ်အနေဖြင့် စစ်မှန်သည့်ပြုပြင်ပြောင်းလဲမှု
လုပ်ဆောင်ရန်ဆန္ဒမရှိကြောင်း ပြသလျက်ရှိသည်။[15] စစ်တပ်မှ ဆက်လက်၍အာဏာစွဲကိုင်ထားပြီး တာဝန်ယူ
မှုတာဝန်ခံမှုမရှိပါက အရပ်သားများအပေါ်လူ့အခွင့်အရေးချိုးဖောက်နေမှုများမှာ ဆက်လက်ဖြစ်ပွားနေမည်ဖြစ်
ပြီး ကရင်ပြည်နယ်အတွင်းနေထိုင်သူများအနေဖြင့် ၎င်းတို့အတွက်အကာအကွယ်ရရှိရန် ထွက်ပြေးတိမ်းရှောင်မှု
အား နည်းဗျူဟာတစ်ခုအနေဖြင့် ဆက်လက်အသုံးပြုနေရဦးမည်ဖြစ်သည်။

### ထွက်ပြေးတိမ်းရှောင်ခြင်းအား အကာအကွယ်ပေးသည့်နည်းဗျူဟာအဖြစ်အသုံးပြုခြင်း

စစ်ဘေးရှောင်နေရခြင်းသည် ပြည်သူများမှ ၎င်းတို့ကိုယ်ကိုကာကွယ်ရန်နှင့် ဖိနှိပ်မှုအားဆန့်ကျင်တွန်းလှန်ရန်
အတွက် နည်းဗျူဟာတစ်ရပ်အဖြစ် မကြာခဏသုံးလေ့ရှိသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ဥပမာအားဖြင့်
၁၉၈၈ ခုနှစ် အရေးအခင်းနှင့် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုများနောက်တွင် ဆန္ဒပြသူများသည် တိုင်းပြည်တစ်ဝန်း
ရှိ တော်လှန်ရေးနယ်မြေများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ကရင်ပြည်နယ်မှ ရွာသားများသည် အဓမ္မ
လုပ်အားပေးမှုများနှင့် အခြားသောလူ့အခွင့်အရေးချိုးဖောက်မှုများမှ ရှောင်ဖယ်နိုင်ရန်အတွက် ထွက်ပြေး
တိမ်းရှောင်ခြင်းဖြင့် စစ်အစိုးရ၏ကရင်ပြည်နယ်အား ထိန်းချုပ်နိုင်ရန်ကြိုးပမ်းမှုကို အဟန့်အတားဖြစ်စေသည်။
အထူးသဖြင့် အခြေအနေတော်တော်များများတွင် ဖိနှိပ်ချုပ်ချယ်ခံရသူများမှ ပြင်ပဖိအားတစ်ခုခုကြောင့်
ထွက်ပြေးတိမ်းရှောင်ရသည်ထက် ၎င်းတို့ကိုယ်တိုင်ရွေးချယ်သည့် နည်းလမ်းတစ်ခုအဖြစ် နားလည်ရမည်
ဖြစ်သည်။

ထွက်ပြေးတိမ်းရှောင်မှုများသည် ပုံစံမျိုးစုံဖြစ်နိုင်သည်။ များသောအားဖြင့် ရွာသားများသည် လတ်တလော
ဖြစ်ပေါ်နေသောအန္တရာယ်များမှ ၎င်းတို့ကိုယ့်ကိုယ်ကိုကာကွယ်ရန်အတွက် အနီးအနားဒေသများဖြစ်သည့်
သစ်တောများ သို့မဟုတ် ၎င်းတို့၏ဥယျာဉ်ခြံများသို့ ထွက်ပြေးတိမ်းရှောင်လေ့ရှိပြီး လုံခြုံမှုရှိသောအခါတွင်
နေအိမ်များနှင့် လုပ်ငန်းခွင်သို့ ပြန်လည်နေထိုင်ကြပြီး နောက်တစ်ကြိမ်ယာယီထွက်ပြေးတိမ်းရှောင်ရန် လိုအပ်
သည့်အခါတွင်ထပ်မံထွက်ပြေးတိမ်းရှောင်လေ့ရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ခြင်းသည် တိုတောင်းသော
ကာလအတွင်း အနီးအနားနေရာဒေသများသို့ ကြိမ်ဖန်များစွာထွက်ပြေးတိမ်းရှောင်ခြင်းဖြစ်နိုင်သည်။ အချို့

[15] KHRG မှ ၂၀၁၄ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "ဆိုင်းငံ့ခြင်း (သို့) အသွင်ကူးပြောင်းခြင်း- ၂၀၁၂ အပစ်ခတ်ရပ်စဲပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်း ပြောင်းလဲလာသောလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဒေသခံတို့၏တုံ့ပြန်မှုများ" တွင် ကြည့်ပါ။

သောအချိန်များတွင် ရွာသားများအနေဖြင့် ၎င်းတို့၏အခြေအနေအတွက် ပိုမိုဝေးလံသောနေရာဒေသများသို့ ထွက်ပြေးတိမ်းရှောင်ရန်လိုအပ်သည်ဟုယူဆသည့်အခါ အခြားသောတည်ငြိမ်အေးချမ်းသည့်ကျေးရွာများနှင့် မြို့များ၊ ပြည်တွင်းစစ်ဘေးရှောင်စခန်းများ သို့မဟုတ် နိုင်ငံတကာနယ်စပ်ဒေသများသို့ဖြတ်ကျော်နေထိုင်ခြင်း များပြုလုပ်နိုင်ပြီး ထိုနေရာဒေသများသည် ပိုမိုကွာဝေးသောနေရာဒေသများဖြစ်သည့်အတွက် ၎င်းတို့အနေဖြင့် ၎င်းတို့၏မူလကျေးရွာနှင့် ပိုင်ဆိုင်မှုများရှိရာနေရာများသို့ ပြန်လည်ရောက်ရှိနိုင်ခြင်းမရှိတော့ပေ။

## တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရယူလိုမှုနှင့် 'ဖြတ်လေးဖြတ်' ဗျူဟာ

KNU အား ၁၉၄၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ကရင်လူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန်အတွက်ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဗမာအစိုးရအနေဖြင့် မျှတသည့်ညှိနှိုင်းမှုများတွင်ပါဝင်ဆွေးနွေးရန် ဆန္ဒမရှိကြောင်းထင်ရှားသည့်အတွက် လက်နက်ကိုင်တော်လှန်ရေးအား ၁၉၄၉ ခုနှစ်တွင်စတင်ခဲ့သည်။[16] ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်းမှ မြန်မာပြည်တွင် ပထမဆုံးအကြိမ်အာဏာသိမ်းခဲ့ပြီး ၎င်း၏အာဏာတည်မြဲရေးအတွက် အလျင်အမြန်လုပ်ဆောင်ခဲ့သည်။ နိုင်ငံရေးပါတီအားလုံး တရားဝင်ဖျက်သိမ်းခဲ့ရပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ဦးဆောင်မှုဖြင့် တစ်ပါတီစနစ်ကိုကျင့်သုံးလာခဲ့သည်။ ထို့အပြင် တိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့ရယူလိုသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်စားပြုမှုရရှိမည်မဟုတ်ကြောင်း အခိုင်အမာဖော်ပြခဲ့သည်။[17]

ဦးနေဝင်းသည် နိုင်ငံတစ်ဝန်းဆက်လက်ဖြစ်ပေါ်နေသည့် တော်လှန်ပုန်ကန်မှုများအား[18]ချေမှုန်းရန်အတွက် တော်လှန်ရေးအဖွဲ့များအား အစားအသောက်၊ ငွေကြေး၊ သတင်းအချက်အလက်နှင့် တပ်သားသစ်စုဆောင်းခြင်းများ ဖြတ်တောက်သည့် 'ဖြတ်လေးဖြတ်' ဗျူဟာအား စတင်ခဲ့သည်။ လက်တွေ့တွင်မူ ဤအရာသည် KNU ၏အုပ်ချုပ်မှုဒေသအောက်တွင် နေထိုင်သူအားလုံးကို KNU အား ပံ့ပိုးကူညီသူများအဖြစ်ယူဆပြီး စုပေါင်းပြစ်ဒဏ်ပေးသည့်စနစ်ဖြစ်သည်။ ထိုအချိန်မှစ၍ ဤနည်းဗျူဟာအား ကရင်လူမျိုးများအပြင် နိုင်ငံတစ်ဝန်းရှိ အခြားတိုင်းရင်းသားပြည်သူများအပေါ် ထပ်မံတလဲလဲအသုံးပြုခဲ့သည့်အတွက် ထွက်ပြေးတိမ်းရှောင်ရမှုများ သိသာထင်ရှားစွာ ဖြစ်ပေါ်စေခဲ့သည်။

## အဓမ္မခိုင်းစေခြင်း၊ အဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်စေခြင်းနှင့် ၁၉၈၈ အရေးအခင်းနောက်ပိုင်း စစ်ရေးလှုပ်ရှားမှုများ ပိုမိုများပြားလာခြင်း

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) ၏အမိန့်အာဏာဖြင့် နိုင်ငံအတွင်း ငွေစက္ကူများဖျက်သိမ်းခြင်းနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး မြန်မာ့စီးပွားရေးဖရိုဖရဲဖြစ်ခဲ့ပြီးနောက် ပြည်သူများ၏စုဆောင်းငွေများ အလိုလိုဖျက်သိမ်းခဲ့ရသည့်အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအားလုံး ၁၉၈၈ အရေးတော်ပုံတွင် စစ်အုပ်စုအားဆန့်ကျင်တော်လှန်ခဲ့ကြသည်။ စစ်အုပ်စုသည် နိုင်ငံတကာနှင့် ပြည်တွင်းဖိအားများကြောင့် ၎င်းတို့ကိုယ့်ကိုယ်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) အဖြစ်လည်းကောင်း ဗမာပြည်အား မြန်မာနိုင်ငံအဖြစ်လည်းကောင်း ပြောင်းလဲခေါ်ဆိုမှုမပြုမီ ပြင်းထန်သည့်အကြမ်းဖက်ခြင်း၊ ထောင်ပေါင်းများစွာသောဆန္ဒပြပြည်သူများအားသတ်ဖြတ်ခြင်းများ[19] ပြုလုပ်ခဲ့သည်။ သို့သော်လည်း အတိတ်မှ အာဏာရှင်ချုပ်ကိုင်မှုအတွက် တာဝန်ရှိသည့်အဖွဲ့အစည်းများမှာ ပြောင်းလဲမှုမရှိပဲ ကျန်ရှိနေသည်။ ထိုအချိန်တွင် နဝတ ၏ဖိနှိပ်မှုများ မြန်မာ

16 ၂၀၀၈ ခုနှစ် မန်းရောဘတ်စံ ထုတ်ဝေသည့် *Mahn Ba Zan & The Karen Revolution,* ၏စာမျက်နှာ ၅၄-၄၆ တွင် ကြည့်ပါ။

17 ဤအယူအဆသည် ၁၉၆၄ ခုနှစ် အမျိုးသားညီညွတ်ရေးအကာအကွယ်ပေးမှုဥပဒေတွင် ပေါ်ပေါက်ခဲ့ပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားဝင်အသက်သွင်းခဲ့သည်။

18 အသေးစိတ်အနေဖြင့် အရှေ့တောင်ပိုင်းတွင် ကရင်အမျိုးသားအစည်းအရုံး၊ မြောက်ဖက်တွင် ကချင်လွတ်လပ်ရေးအဖွဲ့ချုပ်နှင့် အရှေ့တောင်ဘက်တွင် ဗမာကွန်မြူနစ်ပါတီတို့ ဖြစ်သည်။

19 ၁၉၈၉ ခုနှစ်တွင် ထုတ်ဝေသည့် Bertil Lintner, *Outrage: Burma's Struggle for Democracy*, Hong Kong: Review Publishing Company Limited ၏စာမျက်နှာ ၁၂၂-၁၄၆ တွင် ကြည့်ပါ။

ပြည်တစ်ဝန်း ပြင်းထန်လာသည့်အတွက် ဆန္ဒပြကျောင်းသားအများစုသည် တောင်ပေါ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး KNU နှင့်အတူ လက်နက်ကိုင်တော်လှန်ခဲ့ကြသည်။

ရွာသားများသည် နဝတ ၏ပုံစံမျိုးစုံသောလူ့အခွင့်အရေးချိုးဖောက်မှုများ အထူးသဖြင့် အဓမ္မစေခိုင်းမှုများတွင် ပစ်မှတ်ထားခြင်းခံကြရပြီး တင်ပြချက်များအရ ၎င်းသည်ကရင်ပြည်နယ်တွင် စစ်ဘေးရှောင်နေရမှုကိုဖြစ်စေသောအဓိကအကြောင်းအရင်း ဖြစ်လာခဲ့သည်။[20] လေးလံသည့်လက်နက်များ၊ ရိက္ခာများနှင့် အခြားသော စစ်ဘက်ဆိုင်ရာအသုံးအဆောင်များကို မြန်မာနိုင်ငံ၏သွားလာရန်ခက်ခဲသည့် တောင်ပေါ်ဒေသများသို့ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စစ်တပ်အုပ်ချုပ်မှု ခိုင်မာအားကောင်းစေရန်လိုအပ်သည့် လမ်းများ၊ စစ်တပ်စခန်းများနှင့် အခြားသောအခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင် ရွာသားများသည် ပေါ်တာ (အထမ်းသမား) များအဖြစ် အသုံးပြုခြင်းခံကြရသည်။ များသောအားဖြင့် ထိုဆောက်လုပ်ရေးလုပ်ငန်းများသည် မြေယာသိမ်းမှုများနှင့် ရွာလုံးကျွတ် အဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်စေခြင်းများကို ဖြစ်ပေါ်စေသည်။ ရွာသားများအနေဖြင့် လူသားဒိုင်းအဖြစ်သော်လည်းကောင်း၊ လူသားမိုင်းရှင်းလင်းသူများအဖြစ်လည်းကောင်း စေခိုင်းခံရပြီး အမျိုးသမီးများမှာမူ အဓမ္မခိုင်းစေမှုများကိုလုပ်ဆောင်နေရစဉ်အဓမ္မပြုကျင့်ခြင်းနှင့် အုပ်စုလိုက် အဓမ္မပြုကျင့်ခြင်းများအပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကြိမ်ဖန်များစွာခံစားခဲ့ကြရသည်။

၁၉၉၅ ခုနှစ်တွင် မာနယ်ပလောရှိ KNU ၏ဗဟိုဌာနချုပ်ကျရှုံးခဲ့ပြီး နဝတ မှာ နယ်မြေစိုးမိုးမှု သိသာထင်ရှားစွာရရှိလာခဲ့ပြီး ရွာသားများအနေဖြင့် ပြည်တွင်းနှင့် ထိုင်းနိုင်ငံအတွင်းသို့ စစ်ဘေးရှောင်နေရမှုများ သိသိသာသာ ဖြစ်ပေါ်ခဲ့သည်။ နှစ်နှစ်ကြာပြီးနောက်တွင် ၎င်းတို့၏အဓမ္မခိုင်းစေမှုများအပေါ် နိုင်ငံတကာ၏အပြင်းအထန် ဖိအားပေးမှုကြောင့် နဝတ အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)[21] အဖြစ် ပြန်လည်အမည်ပေး သတ်မှတ်ခဲ့သည်။ တချိန်တည်းမှာပင် နအဖသည် အနာဂတ်တွင် သယံဇာတ အရင်းအမြစ် ထုတ်ယူရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ကရင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းရှိ သတ္တုတွင်းများအား မြေပုံထုတ်သတ်မှတ်ပြီး ရွာသားများ၏စီးပွားရေးအခွင့်အလမ်းများအား အနှောက်အယှက်ဖြစ်စေသည့် မြေယာသိမ်းယူခြင်း၊ အဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်စေခြင်း၊ အဓမ္မခိုင်းစေခြင်းနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများဖြစ်စေခြင်းများကြောင့် ရွာသားများအား စစ်ဘေးရှောင်နေရမှုများ ပိုမိုဖြစ်ပေါ်စေခဲ့သည်။[22] ထိုအချိန်တွင် ကရင်ပြည်နယ်အတွင်းရှိ ရွာသားများသည် လူ့အခွင့်အရေးချိုးဖောက်မှုများမှ လွတ်မြောက်ရန်နှင့် အသက်ရှင်သန် ရပ်တည်နိုင်ရန်အတွက် စစ်ဘေးရှောင်နေရမှုများ ကျင့်သုံးလျက်ရှိသည်။

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကြောင့် စစ်ဘေးရှောင်နေရခြင်း

၂၀၀၄ ခုနှစ်တွင် KNU နှင့် နအဖ အကြား အပစ်ရပ်ရန်အတွက် 'gentlemen's agreement' နှစ်ဦးနှစ်ဖက်သဘောတူညီချက်ပြုလုပ်ခဲ့ကြသည့်အခါ ပဋိပက္ခများငြိမ်းသွားခဲ့သည်။[23] စစ်တပ်မှ ဤအပစ်ရပ်သဘောတူညီချက်အားအသုံးပြု၍ ကရင်ပြည်နယ်အတွင်း ၎င်းတို့၏အခြေချနေရာများခိုင်မာစေရန် အဓမ္မခိုင်းစေမှုများ

[20] KHRG မှ ၁၉၉၇ ခုနှစ်တွင် ပေးပို့ထားသော "Submission to the International Labour Organisation (ILO) Summary of Forced Labour in Burma" တွင် ကြည့်ပါ။

[21] ၁၉၉၇ ခုနှစ်၊ မတ်လတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်က (ILO) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆ အရ စုံစမ်းရေးကော်မရှင်ကို ခန့်အပ်ခဲ့ပြီး ဥရောပသမဂ္ဂမှလည်း အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် အခြားတင်ပြလာသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

[22] Roger Moody, Canada Asia Pacific Resource Network, "Grave Diggers: A Report on Mining in Burma," 1999 တွင် ကြည့်ပါ။

[23] 'gentlemen's agreement' သဘောတူညီချက်နှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက Ashley South, *Ethnic Politics in Burma: States of Conflict*, New York: Routledge, 2009 (2nd Edition), စာမျက်နှာ 61 – 65 တွင် ကြည့်ပါ။

ဖြင့် လမ်းဖောက်ခြင်းနှင့် တပ်စခန်းများဆောက်လုပ်ခြင်းများကို တိုးမြင့်ဆောင်ရွက်ခဲ့ကြပြီး အနာဂတ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ဆောင်ရာတွင်ကျင့်သုံးမည့် စစ်တပ်၏အမူအကျင့်များကို ပုံဖော်ပေးခဲ့ကြသည်။ များမကြာမီ ၂၀၀၅ ခုနှစ်တွင် ပဋိပက္ခများပြန်လည်စတင်ခဲ့သည်။

၂၀၁၀ ခုနှစ်တွင် လွတ်လပ်မှုနှင့် တရားမျှတမှုမရှိသည့်ရွေးကောက်ပွဲမှတစ်ဆင့် အရပ်သားတစ်ပိုင်းအစိုးရအား ရွေးကောက်တင်မြှောက်ခဲ့ပြီး စစ်တပ်အရာရှိများအား အဓိကကျသည့် အစိုးရရာထူးများ အပ်နှင်းခဲ့ကြသည်။ ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် (NCA) အား လက်မှတ်မရေးထိုးမီ ၂၀၁၂ ခုနှစ်တွင် KNU သည် မြန်မာစစ်တပ်နှင့် အပစ်အခတ်ရပ်စဲရေးအား သဘောတူညီခဲ့သည်။ ထို ဒီမိုကရေစီခေတ်ဟုခေါ်ဆိုကြသည့်ကာလတွင် မြန်မာပြည်သည် ၎င်းတို့ အသစ်တည်ဆောက်ထားသည့် နိုင်ငံတကာ တရားဝင်မှုအား အသုံးပြုကာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြိုဆိုလာခဲ့သည်။ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ရေအားလျှပ်စစ်လုပ်ငန်း၊ လမ်းဖောက်လုပ်ခြင်းနှင့် စိုက်ပျိုးစီးပွားလုပ်ငန်းများစသည့် စီမံကိန်းများသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နေရာယူလာကြပြီး ရွာသားများနေထိုင်သည့် သဘာဝပတ်ဝန်းကျင်အား ပျက်စီးစေခြင်း၊ ၎င်းတို့၏အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအား နှောင့်ယှက်ဖျက်ဆီးခြင်းနှင့် ၎င်းတို့နေထိုင်သည့် ဒေသများတွင် စစ်တပ်များ နေရာယူခြင်းဖြင့် တိုင်းရင်းသားများ၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပျက်ပြားစေကာ ရွာသားများအား ထွက်ပြေးတိမ်းရှောင်နေရသည့်အခြေအနေသို့တွန်းပို့စေခဲ့သည်။ ဤသို့ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အမည်ခံ၍ လူ့အခွင့်အရေးအား ထင်ထင်ရှားရှားချိုးဖောက်မှုများက မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ပဋိပက္ခများကို ပိုမိုဖြစ်ပွားစေသည်။[24] နိုင်ငံတကာမှ ငြိမ်းချမ်းရေး၊ ပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီစနစ်ထွန်းကားသည့် ကာလဟု ထင်မြင်ယူဆကြသော်လည်း ရွာသား အမြောက်အများ ထွက်ပြေးတိမ်းရှောင်နေထိုင်ကြရလျက်ရှိသည်။

## ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် ပြန်လည်ဖြစ်ပေါ်လာသည့်ပဋိပက္ခနှင့် ပြန်လည်အားကောင်းလာသည့် 'ဖြတ်လေးဖြတ်' ဗျူဟာ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်တပ်မှအာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံသည် စစ်အုပ်ချုပ်ရေးစနစ် အောက်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(နစက) အဖြစ်အမည် ပြန်လည် သတ်မှတ်ခဲ့သည်။ ဤအခြေအနေက ၁၉၈၈ ခုနှစ်ကဲ့သို့ပင် နိုင်ငံတစ်ဝန်းပဋိပက္ခများ ပေါ်ပေါက်လာစေရန် လှုံ့ဆော်ပေးပြီး ပြည်တွင်းမှ ဆန္ဒပြသူများသည် KNU အပါအဝင် အခြားတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အတူ စစ်တပ်အား ခုခံတိုက်ခိုက်ရန်အတွက် တိုင်းရင်းသားနယ်မြေဒေသများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ထိုသို့တော်လှန်မှုများအား ချေမှုန်းနိုင်ရန် စစ်တပ်သည် 'ဖြတ်လေးဖြတ်' ဗျူဟာကို ပြန်လည် အသက်သွင်းခဲ့သည့်အတွက် အရပ်သားနှင့် အရပ်သားနေရာများအား ရည်ရွယ်ချက်ရှိရှိပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ နိုင်ငံတစ်ဝန်း လူသားချင်းစာနာထောက်ထားမှု အကူအညီများအား ကန့်သတ်ခြင်းနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအား နှောင့်ယှက်ဖျက်ဆီးခြင်းများကို ဖြစ်ပေါ်စေခဲ့သည်။[25] တရားမဝင်ရွေးကောက်ပွဲများ[26]နှင့် အခြားသော အမည်ပြောင်းလဲရန် ထပ်မံကြိုးပမ်းမှုများ ရှိသော်လည်း နိုင်ငံတစ်ဝန်း စစ်ဘေးရှောင်နေရသည့်

[24] The Irrawaddy မှ ၂၀၁၈ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသည့် "Karen Villagers Protest Hatgyi Dam, Other Projects on Salween River" တွင် ကြည့်ပါ။

[25] ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး မှ ၂၀၂၃ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသည့်, "A/HRC/52/21: Situation of human rights in Myanmar since 1 February 2022" တွင် ကြည့်ပါ။

[26] ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအထိ ဗမာစစ်တပ်သည် အတိုက်အခံပါတီများမှ ပါဝင်ခြင်းမရှိသောမဲဆန္ဒရှင်များ အား ချန်လှပ်ထားသော၊ အကျပ်ကိုင်ခြင်းနှင့် ခြိမ်းခြောက်မှုများပါပါဝင်သည့် ဒီမိုကရေစီမဆန်သည့်ရွေးကောက်ပွဲအား ကျင်းပပြုလုပ်ခဲ့သည်။

လူဦးရေအရေအတွက်မှာ စံချိန်တင်အဆင့်သို့ ရောက်ရှိနေပြီး ကရင်ပြည်နယ်တစ်ခုထဲတွင်ပင် လူဦးရေ ၁.၂ သန်း ရှိနေပြီးဖြစ်သည်။[27]

## ကရင်ပြည်နယ်အတွင်း စစ်ဘေးရှောင်နေရမှုတွင် ကျား၊မ ကွဲပြားမှုအပေါ်သက်ရောက်မှုများ

စစ်ဘေးရှောင်နေရခြင်းကြောင့် ရင်ဆိုင်ကြုံတွေ့ရသည့်စိန်ခေါ်မှုများမှာ ကျား၊မအားလုံးတွင် တူညီစွာ သက်ရောက်မှုရှိသော်လည်း လိင်အမျိုးအစားသတ်မှတ်မှုအပေါ်မူတည်၍ ထိုစိန်ခေါ်မှုများအား ကြုံတွေ့ရင်ဆိုင် ရပုံကွာခြားသည်။[28] မြန်မာစစ်တပ်သည် အဓမ္မပြုကျင့်မှုနှင့် အခြားသောလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်လာခဲ့သည့်အတွက် အမျိုးသမီးများနှင့် LGBTQIA+ လိင်စိတ်ခံယူမှုကွဲပြားသူများအတွက် ပို၍အန္တရာယ်ရှိသည်။[29] အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအား လက်လှမ်းမီနိုင်မှုမျှတမှုမရှိခြင်း၊ လူမှုအသိုက်အဝန်း၏သတ်မှတ်ချက်အရ အမျိုးသမီးများအား လုပ်ခလစာမရှိသည့်အိမ်မှုကိစ္စများနှင့် ကလေးကြည့်ရှုစောင့်ရှောက်ရခြင်းအလုပ်များလုပ်ဆောင်ရသောကြောင့် ထပ်ခါတလဲလဲ စစ်ဘေးရှောင်နေရခြင်းကိုတုံ့ပြန်ရန်အတွက် အမျိုးသမီးများ၏ခံနိုင်ရည်အားကို ပိုမိုကျဆင်းစေသည်။

အမျိုးသားများ အထူးသဖြင့် ဒေသခံလူကြီးများအဖြစ်မှတ်ယူခံရသူများသည် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် မြန်မာစစ်သားများ၏ညှဉ်းပန်းနှိပ်စက်ခြင်းများကို တိုးမြင့်ခံစားရနိုင်သည်။ ပဋိပက္ခများပြင်းထန်ချိန်တွင် ဤအခြေအနေက အမျိုးသားများအား ကျေးရွာလူကြီးရာထူးမှ နုတ်ထွက်စေပြီး ပိုမိုလုံခြုံသည့်နေရာသို့ပြောင်းရွှေ့နေထိုင်စေသည်။ ထို့ကြောင့် အမျိုးသမီးများက ကျေးရွာလူကြီးတာဝန်ကိုယူရကာ အထူးသဖြင့် မတည်ငြိမ်သောကာလများတွင် ၎င်းတို့၏အသိုက်အဝန်းများကို ကာကွယ်ရန်အတွက် မြန်မာစစ်တပ်၏အကြမ်းဖက်မှုများကို ၎င်းတို့ကိုယ်တိုင် ရှေ့ထွက်ရင်ဆိုင်ရလျက်ရှိသည်။[30]

ကရင်ပြည်နယ်အတွင်းရှိရွာသားများသည် သမိုင်းတစ်လျှောက် ဖိနှိပ်မှုကိုတွန်းလှန်လာခဲ့ပြီး ကြိမ်ဖန်များစွာ ထွက်ပြေးတိမ်းရှောင်ရသော်လည်း ကြံ့ကြံ့ခံရင်ဆိုင်ကာ ၎င်းတို့၏လူမှုအသိုက်အဝန်းဆက်လက်ရပ်တည်ရန် အတွက် ပတ်ဝန်းကျင်တစ်ခုဖန်တီးလိုက်ခြင်းပင်ဖြစ်သည်။ ကာလရှည်ကြာပဋိပက္ခ ရင်ဆိုင်ဖြတ်သန်းနေရသူအများအပြားအတွက် *"ထွက်ပြေးတိမ်းရှောင်ရခြင်းဆိုတာ နေစရာပျောက်သွားရုံသာမဟုတ်ပဲ အဓိပ္ပါယ်ရှိတဲ့ လုပ်ဆောင်ချက်တွေနဲ့ အချင်းချင်းနားလည်မှုတွေတည်ဆောက်ပြီး ကမ္ဘာပေါ်မှာ နေစရာတစ်ခု ဖန်တီးနိုင်ဖို့ ရုန်းကန်ရခြင်းဖြစ်တယ်။"*[31] ဤအစီရင်ခံစာသည် အမျိုးသမီးများပါဝင်သည့် အရေးပါသောကဏ္ဍနှင့် ကြောက်ရွံ့မှုများကြားတွင် အဆုံးတိုင်ရပ်တည်နိုင်ရန်ကြိုးပမ်းမှုနှင့် ၎င်းတို့၏ခံနိုင်ရည်အားကို ဖော်ညွှန်းနိုင်ရန်ရည်ရွယ်သည်။

---

[27] ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြည်တွင်းနေရပ်စွန့်ခွာရသူကရင်ပြည်သူများဆိုင်ရာကော်မတီမှ ထုတ်ဝေသည့် "Kawthoolei-Displacement Overview Map," တွင် ကြည့်ပါ။


[28] KHRG မှ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "*Dignity in the Shadow of Oppression: The abuse and agency of Karen women under militarisation,"* နှင့် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော "*မျက်ကွယ်ပြုခံရသောအခွင့်အရေးနှင့် ရုန်းကန်မှုများ- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများ၏သက်သေခံချက်များ"* တွင်ကြည့်ပါ။

[29] ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ထုတ်ဝေသည့် ,"A/HRC/56/CRP.8: Courage amid Crisis: Gendered impacts of the coup and the pursuit of gender equality in Myanmar" တွင် ကြည့်ပါ။

[30] ကရင်ပြည်နယ်အတွင်း အမျိုးသမီးကျေးရွာခေါင်းဆောင်များနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက မတ်လ ၂၀၂၀ ခုနှစ်တွင် ထုတ်ပြန်သည့် Karen Women's Organisation ၏"Kill Me Instead of Them" ; ၂၀၁၀ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသည့် KWO ၏"Walking Amongst Sharp Knives" တွင် ကြည့်ပါ။

[31] David Turton, "The Meaning of Place in a World of Movement: Lessons from Long-term Field Research in Southern Ethiopia", Journal of Refugee Studies, September 2005 တွင် ကြည့်ပါ။

## မြေပုံ ၂။ ကရင်ပြည်နယ်တွင် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများနှင့် တိုက်ပွဲဖြစ်ပွားမှုများကို နေရပ်စွန့်ခွာနေရခြင်းဖြစ်စဉ်အကြိမ်ရေများနှင့်အတူ တင်ပြခြင်း (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ)



# အခန်း ၂။ လုံခြုံရေးအန္တရာယ်နှင့် တိုက်ခိုက်မှုများ

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း အကြမ်းဖက်မှုများနှင့် လက်နက်ကိုင်တိုက်ပွဲများ တိုးမြင့်လာမှုကြောင့် စစ်ဘေးရှောင်နေရသော ရွာသားဦးရေမှာ ပိုမိုများပြားလာခဲ့ပြီး အများစုမှာ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဖြစ်ကြသည်။ အာဏာသိမ်းပြီးသည့် အချိန်မှစ၍ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူမှု အသိုက်အဝန်းများသည် အဓိကအားဖြင့် မြန်မာစစ်တပ်မှကျူးလွန်သည့် လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီး ပစ်ခတ်မှုနှင့် မြေပြင်တိုက်ခိုက်မှုများဖြင့် ရမ်းသမ်းပစ်ခတ်မှု သို့မဟုတ် ပစ်မှတ်ထားတိုက်ခိုက်မှုများကို တိုးမြင့်ခံစားလာရသည်။ ထိုသို့တိုက်ခိုက်မှုများသည် ရွာသားများ၏ပညာသင်ယူခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိခွင့်များအား ချိုးဖောက်နေပြီး စာသင်ကျောင်းများ၊ ဆေးပေးခန်းများနှင့် ဘာသာရေးအဆောက်အအုံများကိုလည်း ဖျက်ဆီးလျက်ရှိသည်။[32] ဤချိုးဖောက်မှုများသည် ကရင်ပြည်နယ်အတွင်းရှိ ထွက်ပြေးတိမ်းရှောင်နေထိုင်ရသော အမျိုးသမီးထုအား အခြေခံလူ့အခွင့်အရေးကို ခံစားခွင့်မရှိပဲ အလွန်အန္တရာယ်ရှိသည့် ရပ်ဝန်းတွင် အသက်ရှင်သန်နေရသည်။ မြန်မာစစ်တပ် ထိန်းချုပ်သည့် နယ်မြေသို့မဟုတ် ရောယှက်အုပ်ချုပ်နယ်မြေများတွင် နေထိုင်ကြသည့် စစ်ဘေးရှောင် အမျိုးသမီးများသည် KNU ထိန်းချုပ်သည့် နယ်မြေဒေသများမှ စစ်ဘေးရှောင် အမျိုးသမီးများနှင့် ယှဉ်လျှင် ခရီးသွားလာမှုကန့်သတ်ခြင်း၊ တိုက်ခိုက်မှုများနှင့် ဘေးကင်းလုံခြုံမှုများအတွက် အနည်းငယ်ကွဲပြားသည့် အခြေအနေကို ရင်ဆိုင်ကြရသော်လည်း ၎င်းတို့အားလုံးမှ စစ်တပ်၏တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသော မလုံခြုံမှုများကို ကြုံတွေ့ခံစားရသည့်အခြေအနေမှာ တူညီလျက်ရှိသည်။

ဤအခန်းတွင် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း စစ်ဘေးရှောင်အမျိုးသမီးများ၏သက်သေခံချက်များမှ တစ်ဆင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အမျိုးသမီးများအပေါ်လူ့အခွင့်အရေးချိုးဖောက်မှုများ အထူးသဖြင့် မြန်မာစစ်တပ်မှကျူးလွန်သည့် တိုက်ခိုက်မှုများ၊ ပဋိပက္ခနှင့်ဆက်စပ်သည့်အကြမ်းဖက်မှုများနှင့် အခြားသော ရပ်ပိုင်းဆိုင်ရာလုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများအား အထောက်အထားဖြင့် ဖော်ပြထားသည်။ ပထမ အခန်းငယ် (၂.၁) တွင် စစ်ဘေးရှောင်သည့်နေရာများနှင့်အနီးတဝိုက်ရှိ တိုက်ခိုက်မှုအန္တရာယ်များကိုတင်ပြထားပြီး ဒုတိယအခန်းငယ် (၂.၂) တွင်မူ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်အပေါ် ချိုးဖောက်မှုများနှင့်ဆက်စပ်သည့် လုံခြုံရေးအန္တရာယ်များကို တင်ပြထားသည်။ တတိယ အခန်းငယ် (၂.၃) တွင် စစ်ဘေးရှောင်အမျိုးသမီးများ၏ခံနိုင်ရည်စွမ်းအားကို ဖော်ပြထားပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း စစ်ဘေးရှောင်နေထိုင်ရသည့်ကာလတစ်လျှောက် ၎င်းတို့အသုံးပြုသည့်နည်းလမ်းများကို ဖော်ပြထားသည်။

## ၂.၁။ နေရပ်စွန့်ခွာနေရခြင်းကာလအတွင်း ကြုံတွေ့ရသည့်တိုက်ခိုက်မှုအန္တရာယ်

> ***"မနေ့က ဒီနေရာမှာ လေယာဉ်လာဝဲသွားတယ်။ ဒါကြောင့် ကျွန်မထွက်ပြေးရတယ်။ ကျွန်မတို့ တွေလုံခြုံတယ်လို့တော့ပြောလို့မရဘူး။ […] အခု [အင်တာဗျူးဖြေနေစဉ်] လည်း လေယာဉ်လာ နေပြီ။"***
>
> နော်အ---၊ ဒူးပလာယာခရိုင်မှစစ်ဘေးရှောင်စခန်းတွင်နေထိုင်သူတစ်ဦး[33]

---

[32] KHRG မှ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "ကျွန်တော်တို့ကို ဘာကြောင့်ပစ်မှတ်ထားရတာလဲ? မြန်မာစစ်တပ်မှ မြန်မာပြည်အရှေ့ တောင်ပိုင်းရှိ ရွာသားများအပေါ် ပစ်မှတ်ထားအကြမ်းဖက်မှုပုံစံများကို ဖော်ထုတ်ခြင်း" တွင် ကြည့်ပါ။

[33] အစီရင်ခံစာ၏ကိုယ်ထည်ပိုင်းတွင် အင်တာဗျူးဖြေဆိုသူများ၏ခရိုင်များကိုသာ စာရင်းပြုစုသွားမည်ဖြစ်သည်။ နာမည်ဖျက်ထားသည့် ကျေးရွာ သို့မဟုတ် စစ်ဘေးရှောင်စခန်း၊ ကျေးရွာအုပ်စု၊ မြို့နယ်နှင့် ခရိုင်များ၏အမည်များအပါအဝင် အင်တာဗျူးဖြေဆိုသူတစ်ဦးချင်းစီ၏နေရပ်လိပ်စာအသေးစိတ်အား နောက်ဆက်တွဲစာဖိုင်တွင် တွေ့နိုင်သည်။

ဘေးကင်းလုံခြုံရေးသည် လူတစ်ဦးချင်းစီ၏ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာသုခနှင့် စီးပွားရေးတည်ငြိမ်မှုအတွက် အခြေခံကျသောအရာများဖြစ်သည်။ သို့သော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စစ်ဘေးရှောင်အမျိုးသမီးများအတွက်ခိုလှုံရန် လုံးဝလုံခြုံစိတ်ချရသည့်နေရာမရှိသကဲ့သို့ ဆိုးရွားသည့်လုံခြုံရေးဆိုင်ရာအန္တရာယ်များအား အမြဲတစေကြုံတွေ့နေကြရသည်။ ဤသို့ထွက်ပြေးနေစဉ် သို့မဟုတ် စစ်ဘေးရှောင်နေစဉ်တွင် တိုက်ခိုက်မှုများအား ရင်ဆိုင်ရသည့်အတွက် ၎င်းတို့အနေဖြင့် ခိုလှုံရန်နေရာရှာဖွေသည့်အခါ ဘေးကင်းလုံခြုံရန်အတွက် အန္တရာယ်အနည်းဆုံးနေရာကို ရွေးချယ်ရသည်။ အချို့သောစစ်ဘေးရှောင်အမျိုးသမီးများသည် ၎င်းတို့၏နေအိမ်နှင့် ပိုင်ဆိုင်မှုများအား တစ်ကြိမ်ထက်မနည်းဆုံးရှုံးခဲ့ကြရပြီး ထိလွယ်ခိုက်လွယ်သူများ ဖြစ်သည့်အတွက် မြန်မာစစ်တပ်မှ စစ်ဘေးရှောင်စခန်းများအား သို့မဟုတ် အနီးပတ်ဝန်းကျင်ဒေသများအား မကြာခဏ တိုက်ခိုက်နေခြင်းက ထိုစစ်ဘေးရှောင်နေရသည့်အမျိုးသမီးများနှင့် ၎င်းတို့အား မှီခိုနေရသောကလေးသူငယ်များအပေါ် ပိုမိုကြီးမားသည့်အန္တရာယ်များ ကျရောက်စေနိုင်သည်။[34] အင်တာဗျူးဖြေဆိုခဲ့သည့်အမျိုးသမီးများထဲမှ အနည်းဆုံး ၂၀ ဦးသည် နှစ်ကြိမ်ထက်မနည်းထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး မူတြော်ခရိုင်တွင်နေထိုင်သော အသက် ၄၇ နှစ်အရွယ် နော်ဒ--- က သူမ၏တစ်ဘဝလုံးတွင် ပုံစံမျိုးစုံဖြင့်ထွက်ပြေးတိမ်းရှောင်နေထိုင်ခဲ့ရသည့်အကြောင်းကို တင်ပြခဲ့သည်။

### (က) စစ်ဘေးရှောင်စခန်းများအား တိုက်ခိုက်ခြင်းများ

ကရင်ပြည်နယ်အတွင်း ခိုလှုံနိုင်သည့် လုံခြုံသည့်နေရာမရှိသဖြင့် စစ်ဘေးရှောင်အမျိုးသမီးများအနေဖြင့် အခြေအနေများ၊ ပထဝီအနေအထားအပေါ်အခြေခံ၍ လုံခြုံရေးဆိုင်ရာအန္တရာယ်များအားသုံးသပ်ပြီး အကြမ်းဖက်မှုများအားရှောင်ရှားနိုင်ရန်အတွက် နည်းဗျူဟာများစွာအသုံးပြုရမည်။ အချို့သောရွာသားများမှာ လျင်မြန်စွာပြင်ဆင်ရန်အတွက် ကြိုတင်သတိပေးချက်များရရှိထားသဖြင့် အဖွဲ့လိုက်ထွက်ပြေးတိမ်းရှောင်ရန် စီမံနိုင်သော်လည်း အချို့မှာ ကြိုတင်အသိပေးခြင်းမရှိပဲ တိုက်ခိုက်မှုဖြစ်နေစဉ်အတွင်း ထွက်ပြေးရသည့်အတွက် မရည်ရွယ်ပဲ မိသားစုဝင်များကွဲကွာကြရသောအခြေအနေများကြုံတွေ့ရလေ့ရှိသည်။

မြန်မာစစ်တပ်သည် စစ်ဘေးရှောင်များခိုလှုံနေကြသည့်နေရာများအပါအဝင် လူမှုအသိုက်အဝန်းအား မကြာခဏ ဆိုသလို တိုက်ခိုက်လေ့ရှိသည်။ သိသာထင်ရှားစွာ မှတ်တမ်းတင်ထားသည့် အဖြစ်အပျက်တစ်ခုသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်ဖြစ်ပွားခဲ့ပြီး မြန်မာစစ်တပ်မှ KNU ထိန်းချုပ်မှုအောက်ရှိ စစ်ဘေးရှောင်များ ခိုလှုံနေသည့်နေရာအား လက်နက်ကြီးပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ အမြောက်ကုန်းတပ်စခန်းတွင် အခြေစိုက်သည့် မြန်မာစစ်တပ် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ) အမှတ် ၁၂ လက်အောက်ခံ ခြေမြန်တပ်ရင်း (ခမရ) အမှတ် ၂၇၅ နှင့် အမှတ် ၁၁၈ တို့သည် ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်) မြို့နယ်၊ ဖလူးကျေးရွာအုပ်စု၊ ဘအ--- ကျေးရွာရှိ စာသင်ကျောင်းဝင်းနှင့် ဆေးခန်းပေါ်သို့ နေ့လည် ၁ နာရီ ၁၅ မိနစ်ခန့်တွင် လက်နက်ကြီးများ သုံးကြိမ်ပစ်ခတ်ခဲ့သည်။ လေးကေ့ကော်မြို့[35] အပါအဝင် ဒေသအများအပြားမှ ရွာသားများသည် ဘအ--- ကျေးရွာအနီးရှိ ဘဖ--- စစ်ဘေးရှောင်စခန်းတွင် ခိုလှုံလျက်ရှိပြီး ထိုရွာသားများသည် ထိုဘအ--- ဆေးပေးခန်းအား

---

[34] KHRG မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "လေယာဉ်ပျံလာပြီး (ကဘောယူဟဲလီး) - ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် ကျေးလက်နေလူထုများကြုံတွေ့နေရသော ဆိုးကျိုးသက်ရောက်မှုများနှင့် ရွာသားများ၏မိမိကိုယ်ကိုကာကွယ်မှုနည်းလမ်းများ"၊ စာမျက်နှာ ၆၇ တွင် ကြည့်ပါ။

[35] လေးကေ့ကော်မြို့သစ်ကို ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး၊ ယခင်ပဋိပက္ခကာလများအတွင်း ထိုင်းနိုင်ငံသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြသောဒုက္ခသည်များ မြန်မာနိုင်ငံတွင် ၎င်းတို့၏ဘဝများကိုပြန်လည်ထူထောင်နိုင်ရန် ပြန်လည်နေရာချထားရေးနေရာတစ်ခုဖြစ်သည်။

ဆေးဝါးကုသခံယူရန်နှင့် ထိုကျောင်းအား ပညာသင်ယူရန်အတွက် အားကိုးအားထားပြုကြသည်။[36] ထိုပစ်ခတ်မှုသည် ကျောင်းချိန်အတွင်းဖြစ်ပွားခဲ့ပြီး ကျောင်းသားများသန့်ရှင်းရေးပြုလုပ်နေစဉ်နှင့် ဆရာများနေ့အတွက် သီချင်းဆိုလေ့ကျင့်နေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပထမဆုံးပစ်ခတ်သည့်လက်နက်ကြီးမှာ ဆေးပေးခန်းအပေါ်ကျခဲ့သည့်အတွက် ကျောင်းသားနှင့် ဆရာ/ဆရာမ စုစုပေါင်း အယောက် ၂၀၀ ခန့်မှာ ကျောင်းဆောင်အပြင်သို့ ထွက်ပြေးတိမ်ရှောင်ရန် အချိန်ရခဲ့သည်။ ဒုတိယအကြိမ်နှင့် တတိယအကြိမ်ပစ်ခတ်သည့်လက်နက်ကြီးများမှာ ကျောင်းဆောင်ပေါ်သို့ ကျခဲ့သည်။[37]

ထွက်ပြေးတိမ်းရှောင်နေရသောဆရာ/ဆရာမများထဲမှ ဘဖ--- စခန်းတွင် နေထိုင်သည့် ဆရာမတစ်ဦးဖြစ်သူ နန်းဘ--- က KHRG အား ဤသို့တင်ပြခဲ့သည်။ *"အခန်းထဲမှာ ဆရာနဲ့ ကျောင်းသားအပါအဝင် စုစုပေါင်း လူ ၃၀ ကျော်ရှိခဲ့တယ်။ သူတို့က ကျွန်မတို့ကိုရည်ရွယ်ပြီးပစ်ခဲ့တာ။ ကျွန်မတို့ကျောင်းနဲ့မီတာသုံးဆယ်လောက် အကွာအဝေးမှာရောက်တဲ့အချိန် လက်နက်ကြီးကအဲ့ဒီခေါင်မိုးပေါ်ကျခဲ့တယ်။ ကျွန်မတို့ သီသီလေးလွတ်ခဲ့တာ။ ကျွန်မတို့သာထွက်မပြေးနိုင်ခဲ့ရင် ကျွန်မမတွေးရဲဘူး။ ကျောင်းတစ်ကျောင်းလုံး ဆရာတွေနဲ့ ကျောင်းသားတွေရဲ့သွေးတွေနဲ့ လွှမ်းသွားလိမ့်မယ်။ […] လက်နက်ကြီးကျောင်းပေါ်ကျတော့ တိုက်ခိုက်မှုကို ရှောင်နိုင်ဖို့အတွက် ကျွန်မတို့ကို ပိုပြီးလုံခြုံတဲ့နေရာကိုပြောင်းနေဖို့ ပြောတယ်။"*





ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဖလူးကျေးရွာအုပ်စု၊ ဘအ--- ကျေးရွာ၌ လက်ခံရရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်မှ ၁၂၀ မမ လက်နက်ကြီးအား ဒေသခံကျောင်းနှင့် ဆေးခန်းအဆောက်အအုံတစ်ခုပေါ်သို့ပစ်ခတ်သည့်ဓာတ်ပုံဖြစ်သည်။ ဘယ်ဘက်တွင်ဖော်ပြထားသောဓာတ်ပုံ၌ နို့တိုက်မိခင်တစ်ဦးဖြစ်သော မဆ--- သည် ပြောင်းခင်း၌နေ့စားအဖြစ်အလုပ်လုပ်ပြီး စစ်ဘေးရှောင်သည့်နေရာသို့ပြန်လာရာလမ်း ဘအ--- ကျေးရွာရှိ ဒေသခံဈေးဆိုင်တစ်ဆိုင်တွင်နားနေစဉ် ဘယ်ဘက်ဖက်ရင်သားတွင် ဒဏ်ရာရရှိသောပုံဖြစ်ပါသည်။ ညာဘက်တွင်ဖော်ပြထားသောပုံသည် မြန်မာစစ်တပ်မှ ကျောင်းပေါ်သို့လက်နက်ကြီးပစ်ချလိုက်ပြီးနောက် ပျက်စီးသွားသော ဘအ--- ကျောင်းအဆောက်အအုံပုံဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG (ဘယ်ဘက်), ဒေသခံရွာသား (ညာဘက်))*

---

[36] KHRG မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "ဗုံးနှင့်ကျည်ဆံမိုးများ ရွာသွန်းခြင်း - ဒူးပလာယာခရိုင်ရှိ 'ငြိမ်းချမ်းရေးမြို့' နှင့် ဒုက္ခသည်များခိုလှုံရာနေရာများတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွား (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၂ ခုနှစ် မေလအထိ)" တွင် ကြည့်ပါ။

[37] KHRG မှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော "ပျောက်ဆုံးနေသည့်ကလေးဘဝများ - ပဋိပက္ခကာလအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ကလေးသူငယ်အခွင့်အရေးများချိုးဖောက်ခံရမှုများ၊ အရေးပေါ်လိုအပ်ချက်များနှင့် ရပ်ရွာလူထုဆိုင်ရာကာကွယ်မှုနည်းလမ်းများ"၊ စာမျက်နှာ ၂၆-၂၇ တွင် ကြည့်ပါ။

ကျည်စသည် ဘဖ--- စစ်ဘေးရှောင်စခန်းရှိ အသက် ၃၀ အရွယ် ကလေးသုံးဦး၏မိခင် မခ---၏ဘယ်ဖက်ရင်အုံအား ထိမှန်ခဲ့သည်။ ထိုဖြစ်ရပ်ဖြစ်ပွားချိန်တွင် သူမသည် ပြောင်းဖူးခင်းတွင်နေ့စားလုပ်ပြီးအပြန် ဘအ--- ကျေးရွာရှိ ဈေးဆိုင်တွင်ရှိနေချိန်ဖြစ်သည်။ ဘအ--- ကျေးရွာသားများ၏အကူအညီဖြင့် မခ--- အား ဒေသတွင်း ဆေးပေးခန်းသို့ပို့ဆောင်ခဲ့ပြီး နောက်မှတစ်ဆင့် ဆေးကုသမှုခံယူနိုင်ရန် ထိုင်းနိုင်ငံ၊ တခ်ခရိုင်၊ ဘခ--- ဆေးရုံသို့ လွှဲပြောင်းပေးခဲ့ကြသည်။ *"ကျွန်မ ကွမ်းယာဆိုင်မှာရေသောက်နေတာ။ ကျွန်မ 'ဖောက်' ဆိုတဲ့အသံကြားတော့ ကြည့်လိုက်တဲ့အချိန် သွေးတွေမြင်လိုက်တယ်။ အဲ့ဒါက ကျွန်မရဲ့ရင်သားကိုမှန်သွားတာ။ […] ကျွန်မလည်း ကွမ်းယာဆိုင်ရှေ့မှာ ရပ်ထားတဲ့ကားကို ဆေးရုံပို့ပေးဖို့ အကူအညီတောင်းခဲ့တယ်။"*

ဖလူးကျေးရွာအုပ်စုအနီးတဝိုက်မှ စစ်ဘေးရှောင်များအပြင် ဒေသခံရွာသားအားလုံးသည်လည်း ထိုတိုက်ခိုက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဤအဖြစ်အပျက်သည် မခ--- နှင့် အခြားသော လေးကော့ကော်မြို့ရှိ ရွာသားအများစုအတွက် တတိယအကြိမ်မြောက် ထွက်ပြေးတိမ်းရှောင်နေထိုင်ရခြင်းဖြစ်သည်။

### (ခ) တိုက်ခိုက်မှုများအန္တရာယ်

***"မြန်မာစစ်တပ်က လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုတွေ၊ လေကြောင်းပစ်ခတ်မှုတွေနဲ့ ကျွန်မတို့ကို ခြိမ်းခြောက်တယ်။ သူတို့တွေရဲ့ရန်သူတွေနေတဲ့နေရာကိုတော့မလုပ်ဘူး။ ရွာတွေကိုပဲပစ်တယ်။ ကျွန်မတို့ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် သူတို့က ရွာသားတွေကိုတိုက်ခိုက်ချင်တာ။ ဒါကြောင့် တစ်ခါတလေ သူတို့လာတဲ့အခါ လေကြောင်းတိုက်ခိုက်မှုမလုပ်ရင်တောင်မှ ကျွန်မတို့က သူတို့ကိုကြောက်တယ်။ ဒါကြောင့် အဲ့ဒါက ကျွန်မတို့အတွက် ကြီးမားတဲ့အခက်အခဲတစ်ခုပဲ။"***

နော်ဒ---၊ မူတြော်ခရိုင်မှစစ်ဘေးရှောင်သူတစ်ဦး

စစ်ဘေးရှောင်အမျိုးသမီးများသည် ရရှိနိုင်သည့်နည်းဗျူဟာများနှင့် ဒေသတွင်းဗဟုသုတများကိုအသုံးပြု၍ တောထဲတွင်ဖြစ်စေ၊ အခြားကျေးရွာများတွင်ဖြစ်စေ အန္တရာယ်အကင်းဆုံးနေရာများကိုရွေးချယ်၍ ခိုလှုံနေထိုင်ကြသည်။ ဘိတ်-ထားဝယ်ခရိုင်အတွင်း မြန်မာစစ်အစိုးရ၏အုပ်ချုပ်မှုအောက်ရှိကျေးရွာတစ်ရွာမှ KNU အုပ်ချုပ်မှုနယ်မြေအတွင်းသို့ ထွက်ပြေးတိမ်းရှောင်လာသူ အမျိုးသမီးတစ်ဦးဖြစ်သော ဒေါ်င--- က ဤသို့တင်ပြခဲ့သည်။ *"ဒီမှာပိုပြီး လုံခြုံတယ်လို့ခံစားရတယ်။ […] ကျွန်မတို့က စစ်ကောင်စီတပ်သားတွေ ဒီကိုမလာဘူးလို့ထင်ခဲ့တာ။ ဒါပေမယ့် အရင်လက စစ်ကောင်စီတပ်သားတွေ ဒီရွာနဲ့ပိုနီးတဲ့နေရာကိုတပ်ချီလာတယ်။ အဲ့ဒီအချိန်တုန်းက ကျွန်မတို့ပြောင်းရွှေ့လာတာ တစ်လလား နှစ်လလားပဲရှိသေးတယ်။ […] စစ်သားတွေက ဒီရွာကိုဖြတ်ပြီး နောက်ထပ်ရွာတစ်ရွာအထိ ချီတက်သွားပြီး အဲ့ဒီမှာတိုက်ပွဲဖြစ်တယ်။ […] အဲ့ဒါဖြစ်ပြီးနောက်ပိုင်း ကျွန်မအနေနဲ့ ဒီမှာနေရတာလည်း မလုံခြုံတော့ဘူး။ အစကတော့ သူတို့တွေ ဒီဘက်ကိုမလာဘူးလို့ထင်ထားတော့ လုံခြုံတယ်လို့ခံစားခဲ့ရတာ။ အခုတော့ လေယာဉ်လာမလား လက်နက်ကြီးပစ်မလားဆိုပြီးတော့ အမြဲတမ်းစိတ်ပူနေရတယ်။"*

KHRG မှ အင်တာဗျူးပြုလုပ်ခဲ့သည့်စစ်ဘေးရှောင်အမျိုးသမီး ၉၀ ရာခိုင်နှုန်းကျော်က ၎င်းတို့အနေဖြင့် ရွှေ့ပြောင်းနေထိုင်သည့်ဒေသတွင်ပင် လုံခြုံသည်ဟုမခံစားရကြောင်း ဖော်ပြခဲ့သည်။ မြန်မာစစ်တပ်၏စစ်ဆင်ရေး၊ တိုက်ခိုက်မှုများနှင့် စစ်ဘေးရှောင်သည့်နေရာအနီးအနားတွင် လက်နက်ကြီးပစ်ခတ်မှုများအပြင် လေကြောင်းတိုက်ခိုက်မှုနှင့် ဒရုန်းများဖြင့် ကင်းထောက်မှုများကြောင့် အများစုမှာ တိုက်ခိုက်မှုအန္တရာယ်များ ကြုံတွေ့နေကြရသည်။ ဒူးပလာယာခရိုင်တွင်နေထိုင်သော နော်ဂ--- က ၎င်းတို့ စစ်ဘေးရှောင်နေသည့်နေရာဒေသအနီးတစ်ဝိုက်တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည့်အတွက် တိုက်ခိုက်မှုအန္တရာယ်မြင့်မားသောအခြေအနေတွင် သူမ၏အတွေ့အကြုံ

အား ပြန်လည်တင်ပြခဲ့သည်။ *“ကျွန်မအနေနဲ့ [တိုက်ခိုက်မှုအသံများ] တစ်နေကုန်ကြားရတယ်။ ပြီးတော့ တစ်ရက်လောက်ခဏရပ်သွားတယ်။ ပြီးတော့ အသံတွေနောက်ထပ်ရက်တော်တော်ကြာ ပြန်ကြားရတယ်။ ပြီးတော့ ပြန်ရပ်သွားတယ်။ ဒီလိုပဲဆက်ပြီးဖြစ်နေတာပဲ။”*

စစ်ဘေးရှောင် အမျိုးသမီးများနှင့် ၎င်းတို့၏မိသားစုဝင်များသည် တိုက်ခိုက်ခံရနိုင်မှုအန္တရာယ်များကို တုံ့ပြန်ရန် ကြိမ်ဖန်များစွာ ထွက်ပြေးတိမ်းရှောင်ကြရပြီး အမျိုးသမီးများအနေဖြင့် တိုက်ခိုက်မှုများဖြစ်နိုင်ချေနည်းပါးသည့် မြန်မာစစ်တပ်၏စစ်ရေးလှုပ်ရှားမှုနှင့်ဝေးကွာသည့်ဒေသများအား ရှာဖွေကြရသည်။ ဘိတ်-ထားဝယ်ခရိုင်ရှိ ရေယုက်အုပ်ချုပ်နယ်မြေမှနေရပ်စွန့်ခွာကာ KNU အုပ်ချုပ်ရာဒေသတစ်ခုတွင် ပြောင်းရွှေ့နေထိုင်သူ ဒေါ်ဟ--- က KHRG အား ဤသို့တင်ပြခဲ့သည်။ *“အစက ကျွန်မတို့ ဘခ--- ကျေးရွာမှာနေတယ်။ ဒါပေမယ့် စစ်အာဏာရှင်ရဲ့တပ်သားတွေက ကျွန်မတို့ရွာကိုတပ်ချီလာတော့ ကျွန်မတို့ ဘဒ--- ကျေးရွာမှာ ပြောင်းနေကြတယ်။ ဘဒ--- ရွာမှာ ကျွန်မတို့ တစ်နှစ်ကျော်လောက်နေခဲ့ကြတယ်။ ပြီးတော့ ကျွန်မတို့ဒီရွာကို ပြန်ပြောင်းလာတယ်။ တောထဲကိုလည်းပြေးခဲ့သေးတယ်။”* ဘိတ်-ထားဝယ်ခရိုင်မှ စစ်ဘေးရှောင်သူ မက--- က သူမ၏အခြေအနေအား ဤသို့တင်ပြခဲ့သည်။ *“ကျွန်မတို့ လေယာဉ်သံကြားတယ်။ ဒါပေမယ့် လေယာဉ်လာပြီဆိုတာနဲ့ ကျွန်မတို့ချက်ခြင်းထွက်ပြေးတယ်။ ကျွန်မတို့ရဲ့နေရာမှာဆက်မနေရဲဘူး။ ဘာကြောင့်လည်းဆိုတော့ ကျွန်မတို့ ကြောက်လည်းကြောက်တယ်။ လန့်လည်း လန့်တယ်။ ကျွန်မတို့ လေယာဉ်အသံကြားတိုင်း ကလေးတွေကိုခေါ်ပြီး ထွက်ပြေးတယ်။”*

## ၂.၂။ လှုပ်ရှားသွားလာမှုနှင့် ခရီးသွားလာမှုကန့်သတ်ချက်များနှင့်ဆက်စပ်သည့် လုံခြုံရေးအန္တရာယ်များ

> ***“ကျွန်မတို့က စစ်ဖြစ်တဲ့ဇုန်မှာနေနေကြတာ။ ကျွန်မတို့ ခြေလှမ်းလေးတစ်လှမ်းတောင်မလှမ်းရဲဘူး။ […] ကျွန်မတို့မပျော်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့အလုပ်ခွင်ကို တစ်ယောက်တည်းဖြစ်စေ အဖွဲ့နဲ့ဖြစ်စေ လွတ်လွတ်လပ်လပ်သွားလာခွင့်မရှိဘူး။ ကျွန်မတို့ အကြောက်တရားနဲ့သွားလာနေရတယ်။ [ကျွန်မတို့ခရီးထွက်တိုင်း] ကျွန်မတို့ကလေးတွေဆီကိုပြန်မရောက်မှာ စိုးရိမ်နေရတယ်။ ကျွန်မတို့ကလေးတွေ ခရီးထွက်ရင်လည်း သူတို့တွေကျွန်မတို့ဆီပြန်မရောက်လာမှာကို စိုးရိမ်နေရတယ်။ ဒီလိုစိုးရိမ်မှုက ကျွန်မတို့ကို စိတ်မချမ်းသာစေဘူး။ ကျွန်မတို့ကြောက်တယ်။”***

နော်ဂျ---၊ မူတြော်ခရိုင်မှ စစ်ဘေးရှောင်သူတစ်ဦး

လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်သည် လူ့အခွင့်အရေးတစ်ခုဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်ကာ စီးပွားရေးအခွင့်အလမ်းနှင့် ပဋိပက္ခကာလအတွင်း အသက်အန္တရာယ်ကိုကာကွယ်ပေးနိုင်သည့်ဝန်ဆောင်မှုများနှင့် လုံခြုံမှုအား လက်လှမ်းမီနိုင်ရန်အတွက် လိုအပ်ချက်တစ်ခုလည်းဖြစ်သည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စစ်ဘေးရှောင်အမျိုးသမီးများက လိင်ပိုင်းဆိုင်ရာအခြေပြုအကြမ်းဖက်မှုများ၊ မြေမြှုပ်မိုင်း သို့မဟုတ် ပေါက်ကွဲစေတတ်သော စစ်လက်နက်အကြွင်းအကျန်များကျန်ရှိနေခြင်း၊ စစ်ဆေးရေးဂိတ်များနှင့် လွတ်လပ်စွာခရီးသွားလာခွင့်ကို တားမြစ်ပိတ်ပင်ထားသည့် ခရီးသွားလာရေးကန့်သတ်မှုများနှင့်ပတ်သက်သည့်လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများအပြင် ၎င်းတို့ရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်မှုအချို့ကို တင်ပြခဲ့ကြသည်။ မြန်မာစစ်တပ်မှ အရပ်သားများအပေါ် အကြမ်းဖက်မှုများကြောင့် ခရီးသွားလာရန်အလွန်ကြောက်ရွံ့နေသည့်အမျိုးသမီးများအတွက် တစ်ဖက်တွင် ထွက်ပြေးတိမ်းရှောင်ရန် ခရီးသွားလာရခြင်းက ၎င်းတို့လိုအပ်သည့်နည်းဗျူဟာတစ်ခု ဖြစ်နေပြန်သည်။ နောက်ဆက်တွဲအခန်းများတွင် လှုပ်ရှားသွားလာ

မှုဆိုင်ရာစိန်ခေါ်မှုများနှင့်ပတ်သက်၍ စီးပွားရေးအခွင့်အလမ်း (အခန်း ၃)၊ ကျန်းမာရေးစောင့်ရှောက်မှု (အခန်း ၄) နှင့် တစ်ကိုယ်ရေနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး (အခန်း ၅) တို့အပေါ် တိုက်ရိုက်သက်ရောက်မှုများအား စစ်ဘေးရှောင်နေရသည့်အမျိုးသမီးများမှ တင်ပြထားသည်။

### (က) လိင်ပိုင်းဆိုင်ရာနှင့် ကျား-မအခြေပြုအကြမ်းဖက်မှုများတိုးမြင့်လာခြင်း

လက်နက်ကိုင်တိုက်ပွဲများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံရေးမငြိမ်သက်မှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအား ၎င်းတို့၏ကျေးရွာများမှစွန့်ခွာစေပြီး လူမှုဖွဲ့စည်းပုံ ပျက်ပြားခြင်း၊ ကာကွယ်ရေးစနစ်များ ပျက်စီးယိုယွင်းခြင်း၊ စီးပွားရေးမတည်ငြိမ်မှုမြင့်မားလာခြင်းနှင့် လူမှုအသိုက်အဝန်းအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများ ရုတ်တရက်မြင့်မားလာခြင်းကို ကြုံတွေ့ခံစားရစေသည်။ ဤအချက်များပေါင်းစုခြင်းက အထူးသဖြင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအအပေါ် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မအခြေပြုအကြမ်းဖက်မှုနှင့်ဆက်စပ်သည့်အန္တရာယ်များကို မြင့်တက်လာစေသည်။[38] အတိတ်ကာလ မြန်မာစစ်တပ်မှကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မအခြေပြုအကြမ်းဖက်မှုများအားကြောက်ရွံ့ခြင်းသည် ကရင်ပြည်နယ်အတွင်းရှိ နယ်မြေဒေသအားလုံးမှအမျိုးသမီးများတွင် အမြစ်တွယ်နေသည့်အကြောက်တရားဖြစ်ပြီး ၂၀၂၁ ခုနှစ်အာဏာသိမ်းပြီးနောက် မြန်မာစစ်တပ်၏လူ့အခွင့်အရေးချိုးဖောက်မှုများ တဖန်ပြန်လည်တိုးမြင့်လာသည့်အတွက် ထိုစိုးရိမ်မှုများမှာ အဆမတန်မြင့်တက်လာခဲ့သည်။[39]

ဥပမာအားဖြင့် ဤအစီရင်ခံစာရေးသားသည့် ကာလအတွင်း KHRG သို့ တင်ပြလာသည့် လိင်ပိုင်းဆိုင်ရာ ကျား-မ အခြေပြုအကြမ်းဖက်မှုဖြစ်စဉ် ၁၂ ခုမှ တစ်ခုတွင် စစ်ဘေးရှောင်အမျိုးသမီးများသည် ထွက်ပြေးတိမ်းရှောင်နေစဉ်အတွင်း လက်နက်ကိုင်တပ်ဖွဲ့များနှင့် အရပ်သားအမျိုးသားများ၏လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို အထူးသဖြင့် ခရီးသွားလာသည့်အချိန်တွင် ခံရနိုင်ချေမြင့်မားသည်။[40] ဥပမာအားဖြင့် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ရခ--- ကျေးရွာတွင်နေထိုင်သော နော်ရ--- အမည်ရှိ အသက် ၁၇ နှစ်အရွယ် စစ်ဘေးရှောင်ကျောင်းသူတစ်ဦးသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဆိုင်ကယ်သမား စောတ--- ၏အကြိမ်ကြိမ်အဓမ္မပြုကျင့်ခြင်း၊ အကြမ်းဖက်ခြင်းနှင့် အသက်အန္တရာယ်ခြိမ်းခြောက်မှုကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

နော်ရ--- သည် ကျောင်းပိတ်ရက်အတွင်း မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ဘဖ--- ကျေးရွာအုပ်စု၊ ပဇ--- ကျေးရွာမှ သူမ၏ဆွေမျိုးများရှိရာသို့သွားစဉ်တွင် စောတ--- အားတွေ့ခဲ့ပြီး သူမ၏ဆွေမျိုးများမှ ဆိုင်ကယ်တစ်စီးလွှတ်ပေးရန်အတွက် ပြန်ပြောပေးရန်ပြောခဲ့သည်။ ထိုအခါ စောတ--- က သူမ၏ဆွေမျိုးများနှင့်တိုက်ရိုက်ပြောဆိုထားခြင်းမရှိသော်လည်း သူ့အနေဖြင့် သူမ၏ဆွေမျိုးများနေအိမ်သို့ပို့ပေးရမည်ဖြစ်ကြောင်း လိမ်လည်ပြောခဲ့ရာ သူမကယုံကြည်စွာဖြင့် သူနှင့်အတူ ဆိုင်ကယ်လိုက်ပါစီးနင်းခဲ့သည်။ စောတ--- က သူမအား အကြိမ်ကြိမ် အဓမ္မပြုကျင့်ခဲ့ပြီး သူမအား ကိုယ်ထိလက်ရောက်နှိပ်စက်ခဲ့သည်။ သူမ၏ဗိုက်အောက်ပိုင်းအား အကြိမ်ကြိမ်ထိုးနှက်ခြင်း၊ လည်ပင်းညှစ်ခြင်း၊ သူမ၏မေးရိုးအားရိုက်နှက်ခြင်းအပြင် သူမအားအသေသတ်ရန် အကြိမ်ကြိမ်ခြိမ်းခြောက်ခဲ့ပြီး

---

38 KHRG မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "အဆိပ်သင့်မှုအောက်ရှိ ရွာသားများ - စစ်ပဋိပက္ခအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိကျေးလက်ဒေသများတွင် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ဆိုးကျိုးသက်ရောက်မှုများ မြင့်တက်လာခြင်း (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ)" တွင် ကြည့်ပါ။

39 KHRG မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "မျက်ကွယ်ပြုခံရသော နာကျင်ခံစားမှုများ - ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများကြုံတွေ့ရသော လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်မှုနှင့် တရားမျှတမှုဆိုင်ရာ အတားအဆီးများ" တွင် ကြည့်ပါ။

40 အထက်ပါဖော်ပြထားသော "မျက်ကွယ်ပြုခံရသော နာကျင်ခံစားမှုများ" တွင် ကြည့်ပါ။

နော်ရ--- အား လမ်းပေါ်တွင် တစ်ဦးတည်းပစ်ထားခဲ့သည်။ နော်ရ--- သည် သူမ၏ဆွေမျိုးများနေအိမ်သို့ ကြိုးစား လမ်းလျှောက်သွားခဲ့သည်။ စစချင်းတွင် သူမအနေဖြင့် တစ်ဦးတစ်ယောက်ကိုဖွင့်ဟပြောပြရန် လုံခြုံမှုရှိသည်ဟု မခံစားရသော်လည်း သူမ၏ဝမ်းကွဲဖြစ်သူမှာ တစ်စုံတစ်ရာမှားယွင်းနေကြောင်းသတိမူမိပြီး သူမတွင် ဖြစ်ပျက်ခဲ့ သည်များကို ပြောပြရန်အားပေးခဲ့သည်။ ဤအခြေအနေက သူမ၏ဝမ်းကွဲအား ဖြစ်ပျက်ခဲ့သည်များကို ပြောပြရန် သက်တောင့်သက်သာရှိစေသည့်အတွက် ဖြစ်ရပ်မှန်ကိုပြောပြခဲ့ပြီး သူမ၏ဝမ်းကွဲမှ ဒေသတွင်း KNU အာဏာပိုင် များအားတင်ပြခဲ့ပြီး တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု တောင်းခံခဲ့သည်။ ဒေသတွင်း KWO ၏အကူအညီ ဖြင့် ၂၀၂၆ ခုနှစ်အစောပိုင်းတွင် အမှုကိုဖြေရှင်းနိုင်ခဲ့ပြီး ကျူးလွန်သူအား မူတြော်ခရိုင်တရားရုံးမှ ထောင်ဒဏ် ၁၂ နှစ်ကျခံစေပြီး နစ်နာသူအတွက် လျော်ကြေးအဖြစ် ဘတ် ၁၀၀,၀၀၀ ကျပ် ပေးဆောင်စေသည်။[41]

KHRG ၏သတင်းအချက်အလက်များအရ ပဋိပက္ခအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများက အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် စစ်ဘေးရှောင်နေရစဉ်အတွင်း လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ အခြေပြုအကြမ်းဖက်မှု နှင့် အိမ်တွင်းအကြမ်းဖက်မှုများအပါအဝင်[42] ဘေးကင်းလုံခြုံရေးဆိုင်ရာအန္တရာယ်များ ပိုမိုတိုးမြင့် ကျရောက် စေနိုင်သည်။ ဒူးပလာယာခရိုင်ရှိ စစ်ဘေးရှောင်စခန်းတစ်ခုမှ ကလေးသုံးယောက်မိခင် နော်လ--- က ပဋိပက္ခ အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် လုံခြုံရေးအန္တရာယ် နှင့်ပတ်သက်ပြီး ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်မတို့အပြင်ထွက်ရင် သတိထားဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ မူးယစ်ဆေးဝါးသုံးပြီး စခန်းအပြင်ဖက်မှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကျူးလွန်တဲ့သူတချို့ ရှိတယ်။"*

အမျိုးသမီးများ အထူးသဖြင့် မိခင်များသည် ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏သမီးများအတွက် စစ်ဘေးရှောင်နေ ရစဉ်နှင့် ခရီးသွားလာစဉ်အတွင်း လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ အခြေပြုအကြမ်းဖက်မှုအန္တရာယ်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများနှင့် ၎င်းတို့မည်သို့ ကြိုတင်ကာကွယ်မှုများပြုလုပ်ကြောင်း ဖော်ပြခဲ့သည်။ နော်လ--- က သူမ၏စိုးရိမ်ပူပန်မှုအား KHRG သို့ ဆက်လက်တင်ပြခဲ့သည်။ *"ကျွန်မကလေးတွေ ကျောင်းသွားရင်လည်း သူ တို့အတွက် ကျွန်မစိုးရိမ်တယ်။ သူတို့ကျောင်းကိုမရောက်ခင် လမ်းမှာ လိင်ပိုင်းဆိုင်ရာစော်ကားခံရမှာ ကျွန်မ စိုးရိမ်တယ်။ ဒါကြောင့် သူတို့ကို သူငယ်ချင်းတွေနဲ့အတူတူကျောင်းသွားခိုင်းတယ်။ ရွာတွေထဲမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေကြုံရလေ့ရှိတာကိုကြားတော့ ကျွန်မကလေးတွေ ပစ်မှတ်ဖြစ်သွားမှာစိုးရိမ်တယ်။"*

အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ အခြေပြုအကြမ်းဖက်မှု ဖြစ်ရပ်များနှင့်ပတ်သက်၍ အသိပညာ ပေးရန်နှင့် အခြားအမျိုးသမီးများအနေဖြင့် ကြိုတင်ကာကွယ်မှုပြုလုပ်နိုင်ရန်အတွက် အချက်အလက်များ ကို မျှဝေကြသည်။ အမျိုးသမီးများသည် စစ်ဘေးရှောင်နေစဉ်ကာလအတွင်း ၎င်းတို့၏လုံခြုံရေးနှင့် ကာကွယ် စောင့်ရှောက်မှုအတွက် ၎င်းတို့၏မိသားစုဝင်များကို အားကိုးကြသည်။ တောအူးခရိုင်တွင်နေထိုင်သော စစ် ဘေးရှောင်ကျောင်းသူတစ်ဦးဖြစ်သည့် နော်မ--- က ဤသို့ပြောခဲ့သည်။ *"ကျွန်မက မိသားစုနဲ့အတူတူပြေးရ တော့ အားလုံးအဆင်ပြေတယ်။ ဒါပေမယ့် တကယ်လို့ တခြားလူတွေနဲ့အတူတူပြေးရမယ်ဆိုရင်တော့ ကျွန်မ ကြောက်လိမ့်မယ်။ အခြေအနေက အမျိုးသမီးတွေအတွက် ပိုပြီးအန္တရာယ်ရှိလာတယ်။ ကျွန်မဆိုရင် အပြင်ကို တစ်ယောက်တည်းမသွားရဲတော့ဘူး။ […] အမျိုးသမီးတွေ ခရီးသွားနေချိန် အဓမ္မပြုခံရတယ်လို့ကြားတယ်။ ဒီ လိုသတင်းတွေကြားရင် ကျွန်မညအချိန်အပြင်မသွားရဲတော့ဘူး။"*

---

41 KHRG မှ ၂၀၂၆ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "မူတြော်ခရိုင် မှခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ဘူးသိုမြို့နယ်တွင် အမျိုးသား တစ် ဦးက အသက်(၁၇)နှစ်အရွယ်မိန်းကလေးတစ်ဦးအားလိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှု (၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ)" တွင် ကြည့်ပါ။

42 KHRG မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "အဆိပ်သင့်မှုအောက်ရှိ ရွာသားများ" တွင် ကြည့်ပါ။

## (ခ) မြေမြှုပ်မိုင်းနှင့်ပေါက်ကွဲစေတတ်သော စစ်လက်နက်အကြွင်းအကျန်များ၏အန္တရာယ်

မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်လက်နက်အကြွင်းအကျန်များ များစွာရှိနေခြင်းက မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဆယ်စုနှစ်ချီ ဖြစ်ပေါ်နေသည့် ပဋိပက္ခ၏အင်္ဂါရပ်တစ်ခုဖြစ်ပြီး ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း လက်နက်ကိုင်တိုက်ပွဲများ ပိုမိုပြင်းထန်လာသည့်နောက် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်လက်နက်အကြွင်းအကျန်များ ပိုမိုများပြားလာသည်။[43] မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့၏၂၀၂၅ ခုနှစ် အစီရင်ခံစာအရ ၂၀၂၄ ခုနှစ်ကုန်အထိ ကမ္ဘာတစ်ဝန်းတွင် မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းအသစ်အရေအတွက်အများဆုံးနှင့် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးမှုအများဆုံးရှိသည့် နိုင်ငံဖြစ်ကြောင်း ဖော်ပြခဲ့သည်။[44] လက်နက်ကိုင်တပ်ဖွဲ့အားလုံးအသုံးပြုသည့် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သောစစ်လက်နက်အကြွင်းအကျန်များအား ကရင်ပြည်နယ်တစ်ဝန်း အထူးသဖြင့် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားလျက်ရှိသည့် ရောယှက်ထိန်းချုပ်မှုနယ်မြေများနှင့် KNU ၏ထိန်းချုပ်နယ်မြေများရှိ ဆေးခန်းနှင့် စာသင်ကျောင်းများ၊ သစ်တောများ၊ လမ်းများနှင့် စိုက်ခင်းများတွင် တွေ့နိုင်သည်။[45]




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် တောအူးခရိုင်၊ ဒေါဖားခို (သံတောင်ကြီး) မြို့နယ်၊ ထီးသဆောဒေသရှိ စိုက်ခင်းနေရာသို့သွားသည့် ရွာလမ်း၌ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့၌ ရွာသားတစ်ဦးသည် စိုက်ခင်းထဲသို့သွားရောက်ပြီးပြန်လာရာတွင် မြေမြှုပ်မိုင်းတက်နင်းမိပြီးနောက် ခြေထောက်နှင့် တင်ပါးတွင် ဒဏ်ရာရရှိခဲ့ပါသည်။ ဤပုံသည် မပေါက်ကွဲသေးသည့် အခြားမြေမြှုပ်မိုင်းတစ်လုံး၏ပုံဖြစ်ပါသည်။ အဆိုပါမြေမြှုပ်မိုင်းများကို သောက်ရေခပ်စစ်တပ်စခန်းတွင်အခြေစိုက်သည့် မြန်မာစစ်တပ်ခြေလျင် တပ်ရင်း (ခလရ) အမှတ် (၂၆) မှ ထောင်ထားခဲ့ကြကြောင်းရွာသားများယုံကြည်ကြပါသည်။ မြေမြှုပ်မိုင်းများစွာရှိနေခြင်းသည် ရွာသားများအတွက် ကြီးမားသောအန္တရာယ်ကိုဖြစ်စေပြီး ၎င်းတို့၏လွတ်လပ်စွာသွားလာခွင့်ကိုခံစားနိုင်ရန်အတွက် အတားအဆီးဖြစ်စေပါသည်။ *(ဓာတ်ပုံ- KHRG)*

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စစ်ဘေးရှောင်ရွာသားများသည် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သောစစ်လက်နက်အကြွင်းအကျန်များကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်များကို ကြုံတွေ့ခံစားကြရပြီး အလုပ်လုပ်ရန်၊ စားစရာနှင့် ဝန်ဆောင်မှုများရရှိနိုင်ရန်နှင့် လူမှုရေးတွေ့ဆုံမှုများအပါအဝင် ၎င်းတို့၏နေ့စဉ်လုပ်ငန်းဆောင်တာများအတွက် ခရီးသွားလာမှုအား ဟန့်တားလျက်ရှိ

43 KHRG မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "ခြေဖဝါးအောက်က အန္တရာယ်များ - ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မြေမြှုပ်မိုင်းများတည်ရှိမှုနှင့် ရွာသားများအပေါ် ဆိုးကျိုးသက်ရောက်မှုများ"၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော "တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါဖားခိုမြို့နယ်တွင် တိုက်ပွဲဖြစ်ပွားခြင်း၊ SAC မှ ရွာသားများ၏အိမ်များအား မီးရှို့ခြင်း၊ ပိုင်ဆိုင်မှုများအားလုယက်ခြင်းနှင့် UXO ပေါက်ကွဲမှုကြောင့် ကလေးနှစ်ဦးသေဆုံးခဲ့ခြင်း (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လ)"နှင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "မူတြော်ခရိုင်မှခင်းဖော်ပြသည့်မှတ်တမ်းလွှာ - လူသောမြို့နယ်တွင် UXO ပေါက်ကွဲမှုကြောင့် ဆယ်ကျော်သက်အရွယ်ကလေးတစ်ဦးသေဆုံးပြီး အခြားကလေးတစ်ဦးလည်း ဒဏ်ရာပြင်းထန်စွာရရှိ (၂၀၂၄ ခုနှစ်၊ ဇူလိုင်လ)" တွင် ကြည့်ပါ။

44 International Commission of Jurists မှ ၁၉၉၄ ခုနှစ်၊ ထုတ်ဝေထားသော၊ "Reservations to the Convention on the Rights of the Child: A Look at the Reservations of Asian State Parties" စာမျက်နှာ ၂၄ တွင်ကြည့်ပါ။

45 KHRG မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "Dooplaya District Short Update: A landmine explosion killed a 60-year-old woman in Noh T'Kaw Township (July 2025)" တွင် ကြည့်ပါ။

သည်။ ဘိတ်-ထားဝယ်ခရိုင်မှစစ်ဘေးရှောင်နေရသူ နော်က--- က မြေမြှုပ်မိုင်းများ ဝန်းရံထားမှုနှင့်ပတ်သက်၍ သူမ၏အဆက်မပြတ်စိုးရိမ်ထိတ်လန့်မှုနှင့် ထိုအရာက သူမ၏ခရီးသွားလာမှုအတွက် ဆုံးဖြတ်ချက်များအပေါ် သက်ရောက်မှုရှိကြောင်း ဤသို့ပြောခဲ့သည်။ *"ကျွန်မတို့ အစားအစာရှာဖို့ ဒါမှမဟုတ် ကျွန်မတို့မိသားစုစား ဝတ်နေရေးအတွက် ရွာအနီးအနားမှာအလုပ်လုပ်ဖို့တောင် အပြင်မထွက်ရဲဘူး။ ကျွန်မတို့ မိုင်းနင်းမိမှာကြောက် တယ်။"*

ဤသို့မြေမြှုပ်မိုင်းများစွာရှိနေခြင်းက ရွာသားများအတွက် အဆက်မပြတ်ခြိမ်းခြောက်မှုများဖြစ်စေပြီး အထူးသဖြင့် စစ်ဘေးရှောင်နေရသောရွာသားများအနေဖြင့် ထွက်ပြေးသည့်အခါ၊ အစားအသောက်နှင့် ဝန်ဆောင်မှုများရရှိရန် ခရီးသွားသည့်အခါ သို့မဟုတ် ၎င်းတို့၏နေအိမ်များနှင့်ပိုင်ဆိုင်မှုများကိုစစ်ဆေးရန် အတွက် မဖြစ်မနေ နေအိမ်သို့မကြာခဏပြန်ရသည့်အတွက် အန္တရာယ်ကျရောက်နိုင်ချေ ပိုမြင့်မားသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်အချိန်မှစ၍ စစ်ဘေးရှောင်ခဲ့ရသည့် ဒူးပလာယာခရိုင်တွင်နေထိုင်သော နော် အ--- သည် ၂၀၂၅ ခုနှစ်တွင် အခြားစစ်ဘေးရှောင်သူတစ်ဦးနှင့်အတူ သူမ၏ရွာသို့ပြန်စဉ် ပေါက်ကွဲစေတတ် သောစစ်လက်နက်အကြွင်းအကျန်များရှိနေခြင်းနှင့် စစ်ကျန်လက်နက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရခြင်းကို မျက်မြင်ကြုံတွေ့ခဲ့ရသည်။ သူမက KHRG အား ဤသို့တင်ပြခဲ့သည်။ *"[မြေမြှုပ်မိုင်းက] ကျောင်းရှေ့မှာပဲ။ အဲ့ ဒါက တုတ်ချောင်းအမဲတစ်ချောင်းအောက်မှာ ထောင်ထားတာ။ လူတွေက အဲ့ဒီနေရာမှာ ဗုံးထောင်ထားတယ် လို့ပြောတယ်။ ကျွန်မက အဝေးကနေပဲကြည့်တယ်။ [...] တခြားရွာသားတစ်ဦးရဲ့ အိမ်ဘေးမှာလည်း မိုင်း တစ်လုံးထောင်ထားတယ်။"* သူမရွာပြန်ချိန်တွင် စစ်ဘေးရှောင်သူရွာသူတစ်ဦး စစ်ကျန်လက်နက်ပေါက်ကွဲမှု ကြောင့် ဒဏ်ရာရခဲ့သည်။ သူမနှင့်အခြားရွာသားများ ကျေးရွာတွင်းသန့်ရှင်းရေးလုပ်နေစဉ် အမှိုက်များမီးရှို့နေ ချိန် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ မျက်မြင်တွေ့ခဲ့သည့် နော်အ--- က ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်မသူငယ်ချင်းက လာပြီးအမှိုက်တွေပစ်တယ်။ [မိုင်းပေါက်ကွဲပြီး] သူ့ရဲ့မေးစေ့မှာ ဒဏ်ရာရသွားတယ်။ ကံကောင်းလို့ သူမ မသေ တာ။ [...] ပေါက်ကွဲတဲ့အသံကြောင့် ကျွန်မနှစ်လလောက် ကောင်းကောင်းမကြားရဘူး။ အဲ့ဒါပြီးတော့ ကျွန်မတို့ ရွာမပြန်ရဲတော့ဘူး။ [...] [လမ်းဘေးမှာလည်း] တခြားမြေမြှုပ်မိုင်းရှိပေမယ့် ကျွန်မတို့မသိဘူး။ ကျွန်မတို့ နားဖို့ ထိုင်လိုက်တဲ့အချိန် လူတစ်ယောက်က အဲ့ဒီမိုင်းကိုမြင်သွားတယ်။"*

### (ဂ) ခရီးသွားလာမှုကန့်သတ်ခြင်း၊ စစ်ဆေးရေးဂိတ်များနှင့် အကြမ်းဖက်မှုများ

မြန်မာစစ်တပ်သည် တရားဝင် သို့မဟုတ် တရားမဝင် စစ်ဆေးရေးဂိတ်များချထားခြင်း၊ ညမထွက်ရအမိန့်များ ထုတ်ပြန်ခြင်း၊ စစ်ရေးလှုပ်ရှားမှုများ လုပ်ဆောင်ခြင်းဖြင့် ရွာသားများအား ခရီးသွားလာခွင့် ကန့်သတ်မှုကို လက်နက်အဖြစ် အသုံးပြုလာခဲ့သည်။ ဤခရီးသွားလာခွင့် ကန့်သတ်ချက်များသည် အမြစ်တွယ်နေသော ခွဲခြား ဆက်ဆံမှုဖြစ်ပြီး တိုင်းရင်းသား ဒေသများရှိ နိုင်ငံသားစီစစ်ရေးကတ်ပြား[46]မရှိသော ရွာသားအများစု အထူးသဖြင့် အမျိုးသမီးများရှိသည့် ကျေးလက်ဒေသနှင့် တိုင်းရင်းသားဒေသများမှ ရွာသားများကို ပစ်မှတ်ထားခြင်း ဖြစ်သည်။

စစ်ဘေးရှောင်အမျိုးသမီးများ အထူးသဖြင့်မိခင်များသည် ၎င်းတို့၏တစ်ကိုယ်ရေလုံခြုံရေးနှင့် ဘေးကင်းရေးကို သာမက ၎င်းတို့၏သားသမီးများနှင့် အခြားသောမိသားစုဝင်များအတွက် စီမံရသည့်အတွက် ဤလူ့အခွင့်အရေး ချိုးဖောက်မှုများက သူမတို့အတွက်စိုးရိမ်စိတ်များ ပိုမိုမြင့်တက်လာစေသည်။ ထိုအစား သူမတို့သည် ချိုးဖောက် မှုများအားရှောင်ရှားရန်အတွက် ခရီးမသွားရန်ရွေးချယ်ထားပြီး ထိုအရာက သူမတို့အား အခြေခံအခွင့်အရေးမရှိ ပဲ နေထိုင်ခြင်း၏ရေရှည်ဆိုးကျိုးသက်ရောက်မှုများကို ခံစားရစေနိုင်သည်။

---

46 ReliefWeb, "Half a million identities", June 2017; NRC, "A gender analysis of the right to a nationality in Myanmar", March 2018 တွင် ကြည့်ပါ။

## ၁) စစ်ဆေးရေးဂိတ်များနှင့် ဖမ်းဆီးထိန်းသိမ်းမှုများ

မြန်မာစစ်တပ်၏စစ်ဆေးရေးဂိတ်များသည် ရွာသားများအားဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ခြိမ်းခြောက်ခြင်း များခံရနိုင်ချေရှိသည့်အန္တရာယ်ရှိသောနေရာများဖြစ်သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးသည့်အချိန်မှစ၍ မြန်မာစစ်တပ်သည် ၎င်းတို့လှုပ်ရှားသည့် နေရာများတွင် စစ်ဆေးရေးဂိတ်များနှင့် မှတ်ပုံတင်စစ်ဆေးမှုများကို ပိုမိုတိုးမြင့်လုပ်ဆောင်လာပြီး ထိုအချက်က ကရင်ပြည်နယ်အတွင်း အမျိုးသမီးများအတွက် ခရီးသွားလာရန် အဓိကစိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်စေသည်။ ရွာသားများအနေဖြင့် ဝန်ဆောင်မှုများရယူရန်၊ ၎င်းတို့၏ဒေသထွက်ကုန်ပစ္စည်းများရောင်းချရန်နှင့် နေအိမ်၊ လယ်ယာနှင့် ပစ္စည်းများ၊ ကျန်းမာရေးအတွက် ဆေးဝါးပစ္စည်းများ၊ အစားအသောက်အပါအဝင် အဓိကလိုအပ်သည့်အရာများဝယ်ယူရန်အတွက် ရောယှက်ထိန်းချုပ်မှုနယ်မြေများမှ မြန်မာစစ်တပ်အုပ်ချုပ်သည့်နေရာဒေသများ၊ မြို့များသို့သွားရန်လိုအပ်လာသည့်အခါ ၎င်းတို့အနေဖြင့် မြန်မာစစ်တပ်၏စစ်ဆေးရေးဂိတ်အား ဖြတ်သန်းသွားလာရသည်။ ဘားအံခရိုင်အတွင်း ရောယှက်အုပ်ချုပ်သည့်နေရာဒေသတွင် ပြောင်းရွှေ့နေထိုင်သူ နော်ပ--- က ဤစိန်ခေါ်မှုနှင့်ပတ်သက်၍ ရှင်းပြခဲ့သည်။ *"ရန်သူ [မြန်မာစစ်တပ်] တပ်စခန်းက ဘဟ--- ရွာအဝင်မှာ ဂိတ်ချထားတယ်။ သူတို့က ရွာသားတွေကို မြို့ပေါ်တက် ပစ္စည်းဝယ်ရောင်းလုပ်ဖို့ ခွင့်ပြုထားတယ်။ ဒါပေမယ့် မှတ်ပုံတင်ပြရမယ်။ ပြီးတော့ သူတို့က ဘယ်ကိုသွားမယ်ဆိုတဲ့အကြောင်းမေးပြီး မှတ်တမ်းယူထားတယ်။"*




ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့ဝင်ပေါက်တွင် ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံသည် ခြေလျင်တပ်ရင်း (ခလရ) အမှတ် ၃၂၊ ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၂၈၄) နှင့် အာဏာသိမ်းစစ်တပ်၏ရဲများ လက်အောက်တွင် လှုပ်ရှားနေသောစစ်ဆေးရေးဂိတ်တစ်ခုဖြစ်ပါသည်။ ၎င်းတို့သည် လူများနှင့် မှတ်ပုံတင်ကတ်ပြားများကိုစစ်ဆေးပြီး ကားများနှင့်ကုန်တင်ကားများကို မြင့်မားသည့်အခွန် တစ်စီးလျှင် ၁၀၀,၀၀၀ ကျပ်နှုန်းဖြင့် ကောက်ခံနေကြပါသည်။ မြန်မာစစ်တပ်၏ဖမ်းဆီးအဓမ္မစစ်မှု ထမ်းစေခြင်း အန္တရာယ်ကြောင့် ဒေသခံရွာသားများအနေဖြင့် အဆိုပါစစ်ဆေးရေး ဂိတ်အားဖြတ်သွား ချိန်တွင် အလွန်စိုးရိမ်ကြပါသည်။ ရွာသားအချို့သည် အဆိုပါစစ်ဆေးရေးဂိတ်အား ဖြတ်သန်း သွားလာခြင်းမပြုလုပ်ကြတော့သဖြင့် အလုပ်လုပ်ကိုင်ရာတွင် နှောက်နှေးမှုဖြစ်စေခြင်းနှင့် အသက်မွေးဝမ်းကြောင်းစိန်ခေါ်မှုများကို ကြုံတွေ့ကြရပါသည်။ *(ဓာတ်ပုံ- KHRG)*

အချို့သောအမျိုးသမီးများမှာ လိုအပ်သည့်မှတ်ပုံတင်အထောက်အထားများရှိသော်လည်း ၎င်းတို့အတွက် အခြားသောကန့်သတ်ချက်တစ်ခုမှာ မြန်မာစစ်တပ်မှတင်မြှောက်ထားသည့် ကျေးရွာအုပ်ချုပ်ရေးမှူးအား ခရီးသွားရခြင်း၏ခိုင်လုံသည့်အကြောင်းပြချက်ကိုဖော်ပြပေးပြီး ၎င်းတို့ထံမှ ထောက်ခံစာရရှိမှသာ မြို့ပေါ်သို့ သွားရောက်နိုင်ခြင်းဖြစ်သည်။ ဤကန့်သတ်ချက်များက ကျေးလက်ဒေသရှိစစ်ဘေးရှောင်များ၏အဓိက လိုအပ်ချက်များဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအသောက်နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်း အတွက် မြို့သို့သွားရောက်ခြင်းကို ဟန့်တားလျက်ရှိသည်။ ဘိတ်-ထားဝယ်ခရိုင်တွင် နေထိုင်သော မက--- က မြန်မာစစ်တပ်ထိန်းချုပ်ရာနယ်မြေရှိ မြို့ပေါ်သို့သွားရောက်နိုင်ရန် သူမအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံစာပြုလုပ်ရန်လိုအပ်ကြောင်း အတည်ပြုခဲ့သည်။

ထို့အပြင် ရွာသားများသည် ခြိမ်းခြောက်အနိုင်ကျင့်မှုအားခံစားကြရပြီး မြန်မာစစ်တပ်၏စစ်ဆေးရေးဂိတ်များကိုဖြတ်ကျော်သည့်အခါ ငွေကြေးပေးဆောင်ရလေ့ရှိသည်။ မူတြော်ခရိုင်မှ စစ်ဘေးရှောင်နေရသော ကျေးရွာ

ခေါင်းဆောင် စောဈ--- က KHRG အား ဤသို့တင်ပြခဲ့သည်။ *"အဲ့ဒီစစ်ဆေးရေးဂိတ် [ဘီးလင်းမြို့နှင့် အဂ--- ကျေးရွာကြားရှိ အဖ--- စစ်ဆေးရေးဂိတ်] က စကစ [မြန်မာစစ်တပ်] ရဲ့ စစ်ဆေးရေးဂိတ်ပဲ။ တစ်ခါတလေ လူတွေက ဆိုင်ကယ်နဲ့ဖြစ်ဖြစ်၊ ကားနဲ့ဖြစ်ဖြစ်၊ ခြေလျင်နဲ့ဖြစ်ဖြစ် သူတို့ဂိတ်ကိုဖြတ်ရင် မှတ်ပုံတင်တောင်းကြည့်တယ်။ ဒါမှမဟုတ် ဒဏ်ငွေတောင်းတယ်။ သူတို့ပိုက်ဆံတောင်းတဲ့အခါ ခင်ဗျားက ချက်ခြင်းပေးလိုက်ရင် တော့ ပြန်လွှတ်ပေးတယ်။"*




ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ဘားအံခရိုင်၊ တာကရယ် (ပိုင်ကျုံ) မြို့နယ်၊ လေးဖိုးထကျေးရွာအုပ်စု၊ ဘဇ--- ကျေးရွာရှိ လမ်းမကြီးပေါ်၌ရိုက်ယူခဲ့ပါသည်။ ဤပုံတွင် အာဏာသိမ်းစစ်တပ်မှရဲအရာရှိများသည် မှတ်ပုံတင်ကတ်ပြားများကိုစစ်ဆေးပြီး တပ်ပြေးများကိုလိုက်လံရှာဖွေနေကြကြောင်းဆိုပါသည်။ ဤကဲ့သို့ လှုပ်ရှားမှုကြောင့် ဒေသခံရွာသားများ အထူးသဖြင့် ခရီးသွားလာရန်မှတ်ပုံတင်ကတ်ပြားမရှိသူများနှင့် မြန်မာစစ်တပ်၏စစ်မှုထမ်းဥပဒေမှဖမ်းဆီးခြင်းခံရမည်ကို ကြောက်ရွံ့သည့်အတွက် လုံခြုံရေးအန္တရာယ်ကိုဖြစ်ပေါ်စေပါ ည်။ *(ဓာတ်ပုံ- KHRG)*

သို့သော်လည်း စစ်ဆေးရေးဂိတ်များတွင် ကြုံတွေ့ရသည့်ခြိမ်းခြောက်မှုများသည် ငွေကြေးတောင်းခံမှုနှင့် အနှောက်အယှက်ပေးခြင်းများထက်ပိုသည်။ အမျိုးသမီးများက ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့ချစ်ခင်ရသူများ လက်စဖျောက်ခံရမည်ကို[47] ကြောက်ရွံ့ကြောင်း တင်ပြခဲ့ကြသည်။ တောအူးခရိုင်တွင်နေထိုင်သည့် နော်မ--- က သူမ၏စိုးရိမ်မှုကိုဤသို့ဖော်ပြခဲ့သည်။ *"ကျွန်မ ခရီးသွားရမှာကိုစိုးရိမ်တယ်။ ဘာကြောင့်လဲဆိုတော့ ခရီးသွားတဲ့သူအတော်များများအစဖျောက်ခံလိုက်ရတဲ့ အကြောင်းနဲ့ပတ်သက်ပြီး အများကြီးကြားထားတယ်။ ကျွန်မက တစ်နေရာတည်းမှာအတည်တကျနေရတဲ့ သူမဟုတ်ဘူး။ ကျွန်မအမြဲတမ်းခရီးထွက်နေရတယ်။ ဒါကြောင့် ကျွန်မအဖမ်းခံရမှာစိုးရိမ်တယ်။"* အချို့သောအဖြစ်အပျက်များတွင် မြန်မာအစိုးရမှ စစ်ဆေးရေးဂိတ်များတွင် လျှပ်စစ်ပစ္စည်းများ အထူးသဖြင့်ရွာသားများ၏ကိုယ်ပိုင်ဖုန်းများအားစစ်ဆေးကြပြီး တော်လှန်ရေးတပ်ဖွဲ့များ၏ဓာတ်ပုံများ သို့မဟုတ် အချက်အလက်များရှိသည်ဟု ယူဆရသည့်ရွာသားများအား ဖမ်းဆီးကြသည်။ တောအူးခရိုင်မှ စစ်ဘေးရှောင်နေရသူ နော်စ--- က *"ကျွန်မတို့ရွာပြန်ရင် ဖုန်းမယူသွားရဲဘူး။ ဘာကြောင့်လဲဆိုရင် သူတို့ [မြန်မာစစ်တပ်] က ကျွန်မတို့ဖုန်းတွေကိုစစ်တယ်။ [...] ဒါကြောင့် အမျိုးသမီးအများစုက စစ်ဆေးခံရမှာစိုးလို့ ရွာပြန်ရမှာကြောက်တယ်။"*

နောက်ဆုံးအနေဖြင့် မြန်မာစစ်တပ်အုပ်ချုပ်သည့်ဒေသနှင့် ရောယှက်အုပ်ချုပ်သည့်နေရာဒေသများတွင် အမျိုးသမီးများအပါအဝင် ရွာသားများအား စစ်မှုထမ်းဥပဒေအရ ပစ်မှတ်ထားစစ်ဆေးရန်အတွက် စစ်ဆေးရေးဂိတ်များကိုအသုံးပြုကြသဖြင့် အမျိုးသမီးများက ၎င်းတို့ကိုယ်တိုင်အတွက်သာမက ၎င်းတို့မိသားစုဝင်များ ခရီးသွားလာနေစဉ် ၎င်းတို့၏လုံခြုံရေးအတွက် စိုးရိမ်ကြောက်လန့်နေကြသည်။[48] မြန်မာစစ်တပ်ထိန်းချုပ်သည့် ဧရာဝတီတိုင်းဒေသကြီးမှ KNU အုပ်ချုပ်သည့် ဒူးသထူခရိုင်သို့ ပြောင်းရွှေ့နေထိုင်လာသူမိခင်တစ်ဦးဖြစ်သော

47 KHRG မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "ဌာနေအိမ်မှ ပျောက်ဆုံးသူ - ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်နေလူထုအပေါ်ကျူးလွန်သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့် ၎င်း၏ဆိုးကျိုးသက်ရောက်မှုများ" တွင် ကြည့်ပါ။

48 KHRG မှ ၂၀၂၅ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "တပါးသူအား ထိခိုက်နာကျင်အောင် အတင်းအကြပ်ခိုင်းစေခံရခြင်း - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ၏အတင်းအဓမ္မစစ်မှုထမ်းခိုင်းခြင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေပြဌာန်းခြင်းကြောင့် ဖြစ်ပေါ်လာသောအကျိုးသက်ရောက်မှု (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအထိ )" တွင် ကြည့်ပါ။

နော်ဗ--- က ဤသို့ဖော်ပြခဲ့သည်။ *“[၂၀၂၁ ခုနှစ်] အာဏာသိမ်းပြီးနောက် ကျွန်မတို့ရွာက အသက် ၁၈ ကနေ ၃၅ နှစ်အရွယ်အမျိုးသားတွေက [စစ်မှုထမ်းရန်] မဲနှိုက်ရတယ်။ အခုတော့ ၄၅ နှစ်အထိ သက်တမ်းတိုးထားတယ်။ ဒါကြောင့် သူတို့တွေ ကျွန်မတို့ကို စစ်သားသစ်စုဆောင်းမှာကြောက်တယ်။ ဒါကြောင့် ကျွန်မတို့ဒီကိုပြောင်းလာကြတာ။ […] အခုဆိုရင် သူတို့တွေက အမျိုးသမီးတွေကိုလည်း တပ်သားအဖြစ် စုဆောင်းတယ်ပြောတယ်။”*

### ၂) ခရီးသွားလာခွင့် ကန့်သတ်ခြင်း

လက်နက်ကြီးများပစ်ခတ်ခြင်း၊ လေကြောင်းတိုက်ခိုက်မှုများနှင့် တွေ့သည့်နေရာတွင်ပစ်ခတ်ခြင်းဗျူဟာများ အပါအဝင် မြန်မာစစ်တပ်၏ဆက်လက်တိုက်ခိုက်မှုများကြောင့် အထူးသဖြင့် KNU ထိန်းချုပ်နယ်မြေများနှင့် ရောယှက်အုပ်ချုပ်ရာနယ်မြေများတွင် ခရီးသွားလာမှုများကို ပိုမိုအန္တရာယ်များစေပြီး စစ်ဘေးရှောင်အမျိုးသမီးများအား အသွားအလာကန့်သတ်မှုများ ဖြစ်ပေါ်စေသည်။ ထို့အပြင် မြန်မာစစ်တပ်မှ တိုက်ပွဲများရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အသွားအလာကန့်သတ်မှုများကို မကြာခဏဖိအားပေးလုပ်ဆောင်ခဲ့ပြီး ဒေသတွင်း တော်လှန်ရေးတပ်ဖွဲ့များမှလည်း တိုက်ပွဲများဖြစ်နိုင်ချေမြင့်မားသည့်အခါ အရပ်သားများအား ကာကွယ်ရန်ရည်ရွယ်၍ ခရီးသွားလာမှုများအား ကန့်သတ်လေ့ရှိသည်။ ရလဒ်အနေဖြင့် ရွာသားများ၏စားဝတ်နေရေးနှင့် ကျန်းမာရေးအတွက် လိုအပ်သည့် ခရီးသွားလာမှုများကို နှစ်ဖက်လုံးကတားမြစ်လိုက်ခြင်းဖြစ်သည်။ KNU ထိန်းချုပ်မှုနယ်မြေအောက်ရှိ ဒူးပလာယာခရိုင်တွင် စစ်ဘေးရှောင်နေရသူ နန်းဘ--- က အန္တရာယ်မည်မျှရှိကြောင်း ဤသို့တင်ပြခဲ့သည်။ *“စစ်ဘေးရှောင်စခန်းမှာဆို ကျွန်မတို့ သွားချင်တဲ့နေရာကို သွားလို့မရတာတော့ မဟုတ်ပေမယ့်လည်း သတိထားပြီးတော့သွားရတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်မတို့သွားတဲ့နေရာအားလုံးကအန္တရာယ်ရှိတယ်။ ကျွန်မတို့ ခရီးသွားနေတုန်း လမ်းမှာတစ်ခုခုဖြစ်ရင် မိသားစုတွေကခရီးသွားတဲ့သူတွေအတွက်စိတ်ပူကြရတယ်။”*

ဘိတ်-ထားဝယ်ခရိုင်မှ ရောယှက်ထိန်းချုပ်နယ်မြေအတွင်း စစ်ဘေးရှောင်နေရသူ မက--- က တိုက်ပွဲများသည် သူမ၏ခရီးသွားလာမှုအား မည်သို့ကန့်သတ်ခဲ့ကြောင်းဖော်ပြခဲ့သည်။ *“ဘယ်အချိန် လက်နက်ကြီးကျမလဲ၊ ဘယ်အချိန်သေနတ်ပစ်ဖောက်မလဲဆိုတာ ကျွန်မတို့မသိဘူး။ ဒါကြောင့် ကျွန်မတို့ကြောက်ပြီးခရီးမသွားရဲဘူး။ […] တစ်ခါတလေ တချို့ရွာသားတွေမြို့ကိုသွားတဲ့လမ်းမှာ လက်နက်ကြီးထိပြီးဒဏ်ရာရတယ်လို့ ကျွန်မကြားတယ်။ တချို့က မေးရိုးမှာ တချို့က ခါးမှာ၊ တချို့က လက်မှာဒဏ်ရာတွေရကြတယ်။ သူတို့ရဲ့ပစ္စည်းတွေလည်း ပျောက်သွားတယ်။ တချို့ရွာသားတွေက လက်နက်ကြီးကြောင့်သေဆုံးကြရတယ်။ ဒါကြောင့် ကျွန်မတို့မသွားရဲဘူး။”*

တောအူးခရိုင်၊ ရောယှက်အုပ်ချုပ်မှုနယ်မြေမှ ကောလိပ်ကျောင်းသူ နော်ဝ--- က ခရီးသွားလာရာတွင် ကြုံတွေ့ရသည့်အန္တရာယ်အချို့ကို ဖော်ပြခဲ့သည်။ *“တစ်ခါတလေ ကျွန်မတို့တွေ လယ်ထဲကိုသွားရင် စိန်ခေါ်မှုတွေကြုံတွေ့ရတယ်။ အထူးသဖြင့် လက်နက်ကြီးမဆင်မခြင်ပစ်ခတ်မှာ၊ ရွာထဲကို စစ်သားတွေဝင်လာမှာနဲ့ လမ်းမှာ သူတို့နဲ့တွေ့မှာကို ကြောက်ကြတယ်။”*

## ၂.၃။ စစ်ဘေးရှောင်အမျိုးသမီးများအသုံးပြုသည့် ကာကွယ်ရေးနည်းဗျူဟာများ

ဆယ်စုနှစ်များစွာဖြစ်ပေါ်နေသည့် လက်နက်ကိုင်တိုက်ပွဲများနှင့် ဆိုးရွားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေပြီး ထွက်ပြေးတိမ်းရှောင်ရခြင်းကြောင့် ၎င်းတို့အနေဖြင့် ပိုမိုအားနည်းလာသည့်အချိန်တွင်ပင် အမျိုးသမီးများသည် ကိုယ့်ကိုယ်ကိုအားတင်းကာ ခံနိုင်ရည်ရှိစွာနေထိုင်ရန် ရွေးချယ်ခဲ့ကြသည်။ စစ်ဘေးရှောင်အမျိုးသမီးများသည် ပဋိပက္ခများ၊ စစ်ရေးလှုပ်ရှားမှုများနှင့် ထွက်ပြေးတိမ်းရှောင်ရခြင်းများအား ရင်ဆိုင်နိုင်ရန်နှင့် ၎င်းတို့အပေါ်ကျူးလွန်သည့်အကြမ်းဖက်မှုများအား ကျော်လွှားနိုင်ရန်အတွက် ၎င်းတို့၏ကြံ့ကြံ့ခံနိုင်ရန် နည်းဗျူဟာများအား ဆက်လက်ထိန်းသိမ်းကျင့်သုံးလျက်ရှိသည်။ စစ်ဘေးရှောင်များ အထူးသဖြင့် မိခင်များအနေဖြင့် ၎င်း

တို့အပေါ်၊ ၎င်းတို့၏သားသမီးများအပေါ်နှင့် ဒေသတွင်းလူမှုအသိုက်အဝန်းအပေါ်ကျရောက်မည့် လုံခြုံရေးဆိုင်ရာအန္တရာယ်များကိုရှောင်ရှားနိုင်ရန် သို့မဟုတ် အန္တရာယ်အားလျှော့ချနိုင်ရန်အတွက် ၎င်းတို့အဓိကသုံးသည့် နည်းဗျူဟာများမှာ လူမှုအဖွဲ့အစည်းမှ ဘေးကင်းလုံခြုံရေးအစီအစဉ်များ ပြုလုပ်ထားခြင်း၊ ကလေးများအား ၎င်းတို့၏စောင့်ရှောက်မှုအောက်တွင် နေစေခြင်းနှင့် လူမှုအသိုက်အဝန်း၏ဝိုင်းဝန်းပံ့ပိုးကူညီမှုများ ဖြစ်သည်။

## (က) လူမှုအသိုက်အဝန်းမှလုပ်ဆောင်သည့် ကာကွယ်ရေးအစီအစဉ်များ

သမိုင်းနှင့်ချီလုပ်ဆောင်ခဲ့သည့်အကြမ်းဖက်မှုများအား တုံ့ပြန်ခြင်းနှင့် မလုံခြုံမှုများအား လျှော့ချခြင်းများကိုအခြေခံ၍ မြန်မာပြည်အရှေ့တောင်ပိုင်းရှိအမျိုးသမီးများသည် ၎င်းတို့၏လူမှုအသိုက်အဝန်းအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြံ့ကြံ့ခံနိုင်ရန်၊ တစ်ဦးနှင့်တစ်ဦးကာကွယ်ရန်နှင့် ခရီးသွားလာရာတွင် အန္တရာယ်များအားလျှော့ချနိုင်ရန်အတွက် အကာအကွယ်ပေးမှုနည်းလမ်းများစွာကို အသုံးပြုလာခဲ့ကြသည်။

အမျိုးသမီးများက ၎င်းတို့၏ကလေးများနှင့် အခြားဒေသခံပြည်သူများအား ညအချိန်တွင် သို့မဟုတ် ခရီးရှည်များကိုသွားရာတွင် တစ်ဦးတည်းခရီးသွားခြင်းကို ရှောင်ကျဉ်ရန်သတိပေးကြသည်။ ၎င်းတို့ကိုယ်တိုင်လည်း စားစရာ၊ ဝန်ဆောင်မှုများ သို့မဟုတ် အသက်မွေးဝမ်းကြောင်းလုပ်ငန်းအတွက် ပစ္စည်းများဝယ်ယူရန် စသည့် လိုအပ်သည်များကို လုပ်ဆောင်ရာတွင် မိတ်ဆွေသူငယ်ချင်းများနှင့်အတူသွားလာရန် ရွေးချယ်လေ့ရှိသည်။ ဘိတ်-ထားဝယ်ခရိုင်တွင်နေထိုင်သည့် ဒေါ်အ--- က ဤသို့ရှင်းပြခဲ့သည်။ *"တစ်ရွာနဲ့တစ်ရွာကအလှမ်းဝေးတော့ လူတွေက တစ်ယောက်တည်းခရီးသွားလေ့မရှိဘူး။ အဖော်တစ်ယောက်နဲ့အတူခရီးသွားတာက ပိုပြီးတော့လုံခြုံတယ်။ ကျွန်မလည်း တစ်ယောက်တည်းခရီးမသွားရဲဘူး။"*

၎င်းတို့အနေဖြင့် ခရီးသွားလာနိုင်သည့် နေရာများမှာ အကန့်အသတ်ရှိသည့်အတွက် အမျိုးသမီးများ အထူးသဖြင့် မိခင်များက ၎င်းတို့၏ကလေးများ ဘေးကင်းလုံခြုံရေးအတွက် ပိုမိုလုံခြုံသည့် နေရာဒေသများ တွင်သာ သွားလာကြသည်။ ထိုသို့ ရုပ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချမှုအား ဦးစားပေးခြင်းက နေ့စဉ်ဘဝ၏အခြားသော လုပ်ဆောင်ရန်လိုအပ်သည့်အရာများအပေါ် သက်ရောက်မှုရှိစေနိုင်သည်။ ဘိတ်-ထားဝယ်ခရိုင်မှ စစ်ဘေးရှောင်နေရသူ ဒေါ်ရ--- က ဤသို့ဖော်ပြခဲ့သည်။ *"ကျွန်မက [စစ်ရေးလှုပ်ရှားမှုတွေနဲ့ စစ်မှုထမ်းဥပဒေတွေကြောင့်] အရမ်းစိုးရိမ်တယ်။ ဒါကြောင့် သူ့[သား]ကို 'ကျောင်းတို့ အလုပ်တို့သွားတဲ့အခါ ဘဗ--- ရွာအနီးအနားကလွဲပြီး တခြားဘယ်ကနေမှ မသွားနဲ့' လို့ပြောထားတယ်။ ကျွန်မတို့နောက်တစ်ခါထပ်ပြေးရမှာစိုးတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့မှာ ထပ်ပြေးစရာနေရာမရှိတော့ဘူး။"*

တချိန်တည်းမှာပင် စစ်ဘေးရှောင်အမျိုးသမီးများသည် ဘေးကင်းလုံခြုံရေးအတွက် ခရီးသွားလာမှုရှောင်ကျဉ်ရန် ခက်ခက်ခဲခဲ ဆုံးဖြတ်ခဲ့ကြရသည်။ ဒေါ်ရ--- က ဤသို့ရှင်းပြခဲ့သည်။ *"လက်ရှိမှာတော့ ကျွန်မ ဘယ်မှ မသွားရဲဘူး။ သူတို့ [မြန်မာစစ်တပ်တွေ]ကျွန်မကို ဖမ်းမှာကြောက်တယ်။ သူတို့တွေက ရွာသားတွေကို ကြုံသလို ဖမ်းတယ်လို့လည်း တခြားရွာသားတွေပြောတာ ကြားတယ်။ ဒါကြောင့် တကယ်လို့ ကျွန်မက သွားပြီး တစ်ခုခုဖြစ်သွားရင် ကျွန်မကလေးတွေ စားဝတ်နေရေးအဆင်မပြေမှာစိုးတယ်။ ဒါကြောင့် ကျွန်မ ဘယ်မှ မသွားတော့ဘူး။ [...]ကျွန်မအနေနဲ့ ခရီးတောင် မသွားရဲဘူးဆိုတော့ ကျွန်မအတွက် အဆင်မပြေဘူးလို့ ခံစားရတယ်။ ကျွန်မဘယ်နေရာသွားသွား သူတို့မေးခွန်းတွေ စစ်မေးမှာ ကျွန်မကြောက်တယ်။ [...] ကျွန်မသားငယ်လေးကို ကာကွယ်ဆေးထိုးဖို့တောင် ကျွန်မ မသွားသေးဘူး။ အခြားလူတွေက သူတို့နဲ့ အတူတူ [ဆေးခန်း သို့မဟုတ် ဆေးရုံ] သွားဖို့ ပြောပေမယ့် ကျွန်မခရီးထွက်ရမှာ တကယ်ကြောက်နေသေးတယ်။"*

ဤသို့ခရီးသွားလာခြင်းနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်းက အမျိုးသမီးများအနေဖြင့် ၎င်းတို့၏မိသားစုဝင်များအတွက် လုံခြုံစိတ်ချမှုရှိစေရန်လုပ်ဆောင်မှုများ ဖြစ်သောကြောင့် ၎င်းတို့၏ကြံ့ကြံ့ခံနိုင်မှုကို ဖော်ပြနေ

သော်လည်း တစ်ဖက်တွင် ကျန်းမာရေးစောင့်ရှောက်မှု၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် လွတ်လပ်စွာ သွားလာခွင့် စသည့်အခြေခံအခွင့်အရေးများကို စွန့်လွှတ်လိုက်ရသည်ကို တွေ့နိုင်သည်။

### (ခ) ကလေးများအား ဂရုစိုက်ကြည့်ရှုခြင်း

မိခင်များသည် မိသားစု၏ကြွခိုင်မှုအားမြှင့်တင်ပေးရာတွင် အဓိကအခန်းကဏ္ဍတွင်ပါဝင်ကြပြီး ထိုသို့လုပ်ဆောင်ရာတွင် ကလေးများနှင့် အခြားသောမိသားစုဝင်များအား ဘေးအန္တရာယ်ကင်းစေရန်အတွက် တာဝန်ယူကြရပြီး ကလေးများအား ၎င်းတို့မိခင်များ၏မျက်စိအောက်အပျောက်မခံပဲ ဂရုစိုက်ခြင်းက ကရင်ပြည်နယ်အတွင်းရှိ မိသားစုများအသုံးပြုသည့်နည်းဗျူဟာတစ်ခုဖြစ်သည်။ မူတြော်ခရိုင်မှစစ်ဘေးရှောင်နေရသူ နော်သ--- က ဤသို့ ပြောခဲ့သည်။ *"ဆန်ရှိတာနဲ့ ကျွန်မတို့ဒီလိုပဲ [တောထဲမှာ] ပုန်းနေလိုက်တယ်။ ကလေးငယ်ရှိတဲ့သူတွေကတော့ ကလေးတွေကို သူတို့စောင့်ရှောက်မှုအောက်မှာပဲ ထားရတယ်။ ကျွန်မတို့အနေနဲ့ ဘယ်မှသွားလို့မရတော့ ဘာမှလုပ်လို့မရဘူး။ သူတို့ကလေးတွေ ဆူညံရင်လည်း သူတို့ပဲကြည့်ရ၊ ဆူရတယ်။ ကျွန်မတို့ဘဝက လုံးဝမလွယ်ဘူးဆိုတာ ပြောပြချင်တယ်။ ဒီအခက်အခဲတွေက အရမ်းဆိုးရွားတယ်။"*

ဤနည်းဗျူဟာများသည် ကျောင်းနေအရွယ်ကလေးများအပေါ်တွင်လည်း သက်ရောက်မှုရှိသည်။ ဘိတ်-ထားဝယ်ခရိုင်တွင် စစ်ဘေးရှောင်နေရသူ ဒေသတွင်း ကျောင်းဆရာမတစ်ဦးဖြစ်သော ဒေါ်အ--- က ဤသို့ရှင်းပြခဲ့သည်။ *"တချို့မိဘတွေက ကလေးတွေကို သူတို့နဲ့ ခွဲပြီး မထားချင်တဲ့အတွက် ကလေးတွေကို ကျောင်းမပို့တော့ဘူး။ မိဘတွေရာဘာခြံထဲသွားရင် သူတို့ကလေးတွေကိုလည်း သူတို့နဲ့အတူခေါ်သွားတယ်။"* ဘိတ်-ထားဝယ်ခရိုင်တွင် စစ်ဘေးရှောင်နေရသူ ဒေါ်ရ--- ကလည်း ဤသို့တင်ပြခဲ့သည်။ *"ကျွန်မကလေးတွေ ကျွန်မဘေးမှာနေတော့ ကျွန်မတို့ပြေးရမယ်ဆိုရင် သူတို့ကပစ္စည်းတွေသယ်လို့ရပြီး ကျွန်မက သူတို့နောက်ကို ခြေလျှင်လိုက်လို့ရတယ်။ မြို့ထဲကို သူတို့တွေနဲ့အတူ မြို့လမ်းနဲ့မသွားနိုင်ရင်တောင် ကျွန်မတောလမ်းနဲ့လိုက်လို့ရသေးတယ်။ ဒါကြောင့် ကျွန်မကလေးတွေကို ကျွန်မရဲ့အဝေးမှာမနေဖို့နဲ့ ကျွန်မဘေးမှာနေဖို့မှာထားတယ်။"* အမျိုးသမီးများအနေဖြင့် ကလေးများအား ၎င်းတို့အနီးအနားတွင်ထားခြင်းက ကလေးများအတွက်ဘေးကင်းလုံခြုံမှုရှိစေပြီး မိသားစုများ အတူတကွ အလွယ်တကူထွက်ပြေးတိမ်းရှောင်နိုင်သော်လည်း ကလေးများအနေဖြင့် အရေးကြီးသော ပညာရေးအခွင့်အလမ်းများ လက်လွှတ်ဆုံးရှုံးခြင်းနှင့် ၎င်းတို့အား အချိန်ကြာမြင့်စွာပြုစုစောင့်ရှောက်ရန်မှာ မိခင်များ၏တာဝန်ဖြစ်လာသည်။

### (ဂ) ဒေသတွင်းလူမှုအသိုက်အဝန်း၏ ပံ့ပိုးကူညီမှုများ

လူမှုအသိုက်အဝန်းများသည် အမျိုးသမီးများအတွက် ပဋိပက္ခအတွင်းနှင့် စစ်ဘေးရှောင်နေရစဉ်ကာလများတွင် လိုအပ်သည့်အကာအကွယ်ပေးရေးနှင့် ပံ့ပိုးကူညီမှုများအတွက် အရေးပေါ်ကူညီတုံ့ပြန်သူများအဖြစ် ဆောင်ရွက်ကြသည်။ ၎င်းတို့၏လုပ်ဆောင်ချက်များဖြစ်သော အစားအသောက်၊ အဝတ်အထည်နှင့် နေရာထိုင်ခင်းများ ပံ့ပိုးပေးခြင်း၊ ပိုမိုလုံခြုံသည့်နေရာများပြင်ဆင်ပေးခြင်းနှင့် ပိုမိုလုံခြုံသည့်နေရာများသို့ ပို့ဆောင်ပေးခြင်းအပြင် အချက်အလက်များ မျှဝေပေးခြင်းများသည် စစ်ဘေးရှောင်နေရစဉ် အလွန်အရေးကြီးသည့်လုပ်ဆောင်ချက်များဖြစ်သည်။ ဒူးပလာယာခရိုင်မှ စစ်ဘေးရှောင်မိခင်တစ်ဦးဖြစ်သော နော်ဇ--- က ဤသို့ဖော်ပြခဲ့သည်။ *"ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် တတ်နိုင်သလောက်ကူညီကြတယ်။ ကျွန်မတို့ [ဆေးခန်းသွားတဲ့အခါ] အတူတူသွားကြတယ်။ တကယ်လို့ တစ်ယောက်ယောက်ကဖျားနာလို့ သယ်ယူပို့ဆောင်ရေးလိုအပ်ရင် ကျွန်မတို့ သူတို့ကိုကူညီကြတယ်။ ကျွန်မတို့ ငွေကြေးနဲ့ကူညီဖို့မတတ်နိုင်ဘူး။"* ဒေါ်ရ---က ထပ်မံ၍ပြောခဲ့သည်မှာ *"ကျွန်မတို့တွေက မိသားစုဝင်တွေလိုပဲ အချင်းချင်းတစ်ယောက်နဲ့တစ်ယောက်မှီခိုလို့ရတယ်။ ဘပ--- ကျေးရွာကနေ မြစ်*

*ကိုဖြတ်ဖို့အတွက် ကျွန်မတို့ရဲ့အထုတ်တွေကို သူတို့ကသယ်ပေးတယ်။ ပြီးတော့ ကလေးကိုလည်း ချီပေးသေးတယ်။ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက်ကူညီကြတယ်။"*

လက်နက်ကိုင်တိုက်ပွဲနှင့် ရမ်းသမ်းပစ်ခတ်မှုများအတွင်း အခြေအနေကိုသိရှိနိုင်ရန် သတင်းအချက်အလက်မျှဝေခြင်းက စစ်ဘေးရှောင်နေရသောအမျိုးသမီးများ၏ရုပ်ပိုင်းဆိုင်ရာအကာအကွယ်နှင့် လုံခြုံရေးအတွက် အသုံးပြုသည့် အရေးပါသောအသက်ကယ်နိုင်သည့်အရာတစ်ခုဖြစ်သည်။ စစ်ဘေးရှောင်အမျိုးသမီးများသည် တိုက်ပွဲဖြစ်ပွားနေသည့်နယ်မြေနှင့် ပေါက်ကွဲစေတတ်သောစစ်လက်နက်အကြွင်းအကျန်များရှိသောနေရာဒေသများကိုရှောင်ရှားနိုင်ရန်အတွက် အခြားရွာသားများထံမှ သတင်းအချက်အလက်များဆက်လက်ရယူခဲ့ပြီး ၎င်းတို့၏အသက်မွေးဝမ်းကြောင်းကိုပံ့ပိုးပေးနိုင်ရန် မည်သည့်လမ်းကြောင်းက ပိုမိုလုံခြုံသည့်လမ်းကြောင်းဖြစ်သည်ကို သတ်မှတ်ထားကြသည်။ တောအူးခရိုင်မှ စစ်ဘေးရှောင်နေရသူ နော်အအ--- က ဤသို့တင်ပြခဲ့သည်။ *"ပထမဆုံးအနေနဲ့ ကျွန်မတို့တွေ သတင်းတွေကိုနားထောင်တယ်။ တကယ်လို့ စစ်ကောင်စီ [မြန်မာစစ်တပ်] တွေက လမ်းတွေပေါ်မှာရှိတယ်ဆို ကျွန်မတို့ခရီးမသွားကြဘူး။ သူတို့တွေလမ်းပေါ်မှာမရှိမှ ကျွန်မတို့ခရီးဆက်သွားတယ်။ […]ကျွန်မတို့တွေ တောထဲမှာပဲနေကြတယ်။ ဒါပေမယ့် သွားလိုက်လာလိုက်လုပ်တဲ့လူတွေရှိကြတော့ သတင်းတွေက သူတို့ကတစ်ဆင့်ကြားရတယ်။ တစ်ခါတလေ ဒီလိုသွားတဲ့သူတွေကို ကျွန်မတို့တွေဖုန်းဆက်ပြီး သတင်းတွေအခြေအနေလေးတွေမေးတယ်။"* စစ်ဘေးရှောင်နေရသောအမျိုးသမီးများသည် ၎င်းတို့ရရှိသည့်သတင်းအချက်အလက်တစ်ခုစီကိုအသုံးပြု၍ ၎င်းတို့၏မိသားစုဘေးကင်းလုံခြုံမှုအတွက် အထူးသဖြင့်ခရီးသွားလာရေးအတွက်ဆုံးဖြတ်ချက်များချမှတ်ကြသည်။ ဒူးပလာယာခရိုင်မှစစ်ဘေးရှောင်နေရသူ နော်အဘ--- က *"ကျွန်မက အခြေအနေကိုသေချာသိဖို့ လိုက်မေးကြည့်တော့ အမျိုးသားတွေပဲပြန်တယ်လို့ကြားတယ်။ ပြီးတော့ သူတို့က အမြဲခရီးထွက်ရတယ်။ ဒါကြောင့် ကျွန်မအနေနဲ့က ကလေးတွေငယ်သေးတော့ ပြန်သွားလို့မရဘူး။ ကျွန်မပြန်သွားမယ်ဆိုရင် ဘယ်နေရာမှာ အလုပ်လုပ်ရမလဲ သိမှာမဟုတ်ဘူး။ ပြီးတော့ ကျွန်မတို့ရွာမှာ ဘာဆိုင်မှမရှိတော့ဘူး။ ဒါကြောင့် ကျွန်မမပြန်တော့ပဲ ဒီမှာနေဖို့ဆုံးဖြတ်လိုက်တယ်။"*

## နော်အဖ--- ၏ဘဝဖြတ်သန်းမှု

နော်အဖ--- သည် အသက် ၅၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး ဒူးပလာယာခရိုင်အတွင်း သူမ၏ရွာအနီးတွင် စစ်ဘေးရှောင်နေရသူဖြစ်သည်။ သူမက ပထမဆုံးအကြိမ်စစ်ဘေးရှောင်နေစဉ်က သူမနှင့် သူမ၏မိသားစုဝင်များ လှိုင်ဂူတစ်ခုထဲသို့ထွက်ပြေးခဲ့ပြီးနောက် တောထဲရှိ ၎င်းတို့၏ဥယျာဉ်ခြံအနီးသို့ တဖြည်းဖြည်းနေရပ်စွန့်ခွာတိမ်းရှောင်နေထိုင်ခဲ့ပုံကို ပြန်လည်ပြောပြခဲ့သည်။ သူမတို့ ထွက်ပြေးခဲ့ရသည့်အကြောင်းရင်းမှာ အနီးအနားတွင် မြန်မာတပ်စခန်းရှိခြင်းက ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုဖြစ်စေသောကြောင့်ဖြစ်သည်။ နော်အဖ--- က ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်မတို့ကြောက်တယ်။ ရွာထဲမှာနေရတာ လုံခြုံတယ်လို့မခံစားရတော့ဘူး။ ဒါကြောင့် ဒီနေရာကိုထွက်ပြေးခဲ့ကြတယ်။ စစချင်းထွက်ပြေးခဲ့တုန်းက ကျွန်မတို့ ရွာကအိမ်မှာ ပြန်နေဖို့ စိတ်ကူးပေမယ့် [ပစ်ခတ်တိုက်ခိုက်တဲ့] အသံတွေ မကြာခဏကြားရတော့ ဒီကိုထပ်ပြီးပြောင်းရွှေ့နေခဲ့ပြီး အခုထိ ဒီမှာဆက်နေနေကြတယ်။ ကျွန်မတို့ကအသံတွေကိုမခံနိုင်ဘူး။ အသံတွေကြားရင်ခြောက်ခြားလာပြီး ကျွန်မတို့ ခြေတွေလက်တွေကတုန်လာတယ်။ ပြီးတော့ ကျွန်မတို့ အဲ့ဒီမှာမနေနိုင်တော့တဲ့အတွက် ဒီကိုထွက်ပြေးလာတာ။ ဒီဘက်မှာဆို အသံတွေကတိုးတိုးလေးပဲကြားရတော့ ကျွန်မတို့နည်းနည်းစိတ်အေးတယ်။ ပြီးတော့ အခြေအနေပိုကောင်းတယ်။"* ဆက်လက်၍ သူမက *"ကျွန်မတို့ကို လေယာဉ်နဲ့လာပစ်မှာကို ကျွန်မစိုးရိမ်တယ်။ […][မြန်မာစစ်တပ်]သူတို့တွေ အဝေးကနေရမ်းသမ်းပြီးလှမ်းပစ်မှာကိုလည်း စိုးတယ်။ ဒါက ကျွန်မတို့အထင်ပါပဲ။ […] ဒါကြောင့် ကျွန်မတို့အခုဆို တောထဲကအလုပ်ခွင်မှာပဲ သီးသန့်နေကြတယ်။"*

နော်အဖ--- က ၎င်းတို့အနေဖြင့် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်မရှိသော်လည်း တစ်ခါတရံ ၎င်းတို့၏အိမ်နှင့် ကျေးရွာသို့ပြန်နိုင်ကြောင်းနှင့် ထိုသို့သွားလာရာတွင် ဂရုတစိုက်နှင့် ကြောက်ရွံ့စွာသွားလာရကြောင်း ရှင်းပြခဲ့သည်။ ၎င်းတို့အနေဖြင့် ဘာသာရေးပွဲတော်များအတွက်ပြန်သွားလေ့ရှိသော်လည်း သတိနှင့်လုပ်ဆောင်ရကြောင်း ပြောခဲ့သည်။ *"ကျွန်မတို့ရွာမှာ ဘုန်းကြီးတွေနဲ့ ဘုန်းကြီးကျောင်းတွေရှိတယ်။ ဒါကြောင့် တစ်ခါတလေ လပြည့်လကွယ်နေ့တွေမှာ ဘာသာရေးပွဲလေးတွေအတွက် ကျွန်မတို့ ရွာကို ကြောက်ကြောက်နဲ့ပြန်ကြတယ်။ ပွဲပြီးတာနဲ့ တောထဲကတဲကိုပြန်လာကြတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ ရွာထဲမှာရှိတဲ့ အိမ်မှာမနေရဲတော့ဘူး။ ကျွန်မတို့ဘာသာရေးပွဲအတွက် တစ်ရက်လောက်ပဲပြန်နေကြတယ်။ ကျွန်မတို့ရွာမှာ ကြာကြာမနေရဲဘူး။ ကြီးကြီးမားမားပွဲတွေလည်းမကျင်းပရဲဘူး။"*

သူမနှင့် အခြားသောအမျိုးသမီးများရင်ဆိုင်ရသည့်အခက်အခဲများနှင့်ပတ်သက်၍မေးမြန်းသည့်အခါ ရေသန့်မရှိခြင်းနှင့် အမျိုးသမီးများအတွက် ကိုယ်ဝန်ဆောင်စဉ် စောင့်ရှောက်မှုမရှိခြင်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး ဤသို့ဖြည့်စွက်ပြောဆိုခဲ့သည်။ *"ကျွန်မတို့ ရွာထဲမှာနေစဉ်တုန်းက ကျွန်မတို့ရွာထဲကို ဈေးသည်တွေလာပြီးတော့ စားစရာတွေရောင်းချတော့ ပိုက်ဆံရှိရင်ဝယ်စားလို့ရတာပေါ့။ ဒါပေမယ့် တောထဲမှာကျတော့ သူတို့လည်းမလာတော့ ပိုက်ဆံရှိရင်တောင်မဝယ်စားနိုင်တော့ဘူး။ ဒါကြောင့် ကျွန်မတို့တွေ တချို့သီးပင်စားပင်တွေကိုယ်တိုင်စိုက်ပျိုးကြတယ်။ အမျိုးသမီးငယ်လေးတွေက သူတို့ရဲ့လစဉ်ခမ္မတာအတွက် အခက်အခဲရှိလိမ့်မယ်။ လစဉ်သုံးပစ္စည်းတွေဝယ်ဖို့ငွေမရှိတာ၊ ဘယ်မှာဝယ်ရမှန်းမသိတာ ဒါမှမဟုတ် မဝယ်ရဲတာလည်း ဖြစ်လိမ့်မယ်။"* သူမမှ ဖြည့်စွက်ပြောကြားခဲ့သည်မှာ အမျိုးသမီးများအတွက် *"အခုအချိန်က ရွာထဲမှာအလုပ်လုပ်ဖို့ကောင်းတဲ့အချိန်ပဲ။ အရင်ကတော့ မုန့်လုပ်ရောင်းတာ၊ ဒါမှမဟုတ် လမ်းဘေးမှာကွမ်းယာဆိုင်ဖွင့်တာမျိုး အရောင်းအဝယ်တွေလုပ်ကြတယ်။ ဒါပေမယ့် အခုတော့ သူတို့ဒီအလုပ်တွေမလုပ်နိုင်တော့ဘူး။ ဒါကြောင့် ရှိတဲ့နေ့စားအလုပ်လေးပဲ လိုက်လုပ်ကြတယ်။"*

စစ်ဘေးရှောင်နေရမှုအပေါ် သူမ၏အတွေ့အကြုံနှင့်ပတ်သက်၍ *"ကျွန်မစိတ်ထဲမှာ ဘာအလင်းရောင်မှ မရှိဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့က အခုကျပ်တည်းတဲ့အခြေအနေမှာနေနေကြရတယ်။ ငြိမ်းချမ်းရေးနဲ့ လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်မရှိတဲ့ အရမ်းကျပ်တည်းတဲ့အခြေအနေမှာနေကြရတယ်။ ကျွန်မတို့က စစ်ဘေးရှောင်နေရတယ်။ ပုန်းနေကြရတယ်။ […] တစ်နေ့တော့အိမ်ကိုပြန်ပြီး ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ဖို့၊ ရွာမှာ ကလေးတွေအတွက် ကျောင်းနဲ့ဆေးခန်းတွေ ဆေးရုံတွေဖွင့်နိုင်ဖို့မျှော်လင့်တယ်။ ဒါက အနာဂတ်အတွက် ကျွန်မရဲ့မျှော်လင့်ချက်ပဲ။"*

# အခန်း ၃။ အသက်မွေးဝမ်းကြောင်းစိန်ခေါ်မှုနှင့် အခြေခံလိုအပ်ချက်များ လက်လှမ်းမီရန်အတွက်အခက်အခဲများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စစ်ဘေးရှောင်အမျိုးသမီးများသည် ဆက်လက်ဖြစ်ပွားနေသည့် တိုက်ပွဲများနှင့် လုံခြုံရေးအန္တရာယ်များကြောင့် ၎င်းတို့၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအား လုပ်ကိုင်ခွင့်နှင့် ၎င်းတို့၏အခြေခံလိုအပ်ချက်များပြည့်မီရန်အတွက် စိန်ခေါ်မှုများစွာရင်ဆိုင်ရလျက်ရှိသည်။ ဤအခြေအနေက ၎င်းတို့၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအား ဖျက်ဆီးနှောင့်ယှက်ခြင်းများဖြစ်စေပြီး အစားအသောက်၊ ရေအရင်းအမြစ်၊ နေရာထိုင်ခင်းနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများအား လက်လှမ်းမီနိုင်မှု လျော့နည်းစေသည်။ အလုပ်လက်မဲ့ဖြစ်ခြင်းအပြင် အလုပ်အကိုင်ရရှိရေးတွင် ခွဲခြားဆက်ဆံခြင်းခံရသည့်အခါ စစ်ဘေးရှောင်အမျိုးသမီးများအတွက် တရားမျှတမှုမရနိုင်သည့်ခံစားချက်များကိုပါ ထပ်လောင်းခံစားလာ ရစေသည်။ ဤသို့သောအကြောင်းအရင်းများ ပေါင်းစပ်လာမှုကြောင့် စစ်ဘေးရှောင်အမျိုးသမီးများအား ပိုမိုအားငယ်စေပြီး ဆိုးရွားသည့်စားဝတ်နေရေးအကျပ်အတည်းများကိုလည်း ကြုံတွေ့လာရစေသည်။

ဤအခန်းတွင် ကရင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်အမျိုးသမီးများ ကြုံတွေ့ခံစားရသော အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခက်အခဲများနှင့် ဤစိန်ခေါ်မှုများကိုရင်ဆိုင်ရန် မည်သည့်နည်းလမ်းများ အသုံးပြုခဲ့သည်နှင့်ပတ်သက်၍ တင်ပြထားသည်။ ပထမအခန်း (၃.၁) တွင် နေရပ်စွန့်ခွာနေရခြင်းနှင့် ကျားမခွဲခြား ဆက်ဆံခြင်းများကြောင့် ဝင်ငွေရအလုပ်များမရှိခြင်းနှင့်ပတ်သက်၍ သုံးသပ်ထားပါသည်။ ဒုတိယအခန်း (၃.၂) တွင် ပဋိပက္ခ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ဆက်စပ်သည့် လုံခြုံရေးဆိုင်ရာအခက်အခဲများကြောင့် ဖြစ်ပေါ်လာသည့် အစားအသောက်၊ ရေအရင်းအမြစ်၊ အိမ်ရာနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများအား လက်လှမ်းမမီနိုင်သည့်စိန်ခေါ်မှုများကို တင်ပြထားသည်။ နောက်ဆုံး အခန်း (၃.၃) တွင် အမျိုးသမီးများမှ စားဝတ်နေရေးနှင့် အခြေခံလိုအပ်ချက်များအား လက်လှမ်းမီနိုင်ရန်အသုံးပြုသည့် မတူညီသောနည်းဗျူဟာများကို တင်ပြထားသည်။

## ၃.၁။ အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း

နေရပ်စွန့်ခွာနေရခြင်းသည် အမျိုးသမီးများနှင့် အမျိုးသားများ၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် ကြီးမားသည့်သက်ရောက်မှုများရှိသော်လည်း နေရပ်စွန့်ခွာတိမ်းရှောင်စဉ်ကာလတွင် အမျိုးသမီးများမှာ အထူးသဖြင့်ထိခိုက်လွယ်သည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စစ်ဘေးရှောင်အမျိုးသမီးအများစုမှာ ၎င်းတို့၏အဓိကအသက်မွေးဝမ်းကြောင်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းအပေါ်မှီခိုအားထားကြသည့်အတွက် နေရပ်စွန့်ခွာနေရစဉ် ၎င်းတို့၏စိုက်ခင်းများ သို့မဟုတ် စပါးခင်းများကို လုပ်ကိုင်ခွင့်ဆုံးရှုံးရသည့်အခါ ၎င်းတို့၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကိုပါ ဆုံးရှုံးကြရသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သည့်နေရာဒေသများတွင် အခြားအလုပ်အကိုင်အမျိုးအစားများအားလုပ်ကိုင်ခွင့်မှာ ပဋိပက္ခများ၊ စစ်ရေးလှုပ်ရှားမှုများ၊ တိုက်ခိုက်မှုများနှင့် လုံခြုံရေးအန္တရာယ်များကြောင့် အလွန်တရာအကန့်အသတ်များခြင်း သို့မဟုတ် လုံးဝမရှိသည့်အပြင် ကျားမအခြေပြုခွဲခြားဆက်ဆံမှုများ၊ ၎င်းတို့၏မိသားစုနှင့် ကလေးသူငယ်များအား ကြည့်ရှုစောင့်ရှောက်မည်ဟု မျှော်လင့်ခြင်းများကြောင့် အမျိုးသမီးများအနေနှင့် ၎င်းတို့ဆုံးရှုံးရသည့်ဝင်ငွေကို ပြန်လည်ဖြည့်ဆည်းနိုင်မည့် ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်နိုင်ရန် အခက်အခဲများကြုံရလျက်ရှိသည်။

## (က) နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့်နေရာများတွင် အလုပ်အကိုင်အခွင့်အလမ်းများရှားပါးခြင်း

အမျိုးသမီးအင်တာဗျူးဖြေဆိုသူသုံးပုံတစ်ပုံခန့်မှာ ၎င်းတို့အနေနှင့် နေရပ်စွန့်ခွာနေတိမ်းရှောင်ရစဉ် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုကြောင့် ၎င်းတို့၏အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန် လုံလောက်သည့် ငွေကြေးများရှာဖွေနိုင်ခြင်းမရှိကြောင်း တင်ပြခဲ့သည်။ ဒူးပလာယာခရိုင်တွင် နေရပ်စွန့်ခွာတိမ်းရှောင်နေရသူ နော်အဘ--- က ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်မတို့မှာ အလုပ်မရှိဘူး။ ဒါက ကျွန်မတို့အတွက် ပြဿနာကြီးတစ်ခု ဖြစ်လာတယ်။ တကယ်လို့ အလုပ်ရှိပြီး ဝင်ငွေရှိရင်ပစ္စည်းတွေဝယ်လို့ရတယ်။ အခု နို့မှုန့်တထုပ်ကို ၃၈,၀၀၀ ကျပ် ကျော်ပြီ။ ကျွန်မကလေးနှစ်ယောက်က နို့မှုန့်တစ်ထုပ်ကို သုံးလေးရက်ပဲ သောက်တယ်။ အဲ့ဒါကြောင့် ကျွန်မတို့အလုပ်မရှိရင် ပိုက်ဆံကိုဘယ်မှာသွားရှာရမလဲ။"* စစ်ဘေးရှောင်နေရာများတွင်ပင် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေသည့်အချိန်တွင် တောတောင်များနှင့်ဂူများအတွင်း ထွက်ပြေးတိမ်းရှောင်နေရသည့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိမှုဆိုင်ရာထိခိုက်ခေါ်မှုများမှာ ပိုမိုဆိုးရွားလျက်ရှိသည်။ ဝင်ငွေအခွင့်အလမ်းမရှိခြင်းနှင့် ကုန်ဈေးနှုန်းမြင့်တက်ခြင်းများသည် စစ်ဘေးရှောင်အမျိုးသမီးများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် အသက်ရှင်သန်ရပ်တည်နိုင်စွမ်းအပေါ် လွန်စွာသက်ရောက်မှုရှိသည်။

အချို့သောအင်တာဗျူးဖြေဆိုသူများက ၎င်းတို့အနေနှင့် အခြားသောပြည်တွင်းစစ်ဘေးရှောင်စခန်းများသို့ ထွက်ပြေးခဲ့စဉ်တွင် အလုပ်အကိုင်ရရှိနိုင်ခဲ့သော်လည်း အလုပ်များမှာ အကန့်အသတ်ရှိကြောင်း ဖော်ပြခဲ့သည်။ ဒူးပလာယာခရိုင်တွင် နေရပ်စွန့်ခွာတိမ်းရှောင်နေရသူ နန်းဘ--- က ဤသို့ရှင်းပြခဲ့သည်။ *"စစ်ဘေးရှောင်စခန်းမှာခိုလှုံနေထိုင်မယ်ဆိုရင် ကျွန်မတို့ကအကူအညီရတာနဲ့ ကျွန်မတို့ရဲ့ရလဒ်ကိုတိုင်းတာရတယ်။ ကျွန်မတို့ရဲ့ သုံးစွဲမှုတွေကိုချွေတာရတယ်။ ဒီမှာဆို ကျွန်မတို့အလုပ်တစ်ခုပဲရှိတယ်။ ပြောင်းစိုက်တယ်၊ ပြောင်းချိုးတယ်၊ ပဲစိုက်တယ်။ ဒါပဲ။ ဒါတွေကလွဲပြီး တခြားအလုပ်မရှိဘူး။ ကိုယ့်မှာလုပ်ချင်စိတ်ရှိရင်တောင်မှ လက်နှစ်ဖက် ခြေနှစ်ဖက်ရှိနေသေးရင်တောင်မှ အမြဲတမ်းအလုပ်တစ်ခုရဖို့မသေချာဘူး။ ကျွန်မကဝင်ငွေရရင်စုတယ်။ အထောက်အပံ့ရရင်စုတယ်။ ပြီးတော့ ဒီငွေတွေကိုဘယ်လိုချွေချွေတာတာသုံးရမလဲစဉ်းစားတယ်။ ကျွန်မတို့မှာ အလုပ်လုပ်ချင်စိတ်ရှိတယ်။ ဒါပေမယ့် ကျွန်မတို့မှာအရင်လိုအလုပ်မရှိဘူး။ ပြီးတော့ ရွေးချယ်စရာလည်းမရှိဘူး။"*

စစ်ဘေးရှောင်အမျိုးသမီးများက အလုပ်အကိုင်ရရှိရန်နှင့် ၎င်းတို့ထွက်ပြေးတိမ်းရှောင်သည့်နေရာနှင့် အလွန်ဝေးကွာသည့်လုပ်ငန်းခွင်သို့ သွားရောက်ရန်အခက်အခဲများရှိကြောင်း တင်ပြခဲ့သည်။ ဒူးပလာယာခရိုင်တွင် နေရပ်စွန့်ခွာတိမ်းရှောင်နေရသူ မအခ--- ကလည်း ဤသို့ဖော်ပြခဲ့သည်။ *"အခုဆို တိုက်ပွဲစပြီးဖြစ်တဲ့နေ့ကစပြီးတော့ ကျွန်မတို့မှာအလုပ်မရှိတော့ဘူး။ ဒါကြောင့် ကျွန်မတို့ အခက်အခဲတွေအများကြီးကြုံရတယ်။"* စစ်ဘေးရှောင်ရွာသားများအနေနှင့် ငွေကြေးရှိလျှင်ပင် လိုအပ်သည့်အရာများအားရှာဖွေဝယ်ယူရန်အခက်အခဲရှိကြောင်း သူမကပြောခဲ့သည်။ *"ပိုက်ဆံရှိရင်တောင်မှပဲ ဘာမှဝယ်လို့မရဘူး။ အခုဆို အစားအသောက်တွေရှားပါးလာပြီ။ အခြားတစ်ခုကတော့ အလုပ်မရှိတဲ့အတွက် ကျွန်မတို့အနေနဲ့အလုပ်လုပ်လို့မရဘူး။ အားလုံးတည်ငြိမ်သွားတဲ့ အချိန်ကျရင်တော့ အခြေအနေကတမျိုးဖြစ်လိမ့်မယ်။ ဒါပေမယ့် အခုတော့ တိုက်ပွဲကလောလောလတ်လတ်ဖြစ်ထားတာဆိုတော့ ကျွန်မတို့မှာအလုပ်မရှိဘူး။ ဒါက ကျွန်မတို့ကို ငွေကြေးအခက်အခဲကြုံရစေလိမ့်မယ်။"* အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်းက စစ်ဘေးရှောင်အမျိုးသမီးများအား ၎င်းတို့၏ကြုံလာမည့်အနာဂတ်အတွက် စိုးရိမ်ပူပန်ခြင်း၊ စိတ်ဓါတ်ကျခြင်းနှင့် မျှော်လင့်ချက်မဲ့ခြင်းများကိုလည်း ခံစားရစေနိုင်သည်။

## (ခ) ကျား-မ ဖြစ်တည်မှုအပေါ်အခြေခံသော အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာစိန်ခေါ်မှုများ

ဝန်ထမ်းခန့်အပ်မှု၊ အလုပ်အကိုင်ရရှိမှု၊ လုပ်ခလစာနှုန်းထားများနှင့်ပတ်သက်၍ ခွဲခြားဆက်ဆံမှုများရှိကြောင်း စစ်ဘေးရှောင်အမျိုးသမီးများက ဖော်ပြခဲ့ကြသည်။ တချိန်တည်းမှာပင် နေရပ်စွန့်ခွာတိမ်းရှောင်နေရချိန်

တွင် အိမ်ထောင်စု၏ပုံစံပြောင်းလဲမှုကြောင့် အမျိုးသမီးများအနေနှင့် ဝန်ထုတ်များကို နှစ်ဆထမ်းကြရသည်။ ကရင်ပြည်နယ်ရှိအမျိုးသမီးများသည် ရိုးရာအရ အဓိကအိမ်ထောင်မှုထိန်းသိမ်းစောင့်ရှောက်သူများဖြစ်သည် သာမက စားဝတ်နေရေးအတွက် နေ့စဉ်အလုပ်များနှင့် အခြားစားဝတ်နေရေးဆိုင်ရာအလုပ်များကိုပါ လုပ်ဆောင်ကြရသည်။ ထို့အပြင် နေရပ်စွန့်ခွာတိမ်းရှောင်နေထိုင်စဉ်တွင် အစားအစာနှင့် အခြားသောကုန်ပစ္စည်းများရရှိနိုင်ရန်အတွက် ခရီးသွားလာရခြင်းများကြောင့် ၎င်းတို့အနေနှင့် လုပ်အားစိုက်ထုတ်ရမှု ပိုမိုတိုးမြှင့်လာသည်။

အလုပ်အကိုင်ရှာဖွေရာတွင် သူမကြုံတွေ့ရသည့်ခွဲခြားဆက်ဆံမှုများနှင့်ပတ်သက်၍ ဒူးပလာယာခရိုင်တွင် နေရပ်စွန့်ခွာတိမ်းရှောင်နေရသော နော်လ--- က ဤသို့ဖော်ပြခဲ့သည်။ *"ကျွန်မအနေနဲ့ကတော့ အခုလော လောဆယ် အရမ်းအလုပ်လုပ်ချင်တယ်။ ဒါပေမယ့် ကျွန်မကအမျိုးသမီးဖြစ်လို့ ဘယ်သူမှကျွန်မကိုမခန့်ဘူး။ […] လောလောဆယ် ကျွန်မမှာအလုပ်မရှိဘူး။ အိမ်မှာနေပြီး အချက်အပြုတ်နဲ့သန့်ရှင်းရေးပဲလုပ်တယ်။ […] အခုလုပ်ရတဲ့အလုပ်က ပြောင်းတွေကို စက်ကြီးတွေ ထွန်တုံးတွေနဲ့ထုတ်ရတာမို့လို့ အမျိုးသမီးမလိုဘူးလို့ သူတို့က ပြောတယ်။ ဒါက အမျိုးသမီးတွေအတွက်ခက်ခဲတဲ့အလုပ်ဖြစ်လို့ အမျိုးသမီးမလိုဘူးလို့ပြောတယ်။ […] ကျွန်မတို့ ဘာမှလုပ်ခွင့်မရှိဘူး။ ဒါပေမယ့် အမျိုးသမီးတွေက အားနည်းတဲ့အတွက် အလုပ်ကြမ်းမလုပ်နိုင်ဘူးလို့ သူတို့ကယုံကြည်ကြတယ်။ ဒါကြောင့် သူတို့က အလုပ်ကြမ်းလုပ်ဖို့ အမျိုးသမီးတွေကိုမငှားချင်ဘူး။ ဒါကြောင့် ကျွန်မတို့အမျိုးသမီးတွေအနေနဲ့ မိသားစုအတွက်ဝင်ငွေမရှာပေးနိုင်ဘူး။ […] ပြောင်းဖူးလုပ်တဲ့အလုပ်ကိုကျွန်မလုပ်နိုင်တယ်လို့ ကျွန်မထင်တယ်။ ဒါပေမယ့် သူတို့က အဲ့လိုအလုပ်တွေအတွက် အမျိုးသမီးတွေကိုမငှားချင်ဘူး။ ကျွန်မကဒီလိုအလုပ်တွေကိုလုပ်ချင်ပေမယ့် သူတို့က ဒီလိုအလုပ်မျိုးလုပ်ဖို့ အမျိုးသမီးတွေကိုမငှားချင်ဘူးလို့ပြောတယ်။"* နေရပ်စွန့်ခွာတိမ်းရှောင်နေရစဉ်တွင် ဝင်ငွေရအလုပ်များအား တန်းတူညီစွာလုပ်ကိုင်ခွင့်မရရှိသည့်အတွက် အမျိုးသမီးများသည် ဆိုးရွားသည့်အသက်မွေးဝမ်းကြောင်းဆိုင်ရာစိန်ခေါ်မှုများကို ပိုမိုခံစားရလျက်ရှိသည်။

အမျိုးသမီးများအနေနှင့် ဝင်ငွေရအလုပ်များအားရရှိသည့်အချိန်တွင်ပင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူလုပ်ငန်းဆောင်တာများလုပ်ဆောင်ရသော်လည်း တူညီသည့်လုပ်အားခမရကြကြောင်း အချို့ကတင်ပြခဲ့သည်။ ဤအခြေအနေက စစ်ဘေးရှောင်အမျိုးသမီးများကြား တရားမျှတမှုမရှိခြင်းနှင့် မမျှတခြင်းများကို ခံစားရစေသည်။ နော်လ--- က ဤသို့ရှင်းပြခဲ့သည်။ *"အမျိုးသမီးတွေအနေနဲ့က တစ်ရက်ကို ထိုင်းဘတ် ၁၇၀ ရပြီး အမျိုးသားတွေကတော့ တစ်ရက်ကို ထိုင်းဘတ် ၂၀၀ ရတယ်။ အမျိုးသားတွေက အားကောင်းတဲ့အတွက် အလုပ်ပိုလုပ်နိုင်တယ်လို့သူတို့ကထင်ကြတယ်။ ဒါကြောင့် သူတို့ကပိုရတယ်။ သူတို့ရဲ့အမြင်မှာ အမျိုးသမီးတွေကအားနည်းတော့ အမျိုးသားတွေလောက်အမျိုးသမီးတွေက အလုပ်မလုပ်နိုင်ဘူးလို့ထင်ကြတယ်။ ဒါကြောင့် အမျိုးသမီးတွေက ရတာနည်းတယ်။ […] ကျွန်မ ဘာပြောရမလဲမသိဘူး။ ဒါက ကျွန်မရဲ့ထိန်းချုပ်မှုအောက်မှာမရှိဘူး။ သူတို့ငှားလို့ ကျွန်မတို့အလုပ်လုပ်ရတယ်။ ဒါကြောင့် သူတို့ပေးတာ ကျွန်မယူရမယ်။ တစ်ခါတလေတော့ ဒါက မမျှတဘူးလို့ကျွန်မခံစားရတယ်။ ဘာကြောင့်လဲဆိုတော့ အမျိုးသမီးနဲ့အမျိုးသားအားလုံး တူညီတဲ့အလုပ်ကိုပဲလုပ်ကြတယ်။ ဒါပေမယ့် ကျွန်မတို့အမျိုးသမီးတွေက ရတာနည်းတယ်။ […] ကျွန်မတို့တွေ မနက် ၇ နာရီ အလုပ်စလုပ်ပြီး ၁၁ နာရီဆို နားတယ်။ ပြီးတော့ ၁ နာရီမှာ အလုပ်ပြန်စတယ်။ ၄ နာရီ ၅ နာရီလောက်ဆို အလုပ်သိမ်းပြီ။ […] ဒါပေမယ့် ဒီလိုမျိုးအလုပ်အတူတူဆင်းလဲ အမျိုးသားတွေကပိုပြီးရတယ်။"*

အမျိုးသမီးများကြုံတွေ့ကြရသည့် ကျား၊မအခြေပြုခွဲခြားဆက်ဆံမှုများသည် လစာမဲ့အလုပ်လုပ်ရသည့် အခြေအနေများကြောင့်လည်းဖြစ်သည်။ စစ်ဘေးရှောင်အမျိုးသမီးအများစုသည် ပြုစုစောင့်ရှောက်ပေးသူများအဖြစ် နေထိုင်ကြပြီး ၎င်းတို့၏ကလေးများအား ကြည့်ရှုစောင့်ရှောက်ခြင်း၊ မိသားစုအတွက်ချက်ပြုတ်ပေးခြင်း စသည့် ဝင်ငွေမရသည့်အလုပ်များအားလုပ်ကိုင်ကြသဖြင့် အလုပ်အကိုင်ရှားပါးသည့်အခြေအနေတွင် ၎င်းတို့အနေနှင့် နေအိမ်ပြင်ပတွင်အလုပ်ရရှိရန် အခက်အခဲဖြစ်စေသည်။ မူတြော်ခရိုင်တွင် ထွက်ပြေးတိမ်းရှောင်နေ

ရသည့် အမျိုးသမီးတစ်ဦးဖြစ်သည့် နော်ဒ--- က ဤသို့ ဖော်ပြခဲ့သည်။ *“ကျွန်မတို့မိခင်တွေဆိုတာ အိမ်ထောင်နဲ့ ကလေးတွေကိုစောင့်ရှောက်ရတယ်။ ဒါကြောင့် ကျွန်မတို့ဟာ အမျိုးသားတွေလိုခရီးသွားဖို့ အလုပ်ထွက်လုပ်ဖို့မအားလပ်ကြဘူး။ ဒါကြောင့် ကျွန်မတို့ အလုပ်လုပ်ဖို့ခရီးထွက်ရင် ကျွန်မတို့ရဲ့ကလေးလေးတွေကို အတူခေါ်သွားရတယ်။ ဒါကြောင့် ကျွန်မတို့ရတဲ့အချိန်နဲ့အခွင့်အရေးက အမျိုးသားတွေနဲ့မတူဘူး။”* ဤအခြေအနေကိုဖြေရှင်းရန်အတွက် အချို့အမျိုးသမီးများသည် မွေးမြူရေးတိရိစ္ဆာန်များမွေးမြူ၍ ၎င်းတို့၏နေအိမ်တွင် ဝင်ငွေရရှိရန် လုပ်ဆောင်နိုင်သည်။ သို့သော်လည်း အမျိုးသမီးများအနေနှင့် ဤလုပ်ငန်းအားလုပ်ဆောင်လိုသော်လည်း ထိုသို့နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့်နေရာများတွင် ၎င်းတို့၏မြေယာပိုင်ဆိုင်မှုမရှိသည့်အတွက် ထိုသို့လုပ်ဆောင်ရန် တားမြစ်ခြင်းခံရကြသည်။ နော်လ--- က ဤသို့တင်ပြခဲ့သည်။ *“ဒီမှာနေရတာနဲ့ ကိုယ့်ရွာမှာကိုယ်နေရတာ အရမ်းကွာတယ်။ ဒီမှာက တခြားလူတွေရဲ့စီမံခန့်ခွဲမှုအောက်မှာနေကြရတယ်။ တကယ်လို့ ကျွန်မတို့ တစ်ခုခုမှားတာလုပ်မိရင်အဆူခံရတယ်။ တစ်ခါတလေ ကျွန်မတို့ ကြက်တို့ဘာတို့လို တိရိစ္ဆာန်မွေးချင်ပေမယ့် ကျွန်မတို့စိတ်ကြိုက်လုပ်လို့မရဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ကရွာကနေထွက်ပြေးလာပြီး ဒီမှာလာနေကြတာ။ တကယ်လို့ စီးပွားရေးလုပ်ချင်ရင် ကိုယ့်ရွာမှာကိုယ်ပြန်နေဖို့ သူတို့ကပြောတယ်။ သူတို့မြေပေါ်မှာ ကျွန်မတို့စီးပွားရေးလုပ်မှာကို သူတို့မကြိုက်ဘူးလို့ကျွန်မထင်တယ်။”* အပိုဝင်ငွေလမ်းကြောင်းများ ပျက်စီးခြင်းသည် စစ်ဘေးရှောင်အမျိုးသမီးများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာစိန်ခေါ်မှုများအပြင် ၎င်းတို့၏နေ့စဉ်အလေ့အထများဆုံးရှုံးရသကဲ့သို့ အခြားသက်ရောက်မှုများလည်းရှိစေနိုင်သည်။




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ဒူးပလာယာခရိုင်၊ ဝေါ်ရေ (ဝင်းရေး) မြို့နယ်၊ နို့စူနဲ့ (အနန်းကွင်း)ကျေးရွာအုပ်စုရှိ လိုင်ဂူတစ်ခုတွင်ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် မြန်မာစစ်တပ်၏လေယာဉ်မှ ပေါင် ၅၀၀ ရှိသောဗုံးနှစ်လုံးအား ဝေါ်ရေမြို့နယ်၊ နို့ဖာထောကျေးရွာအုပ်စု၊ ဒဓ--- ကျေးရွာသို့ ကြဲချခဲ့ပါသည်။ ထိုကဲ့သို့ဗုံးကြဲချခြင်းကြောင့် နို့ဖာထောကျေးရွာအုပ်စုနှင့် နို့စူနဲ့ကျေးရွာအုပ်စုရှိ ဒေသခံရွာသားများ ၎င်းတို့၏ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ နို့စူနဲ့ကျေးရွာအုပ်စု၊ ဘက--- ကျေးရွာရှိအချို့သောရွာသားများသည် လိုင်ဂူထဲသို့ထွက်ပြေးခဲ့ကြပါသည်။ ဤပုံတွင် ထွက်ပြေးတိမ်း ရှောင်နေရသည့်အမျိုးသမီးတစ်ဦးသည် ဝင်ငွေရရှိသောအလုပ်အကိုင်အနည်းငယ်သာရှိသည့်အတွက် သူမ၏အသက်မွေးဝမ်းကြောင်း လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဂူသို့သယ်ဆောင်လာသော ကွမ်းသီးများ၏အခွံကိုခွာနေပါသည်။ *(ဓာတ်ပုံ- KHRG)*

လုံခြုံရေး၊ အသက်မွေးဝမ်းကြောင်းနှင့် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများမရှိခြင်းများအပြင် နေရပ်စွန့်ခွာတိမ်းရှောင်နေရစဉ် အမျိုးသမီးများတိုးမြှင့်လုပ်ဆောင်ရမည့်ဝတ္တရားများက စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုကို ဖြစ်စေသည်။ ဘိတ်-ထားဝယ်ခရိုင်တွင် ထွက်ပြေးတိမ်းရှောင်နေရသည့် ဒေါ်အ--- က သူမ၏အတွေ့အကြုံနှင့်ပတ်သက်၍ ဤသို့ပြောပြခဲ့သည်။ *“အခုအတော်အတွင်း ကျွန်မနားဖို့ အချိန်တောင်မရှိဘူး။ အခုက ကွမ်းသီးရာသီ၊ ကွမ်းသီးခွံတွေခွာရမယ့်အချိန်ဖြစ်တယ်။ ကျွန်မ မနက် ၄ နာရီထပြီး ကွမ်းသီးခွာတယ်။ ပြီးတော့ ကျွန်မချက်ပြုတ်တယ်။ ပြီးတာနဲ့ ကျောင်းကိုပြေးတယ်။ ကျောင်းက ၂ နာရီခွဲမှာ ဆင်းတယ်။ နေ့လည်ခင်းဆို နာရီဝက်လောက်နားရတယ်။ ၁၂ နာရီက နေ့လည်စာစားချိန်ပြီးတော့ ၁၂ နာရီခွဲမှာ ကျောင်းပြန်စတယ်။ ဒါကြောင့် ကျွန်မ ၂ နာရီခွဲ အိမ်ကိုပြန်ရောက်တာနဲ့ ကွမ်းသီးထပ်ခွာတယ်။ နေ့ခင်းဖက်မှာ ရေချိုးတယ်။*

*ပြီးတော့ ညစာစားတယ်။ ပြီးတာနဲ့ ကွမ်းသီးထပ်ခွာတယ်။ ပြီးတော့ ကျွန်မဆုတောင်းပြီးအိပ်တယ်။ နေ့တိုင်းဒီလိုပဲ။"* သူမက ဤသို့ထပ်၍ပြောခဲ့ပါသည်။ *"အမျိုးသမီးတွေက နေရာတိုင်းမှာရှိတယ်။ သူတို့ကချက်ပြုတ်တယ်။ ပြီးရင်စီးပွားရေးလုပ်တယ်။ [...] အမျိုးသမီးတွေက အရာရာမှာပါဝင်ကြတယ်။ ဒါကြောင့် သူတို့ကအလုပ်ကို နှစ်ဆလုပ်ရတဲ့အတွက် ပိုပင်ပန်းတယ်။"*

## ၃.၂။ ဆက်လက်ဖြစ်ပွားနေသည့်တိုက်ပွဲများကြား နေရပ်စွန့်ခွာနေရခြင်းနှင့်အတူ တွဲပါလာသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်ချက်များ

ကရင်ပြည်နယ်အတွင်းရှိပြည်သူများအပေါ် မြန်မာစစ်တပ်၏ရုတ်တရက်၊ ပြင်းထန်စွာတိုက်ခိုက်မှုများကြောင့် ရွာသားအများစုသည် အစားအစာအနည်းငယ် သို့မဟုတ် လုံးဝမပါပဲထွက်ပြေးတိမ်းရှောင်ကြရပြီး ရေနှင့်နေရာထိုင်ခင်းမလုံလောက်မှုများလည်း ကြုံတွေ့နေကြသည်။ လက်နက်ကိုင်တပ်ဖွဲ့များ၊ စစ်ဆေးရေးဂိတ်များ၊ ဆက်လက်တိုက်ခိုက်မှုများ၊ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သောစစ်လက်နက်အကြွင်းအကျန်များကြောင့် ၎င်းတို့အနေနှင့် အခြေခံလိုအပ်ချက်များအားရယူရာတွင် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ကြရသည်။ စစ်ဘေးရှောင်အမျိုးသမီးများနှင့် ၎င်းတို့၏မိသားစုဝင်များသည် မတူညီသောသက်ဆိုင်သူအဖွဲ့အစည်းများထံမှ ကူညီထောက်ပံ့မှုတချို့တစ်ဝက်ကိုရရှိသော်လည်း များသောအားဖြင့် လုံလောက်မှုမရှိပဲ ၎င်းတို့၏အခြေခံလိုအပ်ချက်များအတွက် ရုန်းကန်ရလျက်ရှိသည်။

### (က) အစားအစာ၊ ရေအရင်းအမြစ်နှင့် တစ်ကိုယ်ရေပစ္စည်းများအား လက်လှမ်းမီနိုင်မှုမရှိခြင်း

အင်တာဗျူးဖြေဆိုသူအမျိုးသမီး ၈၀ ရာခိုင်နှုန်းကျော်က ၎င်းတို့အနေနှင့် ထွက်ပြေးတိမ်းရှောင်နေစဉ် အစားအစာ၊ ရေနှင့် တစ်ကိုယ်ရေအသုံးအဆောင်များမရှိသည့်အတွက် စားဝတ်နေရေးအခက်အခဲနှင့် ရင်ဆိုင်ရကြောင်း တင်ပြခဲ့သည်။ စစ်ဘေးရှောင်အမျိုးသမီးအများစုသည် ထွက်ပြေးတိမ်းရှောင်ရန် ကြိုတင်ပြင်ဆင်ထားနိုင်ခြင်းမရှိသည့်အတွက် အစားအစာနှင့် ပစ္စည်းများအား ၎င်းတို့နှင့်အတူသယ်ယူလာနိုင်ခြင်းမရှိပါ။[49] ဒူးပလာယာခရိုင်တွင် စစ်ဘေးရှောင်နေရသူ နော်ဇ--- က ဤသို့တင်ပြခဲ့သည်။ *"ကျွန်မတို့အနေနဲ့ အစားအစာအပါအဝင် စိန်ခေါ်မှုတွေအများကြီးကြုံခဲ့ရတယ်။ ကျွန်မတို့ ချက်ချင်းထွက်ပြေးကြရတာဆိုတော့ ဘာပစ္စည်းမှ သယ်လာချိန်မရှိဘူး။ ကျွန်မတို့ ဘာအိုးခွက်ပန်းကန်တွေမှလည်း မသယ်လာနိုင်ဘူး။ တစ်ခါလောက်တော့ ရွာကိုပြန်နိုင်လိမ့်မယ်လို့ ထင်ခဲ့တယ်။ ကျွန်မတို့ထွက်ပြေးပြီး သုံးလေးရက်ကြာတော့ ဗမာစစ်တပ်က ကျွန်မတို့ရွာကအိမ်တွေကို မီးရှို့လိုက်ပြီလို့ကြားတယ်။"* ဒူးသထူခရိုင်ရှိ နော်အဒ--- ကလည်း ဤသို့ဖော်ပြခဲ့သည်။ *"အခက်အခဲဆုံးကတော့ပြောရမယ်ဆိုရင် အစားကောင်းကောင်းမစားရတာပဲ။ ကျွန်မတို့ကောင်းကောင်းမနေရဘူး။ ကျွန်မတို့ပြေးလာတုန်းက ဘာပစ္စည်းမှမသယ်ခဲ့ရဘူး။"*

အချို့စစ်ဘေးရှောင်အမျိုးသမီးများက ၎င်းတို့အနေနှင့် အစားအသောက်အချို့၊ ချက်ပြုတ်စရာပစ္စည်းများနှင့် ပိုင်ဆိုင်မှုအချို့ကို သယ်လာနိုင်ခဲ့သော်လည်း လုံလောက်မှုမရှိပေ။ ထို့ကြောင့် အမျိုးသမီးများအနေနှင့် အသက်ရှင်ရပ်တည်ရန် ရုန်းကန်နေရလျက်ရှိသည်။ ဘိတ်-ထားဝယ်ခရိုင်မှ စစ်ဘေးရှောင်နေရသူ မခ--- က ဤသို့ပြောခဲ့သည်။ *"ကျွန်မတို့တွေ ဘယ်မှာနေပြီးဘာစားရမလဲတောင်မသိဘူး။ ကျွန်မတို့ အိုးတစ်လုံး၊ ပန်းကန်တချို့၊ ထမင်းဇလုံတစ်လုံး၊ ငါးပိအိုးတစ်လုံး၊ ဆားတဖုးပဲယူလာပြီး ဘယ်ကိုပြေးရမလဲဆိုတာလည်းမသိခဲ့ဘူး။ ဒါပဲသယ်လာနိုင်တယ်။ ကျွန်မတို့ တခြားပစ္စည်းတွေလည်း ကျွန်မတို့နဲ့အတူမယူလာနိုင်ဘူး။ ကိုယ်ပေါ်မှာဝတ်ထားတဲ့ အင်္ကျီတစ်စုံပဲပါလာတယ်။ မြေကြီးပေါ်မှာအိပ်ပြီး မြေကြီးပေါ်မှာပဲစားရတယ်။"* မူတြော်ခရိုင်မှ မိသားစုဝင် ၁၂ ဦးရှိ

[49] KHRG မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "<u>လေယာဉ်ပျံလာပြီး (ကဘောယူဟဲလီး)</u>"၊ စာမျက်နှာ ၁၉ တွင် ကြည့်ပါ။

သော စစ်ဘေးရှောင်နေရသူ နော်သ--- က ဤသို့ဖော်ပြခဲ့သည်။ *“ကျွန်မအနေနဲ့ အဝတ်အစားတချို့၊ စောင်တချို့နဲ့ အိုးတချို့ပဲသယ်လာနိုင်တယ်။ တခြားဘာမှမသယ်လာနိုင်ဘူး။ အစားအစာတချို့ပဲသယ်နိုင်တယ်။ ကျွန်မတို့သယ်နိုင်သလောက်ပဲ သယ်ခဲ့တယ်။ […] အစားအစာလည်း မလောက်ဘူး။”* မိသားစုဝင်များသည့် စစ်ဘေးရှောင်အမျိုးသမီးများအနေနှင့် ထွက်ပြေးတိမ်းရှောင်သည့်အချိန်တွင် အစားအစာများသယ်လာနိုင်လျှင်ပင် ဆိုးရွားသည့်စားနပ်ရိက္ခာပြတ်လပ်မှုကို ကြုံရနိုင်ချေရှိသည်။

ရွာသားများထွက်ပြေးနေရသည့်အချိန်တွင် ၎င်းတို့အနေနှင့် ၎င်းတို့၏အစားအအစာ၊ မွေးမြူရေးတိရိစ္ဆာန်များနှင့် ပိုင်ဆိုင်မှုများကိုချန်ရစ်ကာ ထွက်ပြေးကြရပြီး ထိုအရာများအား နောက်ပိုင်းတွင် မြန်မာစစ်တပ်မှ သိမ်းယူခြင်းနှင့် ဖျက်ဆီးခြင်းများ ပြုလုပ်ကြသည်။ ဒူးသထူခရိုင်တွင် စစ်ဘေးရှောင်နေရသူ နော်အဖ--- က *“ကျွန်မတို့စစ်ဘေးရှောင်နေရတဲ့ကာလမှာ ဆန်အပါအဝင် ပစ္စည်းတချို့ပျောက်တယ်။ စစ်အုပ်စုကလည်း ကျွန်မတို့ပစ္စည်းတချို့ကို ဖျက်ဆီးပစ်ခဲ့တယ်။”* ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးချိန်မှစ၍ ရွာသားများထွက်ပြေးတိမ်းရှောင်နေစဉ်ကာလအတွင်း ၎င်းတို့၏အစားအအစာ၊ မွေးမြူရေးတိရိစ္ဆာန်များနှင့် ပိုင်ဆိုင်မှုများအား ဖျက်ဆီးလုယက်ခြင်းများရှိကြောင်းနှင့် ထိုအရာက စစ်ဘေးရှောင်အမျိုးသမီးများတွက် ဆိုးရွားသည့်အခြေအနေကိုဖြစ်ပေါ်စေကြောင်း KHRG လက်ခံရရှိခဲ့သည့်အစီရင်ခံစာများက ဖော်ပြလျက်ရှိသည်။[50]

စစ်ဘေးရှောင်ရွာသားများသည် ၎င်းတို့ထွက်ပြေးချိန်တွင် အစားအစာများကို ယူသွားနိုင်ခြင်းမရှိသည့်အပြင် မြန်မာစစ်တပ်၏အဆက်မပြတ်တိုက်ခိုက်မှုနှင့် လုံခြုံရေးအန္တရာယ်များကြောင့်[51] ၎င်းတို့၏ကျေးရွာများသို့ ပြန်လာနိုင်ခြင်းလည်းမရှိပါ။ ထိုအခြေအနေက ရွာသားများအား အစားအသောက်နှင့် အခြားအခြေခံလိုအပ်သည့် အရာများ ရယူနိုင်စွမ်းကိုလည်း လျော့ကျစေသည်။ အချို့စစ်ဘေးရှောင်အမျိုးသမီးများသည် အစားအစာနှင့် အခြားအခြေခံလိုအပ်ချက်များရရှိရန် ၎င်းတို့၏နေအိမ်များနှင့်တိရစ္ဆာန်များအား စစ်ဆေးရန်အတွက် ကျေးရွာသို့ အန္တရာယ်ရှိသည့်ကြားကပင် ကြောက်ရွံ့မှုဖြင့်ပြန်လာကြသည်။ နော်အဖ--- ရှင်းပြသကဲ့သို့ *“စပြီး ရွှေ့ပြောင်းတိမ်းရှောင်နေရတုန်းကတော့ ကျွန်မတို့ဘာမှမယူသွားနိုင်ဘူး။ ကျွန်မတို့ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ပဲပြေးကြတယ်။ နေတာကြာလာတာနဲ့ ကျွန်မတို့ရဲ့နိုင်ငံကော်သူးလေဖက်က ကျွန်မတို့ကိုပြန်ပြီး ဆန်တွေပြန်ယူဖို့ပြောတယ်။ ကျွန်မတို့လည်း ဆန်တွေကို ရွာကနေကြောက်ကြောက်နဲ့ မြန်မြန်ဆန်ဆန်ပဲ သွားယူကြတယ်။ ဗမာစစ်သားတွေတွေ့မှာကို ကြောက်ကြောက်နဲ့သွားယူရတာဆိုတော့ နည်းနည်းပဲယူလာနိုင်ခဲ့တယ်။”*

ကရင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်ရွာသားများသည် သောက်သုံးရေအား မြစ်များနှင့် ၎င်းတို့နေရပ်စွန့်ခွာတိမ်းရှောင်သည့်နေရာများ၏အနီးအနားတွင်ရှိသော ရေတွင်းများမှရရှိသည်။ သို့သော်လည်း စစ်ဘေးရှောင်အမျိုးသမီးများမှ မြစ်များနှင့် ရေတွင်းများအနီးအနားတွင် စစ်ဘေးရှောင်နေထိုင်ကြသော်လည်း သောက်သုံးရေမရှိကြောင်း တင်ပြခဲ့ကြသည်။ နွေရာသီတွင် ရေတွင်းရှိရေများခမ်းခြောက်နိုင်ပြီး ရေရှားပါးပြတ်လပ်မှု ဖြစ်စေသည်။ နော်အဖ--- က ဤသို့ရှင်းပြခဲ့သည်။ *“တောထဲမှာနေရတဲ့အခြေအနေက ရွာထဲမှာနေရတာနဲ့မတူဘူး။ ဒီမှာက နွေရာသီဆိုရင် ရေမလုံလောက်တော့ဘူး။ ရေရဖို့ အရမ်းခက်တယ်။ ဒါက ကျွန်မတို့အတွက် အဓိကပြဿနာတစ်ခုပဲ။ […] ကျွန်မတို့မှာ ရေတွင်းလည်းရှိတယ်။ ဒါပေမယ့် တနွေလုံးမခံဘူး။”* ဘားအံခရိုင်တွင် နေရပ်စွန့်ခွာတိမ်းရှောင်နေရသူ မအဂ--- က အလားတူ အခြေအနေကို တင်ပြခဲ့သည်။ *“ကျွန်မတို့မှာ လုံလောက်*

---

50 KHRG မှ ၂၀၂၅ ခုနှစ်၊ မေလတွင် ထုတ်ဝေသော “ဆာလောင်မှုအား တွန်းလှန်ခြင်း - နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်သူလူထုများ၏အသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာစုဆောင်းမှုစနစ်များကို စနစ်တကျဖျက်ဆီးခြင်း (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လမှ ဒီဇင်ဘာလအထိ)”၊ စာမျက်နှာ ၈-၉ တွင် ကြည့်ပါ။

51 KHRG မှ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော “အသက်အန္တရာယ်ဖြစ်စေသော ဆုံတွေ့မှုများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လက်နက်ကိုင်တပ်ဖွဲ့များမှ အရပ်သားများအား သတ်ဖြတ်ခြင်း (၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၃ ခုနှစ်၊ ဧပြီလ)”၊ စာမျက်နှာ ၅၊ နှင့် ၂၀၂၄ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော “Taw Oo District Incident Report: SAC soldiers tortured and killed a 68-year-old villager in Htaw Ta Htoo Township (March 2024)” တွင် ကြည့်ပါ။

*တဲ့ ရေမရှိဘူး။ ရေတွင်းလည်း ရေခမ်းတယ်။"* မြစ်ချောင်းမှ ရေများသည်လည်း မိုးရာသီတွင် ညစ်ညမ်းတတ်ပြီး အမျိုးသမီးများနှင့်ကလေးများအတွက် ကျန်းမာရေးအန္တရာယ် ကြုံတွေ့စေနိုင်သည်။ ရေအရည်အသွေးမကောင်းမှုကြောင့် ကြုံတွေ့ရသည့်ကျန်းမာရေးပြဿနာများကို အခန်း ၄ တွင် ဖော်ပြထားပါသည်။






ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ခလယ်လွီထူခရိုင်၊ လယ်ဒို (ကျောက်ကြီး)မြို့နယ်၊ နို့ဂေါ်ကျေးရွာအုပ်စု၊ ဘဇ--- ကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) စစ်သားများမှ လယ်ဒိုမြို့နယ်၊ နံ့သာကွင်းမြို့ရှိ မြန်မာစစ်တပ်ရဲစခန်းတစ်ခုကို တိုက်ခိုက်ခဲ့ပါသည်။ ထိုကဲ့သို့ တိုက်ခိုက်မှုကြောင့် KNLA စစ်သားများနှင့် မြန်မာစစ်တပ်စစ်သားများကြားတိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲဖြစ်ပွားသည့်အချိန်တွင် မြန်မာစစ်တပ်၏တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များသည် လယ်ဒိုမြို့နယ်အတွင်းသို့ နေ့စဉ်နီးပါး လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ ဤကဲ့သို့သောတိုက်ပွဲများနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် နံ့သာကွင်းမြို့ရှိ အိမ်ခြေ ၅၇၀ ဝန်းကျင်ခန့်ရှိ ရွာသား ၂,၃၀၀ ကျော်တို့မှာ ၎င်းတို့၏နေအိမ်များမှစစ်ဘေးရှောင်ခဲ့ကြပါသည်။ မြို့ထဲမှ ရွာသားအချို့သည် ဘဇ--- ကျေးရွာသို့ထွက်ပြေးခဲ့ကြပါသည်။ ပထမပုံတွင် နံ့သာကွင်းမြို့မှစစ်ဘေးရှောင်အမျိုးသမီးတစ်ဦးသည် ဘဇ---ကျေးရွာရှိ ၎င်းတို့၏စစ်ဘေးရှောင်သည့်နေရာအနီးတွင်ရှိသောရေတွင်းတစ်တွင်း၌ ရေခပ်ယူနေသောပုံကိုဖော်ပြထားပါသည်။ နွေရာသီတွင် ရေတွင်းသည် ခြောက်သွေ့ကုန်ပါသည်။ ဒုတိယပုံတွင် စစ်ဘေးရှောင်အမျိုးသမီးတစ်စုနှင့် ကလေးသူငယ်များတစ်ဦးနှင့်တစ်ဦးထမင်းဟင်းဝေမျှနေသောပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*

စစ်ဘေးရှောင်အမျိုးသမီးများသည် ရိက္ခာပြတ်လပ်မှုနှင့်ကြုံရသည့်အချိန်တွင် အစားအစာနှင့်သစ်သီးဝလံများအား တောထဲတွင်ရှာဖွေစားသောက်လေ့ရှိသည်။ သို့သော်လည်း အခန်း ၂ တွင် ဆွေးနွေးခဲ့သည့်အတိုင်း မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သောစစ်လက်နက်အကြွင်းအကျန်များရှိနေခြင်းက ကြီးမားသည့်လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ၎င်းတို့ တောထဲတွင်အစာရှာထွက်ရန်အတွက် အတားအဆီးတစ်ခုလည်းဖြစ်သည်။ ဥပမာအားဖြင့် ၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ဒူးပလာယာခရိုင်၌ စစ်ဘေးရှောင်အမျိုးသမီးတစ်ဦးဖြစ်သော နော်န--- သည် သူမ၏မိသားစုစားဝတ်နေရေးနှင့် ကလေး (၇) ဦးအားကျွေးမွေးရန်အတွက် ကျေးရွာအနီးရှိသစ်တောထဲတွင် သစ်အယ်သီးသွားကောက်ရန် သွားခဲ့သည်။ ထိုအသီးများအားကောက်ယူနေစဉ် မြေမြှုပ်မိုင်းနင်းမိပြီး သူမ၏ခြေထောက်နှစ်ဖက်လုံး ဒဏ်ရာပြင်းထန်စွာရကာ ဘယ်ဖက်ခြေထောက်ဖြတ်တောက်ခဲ့ရသည်။ သူမအား ထိုင်းနိုင်ငံရှိ ဘခ--- ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ဆေးကုသမှုခံယူခဲ့သည်။ ဒေသတွင်းအဖွဲ့အစည်းများက သူမအတွက်ဆေးကုသစရိတ်ကို ပေးချေခဲ့သည်။ မည်သည့်လက်နက်ကိုင်အဖွဲ့က ထိုမြေမြှုပ်မိုင်းထောင်ထားခဲ့သည်ကိုရွာသားများမသိပါ။ ထိုအဖြစ်အပျက်ပြီးနောက်တွင် သူမ၏သမီးတစ်ဦးမှာ မိခင်ဖြစ်သူနှင့် မောင်ငယ်ညီမငယ်များအား ကြည့်ရှုစောင့်ရှောက်ရန် ကျောင်းထွက်ခဲ့ရသည်။ စစ်ဘေးရှောင်ရွာသားများသည် တစ်ခါတရံတွင် မြေမြှုပ်မိုင်းများရှိသည်ကိုသိသော်လည်း တောထဲတွင် အစားအစာရှာဖွေရန်အတွက် ထိုနေရာများသို့သွားရန်မှတစ်ပါး အခြားရွေးချယ်စရာမရှိပါ။

စစ်ဘေးရှောင်ရွာသားများသည် တစ်ခါတရံအစားအစာများနှင့် ပစ္စည်းများဝယ်ယူရန် မြို့ပေါ်သို့သွားကြရသည်။ အခန်း ၂ တွင် ဆွေးနွေးထားသကဲ့သို့ မြန်မာစစ်တပ်၏စစ်ဆေးရေးဂိတ်များရှိခြင်းနှင့် တိုက်ပွဲများကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပွားသည့်အတွက် စစ်ဘေးရှောင်ရွာသားများသည် ၎င်းတို့လိုအပ်သည်များကို မြို့ပေါ်သို့သွားပြီး လွတ်လပ်စွာဝယ်ယူနိုင်ခြင်းမရှိပါ။ အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်များသည် မြန်မာစစ်တပ်၏စစ်ဆေးရေးဂိတ်များအား ဖြတ်သန်းသွားလာသည့်အချိန်တွင် အဓမ္မဖမ်းဆီးထိန်းသိမ်းခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား ခံစားရနိုင်ချေမြင့်မားသည်။[52] တောအူးခရိုင်တွင် စစ်ဘေးရှောင်နေရသူ နော်မ--- က *"ကျွန်မတို့အနေနဲ့ စစ်ဆေးရေးဂိတ်တွေကိုဖြတ်တဲ့အခါ စိုးရိမ်မှုရှိတယ်။ ကျွန်မတို့ရွာသားတွေနဲ့ ဆိုင်ကယ်တွေအဖမ်းဆီးခံရတဲ့အကြောင်းကြားတယ်။ တစ်ခါတလေ ကျွန်မအိမ်ကိုမပြန်ရဲဘူး။ တစ်ခါတလေရွာသား တွေက အမျိုးသမီးဖြစ်လို့အဖမ်းခံရတာလည်းရှိတယ်။ ကျွန်မက မှတ်ပုံတင်လည်းမလဲရသေးဘူး။ ဒါကြောင့် ကျွန်မနည်းနည်းစိုးရိမ်တယ်။"* ဤအခြေအနေတွင် အမျိုးသမီးအများအပြားသည် မြန်မာစစ်တပ်စစ်သားများ၏စစ်ဆေးရေးဂိတ်များတွင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုနှင့် အကြမ်းဖက်မှုများအား ခံစားရနိုင်ချေရှိသည်ဟု စိုးရိမ်ပူပန်ကြသည့်အတွက် စစ်ဘေးရှောင်အမျိုးသမီးများအနေဖြင့် နေ့စဉ်စားဝတ်နေရေးအင်နအတာများကို ဆောင်ရွက်နိုင်ရန်ခက်ခဲသော်လည်း အမျိုးသားများအနေနှင့် တော်လှန်ရေးစစ်သားအဖြစ်စွပ်စွဲဖမ်းဆီးမည်စိုးသည့်အတွက် သွားလာရန်ကြောက်ရွံ့သဖြင့် အမျိုးသမီးများက စွန့်စားလုပ်ဆောင်ကြရသည်။

### (ခ) ခိုလှုံရန်နေရာမရှိခြင်းနှင့် လူနေမှုအခြေအနေဆိုးရွားမှုများ

အင်တာဗျူးဖြေဆိုသူအမျိုးသမီးလေးပုံသုံးပုံက နေစရာအိမ်ရရှိရန်အခက်အခဲနှင့် လူနေမှုအခြေအနေဆိုးရွားခြင်းများနှင့်ဆိုင်သည့် ၎င်းတို့ကြုံတွေ့ရသောအခက်အခဲများကို တင်ပြခဲ့သည်။ ထိုအခြေအနေက ၎င်းတို့၏စားဝတ်နေရေးကို ပိုမိုခက်ခဲစေသည်။ သစ်တောများနှင့် ဂူများအတွင်း ထွက်ပြေးတိမ်းရှောင်နေရသူများသည် မြေပြင်ပေါ်တွင်အိပ်ကြရပြီး ၎င်းတို့တွင် အမိုးအကာမရှိပါ။ ဘိတ်-ထားဝယ်ခရိုင်မှ မက--- က ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်မတို့ တောထဲမှာ နှစ်လနေခဲ့တယ်။ ကျွန်မတို့ မြေကြီးပေါ်မှာပဲနေပြီး မြေကြီးပေါ်မှာပဲစားတယ်။ မိုးရွာရင်တောင်မှ တာလပတ်အဟောင်းနဲ့ မိုးပြီးမြေကြီးပေါ်မှာပဲနေကြတယ်။ မိုးရွာရင် အနည်းဆုံး ငါးရက်လောက် မရပ်မနားရွာတယ်။ […] ကျွန်မတို့ထွက်ပြေးတဲ့အဖွဲ့မှာ အားလုံး လူ ၅၀ လောက်ရှိတယ်။ တစ်နေရာထဲမှာ လူအများကြီးနဲ့လည်းစုပြီးမနေရဲဘူး။ ဒါကြောင့် ကျွန်မတို့တစ်နေရာစီခွဲပြီး ပြေးကြတယ်။ ဘာကြောင့်လည်းဆိုတော့ တစ်နေရာထဲမှာ လူတွေအများကြီးစုနေရင် ကျွန်မတို့အတွက် ပိုပြီးအန္တရာယ်ရှိနိုင်တယ်။"* မြေပြင်ပေါ်တွင် အမိုးအကာကောင်းစွာမရှိပဲနေထိုင်ရခြင်းက စစ်ဘေးရှောင်အမျိုးသမီးများအတွက် ၎င်းတို့၏အိမ်အလုပ်များလုပ်ကိုင်ရန်ခက်ခဲစေသည်။ တောအူးခရိုင်မှ စစ်ဘေးရှောင်နေရသူ နော်အဟ--- က ဤသို့တင်ပြခဲ့သည်။ *"အဲ့ဒီ [ဂူထဲမှာ] နေရတာမကြိုက်ဘူး။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီမှာနေရတာအဆင်မပြေဘူး။ ကျွန်မတို့ ကြမ်းပေါ်မှာ တာလပတ်ခင်းပြီး အဲ့ဒီလိုပဲအိပ်ကြတယ်။ တာလပတ်ပေါ်မှာအိပ်ရတာအရမ်းအေးတယ်။ အထူးသဖြင့် ဂူထဲမှာဆိုတော့ ပိုအေးတယ်။ ဂူထဲမှာ ထမင်းချက်စားရတာလည်းမလွယ်ဘူး။"*

ဆွေမျိုးသားချင်းမရှိသော အခြားရွာများ သို့မဟုတ် မြို့များသို့ထွက်ပြေးတိမ်းရှောင်ကြသူများအနေနှင့် အခြားသူများ၏နေအိမ်များကို ငှားရမ်းနေထိုင်ကြရသည်။ တောအူးခရိုင်တွင် စစ်ဘေးရှောင်နေရသူ နော်စ--- က ဤသို့တင်ပြခဲ့သည်။ *"တချို့စစ်ဘေးရှောင်နေရသူတွေက တဲမရှိတော့ တခြားရွာသားတွေရဲ့တဲကိုငှားနေကြတယ်။"* တစ်ခါတရံတွင် စစ်ဘေးရှောင်ရွာသားများအတွက် နေထိုင်စရာနေရာများကို ရေရှည်ငှားရမ်းနေထိုင်ရန်မှာ အထူးသဖြင့်မြို့များတွင်မလွယ်ကူပေ။ ထို့ကြောင့် ၎င်းတို့အနေနှင့် နေထိုင်ရန်ရှာဖွေရခြင်းက အချိန်ကုန်ငွေခမ်းဖြစ်ပြီး အတည်တကျမရှိသောအခြေအနေကိုဖြစ်ပေါ်စေသည်။ မူတြော်ခရိုင်တွင် စစ်ဘေးရှောင်နေရသူ ဒေါ်

---

52 KHRG မှ ထုတ်ဝေသော "မျက်ကွယ်ပြုခံရသော နာကျင်ခံစားမှုများ" စာမျက်နှာ ၁၂ တွင် ကြည့်ပါ။

အစျ--- က ဤသို့တင်ပြခဲ့သည်။ *“ကျွန်မ ကမမောင်း[မြို့]မှာနေတုန်းက သူတို့ [အခြားအမျိုးသမီးများ] မှာ နေစရာအိမ်မရှိဘူး။ ဒါ့အပြင် သူတို့အနေနဲ့ အိမ်ငှားဖို့ ဒါမှမဟုတ် တိုင်တွေဝယ်ဖို့အခက်အခဲရှိတယ်။ ဝါးတစ်ချောင်းကို ၂,၀၀၀ ကျပ် ကျတယ်။ ဒါကြောင့် သူတို့က အိမ်ငှားနေပြီး တလ ၃၀,၀၀၀ ကျပ် ပေးရတယ်။ ဒါပေမယ့် အိမ်ပိုင်ရှင်က သူတို့ကိုထွက်သွားခိုင်းတယ်။ လူတစ်ယောက်က အိမ်အသစ်တစ်လုံးကို တစ်ကြိမ်ပြီးတစ်ကြိမ် လေးခါတောင်ရှာခဲ့ရတယ်။ ကျွန်မက ဒီအခက်အခဲတွေကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသလို မျက်မြင်လည်းတွေ့ခဲ့ရတယ်။”*





ဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ အလူးကျေးရွာအုပ်စုရှိ တောထဲတွင်ရိုက်ယူခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ ညနေ ၂ နာရီဝန်းကျင်ခန့်တွင် မြန်မာစစ်တပ်မှ ၁၂၀ မမ လက်နက်ကြီးများအား အလူးကျေးရွာအုပ်စုရှိ ဘမ--- ကျေးရွာအပါအဝင် ကျေးရွာများသို့ပစ်ချခဲ့ပါသည်။ ပစ်ချလိုက်သောလက်နက်ကြီးအချို့သည် ဘမ--- ကျေးရွာထဲသို့ ကျရောက်ပေါက်ကွဲသွားခဲ့သဖြင့် ရွာသားနှစ်ဦးသေဆုံးသွားခဲ့ပြီး တစ်ဦးဒဏ်ရာရရှိ သွားခဲ့ပါသည်။ လက်နက်ကြီးပစ်ခတ်ချိန်၌ ထိုနေရာတွင် မည်သည့်တိုက်ပွဲမှ ဖြစ်ပွားခြင်းမရှိခဲ့ပါ။ ဤကဲ့သို့ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် အလူးကျေးရွာအုပ်စုတွင်ရှိသော ကျေးရွာဆယ်ရွာမှ ရွာသားအားလုံးနီးပါး ၎င်းတို့၏ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ အချို့ရွာသားများသည် အနီးအနားရှိ တောထဲသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး အချို့သူများသည် ဘုန်းကြီးကျောင်းနှင့် ၎င်းတို့၏ရာဘာခြံထဲသို့ ထွက်ပြေးခဲ့ကြပါသည်။ ၎င်းတို့သည် စစ်ဘေးရှောင်နေရာများတွင် အစားအစာနှင့်ဆေးဝါးများ လုံလောက်စွာမရှိသဖြင့် အခက်အခဲများကို ကြုံတွေ့နေကြရပါသည်။ ဤဓာတ်ပုံများတွင် စစ်ဘေးရှောင်အမျိုးသမီးတစ်ဦး (ဘယ်ဘက်) ထမင်းချက်နေသည့်ပုံနှင့် ၎င်းတို့ထွက်ပြေးတိမ်းရှောင်နေရသည့် တောထဲရှိမြေပြင်ပေါ်တွင် (ညာဘက်) အိပ်နေရသောပုံတို့ကို ဖော်ပြထားပါသည်။ စစ်ဘေးရှောင်နေရာများတွင် နေရာထိုင်ခင်းကောင်းမွန်စွာမရှိခြင်းသည် ပုံမှန်ပင်ဖြစ်နေပါသည်။ *(ဓာတ်ပုံများ- ဒေသခံရွာသား)*

အသိအမှတ်ပြုမှုအချို့ရှိသည့်စစ်ဘေးရှောင်စခန်းများသို့ထွက်ပြေးနေထိုင်ရသောရွာသားများအတွက် အကူအညီပေးမှုများကို ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့ (KERT)[53] က ၎င်းတို့နေရာထိုင်ခင်းဆောက်လုပ်နိုင်ရန် တာလပတ်များနှင့်ဝါးများ ကူညီပေးကြသည်။ သို့သော်လည်း တာလပတ်၊ ဝါးတို့နှင့်ဆောက်ထားသောအိမ်များမှာ ရေရှည်နေနိုင်ရန်အတွက် ခိုင်မာမှုမရှိပေ။ ဒူးပလာယာခရိုင်မှ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်နေထိုင်သည့် နေရာတစ်ခုတွင် စစ်ဘေးရှောင်နေရသည့် နော်အ--- က အခက်အခဲများကို ဤသို့ရှင်းပြခဲ့သည်။ *“ကျွန်မတို့ တွေ တာလပတ်၊ သစ်သားနဲ့ ဝါးတွေရတယ်။ […] တချို့ရွာသားတွေက သစ်သားနဲ့ ဝါးတချို့ဝယ်ရတယ်။ သူတို့ [အဖွဲ့အစည်းတွေ] က တဲအိမ်ကြီးတွေဆောက်နိုင်ဖို့လောက်အထိ အကူအညီမပေးနိုင်ဘူး။ ကျွန်မတို့ တချို့ပစ္စည်း*

[53] ၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်အချိန်မှစ၍ ဒေသတွင်းအကူအညီပေးခြင်းများကို ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့ (KERT) ၏ကွန်ယက်ညှိနှိုင်းမှုဖြင့်ပြုလုပ်ခဲ့သည်။ KERT သည် မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသတွင်လည်ပတ်နေသော အဓိကဒေသတွင်းကရင် CSO/CBO များဖြင့်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

*တွေဝယ်ရတယ်။ ကျွန်မကတော့ ကျွန်မတဲကိုချဲ့ဆောက်ဖို့ ဝါးနည်းနည်းဝယ်တယ်။ ဘာလို့လဲ ဆိုတော့ ကျွန်မကလေးတွေပြန်လာရင် လူတွေအများကြီး ဖြစ်နေလိမ့်မယ်။ […] ကျွန်မတို့အိမ်ပျက်သွားရင် အိမ်ကို ဝါးနဲ့ပြန်ပြင်ဆောက်မယ်။"*

စစ်ဘေးရှောင်စခန်းများတွင် စစ်ဘေးရှောင်နေရသည့်ရွာသားများအနေနှင့် ၎င်းတို့နေစရာအတွက် တစ်ခါတရံ တောထဲမှ ဝါးများကိုရရှိနိုင်သော်လည်း သစ်တောထဲသို့သွားသည့်အခါ သယ်ယူပို့ဆောင်ရေးအတွက် ကားငှားရသဖြင့် ၎င်းတို့အတွက် နောက်ထပ်ငွေကြေးအခက်အခဲတစ်ခုဖြစ်စေသည်။ ဒူးပလာယာခရိုင်တွင်းရှိ စစ်ဘေးရှောင်စခန်းတစ်ခုတွင် စစ်ဘေးရှောင်နေရသော နော်လ--- က ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်မဒီမှာနေတဲ့အခါ ကိုယ့်ရွာမဟုတ်တဲ့အတွက် အခက်အခဲတွေအများကြီး ကြုံရတယ်။ ကျွန်မတို့အနေနဲ့ နေစရာရဖို့ ဝါးတွေခုတ်ရတယ်။ ဒါပေမယ့် ဒီမှာတော့ ဝါးခုတ်ခွင့်မပေးဘူး။ […] ဝါးခုတ်လို့ရတဲ့နေရာရောက်ဖို့ ထော်လာဂျီနဲ့ သွားရင် တစ်နာရီလောက်သွားရတယ်။ ကျွန်မတို့အနေနဲ့ အဲ့ဒီကိုသွားဖို့နဲ့ ဝါးတွေသယ်ဖို့အတွက် ထော်လာဂျီ ဒါမှမဟုတ် ကားငှားရတယ်။ […] ကျွန်မတို့ရဲ့နေရာတွေကို ဝါးနဲ့ဆောက်တာဆိုတော့ အဲ့ဒါပျက်စီးသွားရင် နောက်ထပ်တစ်နေရာကို ရွှေ့ရတယ်။ ဒါကြောင့် ကျွန်မတို့ နေရာထိုင်ခင်းအတွက် ဝါးခဏခဏခုတ်ရတယ်။"* စစ်ဘေးရှောင်စခန်းများသည် နေရာထိုင်ခင်းများဆောက်လုပ်ရန် သို့မဟုတ် ပြုပြင်ရန်အတွက် နည်းပညာမပေးပါ။ ကရင်ပြည်နယ်ရှိ အမျိုးသမီးများသည်လည်း ဆောက်လုပ်ရေးအတတ်ပညာကို သင်ယူထားခြင်းမရှိပါ။ ထို့အတွက်နေရာထိုင်ခင်းဆောက်လုပ်ပြင်ဆင်ရန် ၎င်းတို့အနေနှင့် အမျိုးသားများထံတွင် အကူအညီတောင်း ခံကြရသည်။ နော်အ--- က ဤသို့ထပ်မံဖြည့်စွက်ခဲ့သည်။ *"ကျွန်မအိမ်ကို ကြည့်လိုက်တဲ့အခါမှာ တကယ်လို့ အမျိုးသားတွေသာရှိမယ်ဆိုရင် သူတို့ကူညီပြီး ပြင်ပေးနိုင်လိမ့်မယ်လို့ တွေးမိတယ်။ ဒါပေမယ့် ကျွန်မတို့က အမျိုးသမီးတွေဖြစ်တော့ အိမ်မပြင်တတ်ဘူး။"*

### (ဂ) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအား လက်လှမ်းမမီနိုင်မှုမရှိခြင်း- ကူညီထောက်ပံ့ရေးလုပ်သားများအား အကြမ်းဖက်ခြင်းနှင့် လုံလောက်မှုမရှိသောအကူအညီများ

ကရင်ပြည်နယ်ရှိ စစ်ဘေးရှောင်အများစုသည် ၎င်းတို့၏စားဝတ်နေရေးအခက်အခဲကို အမှီအခိုကင်းစွာ အကောင်းဆုံးကြိုးစားဖြေရှင်းကြသော်လည်း အများစုမှာ နယ်စပ်ဖြတ်ကျော်အကူအညီများမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်နေသေးသည်။ ရွာသားများထွက်ပြေးတိမ်းရှောင်သည့် နေရာအပေါ်မူတည်ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီအမျိုးအစားနှင့် ရရှိနိုင်မှုများ အလွန်ကွာခြားမှုရှိနိုင်သည်။ စစ်ဘေးရှောင်နေရသူအများစုမှာ ၎င်းတို့အနေနှင့် ပို၍လုံခြုံမှုရှိသည်ဟု ခံစားရသည့်နေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး အချို့က အခြားကျေးရွာများ သို့မဟုတ် မြို့ပေါ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြကာ အချို့မှာ သစ်တောများ၊ ဂူများနှင့် အသိအမှတ်ပြုမှုအချို့ရှိသည့် စစ်ဘေးရှောင်နေရာများ အထူးသဖြင့် ထိုင်း-မြန်မာနယ်စပ်ရှိ ဒူးပလာယာနှင့် ဘားအံခရိုင်များရှိ ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သည့်စခန်းများသို့ ထွက်ပြေးကြသည်။

KHRG မှ တွေ့ဆုံမေးမြန်းခဲ့သည့်အမျိုးသမီးများ၏တင်ပြချက်အရ သစ်တောနှင့် ဂူများသို့ သွားရောက်ရာတွင် ခရီးသွားလာရန်လုံခြုံရေးမြင့်မားသည့်အတွက် ထိုကဲ့သို့သောနေရာများတွင် ထွက်ပြေးတိမ်းရှောင်နေကြသူများသည် လူသားချင်းစာနာထောက်ထားမှုအကူအညီများရရှိလေ့မရှိပါ။ ဒေသတွင်း လူသားချင်းစာနာမထောက်ထားမှုအကူအညီပေးသည့်အဖွဲ့အစည်းများမှ သစ်တောများအတွင်း နေရပ်စွန့်ခွာတိမ်းရှောင်နေရသူများအားအကူအညီပေးရန် ကြိုးပမ်းသော်လည်း လိုအပ်ချက်များရှိနေတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝေးလံသည့်သစ်တောများထဲသို့သွားရောက်ရန်မှာ ထွက်ပြေးတိမ်းရှောင်သူများ မည်သည့်နေရာများတွင်ရှိသည်ကိုမသိရသောကြောင့်ဖြစ်ပါသည်။ တဆက်တည်းမှာပင် မြန်မာစစ်တပ်သည် ၎င်းတို့၏စစ်တပ်စခန်းများအနီးအနား

တွင် စစ်ဆေးရေးဂိတ်များထားရှိခြင်းနှင့် အကူအညီပေးသူများအားပစ်မှတ်ထားဖမ်းဆီးလေ့ရှိသဖြင့် လူသားချင်းစာနာထောက်ထားမှုပေးသောဝန်ထမ်းများအတွက် ထိုနေရာများသို့သွားရောက်ရန်မှာ အလွန်အန္တရာယ်များပါသည်။




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ကတဲတီကျေး ရွာအုပ်စု၊ ဘန--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် ဒွဲ့လိုးမြို့နယ်၌ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် မြန်မာစစ်တပ်တို့ကြား တိုက်ပွဲ ဖြစ်ပွားခဲ့သဖြင့် ဒေသခံရွာသားများ ၎င်းတို့၏ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် KNLA မှ ဒွဲ့လိုးမြို့နယ်ရှိ မြန်မာစစ်တပ်စခန်းသုံးလုံးကို သိမ်းပိုက်ခဲ့ပါသည်။ ကတဲတီကျေးရွာအုပ်စု၊ ဘဝ--- ကျေးရွာမှ အချို့ သောရွာသားများသည် ဘန--- ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ဤပုံတွင် စစ်ဘေးရှောင်အမျိုးသမီးများနှင့် ကလေးသူငယ်များသည် ပြည်သူ့ကာကွယ်ရေးတပ် (PDF) နှင့် ဘာသာရေးအဖွဲ့အစည်းတစ်ဖွဲ့ထံမှ အစားအစာအထောက်အပံ့များ ဖြစ်သည့် ဆန်၊ ဆား၊ ခေါက်ဆွဲနှင့် ဆီများကိုရယူနေကြသောပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*

အချို့နေရပ်စွန့်ခွာတိမ်းရှောင်သူများအနေနှင့် အကူအညီများရရှိသော်လည်း လုံလောက်မှုမရှိကြောင်း အင်တာဗျူးဖြေဆိုသူများကတင်ပြခဲ့ကြသည်။ တောအူးခရိုင်တွင် စစ်ဘေးရှောင်နေရသော နော်ဝ--- က ဤသို့ရှင်းပြခဲ့သည်။ *“ဒီကိုလာပြီး နေစရာအတွက် တာလပတ်၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ဆပ်ပြာ၊ အိမ်ထောင်စုအတွက်အစားအစာဖြစ်တဲ့ ဆန်၊ ဆီအပြင် ငွေကြေးတချို့အကူအညီပေးတဲ့အဖွဲ့အစည်းအများကြီးရှိတယ်။ [...] ဒါပေမယ့် ဒီအကူအညီတွေက မလုံလောက်ဘူး။ ကျွန်မတို့ကိုယ်တိုင်လည်းရုန်းကန်ရတယ်။”* စစ်ဘေးရှောင်အမျိုးသမီးများ အထူးသဖြင့် အသိအမှတ်ပြုမှုအချို့ရှိသည့်စစ်ဘေးရှောင်စခန်းများတွင်နေထိုင်သူများကလည်း ၎င်းတို့အနေနှင့် အကူအညီများပုံမှန်မရကြောင်း တင်ပြခဲ့သည်။ ဒူးပလာယာခရိုင်ရှိ ပြည်တွင်းစစ်ဘေးရှောင်စခန်းတစ်ခုတွင်နေထိုင်သော နော်လ--- က ဤသို့ပြောခဲ့သည်။ *“ကျွန်မတို့အကူအညီမရတာ နှစ်လရှိပြီ။ ဆား၊ အချိုမှုန့်၊ ဆန်တွေ မရတော့ဘူး။”* သူမကထပ်မံ၍ *“အရင်ကဆိုရင် ကျွန်မတို့နေရာထိုင်ခင်းဆောက်ဖို့အတွက် အကူအညီတွေရပေမယ့် အခုတော့ ကျွန်မတို့ဒီမှာနေတာလည်းကြာပြီဖြစ်တဲ့အတွက် မရတော့တာဖြစ်မယ်လို့ ကျွန်မထင်တယ်။ ဒီမှာနေတာကြာလာလေလေ အကူအညီရရှိမှုပိုမိုနည်းပါးလာလေလေပဲ။ အစပိုင်းတုန်းကတော့ ကျွန်မတို့တွေ အကူအညီတွေရတယ်။ ကျွန်မ ဒီမှာနေတာ နှစ်အနည်းငယ်ရှိနေပြီ။”* ဒူးပလာယာခရိုင်ရှိ ပြည်တွင်းစစ်ဘေးရှောင်စခန်းတစ်ခုတွင် စစ်ဘေးရှောင်နေရသည့် နန်းဘ--- က ဤသို့တင်ပြခဲ့သည်။ *“အကူအညီပေးတဲ့သူတွေရှိတယ်။ ဒါပေမယ့် ပုံမှန်တော့မဟုတ်ဘူး။ တစ်ခါတလေ အကူအညီတွေရောက်ပေမယ့် တစ်ခါတလေတော့ မရောက်ဘူး။ ကျွန်မတို့ အကူအညီရတိုင်း ခေါင်းဆောင်တွေက အညီအမျှပြန်ခွဲဝေပေးတယ်။ သူတို့တွေ ကျွန်မတို့ကိုကူညီကြပေမယ့် ကျွန်မတို့အနေနဲ့ သူတို့အပေါ်အမြဲမှီခိုနေလို့မရဘူး။ သူတို့ဝေပေးတဲ့စားစရာတွေက ငါးရက်လောက်တော့စားရတယ်။ ဒါကြောင့် ကျန်တဲ့ရက်တွေကိုဘယ်လိုရှင်သန်ရမလဲ။ ဒါကြောင့် ကျွန်မတို့အနေနဲ့ အလုပ်ရှာရတယ်။ တိုက်ပွဲတွေကြောင့် ကျွန်မတို့အဝေးကြီးသွားပြီး အလုပ်လုပ်လို့ မရဘူး။ ဒါကြောင့် ကျွန်မတို့ ဒီမှာပြောင်းစိုက်တယ်။ ပြီးတော့ ပြောင်းချိုးတယ်။ ကျွန်မတို့နဲ့နီးတဲ့ အလုပ်တွေကိုပဲ လုပ်လို့ရတယ်။ လုံလောက်တယ်ဆိုတာတော့မရှိဘူး။”*

ဆက်လက်ဖြစ်ပွားနေသည့်ပဋိပက္ခများ၊ မြန်မာစစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် စစ်ဘေးရှောင်ရွာသားများ၏အရေအတွက်များပြားလာသည်နှင့်အမျှ လူသားချင်းစာနာထောက်ထားမှုအကူအညီများလည်း တိုး

မြင့်လာရမည်ဖြစ်သည်။ သို့သော်လည်း လက်တွေ့တွင်မူ ရွာသားအချို့မှ ထိုအကူအညီများနည်းပါးသွားကြောင်း တင်ပြခဲ့ပြီး ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်များတွင် မည်သည့်အကူအညီမှလက်ခံရရှိခြင်းမရှိတော့သဖြင့် ၎င်းတို့အတွက် စားနပ်ရိက္ခာပြတ်လပ်မှုများရင်ဆိုင်ခဲ့ရကြောင်း ပြောပြကြသည်။ ဘားအံခရိုင်တွင် စစ်ဘေးရှောင်နေရသည့် ကလေးနှစ်ဦး၏မိခင်ဖြစ်သူ နော်အဂျ--- က ဤသို့တင်ပြခဲ့သည်။ *"မကြာသေးခင်က ဒီကို လူတွေနောက်ထပ် ထွက်ပြေးလာကြတယ်။ ပထမတုန်းကတော့ သူတို့ အိမ်ထောင်စု ၁၀၀ လောက်ပဲရှိမယ်။ အခု အိမ်ထောင်စု ၃၀၀ ကျော်လောက် ရောက်လာတယ်။ အစားအသောက်ပံ့ပိုးမှုတွေက ပိုနည်းလာတယ်။ ပြီးတော့ ကျွန်မတို့တခြားသူ တွေနဲ့လည်းမျှဝေရတယ်။ လူတိုင်းဆန်ရမယ်ဆိုရင်တော့ ကျွန်မအရမ်းပျော်မိမယ်။"* စစ်ဘေးရှောင်ရွာသားများ အတွက် အစားအစာပံ့ပိုးမှုများနည်းပါးလာသဖြင့် အချို့အမျိုးသမီးများသည် ရေရှည်ရပ်တည်နိုင်ရန် ၎င်းတို့တွင် ရှိနှင့်ပြီးသော စားစရာများအားသိမ်းဆည်းရန်နည်းလမ်းများ ရှာဖွေခဲ့ကြသည်။ တောအူးခရိုင်တွင် စစ်ဘေးရှောင် နေရသူ နော်စ--- က ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်မတို့မှာ စားစရာလုံလုံလောက်လောက်မရှိဘူး။ ဒါကြောင့် ကျွန်မ တို့ ထမင်းကို စားနေကျပမာဏထက် လျှော့စားကြတယ်။ ကျွန်မတို့ အစားအစာတွေကို ရေရှည်စားနိုင်အောင် ထမင်းနည်းနည်းပဲစားတယ်။ လမ်းပိတ်ရင် အစားအစာသွားဝယ်ရတာခက်ခဲတယ်။"*

အမျိုးသမီးအချို့မှ ၎င်းတို့အနေနှင့် စစ်ဘေးရှောင်နေရသည့်ရွာသားအချို့မှာ အကူအညီများ တူညီစွာရသည်ဟု မခံစားရကြောင်း တင်ပြခဲ့သည်။ နော်စ--- က ဤသို့မျှဝေခဲ့သည်။ *"အဖွဲ့အစည်းတွေအများကြီး ကျွန်မတို့ဒေသ ထဲဝင်လာတယ်။ ဒါပေမယ့် ကျွန်မတို့ ၂၀၂၄ ခုနှစ်နဲ့ ၂၀၂၅ ခုနှစ်ကြားမှာ အကူအညီတစ်ခါပဲရတယ်။ အဟ--- မြို့မှာရှိတဲ့ ကျွန်မတို့ရဲ့စနေသင်းဘုရားကျောင်းကနေ ကျွန်မတို့ဆန်တွေရတယ်။ လူတစ်ယောက်ကို ဆန်တစ် တင်း (၂၀.၉ ကီလို) ရတယ်။ တခြားစစ်ဘေးရှောင်ရွာသားတွေလည်း အကူအညီရတယ်လို့ ကျွန်မထင်တယ်။ ဘာကြောင့်လဲဆိုတော့ မကြာသေးခင်ကပဲ မုဆိုးမတွေ အကူအညီရကြသေးတယ်။ ဒါပေမယ့် ကျွန်မအမေတော့ အဲ့ဒီအကူအညီကိုမရဘူး။ ဘာလို့သူမရတာလဲဆိုတာ ကျွန်မလည်းမသိဘူး။ ကျွန်မသိရသလောက် ကျွန်မတို့ အကူအညီ တစ်ခါလား နှစ်ခါလားပဲရသေးတယ်။ [...] တခြားအဖွဲ့အစည်းတွေလည်း အကူအညီတွေပေးတယ် လို့ကျွန်မကြားတယ်။ ဒါပေမယ့် ကျွန်မတို့တော့ သူတို့ဆီကအကူအညီမရဘူး။"*

ပြဿနာအားပိုမိုရှုပ်ထွေးစေရန် မြန်မာစစ်တပ်သည် အကူအညီပေးသည့်ဝန်ထမ်းများအတွက် ခရီးသွားလာ မှုကန့်သတ်ချက်များချမှတ်ထားပြီး ၎င်းတို့အား တိုက်ခိုက်ခြင်းများလည်း လုပ်ဆောင်ခဲ့သည့်အတွက် လူသား ချင်းစာနာထောက်ထားမှုအကူအညီပေးသည့်အဖွဲ့များသည် စစ်ဘေးဒဏ်ခံရသည့်နေရာများသို့ အလွယ်တကူ သွားရောက်နိုင်ခြင်းမရှိသည့်အပြင် ထိုသို့သွားရောက်ရန် ကြောက်ရွံ့ကြသည်။ ဖြစ်ရပ်တစ်ခုတွင် အကူအညီ ပေးသည့်ဝန်ထမ်းများအနေနှင့် မြို့ကြီးများတွင်အကူအညီပေးရန် တွန့်ဆုတ်ရသည့်အကြောင်းရင်းကို ဖော်ပြ ထားသည်။ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် မြန်မာစစ်တပ်သည် ဒူးပလာယာခရိုင်၊ ကရူတူး (ကျုံဒိုး) မြို့နယ် ရှိ ကျုံဒိုးမြို့နှင့် ကော်ဝလိုင်ကျေးရွာအုပ်စုသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သည်။ ဤကဲ့သို့လက်နက်ကြီးပစ်ခတ် တိုက်ခိုက်မှုကြောင့် ကလေးတစ်ဦးသေဆုံးခဲ့ပြီး ကလေး ၂ ဦး အပါအဝင် ရွာသား ၁၆ ဦး ဒဏ်ရာရခဲ့ကာ နေအိမ် ၃၉ လုံး ပျက်စီးခဲ့သည်။ ထိုနေ့တစ်ရက်တည်းတွင်ပင် တိုက်ပွဲနှင့် ပစ်ခတ်မှုဒဏ်ခံရသောရွာသားများအား သောက်ရေကူညီပံ့ပိုးပေးရန် ကရူတူးမြို့သို့သွားသည့် အရပ်သားတစ်ဦးအား မြန်မာစစ်တပ်မှ ပစ်သတ်ခဲ့သည်။[54] နောက်ပိုင်းတွင် အကူအညီပေးသည့်ဝန်ထမ်းများသည် ကရူတူးမြို့သို့ဝင်ရောက်ရန် တွန့်ဆုတ်နေကြသည်။ ထိုသို့တိုက်ခိုက်မှုများသည် အကြောက်တရားကိုဖြစ်ပေါ်စေခြင်းနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီ ပေးမည့်အဖွဲ့များမှ ထိခိုက်နစ်နာသူများအား အကူအညီများပေးခြင်းကို အတားအဆီးဖြစ်ပေါ်စေပါသည်။

---

[54] KHRG မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော "ဒူးပလာယာခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ကရူတူးမြို့နယ်တွင် SAC မှ ကျေးရွာအတွင်းလက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသားများသေဆုံးခြင်း၊ ဒဏ်ရာရခြင်း၊ လူနေအိမ်များထိခိုက်ပျက်စီးခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီကိုပေးဝေနေသည့်အရပ်သားတစ်ဦးကိုလည်းပစ်သတ်ခြင်း (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလနှင့် မတ်လ)" တွင် ကြည့်ပါ။

## ၃.၃။ အသက်မွေးဝမ်းကြောင်းလက်လှမ်းမီရန် ရင်ဆိုင်ဖြေရှင်းသည့်နည်းလမ်းများ

စစ်ဘေးရှောင်အမျိုးသမီးများအနေဖြင့် ၎င်းတို့ကြုံတွေ့ရသည့်စားဝတ်နေရေးအခက်အခဲများကို ဖြေရှင်းရာတွင် အစားအစာနှင့်အဝတ်အစားများ အချင်းချင်းဝေငှသုံးဆောင်ခြင်း၊ အခြေခံလိုအပ်ချက်များဝယ်ယူရရှိရန်အတွက် အခြားသူများထံမှ ငွေကြေးချေးယူခြင်းနှင့် တောတောင်များတွင် အသီးအရွက်များရှာဖွေစားသောက်ခြင်းအစရှိသော မတူညီသည့်နည်းလမ်းများကိုအသုံးပြုကြကြောင်း အင်တာဗျူးဖြေဆိုသည့်သူများ သုံးပုံနှစ်ပုံခန့်က တင်ပြခဲ့ကြသည်။

### (က) အရင်းအမြစ်များ မျှဝေပေးခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စစ်ဘေးရှောင်အမျိုးသမီးအများစုသည် စားဝတ်နေရေးဖြေရှင်းရာတွင် အသုံးပြုလေ့ရှိသောနည်းလမ်းတစ်ခုမှာ မိမိတို့၌ရှိကြသည့်အရာများကိုမျှဝေ၍ အချင်းချင်းဖေးမကူညီပေးကြခြင်းဖြစ်ပါသည်။ စစ်ဘေးရှောင်အမျိုးသမီးများသည် အထူးသဖြင့် အခြားသူများထံမှ မည်သည့်ကူညီထောက်ပံ့မှုများမရရှိကြသည့်အချိန်တွင် အစားအစာနှင့်အဝတ်အစားများကို အချင်းချင်းမျှဝေသုံးဆောင်ကြကြောင်း အင်တာဗျူးဖြေဆိုသူအများစုက ဖော်ပြခဲ့သည်။ ဘားအံခရိုင်ရှိ စစ်ဘေးရှောင်အမျိုးသမီးဖြစ်သူ နော်အသ--- ကယခုလိုပြောပြသည်။ *"အဓိကလိုအပ်တဲ့အရာက စားစရာပဲ။ ကျွန်မတို့တွေ စားစရာတွေကို အများကြီးမယူလာနိုင်ခဲ့ဘူး။ အဒေါ်တစ်ယောက်က ကျွန်မနဲ့ကျွန်မကလေးတွေကို စားစရာတွေမျှဝေပေးစားတယ်။ ကျွန်မတို့တွေ အဲဒီအဒေါ်နဲ့အတူတူစားကြတယ်။ သူ့အတွက်တော့စိတ်မကောင်းဘူး။ ဒါပေမဲ့ ကျွန်မတို့တွေ အသက်ရှင်ဖို့အတွက် စားသောက်ဖို့လိုတယ်လေ။"* မူတြော်ခရိုင်ရှိ စစ်ဘေးရှောင်အမျိုးသမီးဖြစ်သူ နော်ဒ--- ကလည်း အလားတူအခြေအနေမျိုးကို ဤသို့ရှင်းပြသည်။ *"ကျွန်မတို့တွေ အတူတကွလယ်ယာခုတ်ရှင်းပြီး လယ်အလုပ်တွေကို ဝိုင်းကူလုပ်ပေးကြတယ်။ စပါးရိတ်သိမ်းရမယ့်အချိန်ရောက်တော့ အချင်းချင်းဝိုင်းကူရိတ် သိမ်းပေးကြတယ်။ ပြီးရင်ရလာတဲ့ဆန်စပါးတွေကို အချင်းချင်းမျှဝေစားသောက်ကြတယ်။"* ဘိတ်-ထားဝယ်ခရိုင်ရှိ စစ်ဘေးရှောင်အမျိုးသမီးဖြစ်သူ မက--- လည်း ယခုလိုတင်ပြသည်။ *"ဆောင်းရာသီမှာ အရမ်းအေးတယ်။ ကလေးတွေလည်း အနွေးထည်မရှိကြဘူး။ သူတို့မိဘတွေက သူတို့အတွက် အနွေးထည်တွေ၊ ဘောင်းဘီရှည်တွေ မဝယ်ပေးနိုင်ကြဘူးလေ။ ပြီးတော့ သူတို့အိပ်ဖို့အတွက် စောင်တွေလည်းအလုံအလောက်မရှိကြဘူး။ ကျွန်မတို့တွေ ဒီနေရာကို ရောက်လာတဲ့အချိန်မှာ ကျွန်မရဲ့မိသားစုထဲမှာ လူနှစ်ယောက်ဆိုရင် စောင်တစ်ထည်ပဲသုံး ကြတယ်။ တချို့ဆိုရင် ဖျာတောင်မရှိဘူး။ တချို့မိသားစုတွေလည်း ဖျာတစ်ချပ်ပဲရှိတယ်။ အဲဒါကြောင့် ဖျာတစ်ချပ်ပေါ်မှာ လူလေးငါးယောက် အတူတူမျှဝေအိပ်ကြရတယ်။"*

ဤသို့မိမိတို့၌ရှိကြသည့်အရာများကို မျှဝေသုံးစွဲကြသော်လည်း စစ်ဘေးရှောင်အမျိုးသမီးများသည် ကာလရှည်ကြာစွာ စစ်ဘေးရှောင်နေကြရပြီး လူသားချင်းစာနာထောက်ပံ့မှုအကူအညီများနှင့်ဝင်ငွေရသည့်အလုပ်အကိုင်အခွင့်အလမ်းများလည်း နည်းပါးခြင်းတို့ကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုနှင့် စားဝတ်နေရေးစိန်ခေါ်မှုများကို ကြုံတွေ့ရင်ဆိုင်နေရဆဲဖြစ်သည်။ သားသမီးများရှိကြသည့် အမျိုးသမီးများအနေဖြင့် အစာကိုလျှော့စားကြရသည်။ အကြောင်းမှာ ၎င်းတို့သားသမီးများကို အစားအစာများ ပို၍ကျွေးရသောကြောင့်ဖြစ်သည်။ ဤအခြေအနေသည် ၎င်းတို့သားသမီးများ၏ကျန်းမာပျော်ရွှင်မှုအတွက် ဦးစားပေး၍ မိခင်မေတ္တာကိုပြသနေ ကြောင်း တွေ့ရှိရသည်။ ဘိတ်-ထားဝယ်ခရိုင်ရှိ စစ်ဘေးရှောင်အမျိုးသမီးဖြစ်သူ ဒေါ်ယ--- က ယခုလိုပြောပြသည်။ *"စားစရာရှိတဲ့သူတွေက အခြားသူတွေကို စားစရာတွေဝေငှကြတယ်။ (...) ဒီမှာက ကျွန်မနဲ့ကျွန်မ မိသားစုတွေပဲနေကြတာဆိုတော့ ရှိတဲ့အရာလေးနဲ့ပဲ စားကြရတယ်။ ဥပမာဆိုရင် သူက (သူမ၏ကလေး) တစ်ခုစားရရင် သူလည်းပဲ (သူမ၏အခြားကလေး) တစ်ခုစားရမယ်။ စားစရာတွေ မလောက်ဘူးဆိုရင်တောင် ကျွန်မကလေးတွေစားရဖို့ ပို*

*ဦးစားပေးတယ်။ မိခင်တစ်ယောက်အနေနဲ့ ကျွန်မအငတ်ခံလိုက်မယ်။ ကျွန်မကလေးအတွက်ဆိုရင် စားစရာတွေ လုံလုံ လောက်လောက်ကျွေးချင်တယ်။ တစ်ယောက်ယောက်က ကျွန်မကိုစားစရာတွေလာပေးရင်တောင် ကျွန်မ ကလေးကိုပဲ အရင်ကျွေးမယ်။ ကျွန်မတို့မှာ စားစရာတွေအလုံအလောက် မရှိလို့ ရှိတဲ့အရာတွေနဲ့ချွေတာပြီး စား ရမယ်ဆိုရင်တောင် ကျွန်မကလေးကိုပဲ ဦးစားပေးကျွေးချင်တယ်။ (…) ဘာဖြစ်လို့လဲဆိုတော့ ကျွန်မအရင်စား မယ်ဆိုရင် ကျွန်မကလေးတွေ ဗိုက်ပြည့်မှာမဟုတ်ဘူး။ အဲဒါကြောင့် သူတို့ဗိုက်ပြည့်တဲ့အထိ ပေးစားချင်တယ်။ (…) တခြားကလေးတွေက ဝက်သားဟင်း၊ ကြက်သားဟင်းစားရတယ်။ ဒါပေမဲ့ ကျွန်မကလေးကို အဲဒီဟင်းတွေ မဝယ်ကျွေးနိုင်ဘူး။ အဲဒါကြောင့် သူတို့တွေ ဟင်းကောင်းတွေ မစားရဘူး။ (…) ကျွန်မကလေးတွေ စားချင်တဲ့ အရာတွေမစားရဘူးဆိုရင် သူတို့တွေငိုကြတယ်။ အပြစ်တင်ကြတယ်။ အဲဒါကြောင့် သူတို့ကို ရှိတဲ့အရာလေးနဲ့ တတ်နိုင်သလောက် ကျွေးမွေးတယ်။ ကျွန်မအရမ်းဝမ်းနည်းမိတယ်။”*

### (ခ) တောတောင်ထဲတွင် စားစရာများရှာဖွေစားသောက်ခြင်း

အထူးသဖြင့် တောတောင်နှင့်ဂူထဲသို့ ထွက်ပြေးတိမ်းရှောင်ရသည့် အမျိုးသမီးများသည် ၎င်းတို့စားဝတ်နေရေး အတွက် အစားအစာများပို၍ရရှိရန် တောတောင်ထဲတွင်အသီးအရွက်များ ကြိုးစားရှာဖွေကြလေ့ရှိသည်။ ဒူး ပလာယာခရိုင်တွင် မြေး (၆) ဦးနှင့်အတူနေထိုင်သည့် စစ်ဘေးရှောင်အမျိုးသမီးတစ်ဦးဖြစ်သူ ဒေါ်အက--- က ဤသို့ရှင်းပြသည်။ *“ကျွန်မတို့တွေ တောထဲမှာ အသီးအရွက်သွားရှာရတယ်။ တစ်ခါတလေဆိုရင် ဟင်းသီး ဟင်းရွက်တွေကိုကြော်စားရတယ်။ တစ်ခါတလေလည်း ဟင်းသီးဟင်းရွက်ကိုမကြော်စားဘူး။ ဘာဖြစ်လို့လဲဆို တော့ ဆီမရှိဘူးလေ။ အဲဒါကြောင့် ဟင်းသီးဟင်းရွက်တွေကိုပြုတ်ပြီး ဟင်းချိုအနေနဲ့စားရတယ်။ ကျွန်မရဲ့မြေး တွေကို ရှိတာလေးနဲ့ကျွေးတယ်။ ရှိတာလေးနဲ့ပဲစားရမယ်လို့ သူတို့ကိုပြောပြတယ်။ အသက်ရှင်ဖို့အတွက်ရှိတာ လေးနဲ့စားရမယ်လို့ သူတို့ကိုပြောပြတယ်။ အသက်ရှင်ဖို့အရေးကြီးတယ်။ အဲဒါမှ တစ်နေ့ကျရင်လွတ်လွတ် လပ် လပ်နဲ့နေထိုင်ခွင့်ရနိုင်မယ်။ သူတို့ကို အားတင်းထားကြလို့ပြောတယ်။ သူတို့လည်းဘဝကိုအရှုံးမပေး ပါဘူးလို့ ကျွန်မကိုပြန်ပြောပြတယ်။”* မည်သို့ပင်ဖြစ်စေ အထက်တွင်ဖော်ပြထားသည့်အတိုင်း အမျိုးသမီးများ အနေဖြင့် တောတောင်ထဲသို့သွား၍ အသီးအရွက်များရှာဖွေနေရသည့်အခြေအနေသည် မြေမြှုပ်မိုင်းတည် ရှိမှုကြောင့် ၎င်း တို့လုံခြုံရေးအတွက် အန္တရာယ်ရှိပါသည်။

### (ဂ) စားစရာများဝယ်ယူရန် ငွေချေးယူရခြင်း

အင်တာဗျူးဖြေဆိုသည့် စစ်ဘေးရှောင်အမျိုးသမီး (၇) ဦးက ၎င်းတို့အနေဖြင့် အစားအစာနှင့်အခြားလိုအပ်သည့် အရာများကိုဝယ်ယူနိုင်ရန်အတွက် အခြားရွာသားများထံမှ ငွေကြေးချေးယူခဲ့ရကြောင်း တင်ပြခဲ့သည်။ ဒေါ်အက--- မှ ယခုလိုရှင်းပြသည်။ *“စားစရာတွေဝယ်ယူစားသောက်ဖို့ အခြားလူတွေဆီမှာ ပိုက်ဆံချေးယူရတယ်။ ကျွန်မ ရဲ့သားသမီးတွေငွေပို့ပေးတဲ့အချိန်ဆိုရင် သူများဆီမှာပိုက်ဆံချေးယူစရာမလိုဘူး။ တစ်လတစ်ခါ မှပဲစားစရာတွေ ကိုဝယ်စားဖြစ်တယ်။ နေ့တိုင်းမဝယ်စားနိုင်ဘူး။ အဲဒါကြောင့် အသားဟင်းတွေကို တစ်လတစ်ခါပဲဝယ်စားနိုင် တယ်။”* အထူးသဖြင့် အခြားသူများထံမှငွေကြေးချေးယူရသည့်စစ်ဘေးရှောင် အမျိုးသမီးများသည် ဝင်ငွေရသော အလုပ်အကိုင်များမရှိကြပေ။ ဤအခြေအနေတွင် စစ်ဘေးရှောင်အမျိုးသမီးများသည် အသက်ရှင်ရပ်တည်နိုင် ရန် သို့မဟုတ် လက်တလောလိုအပ်သည့်အရာများကို ဖြေရှင်းနိုင်ရန်အတွက် အခြားသူများထံမှ ငွေကြေးချေးယူ ကြရသည်။ သို့သော်လည်း ရေရှည်တွင်အဆင်မပြေသည့်အတွက် အကြွေးများနှင့်သာ သံသရာလည်နေသည်။ ဒေါ်အက--- က ဤသို့ထပ်မံရှင်းပြသည်။ *“ကျွန်မဒီကိုရောက်လာ တဲ့အချိန်မှာ စားဝတ်နေရေးအခက်အခဲတွေနဲ့ ကြုံတွေ့ရတယ်။ စားဝတ်နေရေးအခက်အခဲတွေကိုဖြေရှင်းဖို့ အခြားသူတွေဆီမှာ ပိုက်ဆံချေးယူခဲ့ရတယ်။ အဲဒါ ကြောင့် ကျွန်မမှာအကြွေးတွေတင်နေတယ်။ (…) သူငယ်ချင်းတွေဆီမှာပိုက်ဆံချေးယူခဲ့တယ်။ ကျွန်မသားသမီး*

*တွေ ငွေပို့ပေးတဲ့အချိန်မှာ အကြွေးတွေကို ပြန်ဆပ်တယ်။ ကျွန်မချေးယူထားတဲ့ပိုက်ဆံတွေကိုပြန်ဆပ်မယ်လို့ သူတို့ကိုပြောပြတယ်။ ကျွန်မရဲ့ကတိ တည်အောင် ပိုက်ဆံရရင် အကြွေးတွေကိုပြန်ဆပ်ပေးတယ်။ ပြီးတော့ လည်း ကျွန်မရဲ့မြေးတွေကိုလည်း ပြုစုစောင့်ရှောက်ရတယ်။ အခြားသူတွေဆီမှာချေးယူထားတဲ့ပိုက်ဆံနဲ့စားစရာ တွေဝယ်ပြီး မြေးတွေကို ကျွေးမွေးရတယ်။"* ဒူးပလာယာခရိုင်ရှိ စစ်ဘေးရှောင်အမျိုးသမီးတစ်ဦးဖြစ်သူ နော်အ--- ကလည်း အလားတူ အခက်အခဲမျိုးကိုယခုလိုရှင်းပြသည်။ *"ကျွန်မရဲ့သားက တရုတ်ဆိုင်မှာအလုပ်ဝင်လုပ်တယ်။ ကျွန်မကို သူငွေပို့ပေးတယ်။ ဒါပေမဲ့မလောက်ပါဘူး။ အဲဒါကြောင့် ကျွန်မအနေနဲ့ငွေချေးယူရတယ်။ (နောက် တစ်ခါမှ) ကျွန်မသားငွေပို့ပေးတဲ့အချိန်မှာ အကြွေးတွေကိုပြန်ဆပ်ဖြစ်တယ်။"* အခြားသူများထံမှ ငွေကြေးချေး ယူ၍ အကြွေးပြန်ဆပ်ရသည့်အခြေအနေသည် စစ်ဘေးရှောင်အမျိုးသမီးများအတွက် နေ့စဉ်အသက်ရှင်ရပ်တည် နိုင်ရန်အထောက်အကူဖြစ်သော်ငြားလည်း ၎င်းတို့ဘဝအတွက်ရေရှည်တည်တံ့မှုနှင့် သေချာရေရာမှုမရှိသော ကြောင့် ရေရှည်တွင်စားဝတ်နေရေးစိန်ခေါ်မှုများကို ပို၍ကြုံတွေ့နိုင်သည်။

## ဒေါ်ယ--- ၏ဘဝဖြတ်သန်းမှု

ဒေါ်ယ--- သည် အသက် (၃၈) နှစ်ရှိပြီး သားသမီး (၆) ဦး၏မိခင်တစ်ဦးဖြစ်သည်။ သူမ၏သားသမီးများသည် အသက် (၁) နှစ်ခွဲမှ (၁၉) နှစ်အထိရှိသည်။ သူမတို့မိသားစုသည် ဘိတ်-ထားဝယ်ခရိုင်ရှိ ဘပ--- ကျေးရွာတွင် နေထိုင်ပါသည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် မြန်မာစစ်တပ်မှ လက်နက်ကြီးပစ်ခတ်မှု၊ လေ ကြောင်းတိုက်ခိုက်မှုပြုလုပ်၍ တိုက်ပွဲဖြစ်ပွားလာနိုင်သည့် အခြေအနေကြောင့် ဒေါ်ယ--- ၏မိသားစုသည် ကျေးရွာကိုစွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်လာခဲ့သည်။ ထို့နောက် သူမ၏ကျေးရွာ၏ပျက်စီးသွားသည့် အ ကြောင်းကို ပြန်လည်ပြောပြခဲ့သည်။

*"ကျွန်မတို့တွေ ဘပ---ရွာကနေ ဘခ---ရွာကိုထွက်ပြေးလာခဲ့တယ်။ ဘခ--- တောထဲမှာ နှစ်ရက်အိပ်ခဲ့ရတယ်။ ပြီးတော့ ဘခ--- ရွာကိုပြောင်းလာပြီး ဘုန်းကြီးကျောင်းမှာနေတယ်။ ပြီးတော့ (မြန်မာစစ်တပ်က) ဘခ--- ရွာ ကိုလက်နက်ကြီးတွေပစ်တယ်။ အဲ့ဒါကြောင့် ဒဘ--- ရွာကိုပြောင်းရွှေ့ခဲ့ရတယ်။ ဘခ--- ရွာမှာရှိတဲ့ရွာသားတွေ အားလုံးလည်းထွက်ပြေးခဲ့ရတယ်။ (…) ကျွန်မတို့တွေ ဘခ--- ရွာမှာပဲ တစ်လ၊ နှစ်လလောက်နေထိုင်ခဲ့တယ်။ ကျွန်မတို့တွေ ချုံကြားမှာပဲဖြစ်သလိုနေခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်တစ်လုံးရဖို့မလွယ်ဘူးလေ။"*

ထိုရွာတွင် သုံးလနီးပါးနေထိုင်ခဲ့ပြီးနောက် ဒေါ်ယ--- တို့မိသားစုသည် ဘိတ်-ထားဝယ်ခရိုင်ရှိ တခြားနေရာ တွင်ရှိသော ဆီအုန်းခြံအနီးနားသို့ရွှေ့ပြောင်းလာပြီး ယခုအချိန်အထိနေထိုင်နေကြဆဲဖြစ်သည်။ သို့သော် လည်း သူမ၏မိသားစုသည် အခက်အခဲများနှင့်ကြုံတွေ့နေရဆဲဖြစ်သည်။ သူမသည် အလုပ်လုပ်ချင်စိတ် ရှိ သည်။ သို့သော် သူမ၏ပြောကြားချက်တွင် *"အနီးနားမှာရှိတဲ့ခြံပိုင်ရှင်တွေက ကျွန်မတို့ကိုအလုပ်လုပ်ဖို့ လာ ခေါ်မှပဲ အလုပ်လုပ်ခွင့်ရတယ်။ ကျွန်မတို့တွေ ဆန်တစ်အိတ်ရရင်ဖြစ်ဖြစ်၊ အိတ်တစ်ဝက်ပဲရရင်ဖြစ်ဖြစ် အဲဒီ အလုပ်ကိုလုပ်ရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မိသားစုစားဝတ်နေရေးအတွက်အရေးကြီးတယ်လေ။ အဲဒါ ကြောင့် ကျွန်မတို့မိသားစုတွေ စားစရာရရင်အဆင်ပြေတယ်။ လူတွေက ကျွန်မတို့ကိုအလုပ်လုပ်ဖို့ လာခေါ် ရင်လုပ်ရမှာပဲ။ (…) အခုချိန်မှာတော့ ဘာအလုပ်မှမရှိဘူး။ တစ်ခုခုလိုရင် ဒါမှမဟုတ် စားစရာလိုရင် ဆိုင်က နေအကြွေးဝယ်ယူတယ်။ နောက်မှ ပိုက်ဆံရှိတဲ့အချိန်မှာအကြွေးပြန်ဆပ်တယ်။ တစ်ခါတလေ ဆိုရင် တစ် လကျော်သွားတာတောင်အကြွေးပြန်မဆပ်နိုင်ဘူး။ အဲဒါကြောင့် ဆိုင်ရှင်ဆီသွားပြီးတောင်း ပန်ရတယ်။ ဒီလ တော့မပေးနိုင်သေးဘူး။ နောက်ထပ်တစ်လစောင့်ပေးပါဦးလို့တောင်းပန်ခဲ့ရတယ်။"* စီးပွားရေးအခြေအနေ ခက်ခဲလာသည့်အတွက်ကြောင့် ဒေါ်ယ--- ၏အမျိုးသားသည် မလေးရှားနိုင်ငံသို့ သွားပြီး အလုပ်လုပ်ခဲ့ရသည်။ ဒေါ်ယ--- အနေဖြင့် ၎င်းတို့စစ်ဘေးရှောင်သည့်နေရာအနီးတွင် နေ့စားအလုပ် ကိုဆက်လက်ရှာဖွေ၍ ကလေး များကိုပြုစုစောင့်ရှောက်နေရသည်။ စားစရာမလုံလောက်သည့်အခြေအနေ မျိုးနှင့်ကြုံတွေ့လာလျှင် ဒေါ်

ယ--- သည် မိမိကိုယ်ကိုအစာအငတ်ခံ၍ သူမ၏သားသမီးများကို ဦးစားပေးပြီးကျွေးမွေးခဲ့ကြောင်း ပြန်လည်ပြောပြသည်။

စားဝတ်နေရေးစိန်ခေါ်မှုများကြောင့် ဒေါ်ယ--- မှာ အခြားသောစိုးရိမ်ပူပန်မှုများပါရှိလာခဲ့သည်။ ဤအခြေအနေကိုသူမအနေဖြင့် ယခုလိုပြောပြသည်။ *“ကျွန်မရဲ့သမီးငယ်တစ်ယောက်က ကျန်းမာရေးမကောင်းတဲ့ အတွက် အမြဲတမ်းဆေးကုသမှုခံယူရတယ်။ သူကအဖျားမကြာခဏတက်တယ်။ ချောင်းဆိုးတယ်။ ချွဲသလိပ်ခြောက်တယ်။ မောပန်းတယ်။ သူ့မှာဆေးကုသမှုရဖို့ ခဏခဏပြောင်းရွှေ့နေထိုင်ရတယ်။ နောက်ဆုံးမှာ ကျွန်မတို့တွေဒီနေရာကိုရောက်လာတော့မှပဲ ဆေးခန်းတစ်လုံးရှိတယ်။ ကျွန်မတို့တွေ စစထွက်ပြေးတဲ့အချိန်မှာ ကျွန်မသူ့အတွက်တကယ်စိတ်ပူတယ်။ ဒါပေမဲ့ ဘာမှမတတ်နိုင်ဘူး။ (…) ကျွန်မရဲ့သားငယ်ကိုချီပြီး ဆေးတစ်ဖူးကိုတော့ယူလာနိုင်ခဲ့တယ်။ ဘယ်နေရာသွားသွား သူ့ကိုဆေးတိုက်ရတယ်လေ။ ကျန်းမာရေးလုပ်သားတစ်ယောက်ရဲ့အကြံပေးချက်အရ တစ်ရက်ဆိုရင် သူ့ကိုသုံးကြိမ် ဆေးတိုက်ရတယ်။ မနက်မှာတစ်ကြိမ်၊ နေ့လယ်မှာတစ်ကြိမ်၊ ညနေမှာတစ်ကြိမ်ဆေးတိုက်ရတယ်။ (…) ကျွန်မမှာပိုက်ဆံမှမရှိတာ။ ဆေးတွေကိုဘယ်လိုဝယ်နိုင်ပါ့မလဲ။”*

နေရပ်စွန့်ခွာတိမ်းရှောင်ရခြင်းသည် ဒေါ်ယ--- ၏ကြောက်ရွံ့စိတ်ကို လျော့နည်းလာစေခြင်းမရှိသလို သူမနှင့်သူမ၏မိသားစုအတွက် စစ်မှန်သောလုံခြုံမှုကို ပေးနိုင်ခြင်းမရှိပါ။ ထို့အပြင် သူမအနေဖြင့် သူမ၏သားသမီးများအတွက် အမြဲတမ်းဦးစားပေး၍ အနစ်နာခံပေးလေ့ရှိသည်။ ဤအခြေအနေကို သူမကယခုလိုပြောပြသည်။ *“ဟုတ်တယ်။ ကျွန်မတို့တွေ လေယာဉ်ကိုကြောက်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ လေယာဉ်ကအပေါ်ကနေလာတာလေ။ အဲဒါကိုပိုကြောက်ရတယ်။ သူတို့ကအချိန်မရွေးလာတယ်။ တစ်ခါတလေ သူတို့ကမမျှော်လင့်ပဲနဲ့ရောက်လာတတ်တယ်။ သူတို့က လေယာဉ်နဲ့လာပစ်ရင် ဘယ်နေရာ ဖြစ်ဖြစ်ဂရုမစိုက်ဘူး။ အရာအားလုံးကိုသူတို့ပစ်တာပဲ။ နောက်ဆုံးတစ်ခေါက် သူတို့လာပစ်တုန်းကဆိုရင် ရမ်းသမ်းပြီးပစ်တာပဲ။ နောက်ဆုံးမှာ လေယာဉ်က ဆီအုန်းခြံအပေါ်မှာပျံဝဲလာတယ်။ အဲဒါကြောင့် ကျွန်မတို့လည်း လုံခြုံမှုမရှိတော့ဘူးလို့ခံစားရတယ်။ ပြီးတော့ အဲဒီနေရာကနေထွက်ပြေးလာတယ်။ လေယာဉ်လည်းပြန်တော့ ကျွန်မတို့လည်းအိမ်ကိုပြန်လာတယ်။ (…) လေယာဉ်အသံကိုကြားရင် ကျွန်မတကယ်ပဲတုန်လှုပ်မိတယ်။ ကျွန်မတို့တူးထားတဲ့ ကတုတ်ကျင်းအသေးတစ်တွင်းရှိတယ်။ အဲဒါက ကလေးတွေပဲဝင်ပုန်းလို့ရတယ်။ ဒါပေမဲ့ လူကြီးတွေဝင်ပုန်းလို့မရဘူး။ လေယာဉ်က (ဝေဟင်ထောက်လှမ်းမှုအတွက်) ခဏခဏလာလေ့ရှိတယ်။ နောက်ဆုံးတစ်ခါမှာ သူတို့ကရွာရှိတယ်လို့ထင်ပြီး ရမ်းသမ်းပစ်ခဲ့တာပဲ။ သူတို့က ကျေးရွာကိုဘာဖြစ်လို့ပစ်ရတာလဲဆိုတာနားမလည်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျေးရွာထဲ မှာဘာမှမရှိဘူးလေ (တိုက်ပွဲမရှိသလို လက်နက်ကိုင်စစ်သားများလည်းမရှိပါ)။”*

ဒေါ်ယ--- သည် နေရပ်စွန့်ခွာတိမ်းရှောင်ရသည့်အခြေအနေနှင့်ပတ်သက်၍ သူမအနေဖြင့် ကြုံတွေ့ရသည့်အရာများနှင့်ခံစားချက်များကို ယခုလိုပြန်လည်ပြောပြသည်။ *“ကျွန်မတကယ်ပဲဝမ်းနည်းမိတယ်။ ကျွန်မဘဝမှာ ဒီလိုအရာတွေကိုတစ်ခါမှမကြုံဖူးဘူး။ အင်တာနက်မှာ လူတွေထွက်ပြေးနေရပြီး ချောင်းဘေး နားမှာ တောထဲမှာသွားနေရတယ်ဆိုတဲ့အကြောင်း တွေ့မိတယ်။ (…) ဒါပေမဲ့ အခုတော့ အဲဒီခြေအနေကို ကျွန်မကိုယ်တိုင်ကြုံတွေ့ရပြီ။ ကျွန်မစာနာနားလည်မိတယ်။ တစ်ခါတလေဆိုရင် ကျွန်မစိတ်ထဲမှာ ကိုယ့်ကိုယ်ကိုပြန်ပြောတယ်။ ‘အော်… ဒီလောက်ထိခက်ခဲလိမ့်မယ်လို့ တစ်ခါမှမတွေးမိဘူး။’ အခုချိန်မှာ ကျွန်မက အဲဒီအခြေအနေကိုကြုံတွေ့ရတော့ ငိုချင်တာတောင်မှငိုမထွက်ဘူး။ ဒီအရာတွေကို ကျွန်မကိုယ် တိုင်ကြုံတွေ့ခဲ့တာကြောင့် ဒါဟာအမှန်ပဲဆိုတာသိလိုက်ရတယ်။”*

# အခန်း ၄။ ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရပ်ရွာအဆောက်အဦးများနှင့် ရွာသားများအပေါ် ပစ်မှတ်ထားတိုက်ခိုက်သည့် မြန်မာစစ်တပ်၏လုပ်ရပ်များကြောင့် စစ်ဘေးရှောင်အမျိုးသမီးများအနေဖြင့် ကျန်းမာရေးဆိုင်ရာအခက်အခဲများကို ပို၍ကြုံတွေ့လာရသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အလမ်းများအား ပို၍ရရှိနိုင်အောင် အရေးတကြီးလုပ်ဆောင်ရန်လိုအပ်လာပါသည်။ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် ဆေးရုံ၊ ဆေးခန်းများ ထိခိုက်ပျက်စီးသည့်အခြေအနေတွင် စစ်ဘေးရှောင်လူထုများသည် ဆင်းရဲစွာနေထိုင်ရှင်သန်ရပြီး ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အပြည့်အဝမရရှိကြပေ။ စစ်ဘေးရှောင်နေရာဒေသများတွင် ဖျားနာခြင်း၊ ဆေးဝါးများရှားပါးခြင်း၊ ကျန်းမာရေးလုပ်သားများနည်းပါးခြင်း၊ မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများမလုံလောက်ခြင်းနှင့် သန့်ရှင်းမှုအားနည်းသည့် နေထိုင်မှုပုံစံများရှိနေခြင်းတို့ကြောင့် အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် ဆိုးရွားသည့်ကျန်းမာရေးပြဿနာများကို ပို၍ကြုံတွေ့ရနိုင်ခြေရှိသည်။ ဤကဲ့သို့ အရေးကြီးသည့် ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းသည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများအတွက် အဓိကကျသည့်အရာဖြစ်ပြီး ရေရှည်တွင် ကျန်းမာပျော်ရွှင်စွာနေထိုင်ရေးကိုလည်း မြှင့်တင်စေပါသည်။ ထိုသို့ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများကိုဖြေရှင်းရန်အတွက် KDHW၊ ဆေးခန်းမှတာဝန်ရှိသူများနှင့် ရွှေ့လျားဆေးကုသမှုအဖွဲ့ဖြစ်သောနယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ (BPHWT) များသည် များသောအားဖြင့် အခကြေးငွေမယူပဲ စစ်ဘေးရှောင်လူထုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုမှုရရှိရန် တတ်စွမ်းသမျှကူညီဆောင်ရွက်ပေးကြသည်။ သို့သော် ဤသို့ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများသည်လည်း လူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အခက်အခဲ၊ အတားအဆီးများစွာနှင့်ကြုံတွေ့ရသည်။ အကျိုးဆက်အနေဖြင့် စစ်ဘေးရှောင်အမျိုးသမီးများသည် ဆိုးရွားသောကျန်းမာရေးပြဿနာများကို ကြုံတွေ့ခံစားရသည့်အခါတွင် များသောအားဖြင့် မြန်မာစစ်တပ်မှ စီမံအုပ်ချုပ်သောဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်၍ ဆေးကုသမှုခံယူလေ့ရှိသည်။ ထိုဆေးရုံ၊ ဆေးခန်းများသည် မြို့များတွင်သာတည်ရှိပြီး ဆေးကုသမှုကုန်ကျစရိတ် ပေးဆောင်ရသည်။

ဤအခန်းတွင် မြန်မာစစ်တပ်၏ဆိုးရွားသောလုပ်ရပ်များနှင့် နေရပ်စွန့်ခွာနေရခြင်းကြောင့် နောက်ဆက်တွဲအနေဖြင့် အမျိုးသမီးများကြုံတွေ့ရသော ကျန်းမာရေးစိန်ခေါ်မှုများကို မီးမောင်းထိုးပြထားသည်။ စစ်ဘေးရှောင်အမျိုးသမီးများသည် စစ်ဘေးရှောင်စခန်းများတွင် နေထိုင်စဉ်တွင် ၎င်းတို့ကြုံတွေ့ရသော အခက်အခဲများကို လေ့လာသုံးသပ်ကြည့်ခြင်းအားဖြင့် အမျိုးသမီးများ၏လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းပေးရာတွင် ဒေသခံများကျင့်သုံးသည့်နည်းလမ်းများ အားကောင်းလာအောင်လုပ်ဆောင်ပေးရန် အရေးကြီးကြောင်း ဤအခန်းတွင်ဖော်ပြထားပါသည်။ အမျိုးသမီးများ၏လိုအပ်ချက်များနှင့် ၎င်းတို့ကြုံတွေ့ရသည့်အတားအဆီးများကို ရှင်းလင်းစွာသိရှိနားလည်နိုင်ရန်အတွက် အခန်းငယ်များ (၃) ခန်းခွဲ၍ ရေးသားဖော်ပြထားသည်။ ပထမအခန်း (၄.၁) တွင် စစ်ဘေးရှောင်အမျိုးသမီးများကြားတွင်ကြုံတွေ့ရသော ကျန်းမာရေးပြဿနာများကို ဖော်ပြထားသည်။ ဒုတိယအခန်း (၄.၂) တွင် ကျန်းမာရေးစောင့်ရှောက်မှုအားလက်လှမ်းမီရရှိရန် ကြုံတွေ့ရသောအတားအဆီးများကို ဖော်ပြထားသည်။ တတိယအခန်း (၄.၃) တွင် အရေးကြီးသောကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်လမ်းကြောင်းများကို ဆွေးနွေးသုံးသပ်ထားသည်။

## ၄.၁။ စစ်ဘေးရှောင်အမျိုးသမီးများကြုံတွေ့ရသောကျန်းမာရေးပြဿနာများ

ကရင်ပြည်နယ်တွင် မြန်မာစစ်တပ်မှ ရပ်ရွာအဆောက်အဦးများနှင့် ရွာသားများကိုပစ်မှတ်ထားတိုက်ခိုက်မှုများ ပို၍လုပ်ဆောင်လာသောကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများပို၍များပြားလာပြီး အမျိုးသမီးများ

အပါအဝင် ရွာသားများစွာသည် ဆိုးရွားသောကျန်းမာရေးပြဿနာများကြုံတွေ့ခံစားရသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အပြည့်အဝမရရှိကြပေ။ KHRG လက်ခံရရှိသည့် သတင်းအချက်အလက်များအရ မြန်မာစစ်တပ်၏အကြမ်းဖက်တိုက်ခိုက်ခြင်းကြောင့် KNU စီမံအုပ်ချုပ်သည့်ခရိုင် (၇) ခုစလုံးတွင် နေထိုင်ကြသည့်ပြည်သူလူထုများ နေရပ်မှထွက်ပြေးတိမ်းရှောင်ရ၍ ၎င်းတို့သည် ဆင်းရဲချို့တဲ့စွာ နေထိုင်ရှင်သန်ရသည့်အတွက်ကြောင့် မလိုလားအပ်သည့် ကျန်းမာရေးပြဿနာအမျိုးမျိုးကို ဖြစ်ပေါ်စေခဲ့သည်။ နေမကောင်းဖျားနာသည့် သို့မဟုတ် ကျန်းမာရေးပြဿနာများခံစားရသော စစ်ဘေးရှောင်ရွာသားများသည် ၎င်းတို့၏ကျန်းမာရေးပြဿနာများကို ဖြေရှင်းရာတွင်သော်လည်းကောင်း၊ ဆေးကုသမှုရရှိရန်ကြိုးစားရာတွင်သော်လည်းကောင်း အခက်အခဲများစွာကြုံတွေ့ရသည်။ အကြောင်းမှာ ၎င်းတို့စစ်ဘေးရှောင်ရသည့်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိမည့်အခွင့်အလမ်းများ အလွန်နည်းပါးလွန်းလှပါသည်။

## (က) စစ်ဘေးရှောင်အမျိုးသမီးများအကြားတွင် အဖြစ်များသောရောဂါများ

စစ်ဘေးရှောင်အမျိုးသမီးများသည် များသောအားဖြင့် ကာလရှည်ကြာစွာ သို့မဟုတ် အချိန်ကန့်သတ်မှုမရှိပဲ နေရပ်စွန့်ခွာတိမ်းရှောင်နေရပြီး ဆင်းရဲချို့တဲ့စွာနေထိုင်ရသည့်အတွက်ကြောင့် ကျန်းမာရေးပြဿနာများပို၍ကြုံတွေ့ခံစားရနိုင်ခြေများသည်။ KHRG အင်တာဗျူးခဲ့သည့် အမျိုးသမီးများတစ်ဝက်ခန့်သည် တောတောင်နှင့်ဂူများထဲတွင် နေရပ်စွန့်ခွာတိမ်းရှောင်နေထိုင်ရသည့်အခြေအနေကိုဖော်ပြထားပြီး တချို့လည်း အခြားကျေးရွာများနှင့် မြို့များသို့ သွားရောက်နေရပ်စွန့်ခွာတိမ်းရှောင်နေထိုင်ရသည့်အခြေအနေလည်းရှိသည်။ KHRG အင်တာဗျူးခဲ့သည့် ရွာသားများ၏တင်ပြချက်အရ အမျိုးသမီးများအကြားတွင် အဖြစ်များလေ့ရှိသော ရောဂါများမှာ ငှက်ဖျား၊ တုပ်ကွေး၊ ကိုယ်ပူဖျားနာဖြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း၊ အရေပြားယားယံခြင်း၊ ဝမ်းလျှောခြင်း၊ အစာအိမ်ရောင်ခြင်းနှင့် ဗိုက်အောင့်ခြင်း စသည်တို့ဖြစ်သည်။ ဤရောဂါများသည် ပုံမှန်အခြေအနေဆိုလျှင် ကုသ၍ပျောက်ကင်းနိုင်သော်လည်း ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသောရေနှင့် အာဟာရပြည့်ဝသောအစားအစာများ ရရှိရန်ခက်ခဲသော အခြေအနေအောက်တွင် ထိုရောဂါများသည် ပို၍ဆိုးရွားလာပါသည်။ ထို့အပြင် အထူးသဖြင့် သက်ကြီးရွယ်အိုအမျိုးသမီးများသည် ပို၍ဆိုးရွားသောအခြေအနေများနှင့်ကြုံတွေ့ရပြီး အရိုးအဆစ်နာကျင်ကိုက်ခဲခြင်း၊ ပန်းနာရင်ကျပ်နှင့်သက်ကြီးရောဂါဝေဒနာများကို ခံစားရလေ့ရှိကြောင်း တချို့အင်တာဗျူးဖြေဆိုသူများက တင်ပြခဲ့သည်။

တောတောင်နှင့်ဂူများထဲတွင် နေရပ်စွန့်ခွာတိမ်းရှောင်နေထိုင်ရသည့် စစ်ဘေးရှောင်အမျိုးသမီးများသည် ခြင်ကိုက်ခံရသည့် အခြေအနေအောက်တွင် ဆိုးရွားသောကျန်းမာရေးပြဿနာများကို ပို၍ကြုံတွေ့ခံစားကြရသည်။ အထူးသဖြင့် ဤကဲ့သို့သောအခြေအနေအောက်တွင် နေထိုင်ရသောအမျိုးသမီးများသည် ထိခိုက်လွယ်စေပြီး ခြင်ကိုက်ခံရပါက မကြာခဏဆိုသလို ငှက်ဖျားရောဂါကူးစက်မှုများ ဖြစ်ပေါ်စေသည်။ မူတြော်ခရိုင်မှ စစ်ဘေးရှောင်အမျိုးသမီးတစ်ဦးဖြစ်သူ နော်သ--- ၏ပြောပြချက်၌ စစ်ဘေးရှောင်ရွာသားများအကြားတွင် အဖြစ်များလေ့ရှိသော ရောဂါတစ်ခုမှာ ငှက်ဖျားရောဂါဖြစ်သည်။ အကြောင်းမှာ ရွာသားများသည် ခြင်ပေါများသည့် နေရာဒေသများတွင် ပုန်းရှောင်နေရသည့်အတွက်ကြောင့် ခြင်ကိုက်ခံရပြီးတစ်ချိန်ထဲတွင် ငှက်ဖျားရောဂါကူးစက်မှုများ ဖြစ်ပွားရခြင်းဖြစ်သည်။ အနည်းဆုံး အခြားသောခရိုင် (၄) ခုမှ စစ်ဘေးရှောင်အမျိုးသမီးများသည်လည်း အလားတူငှက်ဖျားရောဂါကူးစက်မှု ကြုံတွေ့ရသည့်အခြေအနေကို တင်ပြခဲ့ကြသည်။ ငှက်ဖျားရောဂါကူးစက်မှုသည် စစ်ဘေးရှောင်ရွာသားများအကြားတွင် အဖြစ်များသည့် ဆိုးရွားသောကျန်းမာရေးပြဿနာတစ်ခုဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန်အတွက် အရေးကြီးလုပ်ဆောင်ရမည့်အရာတစ်ခုအဖြစ် လိုအပ်နေသည်။ ၂၀၂၆ ခုနှစ်၌ ကရင်ပြည်နယ်တွင်ပြုလုပ်ခဲ့သော ဇီဝဆေးပညာသုတေသနတစ်ခု အရ ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းနောက်ပိုင်း ငှက်ဖျားရောဂါကူးစက်မှုသည် သိသိသာသာမြင့်တက်လာပြီး များသောအားဖြင့်




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒူးပလာယာခရိုင်၊ ကရူတူး (ကျုံဒိုး) မြို့နယ်၊ မဲ့ကသာ ကျေးရွာအုပ်စု၊ ဘရ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ ဘစ--- ကျေးရွာမှ စစ်ဘေးရှောင်အမျိုးသမီး တစ်ဦးသည် ဖျားနာ၍ ဂူထဲရှိကြမ်းပြင်ပေါ်တွင် ထိုင်နေသောပုံဖြစ်ပါသည်။ အဆိုပါအမျိုးသမီးသည် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်ဖွဲ့များနှင့် ဗမာစစ်တပ်တို့ကြား တိုက်ပွဲဖြစ်ပွားသည့်အချိန်ဖြစ်သည့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှစတင်၍ ဂူထဲတွင် ထွက်ပြေးတိမ်းရှောင်နေခဲ့ပါသည်။ လုံခြုံရေးအန္တရာယ်များကြောင့် စစ်ဘေးရှောင်ရွာသားများသည် ဆေးခန်းသို့သွားရောက်ကုသမှုခံယူရန် သို့မဟုတ် အိမ်သို့ပြန်၍ ပစ္စည်းများယူရန်အတွက် အခက်အခဲကြုံနေကြရပါသည်။ *(ဓာတ်ပုံ- KHRG)*

အထက်တွင်ဖော်ပြထားသည့် အခြေအနေများကြောင့်ဖြစ်ပြီး ဆေးကုသမှုရရှိရန်အခွင့်အလမ်းများနည်းပါးလာခြင်းကြောင့် အကျိုးဆက်အနေဖြင့် ကျန်းမာရေးပြဿနာများ ပို၍များပြားလာပါသည်။[55]

ခြင်ကိုက်ခံရလျှင် အရေပြားယားယံခြင်း၊ အရေပြားပေါ်တွင် အဖုအပိမ့်များထွက်ခြင်းနှင့် အခြားသောမအီမသာဖြစ်စေသည့်ဝေဒနာများ ဖြစ်ပွားလေ့ရှိကြောင်း သုတေသနအစီရင်ခံစာများတွင် ဖော်ပြထားပါသည်။ ကောင်းမွန်သောဆေးကုသမှု သို့မဟုတ် သန့်ရှင်းသောနေထိုင်မှုအခြေအနေများမရှိပဲ ထိုသို့အရေပြားယားယံမှုများသည် အလွယ်တကူရောဂါပိုးကူးစက်ခံရနိုင်ပြီး အကယ်၍ ရွာသားများလည်း နေရပ်စွန့်ခွာတိမ်းရှောင်ရခြင်းမရှိပါက ဤသို့သောရောဂါများကိုရရှိမည်မဟုတ်ပေ။ ဘိတ်-ထားဝယ်ခရိုင်မှ စစ်ဘေးရှောင်အမျိုးသမီးတစ်ဦးဖြစ်သူ မက--- သည် စစ်ဘေးရှောင်ရသည့် အခြေအနေနှင့်ပတ်သက်ပြီး သူမ၏စိုးရိမ်ပူပန်မှုများကို ယခုလိုရှင်းပြသည်။ *“ခြင်ထောင်က ကျွန်မတို့အတွက်အရေးကြီးလိုအပ်တဲ့အရာတစ်ခုဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေခြင်ကိုက်ခံရရင် သူတို့တွေ သွေးလွန်တုတ်ကွေး၊ အရေပြားရောဂါနဲ့ အခြားရောဂါ တွေကိုခံစားရမှာလေ။ ခြင်ထောင်မထောင်ရင် သူတို့အရေပြားတွေ ယားယံလာမယ်။ နာကျင်ကိုက်ခဲလာမယ်။ တစ်ခါတလေလည်း အနာတရတွေရတတ်တယ်။ ဒါတွေက ခြင်ကိုက်ခံရလို့ဖြစ်တာလေ။”* စစ်ဘေးရှောင်အမျိုးသမီးများအတွက် ဤပြဿနာများကို ဖြေရှင်းရမည့်နည်းလမ်းများထဲတွင် ခြင်နှင့်အခြားပိုးမွှားများမကိုက်ခံရအောင်

55 National Library of Medicine မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော “Re-emergence of malaria in Karen State, Myanmar: has the battle of Burma been lost?” အစီရင်ခံစာကို ကြည့်ပါ။

ခြင်ထောင်များရရှိစေရန်ဖြစ်သည်။ သို့သော်လည်း ၎င်းတို့အနေဖြင့် ခြင်ထောင်များကို အမြဲတမ်းလိုလို အလွယ်တကူမရရှိနိုင်ကြပါ။

စစ်ဘေးရှောင်ရသည့်အခြေအနေတွင် နွေရာသီဖြစ်စေ၊ ဆောင်းရာသီဖြစ်စေ သို့မဟုတ် မိုးရာသီဖြစ်စေကာမူ အမျိုးသမီးများသည် နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်းနှင့် ဖျားနာခြင်းအစရှိသော ရောဂါဝေဒနာများကိုလည်း ခံစားရလေ့ရှိသည်။ စစ်ဘေးရှောင်ရွာသားများအကြားတွင် အဖြစ်များလေ့ရှိသောရောဂါသည် တုတ်ကွေးရောဂါဖြစ်ကြောင်း အနည်းဆုံး ခရိုင် (၅) ခုတွင်နေထိုင်ကြသည့် အမျိုးသမီးများက တင်ပြခဲ့ကြသည်။ စစ်ဘေးရှောင်အမျိုးသမီးများကြုံတွေ့ရသည့် ကျန်းမာရေးပြဿနာများကို မူတြော်ခရိုင်တွင် စစ်ဘေးရှောင်နေရသည့် နော်ဒ--- ကလည်း ဤသို့ပြောပြသည်။ *“အမျိုးသမီးတွေကြုံတွေ့ရတဲ့ ကျန်းမာရေးပြဿနာတွေအများကြီးပဲ။ တစ်ခါတလေဆိုရင် ကျွန်မတို့တွေ နှာရည်ယိုတယ်။ ချောင်းဆိုးတယ်။ အဖျားတက်တယ်။ ဝမ်းလျှောတယ်။ အန်တယ်။”*

အင်တာဗျူးဖြေဆိုခဲ့သည့် အမျိုးသမီးများက စစ်ဘေးရှောင်ရသည့်အခြေအနေတွင် ၎င်းတို့ကြုံတွေ့ရသော ကျန်းမာရေးပြဿနာများကို ဖြေရှင်းကြသည့်နည်းလမ်းများသည် ၎င်းတို့စစ်ဘေးရှောင်နေရသည့်နေရာဒေသ အခြေအနေပေါ်မူတည်၍ မတူကွဲပြားမှုများရှိပါသည်။ ဒူးပလာယာခရိုင်မှ စစ်ဘေးရှောင်ရသည့် နော်ဇ---က ယခုလို ရှင်းပြသည်။ *“တောထဲမှာပုန်းရှောင်နေရတဲ့ ရွာသားတွေက နေမကောင်းဖြစ်လာရင် ရွာကိုပြန်ပို့ပေးတယ်။ ရွာထဲမှာ ဆေးတွေကိုဝယ်ယူပြီး ရွာကိုမပြန်နိုင်တဲ့ လူနာတွေအတွက် ဆေးပြန်ယူလာပေးတယ်။”* တချို့သော အခြားအမျိုးသမီးများသည် ၎င်းတို့စစ်ဘေးရှောင်နေရသည့် နေရာအနီးနားတွင်ရှိသော အမျိုးသမီးကျန်းမာရေး လုပ်သားများထံမှ ဆေးကုသမှုကိုရယူခဲ့ကြောင်း တင်ပြကြသည်လည်းရှိသည်။

တစ်ဖက်တွင်လည်း ဘဗ--- စစ်ဘေးရှောင်စခန်းတွင် ရွာသားများသေဆုံးကြသည့်အခြေအနေကို မြင်တွေ့ခဲ့သည့်အကြောင်းကို ဒူးပလာယာခရိုင်ရှိ စစ်ဘေးရှောင်ရသည့် နန်းဘ--- က တင်ပြခဲ့သည်။ တချို့ရွာသားများသည် ပန်းနာရင်ကျပ်ရောဂါဝေဒနာကိုခံစားရပြီး အသက်ရှူ၍မရသောကြောင့် သေဆုံးခဲ့ရကြောင်း သူမကရှင်းပြခဲ့သည်။ တချို့ရွာသားလည်း အထူးသဖြင့် သက်ကြီးရွယ်အိုများသည် ကာလကြာရှည်စွာ စစ်ဘေးရှောင်ရသည့်အတွက် ဒုက္ခမျိုးစုံကိုကြုံတွေ့ခံစားရပြီး ခံနိုင်ရည်မရှိတော့ပဲ သေဆုံးသွားကြသည်လည်းရှိသည်။ ဤသေဆုံးသွားရသည့် စစ်ဘေးရှောင်ရွာသားအများစုအနေဖြင့် ကောင်းမွန်သောကျန်းမာရေးစောင့်ရှောက်မှု၏နှင့် နေထိုင်မှုအခြေအနေရရှိခဲ့လျှင် ၎င်းတို့ခံစားရသည့်ရောဂါဝေဒနာများကို လွယ်ကူစွာတားဆီးပေးနိုင်မည်ဖြစ်သည်။

### (ခ) သန့်ရှင်းသောရေမရရှိခြင်းနှင့် အညစ်အကြေးများစီမံခန့်ခွဲမှုအားနည်းခြင်း

စစ်ဘေးရှောင်နေရာများတွင် သန့်ရှင်းသောရေမရရှိခြင်းနှင့် အညစ်အကြေးများစီမံခန့်ခွဲမှုအားနည်းခြင်းတို့ကြောင့် အရေပြားရောဂါများဖြစ်ပွားနိုင်သည့်အပြင် အသက်အန္တရာယ်ရှိစေနိုင်သော ကာလဝမ်းရောဂါ သို့မဟုတ် ဝမ်းကိုက်ရောဂါအစရှိသော ဝမ်းပျက်ဝမ်းလျှောရောဂါကူးစက်မှုများ ဖြစ်ပွားနိုင်ပါသည်။ စစ်ဘေးရှောင်ရွာသားများသည် အခြေအနေအမျိုးမျိုးကြောင့် ရွေးချယ်စရာမရှိတော့သည့်အချိန်တွင် မသန့်ရှင်းသောရေကို သုံးစွဲနေရခြင်းကြောင့် ရောဂါပိုးများကူးစက်ခံရပြီး ပြင်းထန်သည့်ရောဂါများရရှိစေသည်။ စစ်ဘေးရှောင်စခန်းအများစုတွင် အထူးသဖြင့် တောထဲရှိစစ်ဘေးရှောင်နေရာများတွင် လူဦးရေထူထပ်မှုများရှိသည့်အခြေအနေတွင် နေထိုင်ရပြီး မစင်အညစ်အကြေးများကို ချောင်းထဲတွင်စွန့်ပစ်နေရသောကြောင့် အကျိုးဆက်အနေဖြင့် ရောဂါပိုးများပျံ့နှံ့၍ ကျန်းမာရေးပြဿနာများ ပို၍ဆိုးရွားလာပါသည်။ ထို့အပြင် စစ်ဘေးရှောင်ရသည့်နေရာတော်တော်များများတွင် အညစ်အကြေးများစီမံခန့်ခွဲမှု အားနည်းသည့်အတွက်ကြောင့် ကူးစက်ရောဂါများ ပို၍လွယ်ကူစွာပျံ့နှံ့စေ၍ ကျန်းမာရေးအတွက် အန္တရာယ်များဖြစ်ပေါ်စေသည်။

တောထဲသို့ ထွက်ပြေးတိမ်းရှောင်နေရသည့်အချိန်တွင် သန့်ရှင်းသောရေမရရှိသည့် အခြေအနေကို အင်တာဗျူး ဖြေဆိုသူတော်တော်များများက တင်ပြခဲ့သည်။ တောအူးခရိုင်မှ စစ်ဘေးရှောင်နေရသည့် နော်စ--- က ယခု လို ရှင်းပြသည်။ *"ရေကိုတော့ ချောင်းထဲမှာ သွားယူရတယ်။ (...) ဒီမှာရှိတဲ့လူအားလုံးက ချောင်းထဲမှာပဲ ရေ သွားယူတယ်။ တချို့က ချောင်းအောက်ပိုင်းမှာ ရေသွားယူတယ်။ တချို့လည်း ချောင်းအထက်ပိုင်းမှာ ရေသွား ယူတယ်။ အဲဒါကြောင့် ရေက သောက်သုံးဖို့အတွက် မသန့်ရှင်းလောက်ဘူးထင်တယ်။"* ဘိတ်-ထားဝယ်ခရိုင်မှ စစ်ဘေးရှောင်နေရသည့် ဒေါ်ဃ--- ကလည်း မသန့်ရှင်းသောရေကို သောက်သုံးရ၍ ရောဂါများဖြစ်ပွားစေသည့် အကြောင်းကို ဤသို့ရှင်းပြသည်။ *"ကျွန်မတို့တွေ မြစ်ထဲကရေကိုပဲသောက်သုံးရတယ်။ အဲဒါကြောင့် တုတ်ကွေး မိပြီး ဖျားနာတာအဖြစ်များတယ်။ မိုးရာသီမှာဆိုရင် ရွာသားတွေက သူတို့ကျန်းမာရေးကို ပိုပြီးဂရုစိုက်ရတယ်။"* တချို့သောစစ်ဘေးရှောင်ရွာသားများလည်း သန့်ရှင်းသောရေကို ရရှိနိုင်သည့်အခြေအနေနှင့်ပတ်သက်၍ တင်ပြ ခဲ့ကြသော်လည်း ထိုသောက်သုံးရေကို အဝေးတစ်နေရာတွင် သွားရောက်ယူရလေ့ရှိသည်။ ဒူးပလာယာခရိုင်ရှိ စစ်ဘေးရှောင်စခန်းတွင်နေထိုင်သည့် နော်လ--- က ယခုလိုရှင်းပြသည်။ *"သောက်သုံးရေကို ဘတ--- ရွာမှာရှိတဲ့ ဆေးခန်းမှာ သွားယူရတယ်။ အဲဒီဆေးခန်းက ကျွန်မတို့နေတဲ့နေရာနဲ့လမ်းလျှောက်သွားရင် နည်းနည်းဝေးတယ်။ (...) အဲဒီဆေးခန်းမှာ ရေသိုလှောင်ထားတဲ့ ရေတိုင်ကီတစ်ခုရှိတယ်။ ကျွန်မတို့သွား ယူသုံးလို့ရတယ်။ အဲဒီရေကို သောက်သုံးဖို့အတွက်သုံးကြတယ်။"*

တောထဲတွင်ရှိသည့် စစ်ဘေးရှောင်စခန်းများတွင် တစ်ကိုယ်ရေသန့်ရှင်းမှုထားရှိခြင်းနှင့် လူ့အညစ်အကြေးများ အား ဘေးကင်းစွာစီမံခန့်ခွဲမှုတွင် အခက်အခဲစိန်ခေါ်မှုများရှိသည့်အတွက်ကြောင့် ထိုအရာသည်လည်း ကျန်း မာရေးပြဿနာများကို ဖြစ်ပေါ်စေသည့်အကြောင်းအရင်းတစ်ခုဖြစ်သည်။ မူတြော်ခရိုင်မှ စစ်ဘေးရှောင်နေရ သည့် နော်သ--- က ယခုလိုရှင်းပြသည်။ *"ကျွန်မတို့မှာ သန့်ရှင်းတဲ့နေရာထိုင်ခင်းတွေမရှိဘူး။ တောထဲမှာပုန်း ရှောင်နေရတယ်လေ။ အဲဒါကြောင့် ရှိတဲ့အရာနဲ့ပဲ ကျွန်မတို့အဆင်ပြေအောင် သုံးကြတယ်။ နေထိုင်ကြတယ်။ တစ်ခါတလေမှာ အချိန်ရရင် ကျွန်မတို့တွေသန့်ရှင်းရေးလုပ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့က အလောတကြီးပြေး နေရတဲ့အခြေအနေမှာ သန့်ရှင်းရေးတွေကိုလုပ်ဖို့ အချိန်သိပ်မရှိဘူး။"* တချို့အင်တာဗျူးဖြေဆိုသူများက ၎င်းတို့ အနေဖြင့် စစ်ဘေးရှောင်ရသည့်အချိန်တွင် တောထဲ၌သွားပြီးအိမ်သာတက်ခဲ့ရကြောင်း တင်ပြခဲ့ကြသည်။ နော် စ--- က ဤသို့ရှင်းပြသည်။ *"ကျွန်မတို့ပြဿနာကို တောထဲမှာသွားဖြေရှင်းကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ တောထဲမှာပဲနေရတယ်လေ။ တောထဲက ရွာမှာနေသလိုမျိုး အိမ်သာအကောင်းတွေ မရှိဘူးလေ။"*

### (ဂ) ဓမ္မတာလာခြင်းကို စီမံဖြေရှင်းရာတွင် ကြုံတွေ့ရသောစိန်ခေါ်မှုများ

စစ်ဘေးရှောင်စခန်းများတွင်နေထိုင်ရသည့် အမျိုးသမီးအများစုသည် ၎င်းတို့ဓမ္မတာ (ရာသီ) လာသည့်အချိန်တွင် ဓမ္မတာပြဿနာကိုဖြေရှင်းရာမှာ အခက်အခဲစိန်ခေါ်မှုများစွာရှိသည်။ အင်တာဗျူးဖြေဆိုသူများ၏ရှင်းပြချက်များ အရ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်မရှိခြင်း၊ သန့်ရှင်းရေးပစ္စည်းကိရိယာများ လုံလောက်စွာမရှိခြင်းနှင့် ရာသီ လာစဉ်သုံးရမည့်ပစ္စည်းများ မရရှိနိုင်ခြင်းတို့ကြောင့် အမျိုးသမီးများရာသီလာသည့်အချိန်တွင် ၎င်းတို့၏တစ် ကိုယ်ရေသန့်ရှင်းမှုနှင့်ဂုဏ်သိက္ခာအား ထိခိုက်စေပါသည်။ ရာသီလာခြင်းကိုဖြေရှင်းရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရပြီး ရာသီလာလစဉ်သုံးအတွင်းခံများမရှိသည့်အခါတွင် အမျိုးသမီးများသည် ရိုးရာနည်းလမ်းများကို အသုံးပြု၍ အိမ်ထဲမှာသာနေပြီး ရာသီလာသည့်ပြဿနာကို လျှို့ဝှက်စွာဖြေရှင်းကြလေ့ရှိသည်။ မူတြော်ခရိုင် တွင် စစ်ဘေးရှောင်နေရသည့် ဒေါ်အက--- က ယခုလိုရှင်းပြသည်။ *"သူတို့တွေ ရာသီလာတဲ့အချိန်မှာ အဲဒါကို ဖြေရှင်းဖို့ အခြားနည်းလမ်းမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပစ္စည်းတွေ (pads) မရှိဘူးလေ။ သူတို့ကို ပစ္စည်း လာပေးမဲ့လူမရှိဘူး။ အဲဒါကြောင့် သူတို့ကအရင်ကလူကြီးတွေလုပ်ခဲ့တဲ့နည်းလမ်းကိုသုံးပြီးဖြေရှင်းကြရတယ်။ (...) သူတို့က အတွင်းခံနဲ့ထမီကိုဝတ်တယ်။ အဲဒါတွေညစ်ပတ်ပေသွားရင်လဲလိုက်တယ်။ ပြီးတော့ အဲဒါကို ပြန်*

*လျှော်တယ်။"* ဤနည်းလမ်းသည် အမျိုးသမီးများအတွက် ရာသီလာသည့်ပြဿနာကိုအနည်းငယ် ဖြေရှင်းနိုင်သော်လည်း ရပ်ရွာကိစ္စရပ်များတွင် လွတ်လပ်စွာပါဝင်လုပ်ဆောင်နိုင်ခြင်းမရှိကြပါ။ ထို့ကြောင့် အမျိုးသမီးများအနေဖြင့် ရာသီလာသည့်ပြဿနာများကို ဘေးကင်းစွာဖြေရှင်းနိုင်ရန်အတွက် ပို၍ကောင်းမွန်သော လိုအပ်သည့်ပစ္စည်းများရရှိရန်အရေးကြီးပါသည်။ အမျိုးသမီးများအခွင့်အရေးအတွက် လှုပ်ရှားနေသည့် Sisters2Sisters[56] အဖွဲ့အစည်းတွင် ဒါရိုက်တာအဖြစ်တာဝန်ယူရသော ဒေါ်အလ--- သည် မြန်မာစစ်တပ်အနေဖြင့် အမျိုးသမီးလစဉ်သုံးပစ္စည်းများ သယ်ယူတင်ပို့ခြင်းကို တားမြစ်ထားသည်ဟုရှင်းပြခဲ့သည်။ အကြောင်းမှာ တော်လှန်ရေးအဖွဲ့များသည် ဤအမျိုးသမီးလစဉ်သုံးပစ္စည်းများကို ဆေးပညာပိုင်းဆိုင်ရာရည်ရွယ်ချက်နှင့် စစ်ဘွတ်ဖိနပ်တွင်အသုံးပြုကြကြောင်း မြန်မာစစ်တပ်က သတင်းထုတ်ပြန်ထားသောကြောင့် ဖြစ်သည်။[57]

တချို့အမျိုးသမီးများသည် ၎င်းတို့ရာသီလာသည့်အချိန်အတော်အတွင်းတွင် ဆိုးဆိုးရွားရွားခံစားရပြီး အထူးသဖြင့် ရာသီပုံမှန်မလာခြင်း သို့မဟုတ် မမျှော်လင့်သည့်အချိန်တွင် ရာသီလာခြင်းစသည်တို့ကို ကြုံတွေ့ရသည့်အတွက်ကြောင့် ထိုပြဿနာများကိုဖြေရှင်းရန် ပို၍ခက်ခဲလာ၍ ကျား-မအခြေပြုဆိုင်ရာ ကျန်းမာရေးဆိုးကျိုးများကို ပို၍ခံစားရစေကြောင်း နော်လ--- က ယခုလိုရှင်းပြသည်။ *"ရာသီလာတာနဲ့ပတ်သက်ပြီး တချို့အမျိုးသမီးတွေက ကျန်းမာရေးပြဿနာရှိတယ်။ သူတို့က ရာသီပုံမှန်မလာဘူးလေ။ (...) အဲ့မှာ အမျိုးသမီးတစ်ယောက်ရှိတယ်။ သူက ရာသီလာတဲ့ပြဿနာရှိတယ်။ စစ်ဘေးရှောင်ရလို့ သူတကယ်ပဲ အရမ်းဝမ်းနည်းတယ်။ ရာသီလာတဲ့ပြဿနာနဲ့ စိတ်ဖိစီးမှုတွေကြောင့် သူသေလုမျောပါးဖြစ်ခဲ့ရတယ်။ (...) သူက ဆေးခန်းကိုသွားလည်းပဲ ပြဿနာကမဖြေရှင်းသွားဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့သွေးမှာ (ရာသီသွေး) ပြဿနာတစ်ခုခုရှိနေတယ်လေ။"*

## ၄.၂။ ကျန်းမာရေးစောင့်ရှောက်မှုအားလက်လှမ်းမီရရှိရန် ကြုံတွေ့ရသောအတားအဆီးများ

မြန်မာစစ်တပ်မှ မကြာခဏဆိုသကဲ့သို့ ကျန်းမာရေးဆိုင်ရာအဆောက်အဦးများကို ရည်ရွယ်ချက်ရှိရှိသော်လည်းကောင်း၊ စစ်ရေးပစ်မှတ်နှင့်အရပ်သားပစ်မှတ်မခွဲခြားပဲ ရမ်းသမ်း၍သော်လည်းကောင်း အကြမ်းဖက်တိုက်ခိုက်ခြင်းကြောင့် ဆေးရုံ၊ ဆေးခန်းများထိခိုက်ပျက်စီးပြီး ဆေးဘက်ဆိုင်ရာလုပ်သားများလည်း ပစ်မှတ်ထားတိုက်ခိုက်ခံရသည်။ အထက်ပါအခန်းကြီး (၂) တွင် ဖော်ပြထားသည့်အတိုင်း ခရီးသွားလာမှုကန့်သတ်ထားခြင်း၊ မြန်မာစစ်တပ်စစ်ဆေးရေးဂိတ်များပို၍ချထားလာခြင်းနှင့် စစ်လက်နက်အကြွင်းအကျန်များတည်ရှိမှုအပါအဝင် နယ်စစ်ဖြတ်ကျော်မှုပိတ်ပင်ထားခြင်းနှင့် သယ်ယူပို့ဆောင်ရေးအခက်အခဲများအစရှိသော မြန်မာစစ်တပ်၏စစ်လှုပ်ရှားများမြင့်မားလာခြင်းနှင့် ဆက်လက်ဖြစ်ပွားနေလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများကြောင့် အခြားသောကျန်းမာရေးနှင့်ဆိုင်သည့် အတားအဆီးများစွာ ဖြစ်ပေါ်စေသည်။ လူသားချင်းစာနာထောက်ထားမှုအခန်းကဏ္ဍတွင် ရန်ပုံငွေများလျော့နည်းလာခြင်းကြောင့် ဤအတားအဆီးစိန်ခေါ်မှုများသည် ပို၍ဆိုးရွားလာပြီး ပြည်သူလူထုများလည်း နေရပ်စွန့်ခွာတိမ်းရှောင်ရခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုရယူရာတွင် အခက်အခဲများနှင့်ရင်ဆိုင်ကြုံတွေ့ရသည်။ အင်တာဗျူးဖြေဆိုသူအများစုသည် ၎င်းတို့စစ်ဘေးရှောင်နေရသည့် နေရာဒေသအပေါ်မူတည်၍ ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်သည့်အခြေအနေများမတူကြပေ။ တစ်ခါတလေတွင် လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှုကိုရရှိနိုင်သော်လည်း များသောအားဖြင့်

56 Sisters2Sisters သည် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၊ LGBTQ ဖြစ်ကြသည့်နိုင်ငံရေးအကျဉ်းသားများနှင့် အကြမ်းဖက်လုပ်ရပ်များမှအသက်ရှင်ကျန်ရစ်သူများအတွက် အသိပညာဆိုင်ရာ ဗဟုသုတများမျှဝေကူညီပေးသောအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိအာဏာရှင်စနစ်အောက်တွင် ရုန်းကန်နေရသည့်အမျိုးသမီးများနှင့်အတူ ရပ်တည်၍ကိုယ်စားပြုကြသည်။

57 The Guardian သတင်းဌာနမှ ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "Myanmar military regime widens sanitary towel ban, claiming rebels use them for first aid" သတင်းကို ကြည့်ပါ။

ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အလွန်ခက်ခဲလှသည်။ တချို့နေရာများတွင် စစ်ဘေးရှောင်ရွာသားများသည် အနီးနားရှိဆေးခန်းများနှင့် ကျန်းမာရေးလုပ်သားများဆီသို့ သွားရောက်၍ဆေးကုသခွင့်ရကြသည်။ သို့သော် အများစုသည် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အခွင့်အလမ်းနည်းပါးလှသည်။ စစ်ဘေးရှောင်ရသည့် အခြေအနေတွင် ကျန်းမာရေးပြဿနာများရှိလာပါက ဆေးဝါးပစ္စည်းများပြတ်လပ်မှုကြောင့် ဆေးကုသမှုရရှိရန် ပို၍ခက်ခဲလာသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ကျန်းမာရေးဆိုင်ရာအဆောက်အဦးများနှင့် ဝေးကွာသောနေရာဒေသများတွင် စစ်ဘေးရှောင်ရသောကြောင့် ဆင်းရဲပင်ပန်းစွာရုန်းကန်ရပြီး ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုမရရှိလျှင် ၎င်းတို့ကြုံတွေ့ရပြီးဖြစ်သော ကျန်းမာရေးဆိုင်ရာအန္တရာယ်များ ပို၍ဆိုးရွားလာနိုင်သည်။

### (က) ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများရရှိရန် ကြုံတွေ့ရသောအတားအဆီးများ

မြန်မာစစ်တပ်၏တိုက်ခိုက်မှုများကြောင့် ဆေးရုံ၊ ဆေးခန်းများကို တိုက်ခိုက်ဖျက်ဆီးခံခဲ့ရသည်။ တစ်ဖက်တွင်လည်း လုံခြုံမှုမရှိသောအခြေအနေများကြောင့် ဆေးရုံ၊ ဆေးခန်းအများအပြား ပိတ်သိမ်းရခြင်း သို့မဟုတ် ပြောင်းရွှေ့ရခြင်းများ ရှိခဲ့သည်။ ကျန်းမာရေးလုပ်သားများသည် ကိုကိုယ်တိုင်ရွာသားဖြစ်သည့်အလျောက် ၎င်းတို့လည်း တောတောင်များနှင့် အခြားနေရာဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အကျိုးဆက်အနေဖြင့် စစ်ဘေးရှောင်အမျိုးသမီးများသည် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် စိန်ခေါ်မှုများစွာကြုံတွေ့နေရသည်။ တချို့အင်တာဗျူးဖြေဆိုသူများက ၎င်းတို့အနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုရရှိရန်အတွက် အနည်းဆုံး (၁) နာရီကြာ ခရီးသွားရသည့်အခြေအနေရှိကြောင်း ရှင်းပြခဲ့သည်။ တချို့လည်း ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်သည့်နေရာများသို့ (၁) နာရီ ထက်ကြာရှည်သောခရီးကိုသွားရပြီး တစ်ခါတလေတွင်လည်း တစ်ရက် သို့မဟုတ် တစ်ရက်ထက်ကြာသောခရီးကိုသွားခဲ့ရသည်။ အခြားရွာသားများကလည်း ကျန်းမာရေးပြဿနာများရှိလာလျှင် ခရီးသွားလာမှုအခက်အခဲများ၊ ခရီးစရိတ်ကြီးမားခြင်းနှင့် လုံခြုံမှုမရှိသည့်အခြေအနေများကြောင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုရရှိရန် ပို၍ခက်ခဲလာကြောင်း တင်ပြကြသည်။

ဥပမာဖြစ်စဉ်တစ်ခုတွင် ဒူးသထူခရိုင်ရှိ တောထဲတွင်စစ်ဘေးရှောင်နေရသည့် နော်အဗ--- က ယခုလိုရှင်းပြသည်။ *“အရမ်းနေမကောင်းဖြစ်လာတဲ့အချိန်က အခက်ခဲဆုံးပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဒေသမှာ ဆေးရုံ၊ ဆေးခန်းမရှိဘူး။ ကျန်းမာရေးလုပ်သားတွေလည်း မရှိဘူး။”* ကျန်းမာရေးစောင့်ရှောက်မှုရရှိရန်အတွက် စစ်ဘေးရှောင်ရွာသားများသည် ဆေးရုံ၊ ဆေးခန်းရှိသည့်နေရာသို့ ခရီးသွားရသည့်အခြေအနေကို သူမက ဤသို့ရှင်းပြသည်။ *“ကျွန်မတို့တွေ ဘဌ--- (ဆေးရုံ) ကို သွားရတယ်။ တချို့ကလည်း ကျိုက်ကော်မြို့ အထိသွားရတယ်။ (ကျိုက်ကော်မြို့သည် မြန်မာစစ်တပ်၏အုပ်ချုပ်မှုအောက်တွင် ရှိသည်။)”* သို့သော်လည်း ခရီးရှည်သွားရခြင်းသည် လုံခြုံရေးအတွက် အန္တရာယ်ရှိနေပြီးသားဖြစ်သည်။ မြန်မာစစ်တပ်၏စီမံအုပ်ချုပ်မှု အောက်တွင်ရှိသော ဆေးရုံ၊ ဆေးခန်းများတွင် သွားရောက်ဆေးကုသမှုခံယူရာ၌ KDHW စီမံအုပ်ချုပ်သော ဆေးရုံ၊ ဆေးခန်းများကဲ့သို့ အခမဲ့ဆေးကုသခွင့်မရသည့်အတွက်ကြောင့် ငွေကြေးအခက်အခဲများ ပို၍ရှိလာပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုရရှိသည့်နေရာများနှင့် စစ်ဘေးရှောင်ရသည့်နေရာများအကြားတွင် ဝေးကွာလွန်းပြီး ခရီးသွားလာရေးပိတ်ပင်ကန့်သတ်မှုများ ရှိခြင်းတို့ကြောင့် ဆေးခန်းများနှင့်ကျန်းမာရေးလုပ်သားများဆီကို သွားရောက်နိုင်ရန်အတွက် အခက်အခဲများစွာရှိကြောင်း အမျိုးသမီးအများစုက တင်ပြခဲ့သည်။ မိသားစုကို စောင့်ရှောက်ရသည့် စစ်ဘေးရှောင်အမျိုးသမီးများအတွက် ခရီးသွားလာရသည့်အချိန်တွင် လိင်ပိုင်းဆိုင်ရာ နှောက်ယှက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ပို၍ကြုံတွေ့နိုင်ခြေများသောကြောင့် ထိုအခက်အခဲများသည် ပိုမိုဆိုးရွားလာသည်။ မူတြော်ခရိုင်မှ စစ်ဘေးရှောင်ရသည့် နော်သ--- က ယခုလိုရှင်းပြသည်။ *“နေမကောင်းဖြစ်လာရင် လွတ်လွတ်လပ်လပ်ခရီးသွားလာလို့မရတာက ကျွန်မတို့ကြုံတွေ့ရတဲ့ အဓိကအခက်အခဲတစ်ခုဖြစ်တယ်။ ပြီး*

*တော့ ဆေးရုံ၊ ဆေးခန်းတွေက ဝေးတယ်လေ။ ကျွန်မတို့မသွားနိုင်ဘူး။ အဲဒါကြောင့် အိမ်မှာနေပြီး ဒီလိုပဲကြိတ်မိတ်ပြီးခံတယ်။"*



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ဒေသခံတစ်ဦးထံမှ ရရှိခဲ့ပါသည်။ ဤဓာတ်ပုံကို မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဘူးအာဒဲကျေးရွာအုပ်စု၊ ဘဖ--- ကျေးရွာ၏အနီးတွင် ရိုက်ယူခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဘဖ--- ကျေးရွာမှ အမျိုးသမီးတစ်ဦးအပါအဝင် ရွာသားများ ဒဏ်ရာရရှိခဲ့ကြပါသည်။ ဤဓာတ်ပုံတွင် ဒဏ်ရာရရှိခဲ့သည့်အမျိုးသမီးတစ်ဦးအား ရွာထဲတွင် အများအားဖြင့် အသုံးပြုသကဲ့သို့ ပုခတ်ပေါ်၌တင်၍ ဝါးချောင်းဖြင့် သယ်ယူနေသောပုံဖြစ်ပါသည်။ အဆိုပါ ဒဏ်ရာရသည့် ရွာသားများကို ခို့လိုကလိုး (သံလွင်) မြစ်အနီးရှိ ဘထ--- ဆေးခန်းသို့ ပို့ဆောင်ခြင်းမပြုမီ ကရင်အမျိုးသားကာကွယ်ရေးတပ်မတော် (KNDO) ၏ လုံခြုံရေးတပ်ရင်း တပ်ခွဲအမှတ် (၂) ကျန်းမာရေးဝန်ထမ်းများမှ ရှေ့ဦးစွာဆေးကုသမှုပြုခဲ့ပါသည်။ ကျန်းမာရေးဝန်ထမ်းများ အနီးအနားတွင်မရှိသောကြောင့် ဒဏ်ရာရရှိကြသောရွာသားများသည် ညအချိန်မှစ၍ မနက်မိုးလင်းသည့်အချိန်အထိ ၎င်းတို့၏နာကျင်မှုများကို ကြိတ်မိတ်ခံစားခဲ့ကြရသည်။ နောက်နေ့တွင် ၎င်းတို့မှ ဒေသခံခေါင်းဆောင်များနှင့်ဆက်သွယ်မှုပြုလုပ်ခဲ့ပြီး သောက်ဆေးနှင့်ထိုး ဆေးများကိုရရှိခဲ့ကြပါသည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ လေကြောင်းတိုက်ခိုက်မှုနောက်ပိုင်း ဘူးအားဒဲကျေးရွာအုပ်စုတစ်လျှောက်ရှိရွာသားများသည် ထပ်မံတိုက်ခိုက်မှုများမှ နိုးကြားစွာနှင့် ကြောက်ရွံ့စွာ နေထိုင်ခဲ့ကြရပါသည်။ ရွာသားအများစုသည် မြန်မာစစ်တပ်၏ထပ်မံတိုက်ခိုက်မှုများကိုရှောင်ကျဥ်ရန်အတွက် ၎င်းတို့နေအိမ်များမှစွန့်ခွာခဲ့ကြကာ တောထဲနှင့် ရေအရင်းမြစ်ရှိရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

ခရီးသွားလာရေးအကန့်အသတ်များရှိခြင်းနှင့် မြန်မာစစ်သားများမှ အကြမ်းဖက်လာနိုင်သည့်အန္တရာယ်များကြောင့် အမျိုးသမီးများသည် ခရီးသွားလာခြင်းကိုရှောင်ရှားလေ့ရှိပြီး အကျိုးဆက်အနေဖြင့် ၎င်းတို့၏ကျန်းမာရေးပြဿနာများ ပိုဆိုးရွားလာသည်။ အမျိုးသမီးများသည် အကယ်၍ခရီးသွားရပါက အခြားရွာသားများ သို့မဟုတ် ဒေသခံခေါင်းဆောင်များက လုံခြုံမှုရှိကြောင်းပြောပြမှသာလျှင် ခရီးသွားရလေ့ရှိသည်။ သို့သော်လည်း ဤအခြေအနေတွင် ဆေးကုသမှုရရှိခွင့်ကို ကြန့်ကြာစေသည်။ ဤအခြေအနေနှင့်ပတ်သက်၍ ဘိတ်-ထားဝယ်ခရိုင်မှ စစ်ဘေးရှောင်ရသည့် ဒေါ်ယ--- က သူမ၏သားကို စစ်ဘေးရှောင်စခန်းမှ ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပို့ဆောင်ရန် ကြောက်ရွံ့မှုရှိသဖြင့် သူမ၏သားငယ်သည် မည်သည့်ကာကွယ်ဆေးမှ မထိုးရသေးကြောင်း ရှင်းပြခဲ့သည်။

ဆေးရုံ၊ ဆေးခန်းများသို့ ခရီးသွားလာရာတွင် အခက်အခဲများရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အဟန့်အတားများဖြစ်စေပြီး တစ်ခါတရံတွင် လူနာများ၏အသက်အန္တရာယ်ကိုပါ စိုးရိမ်ရသည့်အခြေအနေသို့ တွန်းပို့စေသည်။ ဘိတ်-ထားဝယ်ခရိုင်မှ စစ်ဘေးရှောင်ရသည့် မက--- က ယခုလိုပြောပြသည်။ *"တောထဲမှာ စစ်ဘေးရှောင်ရတဲ့သူတွေက ဆေးကုသမှုကိုအချိန်မီမရနိုင်ကြတော့ သေသွားကြတာရှိတယ်။ ဘာဖြစ်လို့လဲ ဆို*

*တော့ သူတို့မှာ ဆိုင်ကယ်မရှိတဲ့အတွက် တောထဲကနေရွာထဲကိုသွားရမှာ မလွယ်ဘူးလေ။"* ဤသို့ခရီးသွားရသည့်အခြေအနေတွင် အချိန်ကြာသည်သာမက ငွေကြေးလည်းကုန်ကျသည့်အပြင် လမ်းခရီးတွင်လည်း လုံခြုံမှုမရှိသည့်အခြေအနေများနှင့်လည်း ကြုံတွေ့ရနိုင်သည်။

**၁) ငွေကြေးအခက်အခဲများကြောင့် ဖြစ်ပေါ်လာသောအတားအဆီးများ**

စစ်ဘေးရှောင်နေရာများ၌ ကျန်းမာရေးဝန်ဆောင်မှုများရယူရာတွင် ငွေကြေးအခက်အခဲများရှိသောကြောင့် အိမ်ထောင်ဦးစီးအဖြစ်တာဝန်ယူ၍ မိသားစုကိုထောက်ပံ့ရသည့် အမျိုးသမီးများအတွက် ပို၍အကျပ်အတည်းများဖြစ်စေသည်။ ထိုအမျိုးသမီးများသည် စစ်ဘေးရှောင်ရသည့်အချိန်အတွင်း ဝင်ငွေမရှိခြင်း သို့မဟုတ် ဝင်ငွေနည်းပါးခြင်းစသည့် အခြေအနေများနှင့်ကြုံတွေ့နေရသည်။ ဆေးကုသမှုကုန်ကျစရိတ် မတတ်နိုင်သည့် စစ်ဘေးရှောင်အမျိုးသမီးများသည် ၎င်းတို့အနေဖြင့် ကျန်းမာရေးပြဿနာများ ကြုံတွေ့ရသည့်အချိန်တွင် ကျန်းမာရေးစောင့်ရှောက်မှုကို သွားရောက်ခံယူရန် စိုးရိမ်ပူပန်နေရကြောင်း တင်ပြခဲ့သည်။ ဤအခြေအနေနှင့်ပတ်သက်၍ မက---က ယခုလိုပြောပြခဲ့ပါသည်။ *"ကျန်းမာရေးအခြေအနေမကောင်းတဲ့အတွက် သေဆုံးသွားရတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်။ (...) သူက ရင်ဘက်အောင့်တာ ခံစားရတယ်။ ပြီးတော့ မောပန်းတယ်။ (...) ဆေးခန်းမှာရှိတဲ့ဆရာမတစ်ယောက်က သူ့ကိုဆေးကုသမှုခံယူခိုင်းတယ်။ ဒါပေမဲ့ သူမက ဆေးကုသမှုသွား ယူရင် ပိုက်ဆံအကြွေးတင်မှာစိုးလို့ မသွားရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာပိုက်ဆံမရှိဘူးလေ။"* ထိုသို့သော အခြေအနေများတွင် တချို့အမျိုးသမီးများသည် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကို ရယူနိုင်ရန် ဆေးကုသမှုကုန်ကျစရိတ်မတတ်နိုင်သည့်အတွက် အခြားသူများထံမှ ငွေကြေးချေးယူ၍ ဖြေရှင်းကြရပါသည်။ ဒူးပလာယာခရိုင်တွင် စစ်ဘေးရှောင်နေရသည့် ဒေါ်အက--- က ယခုလိုရှင်းပြသည်။ *"ကျွန်မက ရွာမှာရှိတဲ့ ဆေးဆရာမတစ်ယောက်ဆီမှာ အားဆေးသွားထိုးရတယ်။ အားဆေးထိုးဖို့ ပိုက်ဆံမရှိတဲ့အချိန်ဆိုရင် ကျွန်မရဲ့အခြေအနေကို သူ့ကိုရှင်းပြတယ်။ ပိုက်ဆံရှိတဲ့အချိန်ကျမှ ပြန်ပေးမယ်လို့ သူ့ကိုပြောပြတယ်ပေါ့နော်။"*

ဆေးရုံ၊ ဆေးခန်းများသို့သွားလာရာတွင် ကုန်ကျသည့်ခရီးစရိတ်သည် စစ်ဘေးရှောင်အမျိုးသမီးများအတွက် ကြုံတွေ့ရသော အခြားစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ဘားအံခရိုင်တွင် စစ်ဘေးရှောင်နေရသည့် နော်အသ---၏မိခင်သည် ပြင်းထန်သည့်ရောဂါဝေဒနာကိုခံစားရပြီး မိခင်ဖြစ်သူကို ဘားအံမြို့သို့ပို့ဆောင် ဆေးကုသပေးရန်အတွက် အခက်အခဲများနှင့်ကြုံတွေ့နေကြောင်း တင်ပြခဲ့သည်။ အကြောင်းမှာ သူမတွင် လိုင်စင်မရှိသည့် ဆိုင်ကယ်တစ်စီးသာရှိသော်လည်း ကားမရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သူမသည် ကားတစ်စီးကိုငှား၍ မိခင်အား ဆေးရုံသို့ပို့ဆောင်ခဲ့ရသည်။ အခန်းကြီး (၃) တွင် ဖော်ပြသည့်အတိုင်း စစ်ဘေးရှောင်အမျိုးသမီးများသည် စားဝတ်နေရေးစိန်ခေါ်မှုများကို ကြုံတွေ့ရသည့်အခြေအနေတွင် ဤသို့ပေးဆောင်ရသည့် ခရီးစရိတ်များသည် ရှောင်လွှဲ၍မရသောအတားအဆီးတစ်ခုဖြစ်ပြီး ကျန်းမာရေးနှင့် နေ့စဉ်စားဝတ်နေရေးနှစ်ခုအကြားတစ်ခုခုကို ရွေးချယ်ဆုံးဖြတ်ရန် အင်မတန်ခက်ခဲလှသည်။ မူတြော်ခရိုင်မှ စစ်ဘေးရှောင်နေရသည့် နော်သ--- သည် အခြေအနေကို ယခုလိုအကျဉ်းချုပ်၍ပြောပြသည်။ *"ပိုက်ဆံမရှိရင် ကျွန်မတို့က ဆိုင်ကယ်တွေ၊ ကားတွေကို မငှားစီးနိုင်ဘူး။ ပိုက်ဆံရှိတဲ့အချိန်မှပဲ ခရီးသွားလာလို့အဆင်ပြေတယ်။ ခရီးသွားလာလို့ အဆင်မပြေရင် ကျွန်မတို့က ရောဂါဝေဒနာတွေကို ဒီအတိုင်းပဲကြိတ်မိတ်ပြီး ခံစားလိုက်တယ်။"*

**(ခ) လိုအပ်သည့်ဆေးဝါးများ လုံလောက်စွာမရှိခြင်း**

ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်ဆေးရုံ၊ ဆေးခန်းများလုံလောက်စွာမရှိသည့်အတွက်ကြောင့် စစ်ဘေးရှောင်ရွာသားများသည် ဆေးဝါးများကိုလုံလောက်စွာရရှိနိုင်ရန် ရုန်းကန်နေရကြောင်း အင်တာဗျူးဖြေဆိုသူအများစုက တင်ပြခဲ့ကြသည်။ တချို့ဆေးဝါးများကို ဒေသခံဆေးခန်းများမှ ရရှိနိုင်သော်လည်း တချို့သောရောဂါများအတွက်

ကုသပေးရန် လိုအပ်သည့်ဆေးဝါးများမရှိကြပေ။ ဤအခြေအနေတွင် တချို့လူနာများသည် ဆေးကုသမှုမရရှိကြပေ။ တောအူးခရိုင်မှ စစ်ဘေးရှောင်နေရသည့် နော်ထ--- က ယခုလိုရှင်းပြသည်။ *"ကျွန်မတို့မှာ ဆေးဝါးမရှိကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီဒေသမှာ ဆေးခန်းတွေမရှိကြဘူး။"* တချို့အခြေအနေများတွင် ငှက်ဖျားရောဂါသို့မဟုတ် ရိုးရိုးဖျားနာသည့် ရောဂါများအတွက်သာ ဆေးဝါးများရှိသည်။ ထို့ကြောင့် တချို့သောစစ်ဘေးရှောင်ရွာသားများသည် ဆိုးရွားသောကျန်းမာရေးပြဿနာများကို ခံစားရပြီးဆိုလျှင် လိုအပ်သည့်ဆေးဝါးများရရှိရန်အခက်အခဲများနှင့် ကြုံတွေ့ရသည်။ မြန်မာစစ်တပ်သည် ဆေးခန်းများအတွက် လုံလောက်သည့်ထောက်ပံ့ငွေများမပေးခြင်းနှင့် တိုင်းရင်းသားဒေသများတွင် ဆေးဝါးများသယ်ယူတင်ပို့မှုကို ပိတ်ပင်ခြင်းတို့ကြောင့် ဒေသအတွင်း ဆေးရုံ၊ ဆေးခန်းများရှိသော်လည်း လူနာများအားလုံး၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လုံလောက်သောဆေးဝါးထောက်ပံ့မှုများရရှိရန်အတွက် အခက်အခဲစိန်ခေါ်မှုများစွာရှိနေပါသည်။

စစ်ဘေးရှောင်နေရာများတွင် ဆေးဝါးများမရှိကြသောကြောင့် တချို့သောစစ်ဘေးရှောင်ရွာသားများသည် ဆေးဝါးများကို မိမိကိုယ်တိုင်ရှာဖွေရယူကြရသည်။ ဆေးရုံ၊ ဆေးခန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိရန်အခက်အခဲများရှိသော်လည်း ထိုအခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ဘိတ်-ထားဝယ်ခရိုင်တွင် စစ်ဘေးရှောင်နေရသည့် ဒေါ်ဃ--- က ယခုလိုရှင်းပြသည်။ *"ကျွန်မတို့က ဆေးတွေကို ကြိုဝယ်ယူရတယ်။ အဲဒါကြောင့် တစ်စုံတစ်ယောက်ရွာအပြင်ကိုထွက်မယ်ဆိုရင် ဆေးပြန်လာဝယ်ပေးဖို့ သူ့ကိုအကူအညီတောင်းရတယ်။"* တောအူးခရိုင်တွင် စစ်ဘေးရှောင်နေရသည့် နော်အအ--- က အလားတူအခြေအနေမျိုးကို ကြုံတွေ့ရသည့်အကြောင်းကို ဤသို့ပြောပြသည်။ *"ဒီမှာက ဆေးရုံ၊ ဆေးခန်းတွေမရှိဘူး။ ဆေးတွေကိုဝယ်ယူရတယ်။ လူတွေက တောင်ငူမြို့ကိုသွားလို့ရှိရင် ကျွန်မတို့က ဆေးဝယ်ပေးဖို့အတွက် သူတို့ကိုမှာရတယ်။"*

နာတာရှည်ရောဂါခံစားရသော စစ်ဘေးရှောင်အမျိုးသမီးများသည် မြန်မာစစ်တပ်၏အကြမ်းဖက်လုပ်ရပ်များနှင့် လုံခြုံမှုမရှိသည့်အခြေအနေကို ဖြစ်ပေါ်စေခြင်းကြောင့် အန္တရာယ်များစွာနှင့် ရင်ဆိုင်နေရသည်။ ဤသို့သောအခြေအနေတွင် ငွေကြေးအခက်အခဲများနှင့်အတူ သွားလာလှုပ်ရှားမှုများအား ပိတ်ပင်ကန့်သတ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အကန့်အသတ်များကြောင့် ၎င်းတို့အတွက် ကျန်းမာရေးကုသမှုခံယူရန် အတားအဆီးဖြစ်စေပါသည်။ နာတာရှည်ရောဂါဝေဒနာကိုခံစားရသည့် စစ်ဘေးရှောင်အမျိုးသမီးများသည် ပုံမှန်ဆေးကုသမှုရရှိရန် လိုအပ်သည့်အတွက် ဆေးရုံ၊ ဆေးခန်းများနှင့် ဝေးလံသောတောထဲတွင် ထွက်ပြေးတိမ်းရှောင်နေရသောကြောင့် ၎င်းတို့အနေဖြင့် နေ့စဉ်သုံးစွဲရမည့်ဆေးဝါးများ သို့မဟုတ် ပုံမှန်ဆေးကုသမှုကို ရရှိရန်အလွန်ခက်ခဲလာပြီး နက်နဲသောဆင်းရဲဒုက္ခတွင်းထဲသို့ တွန်းပို့စေသည်။ ဒူးပလာယာခရိုင်တွင် စစ်ဘေးရှောင်နေရသည့် နော်ဂ--- က ယခုလိုရှင်းပြသည်။ *"ကျွန်မအမေက အသက်ကြီးပြီ။ အမေ့မှာ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါအစရှိတဲ့ နာတာရှည်ရောဂါတွေ ရှိတယ်။ အဲဒါကြောင့် အမေ့အတွက် ကျန်းမာရေးဝန်ဆောင်မှုနဲ့ ဆေးကုသမှုလိုအပ်တယ်။"* နော်ဂ--- ၏မိခင်သည် ဆေးကုသမှုနှင့်လိုအပ်သည့် ဆေးဝါးများရရှိနိုင်ရန်အတွက် ထိုင်းနိုင်ငံသို့သွားခဲ့ရသည်။ ထိုင်းနယ်စပ်နှင့်နီးသည့်ဒေသများတွင် ပို၍ကောင်းမွန်သောကျန်းမာရေးစောင့်ရှောက်မှုကိုရရှိနိုင်သည်။ အကြောင်းမှာ ထိုဒေသတွင်ရှိသည့်ဆေးခန်းများတွင် ပို၍ကောင်းမွန်သောဆေးဝါးပစ္စည်းများ ရှိသောကြောင့်ဖြစ်သည်။ သို့သော်လည်း ဤကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို စစ်ဘေးရှောင်ရွာသားများအားလုံးအနေဖြင့် ရရှိရန်မဖြစ်နိုင်ပါ။

ဤကဲ့သို့ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများရှိသော်လည်း အမျိုးသမီးများသည် လိုအပ်နေသည့်အရာများကို ဖြည့်ဆည်းပေးရန်အတွက် အကောင်းဆုံးကြိုးစားကြသည်။ တောအူးခရိုင်တွင် စစ်ဘေးရှောင်ရသည့် နော်စ--- မှ သာမန်ဆေးဝါးများကို အချင်းချင်းမျှဝေသုံးစွဲကြသည့် နည်းလမ်းကိုအသုံးပြု၍ဖြေရှင်းခဲ့ကြောင်း ရှင်းပြခဲ့သည်။ *"သူတို့တွေ နေမကောင်းဖြစ်ပြီးဆိုရင် ကျွန်မတို့က သူတို့ကိုပြုစုပေးတယ်။ ကျွန်မတို့ကလေးတွေ*

*ဖျားနာတဲ့အချိန်မှာ တခြားစစ်ဘေးရှောင်ရွာသားတွေကို ဆေးရှိလားလို့ မေးကြတယ်။ ကျွန်မတို့က ကိုယ့်မှာရှိတဲ့ ဆေးတွေနဲ့အချင်းချင်းမျှဝေပြီး ကူညီဖေးမကြတယ်။"* ဘိတ်-ထားဝယ်ခရိုင်တွင် စစ်ဘေးရှောင်နေရသည့် မက--- က ဆရာဝန်ညွှန်ကြားပေးသော ဆေးဝါးများပြတ်လပ်သွားလျှင် ရိုးရာဆေးဝါးများကို သုံးစွဲခဲ့ရကြောင်း ဤသို့ရှင်းပြသည်။ *"တစ်ခါတလေမှာ ကျွန်မရဲ့ကျန်းမာရေးအခြေအနေက မကောင်းဘူး။ ကျွန်မမှာ နှလုံးရောဂါလည်း ရှိတယ်။ ပြီးတော့ ကျွန်မရဲ့ကျောက်ကပ်လည်း မကောင်းဘူး။ တစ်ခါတလေဆိုရင် ရောဂါကပျောက်သွားလိုက်၊ ပြန်ဖြစ်လိုက်နဲ့ပဲ။ ရိုးရာဆေးမြီးတိုတွေကိုမှီဝဲပြီး အသက်ရှင်နေထိုင်ခဲ့တာ။ အဲလိုနဲ့ပဲပေါ့ ကျွန်မသက်သာလာ တယ်။"* မက--- ပြောပြသည့်အတိုင်း တချို့အမျိုးသမီးများလည်း ၎င်းတို့၏ရောဂါဝေဒနာများ သက်သာလာစေရန်အတွက် ရိုးရာဆေးဝါးများကို မှီဝဲသုံးစွဲကြသည်လည်း ရှိသည်။ သို့သော်လည်း ဤသို့ရိုးရာဆေးဝါးများကို သုံးစွဲခြင်းအားဖြင့် ရောဂါလုံးဝပျောက်ကင်းသွားလေ့မရှိပေ။

### (ဂ) လိင်နှင့်မျိုးဆက်ပွားကျန်းမာရေးနှင့်အခွင့်အရေးများ (SRHR) ရရှိရန် ကြုံတွေ့ရသည့်စိန်ခေါ်မှု

စစ်ဘေးရှောင်စခန်းများတွင် ကျန်းမာရေးလုပ်သားများရှိသော်လည်း ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုအား လက်လှမ်းမီရရှိရန် အခွင့်အလမ်းများနည်းပါးခြင်းကြောင့် စစ်ဘေးရှောင်ရသည့်ကိုယ်ဝန်ဆောင်အမျိုးသမီးများ အပေါ် ကြီးမားသောကျန်းမာရေးဆိုးကျိုးသက်ရောက်မှုများ သက်ရောက်စေကြောင်း အမျိုးသမီးအများစုကတင်ပြခဲ့ကြသည်။ စစ်ဘေးရှောင်နေရာများတွင် နေထိုင်ကြသောအမျိုးသမီးများသည် မီးမဖွားမီနှင့်မီးဖွားပြီးနောက် မိခင် ကျန်းမာရေးစောင့်ရှောက်မှုကို အထူးတလည်လိုအပ်ပါသည်။ သို့သော်လည်း လုံခြုံရေးအခြေအနေနှင့် ဆေးဝါးပစ္စည်းများပြတ်လပ်မှုများကြောင့် မိခင်ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိရန်အလွန်ခက်ခဲလှသည်။ ဒူးပလာယာခရိုင်တွင် စစ်ဘေးရှောင်နေရသည့် နော်ဇ--- က ယခုလိုရှင်းပြသည်။ *"တောထဲမှာ ထွက်ပြေးတိမ်းရှောင်နေရတဲ့သူထဲမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေလည်းပါတယ်။ သူတို့တွေမီးဖွားတဲ့အချိန်မှာ ကလေးမွေးပေးမဲ့ကျန်းမာရေးလုပ်သားတွေ မရှိကြဘူး။"* ဒူးပလာယာခရိုင်တွင် စစ်ဘေးရှောင်နေရသည့် နော်အ--- က သားဖွားဆရာမတွေမရှိပဲ ကလေးမွေးဖွားပေးရင် အန္တရာယ်ရှိနိုင်ကြောင်း တင်ပြခဲ့သည်။

တောထဲတွင်စစ်ဘေးရှောင်ရသည့်အချိန်တွင် ဆေးဝါးများ၊ မွေးကင်းစကလေးများအတွက် ကာကွယ်ဆေးများ၊ တတ်သိကျွမ်းကျင်သောသားဖွားဆရာ၊ ဆရာမများနှင့် သန့်ရှင်းသောနေရာထိုင်ခင်းများမရှိသောကြောင့် ကလေးမွေးဖွားရလျှင် မိခင်နှင့်မွေးကင်းစကလေးများအတွက် အလွန်အန္တရာယ်ရှိနေပါသည်။ ဒူးသထူခရိုင်တွင် စစ်ဘေးရှောင်နေရသည့် နော်အဗ--- မှ ယခုလိုရှင်းပြသည်။ *"ကိုယ်ဝန်ဆောင်အမျိုးသမီးနဲ့ ကလေးတွေက ပိုပြီးတော့အခက်အခဲတွေကို ကြုံတွေ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ မီးဖွားပေးဖို့အတွက် သူတို့တွေ နေရာတွေကိုပြင်ဆင်ပေးရတယ်။ (...) ကိုယ်ဝန်ဆောင်အမျိုးသမီးတွေက ကလေးမွေးဖို့ခက်ခဲမှာ၊ မွေးမယ့်နေရာကိုလိုက် ရှာရအုန်းမှာဆိုတော့ သူတို့အနေနဲ့ အမြဲတမ်းစိတ်ပူနေရတယ်။ ဒါပေမဲ့ ဒီမှာ (စစ်ဘေးရှောင်စခန်း) နေထိုင်ရတဲ့အတွက် တခြားနည်းလမ်းမရှိဘူးလို့ ကျွန်မတို့က သူတို့ကိုပြောပြတယ်။ မီးဖွားပေးတဲ့လက်သည်တွေကလည်းသူတို့ကိုဂရုစိုက်ပေးပါတယ်။"* မူတြော်ခရိုင်ရှိ တောထဲတွင်စစ်ဘေးရှောင်နေရသည့် နော်အက--- ကလည်း စစ်ဘေးရှောင်နေရာများတွင် နေထိုင်ကြသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် အလားတူအခက်အခဲမျိုး ကိုကြုံတွေ့ရကြောင်း ယခုလိုရှင်းပြသည်။ *"တောထဲမှာနေတဲ့ တချို့ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကတောတောင်ချိုင့်ဝှမ်းတွေထဲမှာ မီးဖွားရတယ်။ အဲဒီနေရာမှာ သန့်ရှင်းမှုတွေမရှိဘူး။ (...) အခုအချိန်မှာ ကိုယ်ဝန်ဆောင်ရတဲ့အမျိုးသမီးတွေရှိသေးတယ်။ သူတို့လည်း မီးဖွားရအုန်းမယ်။ ဒါပေမဲ့သူတို့လည်း ဒီလိုအခြေအနေကိုကြုံတွေ့ရအုန်းမှာပဲ။ တောထဲမှာမီးဖွားရင် ခြင်လည်းကိုက်ခံရတယ်။ အဲလိုမျိုးအခက်အခဲတွေတော့ရှိတယ်။ မိခင်တွေအတွက်တော့ ပြဿနာကြီးတစ်ခုပဲပေါ့။"*

စစ်ဘေးရှောင်နေရာအများစုတွင် မီးဖွားပေးသည့်လက်သည်များရှိပါသည်။ သို့သော် သူတို့အနေဖြင့် လိုအပ်သည့်ဆေးဝါးကိရိယာများမရှိပဲ မိခင်နှင့်ကလေးများအတွက် အရေးကြီးသည့် ကျန်းမာရေးစောင့်ရှောက်မှုများ မပေးနိုင်ကြပါ။ ဤသို့အရေးကြီးသည့်အရာများမရှိသည့်အခြေအနေတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် မီးဖွားလာလျှင် ၎င်းတို့ကလေးများအတွက် အသက်အန္တရာယ်ရှိနိုင်သည်။ တောအူးခရိုင်တွင် စစ်ဘေးရှောင်နေရသည့် နော်ထ--- က ယခုလိုရှင်းပြသည်။ *"ဒီမှာက ဆေးရုံ၊ ဆေးခန်းတွေမရှိဘူး။ လက်သည်တစ်ယောက်ပဲရှိတယ်။ ဒါပေမဲ့ ရောဂါပြင်းထန်လာရင် သူ့မှာလည်း လုံလောက်တဲ့ဆေးဝါးတွေမရှိဘူး။"* ဒူးပလာယာခရိုင်တွင် စစ်ဘေးရှောင်နေရသည့် နော်ဇ--- ကလည်း ဤသို့ပြောပြသည်။ *"စစ်ဘေးရှောင်နေရတဲ့သူတွေထဲက ကလေးတစ်ယောက်သေသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့တွေ ကျန်းမာရေးလုပ်သားတစ်ယောက်မှရှာလို့မရဘူးလေ။ ဆေးဝါးတွေလည်း အလုံအလောက်မရှိကြဘူး။"* နော်အက--- ကလည်း ထပ်မံပြောပြသည်။ *"သူတို့တွေမသေသင့်ဘူးလေ။ ဒါပေမဲ့ မွေးကင်းစကလေးတွေ သေရတဲ့အကြောင်းက သူတို့ကို ဆေးခန်းမပို့ပေးနိုင်ကြဘူး။ ဒီလိုပဲဖြစ်သွားတယ်။ ကျွန်မတို့လည်း ဘာမှမတတ်နိုင်ဘူး။"* ကျန်းမာရေးလုပ်သားများမရှိသည့် စစ်ဘေးရှောင်နေရာများတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် လက်သည်များကိုသာအားကိုး၍ မီးဖွားနေရသည်။ သို့သော်လည်း မသန့်ရှင်းသောပစ္စည်းများကို မကြာခဏအသုံးပြုခြင်းနှင့် မီးဖွားစဉ်ကာလအတွင်း အကာအကွယ်အစီအမံများမရှိကြသည့်အတွက်ကြောင့် မွေးကင်းစကလေးများ၏အသက်အန္တရာယ်ကို ထိခိုက်စေသည်။

## ၁) သန္ဓေတားဆေးများလက်လှမ်းမီရရှိရန် ကြုံတွေ့ရသောစိန်ခေါ်မှုများ

စစ်ဘေးရှောင်ရသည့် နေရာဒေသအပေါ်မူတည်၍ သန္ဓေတားဆေးများရရှိနိုင်မှုများ မတူညီကြောင်း အင်တာဗျူးဖြေဆိုသူအမျိုးသမီး (၅၀) ရာခိုင်နှုန်းက တင်ပြခဲ့သည်။ တချို့အမျိုးသမီးများသည် ဒေသတွင်းရှိဆေးခန်းများတွင် သန္ဓေတားဆေးကို အခမဲ့ရရှိကြသည်။ တချို့လည်း မြို့ထဲသို့သွား၍ သန္ဓေတားဆေးကို ဝယ်ယူရသည်။ တချို့နေရာများတွင် ဆေးခန်းများရှိသည်။ စစ်ဘေးရှောင်အမျိုးသမီးများသည် ထိုဆေးခန်းများတွင် သန္ဓေတားဆေးများကို ရယူနိုင်သည်။ သို့သော်လည်း ထိုဆေးခန်းများသို့သွားရာတွင် လမ်းခရီးလုံခြုံမှုမရှိသည့်အတွက်ကြောင့် သန္ဓေတားဆေးများကို ရရှိရန်ခက်ခဲလာသည်။ အကျိုးဆက်အနေဖြင့် သန္ဓေတားဆေးများကိုရယူခြင်းသည် အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရန် အခြားသောအတားအဆီးများအား ကြုံတွေ့ရသည့်အမျိုးသမီးများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာစေသည်။ ဤသို့သန္ဓေတားဆေးများရယူရန်အခက်အခဲများရှိသောကြောင့် မိသားစုစီမံကိန်းနှင့် အမျိုးသမီးများ၏ကျန်းမာရေးအတွက် အတားအဆီးတစ်ခုဖြစ်လာသည်။ အကြောင်းမှာ မရည်ရွယ်ပဲရရှိလာသောကိုယ်ဝန်များသည် အထူးသဖြင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုရရှိရန်နှင့် မီးဖွားရန်ခက်ခဲသည့်အခြေအနေများတွင် ပို၍အန္တရာယ်ဖြစ်စေပါသည်။ နော်ဇ--- က ယခုလိုပြောပြသည်။ *"ဆေးခန်းမှာ သန္ဓေတားဆေးကိုသွားယူလို့ရတယ်။ သန္ဓေတားဆေးကို ဝယ်စရာမလိုပဲ အခမဲ့ရတယ်။ (...) ဒီအရာတွေကိုရဖို့ အခက်အခဲတွေတော့ရှိတယ်။ (...) အခက်အခဲကတော့ ဆေးခန်းကိုသွားရမဲ့ခရီးပဲ။ တချို့အမျိုးသမီးတွေက ဒီအရာတွေကိုလိုအပ်တယ်။ ဒါပေမဲ့ သူတို့တွေ ဆေးခန်းကိုမသွားနိုင်ဘူး။ တချို့အမျိုးသမီးလည်း ဆေးခန်းကိုလာရမှာကြောက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာစစ်တပ်တွေရှိတယ်လေ။"*

တချို့အမျိုးသမီးများသည် ကိုယ်ဝန်မရအောင် ဆေးသောက်ခြင်း၊ လက်မောင်းအရေပြားအောက်ဆေးပစ္စည်းထည့်ခြင်း၊ သားအိမ်အတွင်းပစ္စည်းထည့်ခြင်း၊ မိန်းမကိုယ်အတွင်းကွင်းထည့်ခြင်း သို့မဟုတ် ဆေးထိုးအပ်သွင်းခြင်းအစရှိသော သန္ဓေတားဆေးအမျိုးမျိုးကို အသုံးပြုကြသည်။ တောအူးခရိုင်တွင် စစ်ဘေးရှောင်အမျိုးသမီးဖြစ်သူ နော်စ--- က ယခုလိုပြောပြသည်။ *"ဒီဒေသမှာ သန္ဓေတားဆေးကိုရရှိဖို့ ခက်ခဲတယ်။ အဲဒါက ဈေးကြီးတယ်။ ပုလင်းအသေးတစ်လုံးဆိုရင် ကျပ် (၇,၀၀၀) ရှိတယ်။ သောက်ဆေးဆိုရင် ကျပ် (၁၅,၀၀၀) ရှိတယ်။ အဲဒါတွေကို တောအူးခရိုင်၊ သံတောင်မြို့အစရှိတဲ့ မြို့ပေါ်မှာပဲ သွားဝယ်လို့ရတယ်။"* သန္ဓေတားဆေး၏ဈေးနှုန်းမြင့်

မားမှုနှင့် ခရီးသွားလာရန်အခက်အခဲများ ရှိခြင်းကြောင့် တချို့စစ်ဘေးရှောင်ရွာသားများသည် သန္ဓေတားဆေးများကို ဝယ်ယူရန်ငွေကြေးမတတ်နိုင်ကြပေ။ နော်စ---က ဆက်လက်၍ ရှင်းပြသည်။ *"လက်မောင်းထဲမှာအပ်ထည့်တာတွေရှိတယ်။ ပြီးတော့ သားအိမ်ထဲမှာထည့်တဲ့ ဆေးတွေရှိတယ် (IUD)။ အဲဒါတွေကို မြို့ထဲမှာပဲ သွားဝယ်ယူလို့ရနိုင်တယ်။ ဒီမှာတော့မရှိဘူး။ စစ်ဘေးရှောင်ရွာသားတွေကတော့ သောက်ဆေးနဲ့ဆေးထိုးတာတွေပဲဝယ်သုံးနိုင်တယ်။"*

စစ်ဘေးရှောင်အမျိုးသမီးများအကြားတွင် မိသားစုစီမံကိန်းဆိုင်ရာ အသိပညာများအားနည်းခြင်းနှင့် သန္ဓေတားဆေးများကို အလွယ်တကူမရရှိနိုင်ခြင်းတို့ကြောင့် မရည်ရွယ်ပဲကိုယ်ဝန်များရရှိတတ်ကြသည်။ အမျိုးသမီးများသည် ကလေးမလိုချင်သည့်တိုင်အောင် ဤအခြေအနေများကြောင့် ၎င်းတို့၏ကျန်းမာရေးအတွက် အန္တရာယ်ရှိစေပါသည်။ မူတြော်ခရိုင်တွင် စစ်ဘေးရှောင်နေရသည့် နော်ဒ--- က ယခုလိုတင်ပြသည်။ *"မိခင်တစ်ယောက်အနေနဲ့ ရသင့်ရထိုက်တဲ့ကျန်းမာရေးစောင့်ရှောက်မှုကို မရကြဘူး။ ကျွန်မပြောချင်တာက သူတို့မှာ ကလေးတွေအများကြီးရှိပြီး ကိုယ်ဝန်တွေခဏခဏရမယ်ဆိုရင် ကလေးနည်းတဲ့မိခင်တွေလောက် ကျန်းမာရေးကောင်းမှာမဟုတ်ဘူး။ (...) ဒီလိုမိခင်တွေက ကလေးတွေအများကြီးထပ်မွေးမယ်ဆိုရင် အားနည်းလာလိမ့်မယ်လို့ ကျွန်မထင်တယ်။ ပြီးတော့ သူတို့ကျန်းမာရေးကိုလည်း ထိခိုက်မယ်။ အဲဒါကြောင့် သူတို့တွေ ကျန်းမာရေးလုပ်သားတွေပြောတဲ့ အကြံပေးချက်တွေကို လိုက်နာမယ်ဆိုရင် ပိုကောင်းမယ်ထင်တယ်။ ကျွန်မဆိုလိုတာက အသိပညာသင်တန်းတွေမှာ ပို့ချပေးတဲ့ကျန်းမာရေးအသိပညာနဲ့ မိသားစုစီမံကိန်းတွေကို လိုက်နာဆောင်ရွက်မယ်ဆိုရင် သူတို့အတွက်ကောင်းတာပေါ့။"*

### ၂) အစာအာဟာရချို့တဲ့မှု ပြဿနာများ

အမျိုးသမီးများအတွက် ကိုယ်ဝန်ဆောင်နေစဉ်တွင် လုံလောက်သောအစာအာဟာရများကို ရရှိရန်အရေးကြီးသည်။ သို့သော်လည်း အင်တာဗျူးဖြေဆိုသူများ၏တင်ပြချက်တွင် စစ်ဘေးရှောင်နေရာများတွင် နေထိုင်သည့်ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် နေ့စဉ်အသက်ရှင်ရန်အတွက်ပင် စားစရာများရရှိရန် ရုန်းကန်နေရသောကြောင့် ၎င်းတို့လိုအပ်သည့်အစာအာဟာရများကို ရရှိရန်ပို၍ခက်ခဲပါသည်။ အလားတူစွာ စစ်ဘေးရှောင်မိခင်များသည် ၎င်းတို့ကလေးငယ်များအနေဖြင့် အာဟာရချို့တဲ့မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရကြောင်း ဖော်ပြခဲ့သည်။ မူတြော်ခရိုင်တွင် စစ်ဘေးရှောင်နေရသည့် နော်သ--- က ယခုလိုရှင်းပြသည်။ *"သူတို့တွေ အာဟာရရှိတဲ့ အစားအစာတွေကို မစားရကြဘူး။ သူတို့မိသားစုမှာရှိတဲ့စားစရာတွေကိုပဲ စားကြရတယ်။"* ဝင်ငွေရရှိရန် ရုန်းကန်နေရသော စစ်ဘေးရှောင်ရွာသားများသည် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးငယ်များအတွက် အာဟာရရှိသော အစားအစာများရရှိစေရန် နည်းလမ်းများမရှိကြပါ။ ဤအခြေအနေကို နော်သ--- က ထပ်မံရှင်းပြသည်။ *"ကျွန်မတို့မှာပိုက်ဆံရှိရင် တစ်ခါတလေမှာ ကျွန်မတို့စားချင်တဲ့ အစာအာဟာရတွေကို ဝယ်စားလို့ရတယ်။ အခုတော့ ကျွန်မတို့မဝယ်စားနိုင်ဘူး။ ထမင်းနဲ့ခြံထဲမှာရှိတဲ့အရာတွေနဲ့ပဲ စားရတယ်။ အာဟာရရှိတဲ့အစားအစာတွေကို စားခွင့်မရကြဘူး။"*

လုံလောက်သောအစာအာဟာရများ ရရှိခြင်းသည်လည်း ကလေးများအားလုံး၏ကျန်းမာဖွံ့ဖြိုးမှုအတွက် အရေးပါသည့်အရာတစ်ခုဖြစ်သည်။ သို့သော်လည်း စစ်ဘေးရှောင်နေရာများတွင် နေထိုင်သည့်မိခင်များသည် ၎င်းတို့ကလေးငယ်များအတွက် လုံလောက်သောအစာအာဟာရများရရှိစေရန် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်နှင့် ကြုံတွေ့ရသည်။ တောအူးခရိုင်တွင် စစ်ဘေးရှောင်နေရသည့် မိခင်တစ်ဦးဖြစ်သူ နော်စ--- က ယခုလိုပြောပြသည်။ *"အမေမရှိတဲ့ကလေးငယ်တွေ ဒါမှမဟုတ် အမေနို့ဖြတ်လိုက်ရတဲ့ကလေးငယ်တွေက ဖော်မြူလာနို့ကို သောက်ဖို့လိုတယ်။ ဒါပေမဲ့ ဒီနေရာမှာ ဖော်မြူလာနို့ကို လွယ်လွယ်နဲ့ဝယ်ယူလို့မရဘူး။ (...) ရွာမှာနေတဲ့အချိန်ဆိုရင် ကျွန်မတို့လိုချင်တာဝယ်ယူလို့ရတယ်။"*

## ၄.၃။ အရေးကြီးသောကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လမ်းကြောင်းများ

ကျန်းမာရေးစောင့်ရှောက်မှုများရရှိအောင် လွယ်ကူချောမွေ့စွာဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာကြံ့ခိုင်သည့် ဘဝအခြေအနေကို ဖန်တီးပေးခြင်းမှတစ်ဆင့် မရှိမဖြစ်လိုအပ်သောကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းသည် ပြည်သူ့ကျန်းမာရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် အခြေခံကျသည့်အုတ်မြစ်တစ်ရပ်ဖြစ်သည်။ စစ်ဘေးရှောင်ရသည့်အခြေအနေတွင် အထူးသဖြင့်အမျိုးသမီးများအတွက် လိုအပ်သောကျန်းမာရေးဝန်ဆောင်မှုများရရှိစေရန် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။ ခက်ခဲသောအခြေအနေအောက်တွင် ဒေသခံကျန်းမာရေးအဖွဲ့အစည်းများသည် အခြားကူညီထောက်ပံ့မှုပေးသည့်အဖွဲ့များနှင့် အတူပူးပေါင်းလုပ်ဆောင်၍ စစ်ဘေးရှောင်ပြည်သူများ၏လိုအပ်ချက်များကို စွမ်းစွမ်းတမံ ပံ့ပိုးဖြည့်ဆည်းပေးကြသည်။ အချို့သောကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိနိုင်သော်လည်း မြန်မာစစ်တပ်၏အ ကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်စေပြီး ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန်အတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေသည်။

### (က) NGO အဖွဲ့အစည်းများနှင့် ဒေသတွင်းကွန်ယက်များ၏အခန်းကဏ္ဍ

မြန်မာပြည်အရှေ့တောင်းပိုင်ရှိ စစ်ဘေးရှောင်ပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များ၏အရေးပါမှုကို အသိအမှတ်ပြုခြင်းအားဖြင့် KDHW၊ BPHWT အစရှိသောကျန်းမာရေးအဖွဲ့အစည်းများ၊ KWO ၊ CIDKP ၊ ကရင်ဒုက္ခသည်များကူညီစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (KORD) အစရှိသော အခြားအဖွဲ့အစည်းများသည်လည်း ပူးပေါင်းလက်တွဲ၍ ကျန်းမာရေးစောင့်ရှောက်မှုအကူအညီများနှင့် ကျန်းမာပျော်ရွှင်သည့် လူနေမှုဘဝကိုပံ့ပိုးပေးသော လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုရရှိရန် ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးနေလျက်ရှိသည်။

KDHW နှင့် BPHWT အစရှိသည့် ဒေသခံကျန်းမာရေးအဖွဲ့အစည်းများသည် ဆေးခန်းများကိုတည်ဆောက်ပြီး ကာကွယ်ဆေးများ ထိုးနှံပေးခြင်းများရှိသည်။ ပြည်သူလူထုများသည် KDHW ဆေးခန်းများမှတစ်ဆင့် ဆေးဝါး







ဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဘောသေ့ထကျေးရွာအုပ်စု၊ ဘည--- စစ်ဘေးရှောင်နေရာတွင် ရိုက်ယူခဲ့ပါသည်။ ထိုတွင် ကရင်ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန (KDHW) ကျန်းမာရေးဝန်ထမ်းများမှဆောက်လုပ်ထားသည့် ပြင်ပလူနာဌာန (OPD) နှင့် အတွင်းလူနာဌာန (IPD) တို့တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေပါသည်။ အဆိုပါအတွင်းလူနာဌာန (IPD) အဆောက်အအုံများကို ဘည--- ရွာမှ ရွာသားများ ဝိုင်းဝန်းဆောက်လုပ်ပေးခဲ့ကြပါသည်။ *(ဓာတ်ပုံ- KHRG)*

များနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုများကို သွားရောက်ရယူနိုင်သည့်အခြေအနေကို အင်တာဗျူး ဖြေဆိုသူအများစုက တင်ပြခဲ့သည်။ ဒူးပလာယာခရိုင်တွင် စစ်ဘေးရှောင်နေရသည့် နော်ဂ--- က ယခုလို ရှင်း ပြသည်။ *“ကိုယ်ဝန်ဆောင်တဲ့ အမျိုးသမီးတွေအတွက် ကာကွယ်ဆေးတွေထိုးပေးပြီး ကျန်းမာရေးစောင့်ရှောက် မှုတွေပေးတာ ရှိတယ်။ ပြီးတော့ သူတို့ကို အသိပညာပေးတာလည်း ရှိတယ်။”* ကျန်းမာရေးစောင့်ရှောက်မှုပေး သည့် အခြေအနေနှင့်ပတ်သက်၍ KDHW ဝန်ထမ်းတစ်ဦးမှ ဤသို့ထပ်မံရှင်းပြသည်။ *“KDHW က အမျိုးသမီးနဲ့ မိခင်တွေရဲ့ကျန်းမာပျော်ရွှင်ရေးအတွက် လိုအပ်တဲ့ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးတယ်။ ပြီးတော့ မီးဖွား မှုမတိုင်ခင်နဲ့မီးဖွားပြီးနောက် လိုအပ်တဲ့ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ မိသားစုစီမံကိန်းဝန်ဆောင်မှုတွေနဲ့ ကျန်းမာရေးအသိပညာပေးတာလည်း ရှိတယ်။ အဲ့ဒါအပြင် အမျိုးသမီးတွေလိုအပ်တဲ့ တစ်ကိုယ်ရေသန့်ရှင်းမှု ပစ္စည်းတွေ၊ အမျိုးသမီးအသုံးအဆောင်တွေနဲ့ အရေးပေါ်ဆေးဝါးတွေကိုပေးတာလည်းရှိတယ်။”*

တစ်ချိန်ထဲတွင် KORD ၊ CIDKP နှင့် KWO အစရှိသောအဖွဲ့အစည်းများလည်း အစားအစာနှင့်နေရာထိုင်ခင်း အတွက် ကူညီထောက်ပံ့မှုများပေးကြသည်။ မူတြော်ခရိုင်တွင် စစ်ဘေးရှောင်ရွာသားတစ်ဦးဖြစ်သူ စောည---က ယခုလိုတင်ပြသည်။ *“KORD အဖွဲ့က ဆန်၊ တာလပတ်နဲ့ဆေးဝါးတွေ ထောက်ပံ့ပေးတယ်။”* CIDKP လည်း တစ် ကိုယ်ရေးသန့်ရှင်းမှုအတွက် လိုအပ်သည့်ပစ္စည်းများနှင့် ငွေကြေးအကူအညီများကို ကူညီထောက်ပံ့ပေးသည်။ ဘားအံခရိုင်တွင် စစ်ဘေးရှောင်နေရသည့် နော်အသ--- က ယခုလိုပြောပြသည်။ *“ဒီနှစ်မှာ ကျွန်မတို့တွေ ပိုက်ဆံ ကို နှစ်ခါရတယ်။ ဆန်တစ်ခါရတယ်။ (...) CIDKP က တစ်ကိုယ်ရေးသန့်ရှင်းမှု အသုံးအဆောင်တွေ အစရှိတဲ့ ကူညီထောက်ပံ့မှုတွေလည်းပေးတယ်။”* KWO အဖွဲ့သည်လည်း ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကလေးသူငယ် များနှင့် သက်ကြီးရွယ်အိုများအတွက် အကူအညီပစ္စည်းများကို ပါဆယ်ထုပ်ပြီးပေးဝေကြသည်။ ဒူးသထူခရိုင်ရှိ တောထဲတွင် စစ်ဘေးရှောင်နေရသည့် နော်အဗ--- က ယခုလိုရှင်းပြသည်။ *“တစ်ခါတလေမှာ သူတို့က ကလေး နဲ့မသန်စွမ်းကလေးတွေအတွက် အာဟာရရှိတဲ့အစားအစာတွေပေးတယ်။ (...) သက်ကြီးရွယ်အိုနဲ့ ကျန်ရှိတဲ့ မိသားစုတွေအားလုံးကို စောင်တွေ၊ ဖျာတွေ၊ တာလပတ်တွေပေးတာလည်းရှိတယ်။”*

အဓိကအားဖြင့် KWO နှင့် KDHW အဖွဲ့အစည်းများသည် မိခင်နှင့်ကလေးများအတွက် အထူးကူညီထောက်ပံ့မှု များပေးဝေခြင်းရှိသကဲ့သို့ တစ်ခါတရံတွင်လည်း အခြားအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီထောက်ပံ့ပေးခြင်းများ ရှိသည်။ KDHW ဝန်ထမ်းတစ်ဦးက ယခုလိုရှင်းပြသည်။ *“ဆေးဝါးတွေ၊ မိခင်နဲ့ကလေးကျန်းမာရေးစောင့်ရှောက် မှုတွေ၊ အစာအာဟာရပံ့ပိုးမှုတွေ၊ တစ်ကိုယ်ရေးသန့်ရှင်းမှုအသုံးအဆောင်တွေ၊ အမျိုးသမီးအသုံးအဆောင်တွေ၊ ဘေးကင်းစွာမီးဖွားနိုင်ဖို့ လိုအပ်တဲ့ပစ္စည်းကိရိယာတွေ၊ စိတ်ကျန်းမာရေးနဲ့ ကျန်းမာရေးအသိပညာပေးအစီ အစဉ်တွေကို အကူအညီပေးတာတွေရှိတယ်။”* ဘာသာရေးအဖွဲ့အစည်းများနှင့် အမျိုးသမီးရေးရာအဖွဲ့အစည်း များလည်း စစ်ဘေးရှောင်ပြည်သူများကို ကူညီထောက်ပံ့မှုများပေးကြသည်။ တောအူးခရိုင်တွင် စစ်ဘေးရှောင် နေရသည့် နော်အအ--- က ယခုလိုပြောပြသည်။ *“ဘာသာရေးအဖွဲ့အစည်းတွေ ဒီကိုလာပြီး အကူအညီပေးတာ ရှိတယ်။ သူတို့က ငွေကြေးထောက်ပံ့မှုပေးတယ်။ အမျိုးသမီးနဲ့ကလေးတွေအတွက် တစ်ကိုယ်ရေးသန့်ရှင်းမှု အသုံးအဆောင်ပေးတာလည်းရှိတယ်။ (...) သူတို့ပြောတာက ဒါက (၂)နှစ်စီမံကိန်းအတွက်တဲ့။”*

ဤသို့အကူအညီပေးမှုများရှိသော်လည်း ရန်ပုံငွေအကန့်အသတ်များ၊ သွားလာရေးအခက်အခဲများနှင့်လုံခြုံရေး အခြေအနေများကြောင့် ကူညီထောက်ပံ့မှုများသည် ပုံမှန်မရရှိကြသလို အမြဲတစေလုံလောက်မှုလည်း မရှိ ပါ။ ဤအခြေအနေနှင့်ပတ်သက်၍ KWO ဝန်ထမ်းတစ်ဦးမှ ယခုလိုရှင်းပြသည်။ *“လက်နက်ကိုင်ပဋိပက္ခတွေ ကြောင့် ကျွန်မတို့အဖွဲ့အစည်းအနေနဲ့ စစ်ဘေးရှောင်အမျိုးသမီးတွေကို ကူညီထောက်ပံ့မှုပေးတာတွေမှာ အခက်အခဲတွေအများကြီးရှိတယ်။ အဲဒီထဲမှာ ကူညီထောက်ပံ့မှုမလုံလောက်တာတွေ၊ ခရီးသွားလာရေးအခက် အခဲတွေ၊ ကုန်ပစ္စည်းဈေးကြီးလာတာတွေ၊ သယ်ယူပို့ဆောင်ရေးအခက်အခဲတွေပါတယ်။ အကူအညီလိုအပ်မှု က အရင်ကထက် ပိုပြီးများလာတယ်။ ပြီးတော့ လုံခြုံမှုလည်းမရှိဘူး။ အချင်းချင်းဆက်သွယ်ရတာတွေလည်း*

*ခက်ခဲလာတယ်။ ပြင်ဆင်ထားတဲ့အစီအစဉ်တွေလည်း ကြန့်ကြာကုန်တယ်။”* ဤသို့စိန်ခေါ်မှုများရှိသော်လည်း KWO အနေဖြင့် စစ်ဘေးရှောင်ပြည်သူလူထုများ အကူအညီရရှိရန်အတွက် ကြိုးပမ်း၍သွားရောက်ပေးခဲ့သည့် အကြောင်းကို သူမက ထပ်လောင်းပြောပြခဲ့သည်။ စစ်ဘေးရှောင်ပြည်သူလူထုထံသို့ အကူအညီများသွားရောက်ပေးရာတွင် ရေကြီးမှုနှင့်ရင်ဆိုင်ရခြင်း၊ ဝေဟင်ကင်းထောက်လှမ်းမှုကို ရှောင်ရှားရခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုရန်မှ ပုန်းရှောင်ရခြင်းစသည်တို့ကို ကြုံတွေ့ရသည်။ ဤသို့အခြေအနေများကြောင့် စစ်ဘေးရှောင်ပြည်သူများထံသို့ အကူအညီများပို့ဆောင်ရာတွင် ကြန့်ကြာမှုများရှိစေခဲ့သည်။ ရန်ပုံငွေဖြတ်တောက်မှုအခြေအနေနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့်အကျိုးဆက်များနှင့် ထိုအခက်အခဲများအား ဖြေရှင်းသည့်နည်းလမ်းများကို သူမက ယခုလိုရှင်းပြသည်။ *“နိုင်ငံတကာကရန်ပုံငွေတွေ ဖြတ်တောက်သွားတဲ့အတွက်ကြောင့် အကူအညီပေးတာတွေကိုထိခိုက်စေပြီး ကျွန်မတို့လုပ်ငန်းအစီအစဉ်တွေကိုလည်း လျှော့ချလိုက်ရတယ်။ အကူအညီလိုအပ်နေတဲ့သူတွေအတွက်လည်း ထောက်ပံ့မှုတွေက မလုံလောက်တော့ဘူး။ ဒီအခြေအနေတွေကို ကိုင်တွယ်ဖို့အတွက် ဖြစ်နိုင်ခြေရှိပြီးလုပ်နိုင်လောက်တဲ့ အဓိကလုပ်ငန်းစဉ်ကို ဦးစားပေးဆောင်ရွက်ခဲ့ရတယ်။ ကျွန်မတို့ မသွားနိုင်တဲ့နေရာတွေဆိုရင် ဒေသခံခေါင်းဆောင်တွေနဲ့ အကူအညီပေးတဲ့အခြားအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးလုပ်ကိုင်ခဲ့ရတယ်။”* KDHW ဝန်ထမ်းတစ်ဦး၏ပြောပြချက်အရ KDHW သည်လည်း ကျန်းမာရေးဝန်ဆောင်မှုများကိုပေးသည့်အခြေအနေတွင် အလားတူအခက်အခဲများကို ကြုံတွေ့ရသည်။ သူမက ယခုလိုရှင်းပြသည်။ *“တိုက်ပွဲဖြစ်ပွားတဲ့ တချို့နေရာတွေမှာ၊ သယ်ယူပို့ဆောင်ရေးခက်ခဲတဲ့နေရာတွေမှာ၊ လုံခြုံရေးအန္တရာယ်ရှိတဲ့နေရာတွေမှာဆိုရင် အကူအညီအပြည့်အဝသွားပေးနိုင်ဖို့အတွက် အခက်အခဲတွေရှိတယ်။ များသောအားဖြင့် လက်နက်ကိုင်ပဋိပက္ခတွေ၊ လမ်းပိတ်ဆို့တာတွေ၊ လေကြောင်းအန္တရာယ်တွေ၊ ဆေးဝါးပစ္စည်းတွေကို အလွယ်တကူသယ်ယူလို့မရတဲ့အတွက်ကြောင့် ဒီအတားအဆီးတွေ ရှိလာတာလေ။”* လက်နက်ကိုင်ပဋိပက္ခကြောင့် ကြုံတွေ့ရသောအတားအဆီးများနှင့် ရန်ပုံငွေများဖြတ်တောက်မှုများကြောင့် ကျန်းမာရေးဆိုင်ရာကူညီထောက်ပံ့မှုများအားပေးဝေရာတွင်စိန်ခေါ်မှုများရှိသော်လည်း KDHW သည် ဒေသတွင်းတွင်ရှိသည့် ကျန်းမာရေးလုပ်သားများနှင့်




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ နိုင်ဝင်ဘာလတွင် ဘယ---- ဆေးခန်း၌ ရိုက်ယူခဲ့ပါသည်။ မြန်မာစစ်တပ်၏ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၉၇) မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ၈၁ မမ လက်နက်ကြီး တစ်လုံးအား ဘားအံခရိုင်၊ တနေးချား (နဘူး) မြို့နယ်၊ ယော့ကူကျေးရွာအုပ်စု၊ ဘရှ---- ကျေးရွာသို့ပစ်ခတ်ခဲ့သဖြင့် ပေါင်၊ ခြေသလုံးနှင့် လက်တို့တွင် ဒဏ်ရာရရှိ သွားခဲ့သော နော်အဝ--- ၏ပုံဖြစ်ပါသည်။ ထိုနေ့တွင် သူမအား တနေးချားမြို့နယ်၊ နို့ကေ့ကျေးရွာအုပ်စုရှိ ဆအ--- ဆေးခန်းသို့ ရှေ့ဦးစွာပို့ဆောင်ပေးခဲ့ကြသော်လည်း ဆေးဖက်ဆိုင်ရာပစ္စည်းကိရိယာများ အလုံအလောက်မရှိသဖြင့် ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန (KDHW) ၏ ကျန်းမာရေးဝန်ထမ်းများမှ သူမ၏ခန္ဓာကိုယ်တွင်ကျန်ရှိနေသော လက်နက်ကြီးအပိုင်းအစများကို မထုတ်ပေးနိုင်ခဲ့ကြပါ။ နောက်နေ့ မနက်ပိုင်းတွင် သူမအား KDHW စီမံအုပ်ချုပ်သည့် ဘယ--- ဆေးခန်းသို့ ပို့ဆောင်ပေးခဲ့ပါသည်။ ဓာတ်ပုံထဲတွင် နော်အဝ--- မှ ကျန်းမာရေးဝန်ထမ်းများ၏ ခွဲစိတ်ကုသမှုကိုခံယူရန် စောင့်ဆိုင်းနေပါသည်။ မြန်မာစစ်တပ်၏ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများကြောင့် ဒဏ်ရာရရှိသူ၏မိသားစုထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး ကျေးရွာတွင်းသို့ မပြန်လာနေရဲကြတော့ပါ။ *(ဓာတ်ပုံ- KHRG)*

အတူတကွပူးပေါင်းလုပ်ဆောင်၍ စစ်ဘေးရှောင်ပြည်သူများအား တတ်နိုင်သည့်ဘက်မှ ဆက်လက်ကူညီပံ့ပိုး ပေးနေလျက်ရှိသည်။

### (ခ) ကျန်းမာရေးဆိုင်ရာ လူမှုရေးအဆုံးအဖြတ်များကြောင့် ဖြစ်လာသောလူ့အခွင့်အရေးချိုးဖောက်မှုများ

ကျန်းမာပျော်ရွှင်သောလူ့အဖွဲ့အစည်းတစ်ခုသည် ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိနိုင်ခြင်း သာမကပဲ ရေရှည်တည်တံ့သော စိတ်ပိုင်းဆိုင်ရာချမ်းသာမှုကိုမြှင့်တင်ပေးခြင်းနှင့် ရောဂါများကာကွယ်တား ဆီးပေးနိုင်သော လူမှုပတ်ဝန်းကျင်ကို ရရှိသည့်အခြေအနေပေါ်တွင် မူတည်ပါသည်။ ထို့ကြောင့် အခြေခံကျ သည့်ကျန်းမာရေးလိုအပ်ချက်များတွင် တိုက်ရိုက်ဝန်ဆောင်မှုပေးသည်ထက်ကျော်လွန်၍ လူမှုရေးရာကာကွယ် ပေးမှုများ၊ အရည်အသွေးကောင်းအိမ်ယာများနှင့် လူမှုစီးပွားဆိုင်ရာအခွင့်အရေးများအစရှိသော ပို၍ကျယ်ပြန့် သည့်ကျန်းမာရေးဆိုင်ရာ လူမှုရေးအဆုံးအဖြတ်များကိုလည်း ထည့်သွင်းစဉ်းစားပေးရန် အရေးကြီးပါသည်။ မြန်မာစစ်တပ်မှကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများသည် စစ်ဘေးရှောင်အမျိုးသမီးများအတွက် ကျန်းမာရေးဆိုင်ရာလူမှုရေးအဆုံးအဖြတ်များအပေါ် အများဆုံးတိုက်ရိုက်သက်ရောက်မှုရှိစေသည့်အရာများ ဖြစ်သည်။ အမျိုးသမီးများသည် ဆေးရုံ၊ ဆေးခန်းသို့သွားလာရာတွင် ဝေးကွာပြီးလုံခြုံမှုမရှိသည့်လမ်းခရီးကို ဖြတ်ကျော်ရသည့်အတွက် အန္တရာယ်ရှိသည့်အခြေအနေကိုတွန်းပို့စေပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်မီရရှိခြင်းမရှိကြောင်း အလေးထားဖော်ပြခဲ့သည်။ ဒေသခံအဖွဲ့အစည်းများသည်လည်း မရှိမဖြစ်လိုအပ် သော ကျန်းမာရေးဝန်ဆောင်မှုများကိုပေးရာတွင် လုံခြုံမှုမရှိခြင်းနှင့် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များ ပို၍များပြားလာသည့်အခြေအနေအောက်တွင် ခက်ခဲစွာရုန်းကန်ကြရပါသည်။ မူတြော်ခရိုင်တွင် စစ်ဘေးရှောင် နေရသည့် နော်သ--- က လက်နက်ကိုင်ပဋိပက္ခအခြေအနေကြောင့် စစ်ဘေးရှောင်ပြည်သူများ အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးငယ်ရှိသောမိခင်များအတွက် အခက်အခဲပို၍ဖြစ်စေကြောင်း ဤသို့ ရှင်းပြသည်။ *"စစ်ပဋိပက္ခနဲ့ဆေးဝါးမလုံလောက်မှုတွေကြောင့် အမျိုးသမီးတွေအတွက် အခက်အခဲတွေရှိတယ်။ (…) အဓိကစိန်ခေါ်မှုတစ်ခုကတော့ လေယာဉ်ပျံပဲ။"*

ဤသို့အခက်အခဲများကို ဒူးသထူခရိုင်ရှိတောထဲတွင် စစ်ဘေးရှောင်နေရသည့် နော်အဗ--- ကလည်း ယခုလို ရှင်း ပြသည်။ *"စစ်ဘေးရှောင်ရတဲ့အချိန်မှာ ကျွန်မတို့အနီးအနားမှာ ကျန်းမာရေးလုပ်သားတွေ မရှိဘူး။ အဲဒါကြောင့် ကျန်းမာရေးစောင့်ရှောက်မှုကိုရရှိဖို့ အခက်အခဲတွေနဲ့ကြုံတွေ့ရတယ်။ (…) အခုလက်ရှိအချိန်မှာ ခရီးသွားလာ မှုတွေ ပိတ်ပင်ကန့်သတ်ထားအတွက် ကျွန်မတို့နေမကောင်းဖြစ်လာရင် မြို့ထဲကိုဆေးသွားကုရမှာ အရမ်းခက်ခဲ တယ်။"* အခန်းကြီး (၃) တွင် ဖော်ပြထားသော စီးပွားရေးအခွင့်အလမ်းများ နည်းပါးခြင်းနှင့် ဆင်းရဲချို့တဲ့သည့် လူနေမှုအခြေအနေများကဲ့သို့ ကျန်းမာရေးဆိုင်ရာပြဿနာများကို ဖြစ်စေသည့် အဓိကအကြောင်းအရင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများ၏အကျိုးဆက်များကြောင့်ဖြစ်ကြောင်း သိသာစေပါသည်။ ထို့ကြောင့် မြန်မာ စစ်တပ်မှ ရွာသားများအပေါ်လူ့အခွင့်အရေးချိုးဖောက်မှုများအား ရပ်တန့်ခြင်းနှင့် စစ်ပဋိပက္ခအားအဆုံးသတ်မှ သာလျှင် ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝရရှိနိုင်မည်ဖြစ်ကြောင်း မီးမောင်းထိုးပြနေသည်။

## နော်ပ--- ၏ဘဝဖြတ်သန်းမှု

နော်ပ--- သည် အသက် (၂၈) နှစ်ရှိပြီး ကရင်လူမျိုးတစ်ဦးဖြစ်သည်။ သူမသည် ဒူးပလာယာခရိုင်တွင် နေထိုင်ပြီး ဘားအံခရိုင်သို့ စစ်ဘေးရှောင်ခဲ့ရသည်။ သူမနှင့်သူမ၏မိသားစုသည် အချိန်ခဏကြာ စစ်ဘေးရှောင်ရသည့်အခြေအနေရှိသလို၊ တောထဲတွင်သော်လည်းကောင်း ကျေးရွာအနီးတွင်သော်လည်းကောင်း မကြာခဏဆိုသလို စစ်ဘေးရှောင်ရသည့်အခြေအနေကိုလည်း ကြုံတွေ့ခဲ့ရသည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင် မြန်မာစစ်တပ်၏လက်နက်ကြီးပစ်ခတ်မှုနှင့် စစ်ရေးလှုပ်ရှားမှုများမှုများကြောင့် သူမတို့မိသားစုသည် ခရိုင်နယ်စပ်ဖြတ်ပြီး အခြားခရိုင်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ စစ်ဘေးရှောင်ရသည့်အခြေအနေကို သူမက ယခုလိုပြောပြသည်။ *"တချို့လူတွေက တောထဲကိုယာယီပဲ သွားပုန်းရှောင်ရမယ်လို့ထင်ကြတယ်။ အဲဒါကြောင့် သူတို့ရဲ့ထော်လာဂျီတွေ၊ ဆိုင်ကယ်တွေကို ချန်ထားခဲ့ကြတယ်။ ဒါပေမဲ့ မြန်မာစစ်တပ်ရောက်လာတဲ့အခါမှာ သူတို့တွေ ရွာမပြန်ရဲတော့ဘူး။ တချို့လူတွေကလည်း အခြားလူတွေရဲ့ဆိုင်ကယ်တွေနဲ့ ပိုင်ဆိုင်မှုပစ္စည်းတွေကို ကူညီပြီးယူလာပေးကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆိုင်ကယ်ပိုင်ရှင်၊ ပစ္စည်းပိုင်တွေက ထွက်ပြေးတဲ့အချိန်မှာ မယူသွားနိုင်ကြလို့လေ။ ကျွန်မရဲ့တစ်ဝမ်းကွဲတစ်ယောက် သူမရဲ့ဆိုင်ကယ်ကို ဃဇ---ရွာကိုယူလာတယ်။ နောက်ပိုင်းမှာ ဆိုင်ကယ်ကိုပြန်ရသွားတယ်။ ရွာမှာကျန်ရှိတဲ့အခြားပစ္စည်းတွေကတော့ အခိုးခံလိုက်ရပြီး။"*

နော်ပ--- သည် ကျောင်းဆရာမတစ်ဦးဖြစ်သည်။ သူမသည် ဒေသခံခေါင်းဆောင်များနှင့်တိုင်ပင်ဆွေးနွေးပြီးနောက် စစ်ဘေးရှောင်ကလေးများကို ပညာသင်ကြားရသည့်တာဝန်ကိုယူခဲ့သည်။ ဤအခြေအနေကို သူမက ယခုလိုပြောပြသည်။ *"ကျွန်မတို့က ကလေးတွေကို စာသင်ပေးတယ်။ သူတို့အတွက် စားစရာနေ့တိုင်းချက်ပေးတယ်။ ဒီလိုပဲ အလှည့်ကျလုပ်ရတယ်။ စိုက်ပျိုးရေးအလုပ်ကို လုပ်ကိုင်ခဲ့ဖူးတဲ့အဒေါ်တွေ၊ သက်ကြီးပိုင်းမိခင်တွေကတော့ ပျင်းနေတာပေါ့။ သူတို့တွေ ဒီမှာနေရတာအဆင်မပြေဘူး။ (...) သူတို့မှာ အလုပ်မရှိဘူးလေ။ အဲ့ဒါကြောင့် သူတို့ပျင်းသလိုခံစားရတယ်။"* အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးသည့်အပြင် စစ်ဘေးရှောင်ရွာသားများသည် ရေနှင့်စက်ဆီပြတ်လပ်မှုကိုလည်း ကြုံတွေ့ကြရသည်။

နော်ပ--- သည် သူမအနေဖြင့် အဓိကကြုံတွေ့ရသည့်စိန်ခေါ်မှုတစ်ရပ်မှာ ရောဂါဝေဒနာခံစားရခြင်းဖြစ်ကြောင်း တင်ပြခဲ့သည်။ အကြောင်းမှာ သူမ၏အူမကြီးရောင်ရမ်းနေခြင်းခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် သူမအနေဖြင့် KDHW ဆေးခန်းသို့သွား၍ ဆေးဝါးကုသမှုရယူခဲ့သည်။ သို့သော်လည်း ဆေးဝါးစရိတ်မကြီးသောကြောင့် အဆင်ပြေကြောင်း သူမကပြောပြခဲ့သည်။ အခြားအရာများနှင့်ပတ်သက်၍ သူမကအခွင့်အရေးများဆုံးရှုံးရကြောင်း ယခုလိုရှင်းပြသည်။ *"စစ်ဘေးရှောင်ရတဲ့အတွက် ကျွန်မတို့ဝမ်းနည်းမိတယ်။ အခွင့်အရေးတွေလည်းဆုံးရှုံးတယ်။ ဒီမှာစာသင်တဲ့မိန်းကလေးအများစုက သူတို့မိဘတွေနဲ့ခွဲပြီးမနေချင်ဘူး။ သူတို့တွေအိမ်ပြန်ချင်တယ်။ တချို့လည်း စာတော်ကြတယ်။ ဒါပေမဲ့ သူတို့တွေမိဘမပါပဲ ဒီကိုပြေးလာကြရတယ်လေ။"* သူမကထပ်မံ၍ ဤသို့ပြောပြသည်။ *"စစ်ပဋိပက္ခမဖြစ်ပွားခင်မှာ ကျွန်မတို့တွေ ပွဲတော်အခမ်းအနားတွေကို ကြီးကြီးကျယ်ကျယ်လူအများကြီးနဲ့ကျင်းပခွင့်ရခဲ့တယ်။ အခုအချိန်မှာတော့ လူတွေက အခမ်းအနားပွဲသေးသေးလေးတွေကို ကြောက်ကြောက်နဲ့ကျင်းပနေရတယ်။ ဒီလိုအများကြီးပြောင်းလဲသွားတဲ့အတွက်ကြောင့် ကျွန်မတို့တွေ တကယ်ဝမ်းနည်းတယ်။ ရပ်ရွာအခမ်းအနားအစီအစဉ်တွေ သိပ်မလုပ်ဖြစ်တော့ဘူး။ ခိုးမှုတွေလည်းများလာတယ်။ လုံခြုံမှုရှိတယ်လို့မခံစားရတော့ဘူး။ ကျွန်မတို့တွေ ရွာမှာမနေရဲလို့ ဒီကိုပြေးလာကြတာ။ အဲဒါကြောင့် ကျွန်မတို့အရမ်းဝမ်းနည်းတယ်။"*

# အခန်း ၅။ နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့်အမျိုးသမီးများ၏ စိတ်ကျန်းမာရေးအခြေအနေ

***"ကျွန်မတို့ကိုယ်တိုင် စစ်ဘေးရှောင်နေရတော့ စိတ်ထဲမှာတစ်မျိုးကြီးပဲခံစားရတယ်။ စစ်ဘေးရှောင်လို့ အခေါ်ခံရတာက ကျွန်မတို့ကို စိတ်မသက်မသာဖြစ်စေတယ်။ ကျွန်မတို့စစ်ဘေးရှောင်နေရတဲ့နေရာက ကျွန်မတို့ရဲ့အိမ်၊ ကျွန်မတို့ရဲ့ရွာမဟုတ်ဘူးလေ။ ကူညီထောက်ပံ့မှုတွေရရှိပေမယ့်လည်း သက်တောင့်သက်သာမရှိဘူးလို့ ခံစားရတယ်။ ကျွန်မတို့ ရွာကိုဘဲ ပြန်နေချင်တယ်။"***

နော်ပ---၊ ဘားအံခရိုင်မှ စစ်ဘေးရှောင်သူတစ်ဦး

မြန်မာစစ်တပ်မှ ရွာသားများအပေါ် တိုက်ခိုက်မှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများ၏စိတ်ကျန်းမာရေးအား ဆိုးရွားစွာထိခိုက်စေပါသည်။ ကရင်ပြည်နယ်တစ်ဝန်းရှိအမျိုးသမီးများသည် သတ်ဖြတ်ခံရခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ မိသားစုဝင်များနှင့် သိက္ခမ်းသူများသေဆုံးမှုကို မျက်မြင်ကြုံတွေ့နေရခြင်း၊ အိုးအိမ်နှင့် ကျေးရွာများပျက်စီးဆုံးရှုံးရခြင်း စသည်တို့နှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ထွက်ပြေးတိမ်းရှောင်နေရသည့်အချိန်တွင်လည်း အမျိုးသမီးများသည် အိုးအိမ်စွန့်ခွာရမှုနှင့်ဆက်စပ်သည့်အခက်အခဲများအပြင် စစ်ပဋိပက္ခ၏အမျိုးမျိုးသောဘေးအန္တရာယ်များနှင့်ပါ ဆက်လက်ရင်ဆိုင်နေကြရပါသည်။ ထို့အပြင် မြန်မာစစ်တပ်၏အကြမ်းဖက်လုပ်ရပ်များကြောင့်၎င်းတို့၏စိတ်ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများကို ပိုမိုကြီးထွားစေပါသည်။ အမျိုးသမီးအများအပြားသည် နေရပ်သို့ ပြန်လည်နေထိုင်နိုင်ခြင်းမရှိသည့်အခြေအနေနှင့် မကြာခဏထွက်ပြေးတိမ်းရှောင်နေရသည့်အခြေအနေများ ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ထိုကဲ့သို့ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှုများသည် လုံခြုံရေး၊ အသက်မွေးဝမ်းကြောင်းပြုရေးနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးစိန်ခေါ်မှုများရင်ဆိုင်နေရသည့်အပြင် ယခင်အခန်းများတွင်ဖော်ပြခဲ့သည့် စိုးရိမ်ပူပန်မှုများနှင့် စိတ်ဖိစီးမှုများကို ထပ်ဆင့် ဖြစ်ပေါ်စေပြီး ၎င်းတို့အား မျှော်လင့်ချက်မဲ့ခြင်းဝေဒနာများကို ခံစားရစေပါသည်။ ထို့အပြင် ဆွေမျိုးသားချင်းများနှင့် သိက္ခမ်းသူများသေဆုံးခြင်း သို့မဟုတ် ဒဏ်ရာရရှိခြင်းတို့ကို မျက်မြင်ကြုံတွေ့ခဲ့ရခြင်းများကြောင့် ကျေးရွာလူထုများအကြားတွင် ပူဆွေးသောကရောက်ရမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်စေခဲ့သည်။ နေရပ်စွန့်ခွာနေရခြင်းကြောင့် မိသားစုနှင့် သော်လည်းကောင်း၊ လူမှုအသိုက်အဝန်းနှင့်သော်လည်းကောင်း ခွဲခွာရလေ့ရှိပြီး အထီးကျန်ခြင်း၊ ဖယ်ကြဉ်ခံရခြင်းနှင့် အပယ်ခံရသကဲ့သို့ ခံစားရခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုနှင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများအား စဉ်ဆက်မပြတ် စိုးရိမ်ကြောက်ရွံ့နေရသောကြောင့် လူမှုအသိုက်အဝန်းအနေဖြင့် ပွဲလမ်းသဘင်များနှင့် လူမှုရေးဆိုင်ရာစုဝေးခြင်းများကို ပြုလုပ်နိုင်စွမ်းမရှိတော့ပေ။ ထို့အပြင်ကူညီထောက်ပံ့မှုများမရရှိသည့်အခြေအနေများကြောင့် အထီးကျန်မှုကို ပိုမိုဆိုးရွားစွာ ခံစားရစေပါသည်။ အမျိုးသမီးများသည် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးစိန်ခေါ်မှုများရှိသည့်တိုင်အောင် ၎င်းတို့ကြုံတွေ့နေရသည့် ခက်ခဲသောအခြေအနေများကိုလျော့ကျစေရန်အတွက် အပြန်အလှန်အားပေးကူညီခြင်းနှင့် စုဝေးခြင်းကဲ့သို့သောကျေးရွာလူထု၏တုံ့ပြန်လုပ်ဆောင်မှုနည်းဗျူဟာများကို ဆက်လက်ကျင့်သုံးနေလျက်ရှိသည်။

ဤအခန်းတွင် ကရင်ပြည်နယ်တစ်ဝန်းရှိ စစ်ဘေးရှောင်အမျိုးသမီးများရင်ဆိုင်ကြုံတွေ့နေရသည့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့်ပတ်သက်သည့်စိန်ခေါ်မှုများကို ဖော်ပြထားပါသည်။ ဤအခန်းတွင် ရွာသူရွာသားများအပေါ်တိုက်ခိုက်ခြင်းနှင့် ထိုတိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသောအကျိုးဆက်များကို အပိုင်းများခွဲ၍ရေးသားထားပါသည်။ အပိုင်း (၅.၁) တွင် စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရမှုများ ကျယ်ပြန့်စွာဖြစ်ပေါ်စေခြင်း၊ အပိုင်း (၅.၂) တွင် ဆွေမျိုးသားချင်းများသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ မိသားစုဝင်များနှင့်ခွဲခွာနေရခြင်းများကြောင့် မိသားစုဘဝများပြိုကွဲပျက်စီးရခြင်း၊ အပိုင်း (၅.၃) တွင် လူမှုရေးဆိုင်ရာပွဲလမ်းသဘင်များမကျင်းပနိုင်

ခြင်း၊ လူမှုအသိုက်အဝန်းနှင့် ကွဲကွာရခြင်းများကြောင့် အထီးကျန်ခြင်းနှင့် အပယ်ခံရသကဲ့သို့ခံစားရခြင်းအပြင် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေထိုင်ရသည့်အမျိုးသမီးများနှင့် ကလေးငယ်များ၏ပညာရေးရပ်တန့်သွားခြင်းတို့ကြောင့် လူမှုအဆောက်အအုံတစ်ခုလုံးပျက်စီးယိုယွင်းရခြင်း စသည့်အကြောင်းအရာများပါဝင်ပါသည်။ နောက်ဆုံးအပိုင်းဖြစ်သည့် (၅.၄) တွင် မြန်မာစစ်တပ်၏အကြမ်းဖက်တိုက်ခိုက်မှုများ စဥ်ဆက်မပြတ်ရင်ဆိုင်ကြုံတွေ့နေရသည့်တိုင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိအမျိုးသမီးများသည် မည်သို့ကြံ့ကြံ့ခံတုံ့ပြန်ရင်ဆိုင်နိုင်စွမ်းရှိကြောင်းကို ဖော်ပြထားခြင်းဖြင့် အဆုံးသတ်ထားပါသည်။

## ၅.၁။ တိုက်ခိုက်မှုနှင့် နေရပ်စွန့်ခွာနေရခြင်းများကြောင့် ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားမှုများ

မြန်မာစစ်တပ်၏စဥ်ဆက်မပြတ်အကြမ်းဖက်တိုက်ခိုက်မှုများသည် အမျိုးသမီးများအတွက် ကြောက်ရွံ့ထိတ်လန့်စရာ ပတ်ဝန်းကျင်တစ်ခုကိုဖန်တီးခဲ့သည်။ ကရင်ပြည်နယ်အတွင်း စစ်ဘေးရှောင်အမျိုးသမီးများနှင့်ပြုလုပ်ခဲ့သည့်အင်တာဗျူးများတွင် ကြောက်ရွံ့မှုအကြောင်းအား အများဆုံးထုတ်ဖော်ပြောဆိုခဲ့ကြပြီး အင်တာဗျူး ၄၁ ခုတွင် အကြိမ်ရေ ၂၀၆ ကြိမ်တိုင်တိုင် ထည့်သွင်းပြောဆိုခဲ့သည်။ ထုတ်ဖော်ပြောကြားခဲ့သည့် ဖြစ်စဥ်များအားလုံးတွင် အမျိုးသမီးများသည် အထူးသဖြင့် မြန်မာစစ်တပ်၏ရမ်းသမ်းတိုက်ခိုက်မှုနှင့် ပစ်မှတ်ထားအကြမ်းဖက်တိုက်ခိုက်မှုများ ကြောက်ရွံ့ရသည့်အကြောင်းကို တင်ပြခဲ့ကြပါသည်။ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုနှင့် တိုက်ပွဲဖြစ်ပွားမှုများသည် အကြောက်ရဆုံးအရာများဖြစ်ကြောင်း အမျိုးသမီးများမှ ထုတ်ဖော်ပြောဆိုခဲ့သည်။ တစ်ဖက်တွင်လည်း မြေမြှုပ်မိုင်း၊ စစ်လက်နက်အကြွင်းအကျန်များ၏အန္တရာယ်များ၊ စစ်ဆေးရေးဂိတ်များ၊ တရားလက်လွတ်ဖမ်းဆီးချုပ်နှောင်ခံရခြင်းများ၊ အတင်းအဓမ္မစစ်မှုထမ်းခိုင်းစေမှုများနှင့် ရပ်ရွာအိုးအိမ်ဖျက်ဆီးခံရမှုများအစရှိသော စိုးရိမ်စရာအများအပြားလည်းရှိနေပါသည်။ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရမှုများတွင် စိတ်ပူပန်သောကရောက်ရမှု ပုံစံအမျိုးမျိုးပါဝင်နေပါသည်။ အင်တာဗျူးခဲ့သည့်အမျိုးသမီးအများစုသည် ၎င်းတို့၏မိသားစုဝင်များ အထူးသဖြင့်ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုအမျိုးသမီးများအတွက် ကြောက်ရွံ့ခြင်း၊ ဝမ်းနည်းခြင်းနှင့် စိုးရိမ်ပူပန်ခြင်းဆိုင်ရာခံစားချက်များကို တစ်ခဲနက်ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အခြားသူများကမူ ထိတ်လန့်တုန်လှုပ်ခြင်း၊ အမြဲတစေစိုးရိမ်စိတ်လွန်ကဲနေခြင်းနှင့် ကျယ်လောင်သောအသံများကိုကြားရလျှင် စိုးရိမ်ထိတ်လန့်ခြင်းတို့ကိုတင်ပြခဲ့သည်။ အချို့သောအမျိုးသမီးများသည် မျှော်လင့်ချက်ကင်းမဲ့ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်လိုသောစိတ်ကူးများ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာပုံမှန်မဟုတ်တော့သည့်ပြောင်းလဲသွားခြင်းများကဲ့သို့သော ပိုမိုပြင်းထန်သည့် စိတ်ကျန်းမာရေးဆိုင်ရာအကျပ်အတည်းများခံစားခဲ့ရကြောင်း ဖော်ပြခဲ့ကြသည်။ ထို့အပြင် အမျိုးသမီးများသည် စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရမှုများမှတစ်ဆင့် ရင်တုန်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ နှလုံးရောဂါလက္ခဏာများ၊ သွေးတိုးခြင်း၊ အသက်ရှူကြပ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အိပ်မပျော်ခြင်း၊ ဆီးဝမ်းမထိန်းနိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားရခက်ခဲခြင်း သို့မဟုတ် စကားမပြောနိုင်ခြင်း၊ ခြေတုန်လက်တုန်ဖြစ်ခြင်းနှင့် ကိုယ်လက်အဆစ်မြစ်ကိုက်ခဲခြင်းကဲ့သို့သော စိတ်ကြောင့်ဖြစ်သည့်ရုပ်ပိုင်းဆိုင်ရာရောဂါလက္ခဏာများ မည်သို့ပေါ်ပေါက်လာပုံကိုလည်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။

### (က) ပဋိပက္ခနှင့် နေရပ်စွန့်ခွာနေရခြင်း

မြန်မာစစ်တပ်သည် ကရင်ပြည်နယ်နေရာအနှံ့တွင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်သဖြင့် အမျိုးသမီးများအနေဖြင့် ထွက်ပြေးတိမ်းရှောင်မှုများကို ပို၍ကြုံတွေ့လာရသည်။ မြန်မာစစ်တပ်မှ ကျေးရွာထဲသို့ဝင်ရောက်

လာချိန်တွင် အိမ်မှထွက်ပြေးတိမ်းရှောင်ရသည့် ဒူးပလာယာခရိုင်မှ နော်ပ--- က *"တခြားကျေးရွာကို ထွက်ပြေးတိမ်းရှောင်ပြီးနေထိုင်ရမယ်လို့ကျွန်မဘဝမှာ အရင်ကတစ်ခါမှမတွေးမိခဲ့ဘူး။ ကျွန်မတို့ ကျည်ဆံတွေကြားက ထွက်ပြေးခဲ့ရတယ်။ ထွက်ပြေးတိမ်းရှောင်နေရချိန်မှာ ကျွန်မမျက်ရည်ကျခဲ့တယ်။"* ဟု သူမ၏မထင်မှတ်ထားမှုအပေါ်ထုတ်ဖော်ပြောဆိုခဲ့သည်။ ထို့နည်းအတူ တောအူးခရိုင်မှ နော်အဟ--- ကလည်း ကျေးရွာတွင်တိုက်ပွဲဖြစ်ပွားခဲ့ချိန် သူမနှင့် တခြားအမျိုးသမီးများ တုန်လှုပ်ခဲ့ရပုံနှင့်ပတ်သက်ပြီးတင်ပြသည်မှာ *"သူတို့တုန်လှုပ်ပြီး အရမ်းစိုးရိမ်ခဲ့ကြတယ်။ ကျွန်မတစ်သက်မှာ တစ်ခါမှမထွက်ပြေးခဲ့ဖူးဘူး။ ဒါက ပထမဆုံးအကြိမ်ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်းပါဘဲ။ ကျွန်မထွက်ပြေးတိမ်းရှောင်ရတဲ့ဟာ အရာအားလုံးက ရုတ်တရက်ကြီးဖြစ်ပွားခဲ့တာပါ။ ကျွန်မမှာ မောင်နှမအများကြီးရှိတော့ [ထွက်ပြေးချိန်မှာ] ဘယ်တစ်ယောက်ကိုကျွန်မသွားပြီး ပွေ့ချီခေါ်ရမှန်းမသိခဲ့ဘူး။ အဲ့ဒီအချိန်တုန်းက ကျွန်မအမေက ကိုယ်ဝန်ကြီးနဲ့ဆိုတော့ သူမလည်း ဘာလုပ်ရမှန်းကိုမသိတော့ဘူး။"* ဟူ၍ဖြစ်ပါသည်။ ဒူးပယာခရိုင်မှ စစ်ဘေးရှောင်သည့် မအဆ--- ကလည်း သူမနှင့်သူမ၏ရွာသူရွာသားများ စစ်ဘေးရှောင်ရသည့်အချိန်တွင် စိန်ခေါ်မှုများကြုံတွေ့ခဲ့ရပုံနှင့်ပတ်သက်ပြီး ယခုလိုပြန်လည်ပြောပြခဲ့သည်။ *"ကျွန်မလို လူမျိုးအတွက်ကတော့ ရှူးမတတ်ပါပဲ။ အရာအားလုံးက ဖြစ်ပျက်သွားတာ။ 'ဂလုန်းဂလန်း'ဆိုပြီး [ထိခိုက်ပျက်စီးမှုအသံ] တွေကြားနေရတယ်။ လေယာဥ်ပေါ်ကနေဗုံးတွေကြဲချတာ အိမ်တွေဆိုတုန်ခါသွားတာပဲ။ ကျွန်မ ထမင်းလည်းမချက်နိုင်တော့သလို စိုးရိမ်စိတ်တွေနဲ့ ဘာမှမစားနိုင်မသောက်နိုင်တော့ဘူး။ အဲ့လိုဖြစ်ပွားခဲ့တဲ့အချိန်မှာ ဘာမှစားချင်စိတ်မရှိတော့ဘူး။ ကြောက်စိတ်တစ်ခုဘဲရှိတော့တယ်။"*

နေရပ်စွန့်ရသည့်အချိန်တွင် အမျိုးသမီးအများအပြားသည် အန္တရာယ်ရှိသောလမ်းခရီးကိုဖြတ်ကျော်ခဲ့ရသဖြင့် စိတ်ဒဏ်ရာရရှိစေခဲ့သည်။ ဘိတ်-ထားဝယ်ခရိုင်မှ စစ်ဘေးရှောင်သည့် ဒေါ်ဟ--- သည် သူမ၏ထွက်ပြေးတိမ်းရှောင်ရသည့်ခရီးလမ်းနှင့်ပတ်သက်ပြီး သူမ၏ခံစားချက်ကိုမျှဝေခဲ့ပါသည်။ *"ကျွန်မတို့ထွက်ပြေးတိမ်းရှောင်တုန်းက တောင်တက်ခဲ့ရတယ်။ အဲ့ဒီတောင်ပေါ်မှာနေခဲ့တုန်းက ထင်ထားတာနဲ့လက်တွေ့အခြေအနေက တခြားစီဘဲ။ ကျွန်မတို့ပြေးနေရတယ်။ အရမ်းပင်ပန်းနွမ်းနယ်ပြီး ဆက်မပြေးနိုင်တော့လို့ ကျွန်မကိုထားခဲ့ဖို့ တခြားသူတွေကိုပြောခဲ့တယ်။ အိမ်မက်လိုပါဘဲ။ အရှေ့မှာလည်းတောင်တန်း၊ အနောက်မှာလည်း တောင်တန်းတွေကြီးဘဲ။ အရမ်းကြောက်စရာကောင်းတယ်။ တခြားသူတွေနဲ့အတူ ကျွန်မတို့ထွက်ပြေးခဲ့ရတယ်။ သူတို့ထဲမှာ CDM*[58] *လုပ်တဲ့ကျောင်းဆရာ/ဆရာမတွေ၊ သက်ကြီးရွယ်အိုနဲ့ ကလေးသူငယ်တွေပါပေမယ့် ကိုယ်ဝန်သည်တွေတော့မပါဘူး။ ကျွန်မတို့စားစရာတွေကို သူတို့နဲ့မျှဝေစားခဲ့သလို သူတို့လည်း သူတို့ရဲ့စားစရာတွေကို ကျွန်မတို့နဲ့မျှဝေစားသောက်ခဲ့ကြတယ်။ ကျွန်မရှိုက်ကြီးတငင် ငိုကြွေးခဲ့မိတယ်။ ကျွန်မတို့တောတောင်ထဲမှာ တစ်ညအိပ်ခဲ့ရတယ်။ ကျွန်မတို့ တောင်တန်းတွေဖြတ်ကျော်ထွက်ပြေးချိန်မှာ ဗုံးပေါက်ကွဲသံကြားတော့ ကျွန်မငိုနေရတယ်။ ကျွန်မသေချင်စိတ်ပေါက်ခဲ့ပြီး တခြားသူတွေကို သူတို့နဲ့မလိုက်ချင်တော့ဘူးလို့ ကျွန်မပြောလိုက်မိတယ်။"* စိတ်ဒဏ်ရာရစရာကောင်းသည့်လမ်းခရီးကိုဖြတ်ကျော်ခဲ့ရသော်လည်း အမျိုးသမီးများအနေဖြင့် နေရပ်စွန့်ခွာသည့်အခြေအနေသည် မိမိတို့၏အခွင့်အရေးချိုးဖောက်ခံရမှုတစ်ခုအဖြစ်သာမကဘဲ မိမိကိုယ်ကိုကာကွယ်

[58] ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မြန်မာပြည်အနှံ့အပြားရှိ အစိုးရဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများသည် အာဏာဖီဆန်ရေးအကြမ်းမဖက်လူထုလှုပ်ရှားမှု (CDM) တွင် စတင်ပါဝင်လာခဲ့သည်။ ထိုလှုပ်ရှားမှုတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့၌ အာဏာသိမ်းယူခဲ့သောမြန်မာစစ်တပ်အား ဆန့်ကျင်ဆန္ဒပြသည့်အနေဖြင့် အလုပ်အမားသပိတ်လှန်ခြင်းလည်းပါဝင်ပါသည်။ ဤလှုပ်ရှားမှုသည် (အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ သတင်းမီဒီယာများအစရှိသော) မြန်မာအစိုးရဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်းများသို့ပျံ့နှံ့သွားပြီး ၎င်းတို့မှ အာဏာသိမ်းစစ်တပ်အားဆန့်ကျင်သည့်အနေဖြင့် စစ်တပ်အုပ်ချုပ်မှုအောက်တွင် တာဝန်ထမ်းဆောင်နေခြင်းကိုရပ်တန့်ခဲ့သည်။ ဤအကြမ်းမဖက်လူထုလှုပ်ရှားမှုသည် မြန်မာပြည်အနှံ့လူသိများလာပြီး တချို့သောပြည်သူလူထုများသည် အာဏာသိမ်းစစ်တပ်အားဆန့်ကျင့်သည့်အနေဖြင့် သံပုံးတီးသည့်ဆန္ဒပြပွဲနှင့် စစ်တပ်ထုတ်ကုန်တွေသပိတ်မောက်သည့်လှုပ်ရှားမှုအပါအဝင် ၎င်းတို့လုပ်ဆောင်နိုင်သည့် မည်သည့်သပိတ်မောက်ဆန္ဒပြမှုမဆို စတင်ပြုလုပ်လာခဲ့သည်။

စောင့်ရှောက်ရန် ရွေးချယ်လုပ်ဆောင်ရသည့်နည်းလမ်းတစ်ခုအဖြစ်ပါနားလည်ထားကြသည်။ ဒေါ်ဟ--- က ခံနိုင်ရည်စွမ်းရှိအောင်ကြိုးစားသည့် နည်းဗျူဟာတစ်ခုအနေဖြင့် မိမိထက်ပိုမိုဆိုးရွားသောအခြေအနေနှင့် ရင်ဆိုင်နေရသူများကို တွေးတောခဲ့ပုံအား ယခုလိုဖြည့်စွက်ပြောကြားခဲ့ပါသည်မှာ *"ဒါက ကျွန်မတစ်ယောက်တည်းကြုံတွေ့နေရတာ မဟုတ်ပါလားဆိုပြီး ကိုယ့်ကိုယ်ကိုနှစ်သိမ့်အားပေးခဲ့တယ်။"* ဟူ၍ဖြစ်ပါသည်။

**(ခ) စစ်ဘေးရှောင်စဉ် ခံစားရသောမလုံခြုံမှုများ - လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုနှင့် တိုက်ပွဲဖြစ်ပွားမှုများအပေါ် ကြောက်ရွံ့နေရခြင်း**

အမျိုးသမီးများသည် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေစဉ် ဆက်လက်ဖြစ်ပွားနေလျက်ရှိသော စစ်ပဋိပက္ခများနှင့် ၎င်း၏နောက်ဆက်တွဲ လူ့အခွင့်အရေးချိုးဖောက်မှုများအား မကြာခဏရင်ဆိုင်ကြုံတွေ့နေရသောကြောင့် ကြောက်ရွံ့ထိတ်လန့်မှုနှင့်မလုံခြုံမှုများကို အစဉ်အမြဲခံစားနေရပြီး စိတ်ကျန်းမာရေးအခြေအနေလည်း ယေဘုယျအားဖြင့် ပိုမိုဆိုးရွားလာပါသည်။ ထူးခြားသည်မှာ ကရင်ပြည်နယ်တစ်ဝန်းရှိအမျိုးသမီးများသည် အလားတူကြောက်ရွံ့မှုမျိုးစုံကို ထုတ်ဖော်ပြောဆိုခဲ့ကြပြီး ၎င်းတို့တင်ပြပြောဆိုမှုအများဆုံး ကြောက်ရွံ့မှုများမှာ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ၊ လက်နက်ကြီးဖြင့် ပစ်ခတ်မှုများနှင့် စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများ ဖြစ်ကြပါသည်။ KHRG မှ အင်တာဗျူးခဲ့သော စစ်ဘေးရှောင်အမျိုးသမီး ၈၀ ရာခိုင်နှုန်းခန့်သည် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကို ကြောက်ရွံ့နေကြကြောင်း တင်ပြကြပါသည်။ KNU ထိန်းချုပ်နယ်မြေအတွင်းရှိ မူတြော် (ဖာပွန်) ခရိုင်မှ စစ်ဘေးရှောင်သည့် နော်သ--- မှ လတ်တလောအခြေအနေနှင့်ပတ်သက်ပြီး *"လုံခြုံမှုမရှိဘူး။ ကျွန်မတို့ စိုးရိမ်ကြောင့်ကြနေရတယ်။ ဘာလို့လဲဆိုတော့ လေယာဉ်တွေကြောင့်ပေါ့။ လေယာဉ်ကဘယ်ချိန်မဆိုရောက်လာနိုင်တယ်။ မနက်ဖြန်လား၊ အခုလား ဒါမမဟုတ် ဒီမနက်ဘဲလား"* ဟူ၍ ဝေမျှပြောကြားခဲ့ပါသည်။ ထို့နည်းအတူပင် ဘိတ်-ထားဝယ်ခရိုင်မှ စစ်ဘေးရှောင်သည့် ဒေါ်ယ--- မှလည်း ပြန်ပြောပြသည်မှာ *"လေယာဉ်ပျံလာတဲ့အသံကြားတိုင်း ကျွန်မရဲ့ကြောက်စိတ်တွေကအတော်စိုးမိုးနေတယ်။ စိတ်ရောကိုယ်ပါ သက်တောင့်သက်သာမရှိတော့သလိုခံစားရတယ်။ တစ်ကိုယ်လုံးတုန်ရီနေပြီး ကိုယ်လက်အဆစ်အမြစ်တွေ ကိုက်ခဲသလိုခံစားရတယ်။ ဒီလိုဖြစ်လာတာက ကျွန်မရဲ့စိတ်ဒဏ်ရာကြောင့် ဖြစ်ပေါ်လာတဲ့ကြောက်စိတ်တွေပါဘဲ။"* ဟူ၍ဖြစ်ပါသည်။ ကရင်ပြည်နယ်တစ်ဝန်းရှိ အမျိုးသမီးများအားလုံးက လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများအား ကြောက်ရွံ့နေကြကြောင်း ထုတ်ဖော်ပြောကြားချိန်တွင် ရောယှက်အုပ်ချုပ်နယ်မြေအတွင်းရှိ စစ်ဘေးရှောင်သည့်အမျိုးသမီးများမှလည်း တိုက်ပွဲများဖြစ်ပွားပြီးနောက် မြန်မာစစ်တပ်မှ လက်တုံ့ပြန်တိုက်ခိုက်မှုများကို ကြောက်ရွံ့နေကြကြောင်း ပြောကြားကြပါသည်။

စစ်ဘေးရှောင်အမျိုးသမီးအများအပြားသည် ခိုင်မာလုံခြုံသောအမိုးအကာရှိသည့်ခိုလှုံရာနှင့် ဗုံးခိုကျင်းများမရှိသောကြောင့် လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုရန်များအား ခုခံကာကွယ်နိုင်စွမ်းမရှိသလောက် နည်းပါးနေပါသည်။ ၎င်းတို့၏ခိုလှုံနေထိုင်ရာစစ်ဘေးရှောင်နေရာများသည်လည်း လေကြောင်းမှ မြင်တွေ့မည်ကိုစိုးရိမ်နေကြကြောင်း အမျိုးသမီးများကမျှဝေပြောကြားခဲ့ပါသည်။ ဘိတ်-ထားဝယ်ခရိုင်ရှိ တောအုပ်တစ်ခုတွင် စစ်ဘေးရှောင်နေသည့် မက--- မှ မိုးကာရွက်ဖျင်ဖြင့်ပြုလုပ်ထားသော ရွက်ဖျင်တဲ၌အိပ်စက်ခဲ့ရပုံနှင့်ပတ်သက်ပြီး ဝေမျှပြောကြားသည်မှာ *"တာလပတ်တွေရပေမယ့် လေယာဉ်ပျံကို ကြောက်နေရလို့ ကျွန်မတို့အမိုးတွေမမိုးရဲဘူး။ တာလပတ်အမိုးကိုမြင်နေရရင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်နိုင်တယ်လေ။ တခြားရွာသားတွေဆီကတာလပတ်အမိုးကိုမြင်ရင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်လေ့ရှိတယ်လို့ကြားမိတယ်။ ရွာအပြင်မှာတာလပတ်နဲ့ဆောက်ထားတဲ့တဲတွေရှိတယ်။ သူတို့ [မြန်မာစစ်တပ်] က အဲ့ဒီအပေါ်ကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့တယ်။ အဲ့ဒီနေရာမှာက ဘာမှမရှိဘူး [တိုက်ပွဲဖြစ်ပွားခြင်းလည်းမရှိဘူး] ။ ဒါပေမယ့် သူတို့*

*လေကြောင်းတိုက်ခိုက်မှုပြုလုပ်တုန်းဘဲ။ အရင်ပတ်က သူတို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သေးတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ တာလပတ်နဲ့အမိုး မမိုးရဲကြဘူး။ ကျွန်မတို့အဲ့လိုဘဲနေနေရတယ်။ ဒါပေမယ့် မိုးရွာရင်တော့ တဲကိုအမိုးမိုးပေးရတယ်။ မိုးစဲရင်တော့ အမိုးကို ပြန်ဖြုတ်လိုက်တယ်။ ကျွန်မတို့ အဲ့ဒီလိုဘဲလုပ်ရတယ်။ တာလပတ်ကိုအစိမ်းရောင်ရှိတဲ့ ဘက်ကနေမမိုးရဲဘူး။ အဖြူရောင်ရှိတဲ့ ဘက်ဘဲမိုးရတယ်။ အမြဲတမ်းသတိနဲ့ ဘဲနေနေရတယ်။ လေယာဥ်သံကြားတာနဲ့ ချက်ချင်း ဖြုတ်ပစ်လိုက်ရတယ်။”* ဟူ၍ဖြစ်ပါသည်။



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ အောဖဖာဒို့ (အံဖကြီး) ကျေးရွာအုပ်စု၊ ဆဘ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင် မြန်မာစစ်တပ်မှ ဆဘ--- ကျေးရွာသို့ လက်နက်ကြီးပစ်ခတ်ခဲ့သဖြင့် နွားများသေဆုံးခဲ့ပြီး ရွာသားများ၏နေအိမ်များပျက်စီးသွားခဲ့ပါသည်။ အဆိုပါ လက်နက်ကြီးပစ်ခတ်မှုကြောင့် အခြားတန်ဖိုးရှိသော ပိုင်ဆိုင်မှုများဖြစ်သည့် ရွှေ၊ ငွေသားများနှင့် ဆိုင်ကယ်များပျက်စီးသွားခဲ့ပါသည်။ ဓာတ်ပုံထဲတွင် အမျိုးသမီးများသည် မြန်မာစစ်တပ်၏လက်နက်ကြီးပစ်ခတ်ချိန်တွင် နေအိမ်အောက်ရှိဖုံးခိုကျင်းထဲတွင် ပုန်းအောင်းနေသည်ကိုဖော်ပြထားပါသည်။ အခြားအမျိုးသမီးများမှလည်း ဤသို့အကြမ်းဖက်လုပ်ရပ်များကြောင့် အလွန်အမင်ကြောက်ရွံ့နေရသည့်အခြေအနေကို ဆွေးနွေးတင်ပြခဲ့သည်။ *(ဓာတ်ပုံ- KHRG)*

တိုက်ပွဲဖြစ်ပွားရာ နေရာအနီးတွင် စစ်ဘေးရှောင်နေရသည့်အမျိုးသမီးများက တိုက်ပွဲဖြစ်ပွားသံများ ကြားရခြင်းသည် သူတို့၏စိတ်ဒဏ်ရာဟောင်းများကို နှိုးဆွစေကြောင်း ဆိုပါသည်။ ဒူးပလာယာခရိုင်မှ စစ်ဘေးရှောင်သူ ဒေါ်အက--- မှ *“သေနတ်နဲ့ လက်နက်ကြီးပစ်ခတ်မှာကို ကျွန်မစိုးရိမ်တယ်။ လက်နက်ကြီးသံကြားရရင် ကျွန်မအရမ်းကြောက်လာလို့ တုန်ရီလာတယ်။ ကျွန်မနှလုံးလည်းမကောင်းတော့ဘူးလေ။ ကျွန်မမှာ သွေးတိုးလည်းရှိတယ်။”* ဟုရှင်းပြခဲ့ပါသည်။ ထို့နည်းအတူ ဒူးသထူခရိုင်မှ စစ်ဘေးရှောင်သူ နော်အဗ--- မှလည်း ထိုကဲ့သို့စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားမှုများသည် အမျိုးသမီးများအနေဖြင့် ပဋိပက္ခများနှင့် မြန်မာစစ်တပ်၏တိုက်ခိုက်မှုများကို ကြုံတွေ့ခဲ့ရပြီးနောက်မှသာ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်မှာ *“စိတ်ပိုင်းဆိုင်ရာဖိစီးမှုဒဏ်ကို အလူးအလဲခံစားနေရတဲ့အမျိုးသမီးတွေ အများကြီး ရှိပါတယ်။ [တိုက်ပွဲဖြစ်ပွားမှု] အသံကြားရရင် သူတို့ရဲ့နှလုံးခုန်နှုန်းတွေမြန်လာပြီး တစ်ကိုယ်လုံးတုန်ရီလာတယ်။ အရင်တုန်းက သူတို့ဒီလိုအခြေအနေမျိုး မကြုံတွေ့ဖူးဘူးလေ။ စစ်ဘေးရှောင်ရပြီး တိုက်ပွဲသံတွေကြားရပြီးနောက်ပိုင်းမှသာ သူတို့ရင်ထဲမှာနာကျင်ခံစားနေရတာကြောင့် ခုလိုဖြစ်လာတာပါ။”* ဟူ၍ဖြစ်ပါသည်။ ဤသည်မှာ အကြမ်းဖက်မှုများရပ်တန့်ခြင်းမရှိသလောက်ဖြစ်နေခြင်းကြောင့် ကြောက်လန့်နေရသည့်အပေါ် အမျိုးသမီးများအတွက် ရေရှည်စိတ်ကျန်းရေးပြဿနာများ ဖြစ်ပေါ်စေပါသည်။ အဆိုပါကျန်းမာရေးပြဿနာများသည် ကာလကြာရှည်ရှိနေသောစိတ်ဒဏ်ရာများ၊ ဆိုးရွားပြင်းထန်သောဝမ်းနည်းမှုများ၊ စဥ်ဆက်မပြတ်စိုးရိမ်ပူပန်မှုများပါ ပါဝင်ပါသည်။[59]

[59] ဥပမာအားဖြင့် - Pearson, Chase, Van Kim နှင့် အဖွဲ့သားများ၏"*ပဋိပက္ခများနှင့် ကြုံတွေ့ရမှုနှင့် စိတ်ကျန်းမာရေး - ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံရှိ ဆယ်ကျော်သက်မိန်းကလေးများနှင့် အမျိုးသမီးငယ်များအား ကွင်းဆင်းစစ်တမ်းကောက်ယူခြင်း Conflict exposure and mental health: a survey of adolescent girls and young women in Myanmar post the 2021 coup d’état* "၊ Conflict and Health ဂျာနယ်အတွဲ (၁၉)၊ ၂၀၂၅ ခုနှစ် မေလ၊ နှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက် ရေးအသင်း (AAPP) ၏"မြန်မာနိုင်ငံတွင် ရေရှည်စိတ်ဒဏ်ရာကြောင့် ဖြစ်ပေါ်လာရသည့် သက်ရောက်မှုများ The Impact of Long Term Trauma in Burma"၊ ၂၀၂၂ ခုနှစ် ဧပြီလ တို့တွင် ကြည့်ရှုနိုင်ပါသည်။

မြန်မာစစ်တပ်မှဆက်လက်လုပ်ဆောင်နေသော လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် အစဥ်အမြဲကြောက်ရွံ့နေရကြောင်း သိသာထင်ရှားစွာပင် အမျိုးသမီးများထုတ်ဖော်ပြောကြားကြပါသည်။ တိုက်ခိုက်မှုများသည်လည်း မကြာခဏဆိုသလို ညဥ့်နက်သန်းခေါင်ယံအချိန်တွင် ဖြစ်ပွားလေ့ရှိသဖြင့် ရွာသားအများစုသည် အိပ်မောကျမည်ကို စိုးရိမ်နေရပြီး အမြဲနိုးနိုးကြားကြားနေနေရသဖြင့် အိပ်ရေးပျက်သည့် ဒဏ်ကိုပါ ခံစားနေကြရပါသည်။[60] အင်တာဗျူးဖြေဆိုခဲ့သည့် အမျိုးသမီးများအနက် သုံးပုံတစ်ပုံကျော်သည် အိပ်စက်ရန်ခက်ခဲကြောင်း တင်ပြခဲ့ကြသည်။ တောအူးခရိုင်မှ စစ်ဘေးရှောင်နေရသည့် နော်စ--- ကမူ သူမတို့ ခိုလှုံနေသော တောတွင်းရှိအိမ်ခေါင်မိုးမှအလင်းရောင်ကို သတိပြုမိသွားပြီးနောက် မြန်မာစစ်တပ်က ၎င်းထံသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့သည်ကို မျှဝေပြောပြခဲ့သည်။ အဆိုပါ ဖြစ်ရပ်နှင့်စပ်လျဥ်း၍ သူမပြောသည်မှာ *“ကျွန်မတို့ အကြောက်တရားနဲ့နေနေရတယ်။ ကျွန်မတို့ နေတဲ့နေရာမှာ လက်နက်ကြီးကျမှာကြောက်လို့ ကျွန်မတို့ ကျင်းတူးပြီး အဲ့ဒီကျင်းထဲမှာဘဲ အိပ်နေရတယ်။ ညဘက်အိပ်တဲ့အချိန်ကြရင်လည်း မျက်လုံးဖွင့်ပြီး အိပ်ရတယ်။ ဆိုလိုချင်တာကတော့ ကျွန်မတို့ ကောင်းကောင်းအိပ်လို့မရလို့လေ။ ဘာလို့လဲဆိုတော့ သတိနဲ့နေနေရတယ်။ လက်နက်ကြီးအသံကြားရင် ပြေးဖို့အဆင်သင့်ဖြစ်အောင်နေနေရတယ်။ ညဘက်ဆိုရင် အလင်းရောင်ရှိတဲ့အရာတွေကို မသုံးရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အလင်းရောင်မြင်ရင် ကျွန်မတို့ကို ပစ်မှတ်ထားမှာစိုးလို့။ ညဘက်အိမ်သာသွားရင်တောင်မှ မီးမထိုးရဲဘူး။ ကျွန်မတို့ လုံခြုံမှုလုံးဝမရှိဘူးလို့ ခံစားရတယ်။”* ဟူ၍ဖြစ်ပါသည်။

ကလေးသူငယ်များ [61] နှင့် အထူးသဖြင့် သက်ကြီးရွယ်အိုအမျိုးသမီးများ၏လူမှုစိတ်ပိုင်းဆိုင်ရာသာယာဝပြောမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ရနေကြောင်းလည်း အမျိုးသမီးများ ထုတ်ဖော်ပြောကြားကြပါသည်။ ဥပမာအားဖြင့် ဘားအံခရိုင်မှ စစ်ဘေးရှောင်သူ နော်အသ--- မှ *“ကျွန်မတို့ ကြောက်စိတ်နဲ့ဘဲ အိပ်နေရတယ်။ လက်နက်ကြီးသံကြားရင် ကလေးတွေက ထိတ်လန့်သွားကြတယ်။ ရွာမှာနေတုန်းက ကြုံတွေ့ခဲ့ရလို့ သူတို့လည်း စိတ်ဒဏ်ရာရခဲ့ကြတယ်။ လေယာဥ်ပျံလာရင်တော့ ပိုဆိုးတာပေါ့။ လူတိုင်းထပြေးကြရတယ်။ ကျွန်မအမေလည်း အိပ်လို့မရဘူး။ သူမကျန်းမာရေးက မကောင်းဘူးလေ။ လက်နက်ကြီးသံကြားရင် လန့်နိုးလာတာဘဲ။ ကတုတ်ကျင်းထဲကို ပြေးဝင်ဖို့ ကျွန်မတို့ကို ပြောတယ်။ သူမလည်း စိတ်ဒဏ်ရာရခဲ့တယ်။”* ဟု ပြောပြခဲ့ပါသည်။ အခြားအင်တာဗျူးဖြေဆိုသူတစ်ဦးဖြစ်သည့် တောအူးခရိုင်မှ စစ်ဘေးရှောင်သည့် ဆရာမဖြစ်သူ နော်ထ--- မှလည်း သက်ကြီးရွယ်အိုအမျိုးသမီးများနှင့်ပတ်သက်၍ ဖြည့်စွက်ပြောကြားသည်မှာ *“လက်နက်ကြီးကျသံကြားရင် သူတို့အကုန်လုံးကြောက်လန့်ကုန်ကြတယ်။ ကျွန်မရွာက အဒေါ်ကြီးတစ်ယောက်ဆိုရင် လက်နက်ကိုင်ပဋိပက္ခစဖြစ်ခါစက သူ့အိမ်ကို [မြန်မာစစ်တပ်က] မီးရှို့ဖျက်ဆီးခံခဲ့ရလို့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုဒဏ်ကို သူမခံစားနေရပါတယ်။ သူ့စိတ်က အရင်လိုမဟုတ်တော့တဲ့အတွက် တစ်ခါတရံမှာငိုနေတတ်ပြီး တစ်ခါတရံမှာတော့ ရယ်နေတတ်ပါတယ်။”* ဟူ၍ဖြစ်ပါသည်။

### (ဂ) ပိုင်ဆိုင်မှုများထိခိုက်ပျက်စီးဆုံးရှုံးခြင်း

အင်တာဗျူးဖြေဆိုခဲ့သူများက မြန်မာစစ်တပ်မှအိုးအိမ်များနှင့် လူမှုအသိုက်အဝန်းအဆောက်အအုံများ ဖျက်ဆီးခြင်းသည် ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်စေသည့် အဓိကအကြောင်းအရင်းများဖြစ်ကြောင်း မီးမောင်းထိုးဖော်ပြကြပါသည်။ ရွာသူရွာသားများအတွက် နေအိမ်တစ်လုံးတည်ဆောက်ရန် ငွေကြေးများစွာအကုန်ကျခံပြီး ပင်ပန်းဆင်းရဲစွာကြိုးပမ်းခဲ့ရသဖြင့် ၎င်းတို့၏အိမ်များအား ဖျက်ဆီးခံရခြင်းသည် အလွန်နာကျင်စွာခံစားရစေပါသည်။ အိမ်မီးရှို့ဖျက်ဆီးခံခဲ့ရသော ဒူးပလာယာခရိုင်ရှိ နော်အဃ--- မှ *“ဝမ်းနည်း ပေမယ့် ကျွန်မ ဘာမှလုပ်လို့မရတော့*

[60] KHRG မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော “<u>လေယာဉ်ပျံလာပြီး (ကဘောယူဟဲလီး)</u>”၊ စာမျက်နှာ ၂၂-၂၃ တွင် ကြည့်ပါ။
[61] KHRG မှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော “<u>ပျောက်ဆုံးနေသည့်ကလေးဘဝများ</u>”၊ စာမျက်နှာ ၅၁-၅၄ တွင် ကြည့်ပါ။

*ဘူး။ ကျွန်မတို့အိမ် မီးရှို့ဖျက်ဆီးခံထားရတာ ဝမ်းမနည်းဘဲနေမလား။ ကျွန်မစိတ်ထင် အိမ်ဆောက်ပြီးတာ တစ်နှစ်ကျော်လောက်ဘဲ ရှိအုံးမယ်နဲ့တူတယ်။ ကျွန်မတို့ အိမ်နေလို့ရသွားရပြီး ထင်ခဲ့တာ။ ဒါပေမယ့် အိမ်ကတစ်လနှစ်လလောက်ဘဲနေခဲ့ရတယ်။ အဲ့ဒီနောက် ကျွန်မတို့ထွက်ပြေးတိမ်းရှောင်ခဲ့ရတယ်။”* ဟုရှင်းပြခဲ့ပါသည်။ ထို့နည်းတူ ဘားအံခရိုင်မှစစ်ဘေးရှောင်နေရသည့် နော်ပ--- မှလည်း ထုတ်ဖော်ပြောကြားခဲ့သည်မှာ *“အဒေါ်တစ်ယောက်ဆိုရင် ကျွန်မတို့ရွာမီးရှို့ဖျက်ဆီးခံရပြီးလို့ ကြားသိလိုက်ရတဲ့အချိန်မှာ အံ့သြတုန်လှုပ်ခဲ့ပြီး သတိမေ့သွားတယ်။ အခြားအမျိုးသမီးကလည်း ဝမ်းနည်းပြီး ငိုကြွေးခဲ့ကြတယ်။”* ဟူ၍ဖြစ်ပါသည်။

အမျိုးသမီးများအားလုံးသည် အိမ်ယာပိုင်ဆိုင်မှုများ ဆုံးရှုံးမှုအပေါ် ဆွေးနွေးတင်ပြသည့်အချိန်တွင် အထူးသဖြင့် သက်ကြီးရွယ်အို အမျိုးသမီးများသည် ၎င်းတို့၏အိမ်ယာများ ပျက်စီးမှုအပေါ် ဝမ်းနည်းပူဆွေးရကြောင်း ဖော်ပြကြပါသည်။ ခလယ်လွီထူခရိုင်မှ အသက် ၅၇ နှစ် အရွယ်ရှိ နော်အပ---မှ ပြန်လည်ပြောပြသည်မှာ *“ကျွန်မဝမ်းနည်းတယ်။ [အဲ့ဒီပိုင်ဆိုင်မှုတွေရရှိအောင်] ကျွန်မတို့ ငယ်ငယ်ကတည်းက အများကြီးကြိုးစားခဲ့ရတယ်။ ကျွန်မတို့ အိမ်ရောရွာရော ဖျက်ဆီးခံလိုက်ရတယ်။ ပျက်စီးဆုံးရှုံးမှုတွေကအများကြီးပဲ။ ဘုရားကျောင်း၊ ခန်းမဆောင်၊ ဆေးခန်းဆောင်နဲ့ ကျောင်းတွေလည်းပါတယ်။ သူတို့ [မြန်မာစစ်တပ်] က အဲ့ဒါတွေအကုန်လုံးကို ဖျက်ဆီးပစ်လိုက်တာ။ ကျွန်မတို့ အရမ်းဝမ်းနည်းတယ်။”* ဟူ၍ဖြစ်ပါသည်။ မူတြော်ခရိုင်မှ အသက် ၅၄ နှစ်အရွယ် ဒေါ်အဓ--- နှင့် မိသားစုတို့မှလည်း *“သားသမီးတွေရဲ့လစာဝင်ငွေနဲ့ ကျွန်မတို့ရဲ့အိမ်ကိုဆောက်ခဲ့ရတာ ဖျက်ဆီးခံလိုက်ရတဲ့အတွက် အရမ်းဝမ်းနည်းတယ်။ ဒါက ကျွန်မတို့ကို ရင်ကျိုးရစေပါတယ်။”* ဟုဆိုပါသည်။ သူမ၏အိမ်ကိုထားခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ရချိန်မှာ အိမ်ကဖျက်ဆီးခံလိုက်ရသည့်အတွက် *“အရမ်းခံစားရပါတယ်။ ငိုလည်းမငိုနိုင်တော့သလို ရယ်လည်းမရယ်နိုင်တော့ဘူး။ စိတ်ဓာတ်ကျသွားတဲ့ဝေဒနာကို စတင်ခံစားရတော့တာပဲ။”* ဟုဆိုပါသည်။





ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ခလယ်လွီထူခရိုင်၊ မူး (မုန်း) မြို့နယ်၊ ရေလဲကျေးရွာအုပ်စု၊ ဆဆ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာစစ်တပ်မှစစ်သားများသည် ရေလဲကျေးရွာအုပ်စုရှိ ဆဆ--- ကျေးရွာနှင့် အခြားသောကျေးရွာများအတွင်းသို့ဝင်ရောက်လာပြီး ရွာသားများ၏နေအိမ်များကို မီးရှို့ခဲ့ကြကာ ထိုဒေသတွင် လက်နက်ကြီးပစ်ခတ်မှုများကို ထပ်မံလုပ်ဆောင်ခဲ့ကြပါသည်။ နေအိမ်များအားမီးရှို့ခြင်းနှင့် လက်နက်ကြီးများပစ်ခတ်ခြင်းပြုလုပ်ပြီးနောက် ရွာသားများသည် ၎င်းတို့၏ကျေးရွာသို့ပြန်လာရန် ကြောက်ရွံ့နေခဲ့ကြပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာစစ်တပ်သည် ကျေးရွာထဲတွင် ရှိနေခဲ့သောကြောင့်ဖြစ်ပါသည်။ မြန်မာစစ်တပ်သည် ဆဆ--- ကျေးရွာမှ ထွက်ခွာခြင်းမပြုမီ ထိုနေရာဒေသဝန်းကျင်တွင် မြေမြှုပ်မိုင်းများကို ထောင်ထားခဲ့ကြသည်။ ထို့ကြောင့် ရွာသားများသည် မပြန်လာရဲကြတော့ပဲ အခြားသောကျေးရွာများသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အထက်ပါဖော်ပြထားသော ဓာတ်ပုံများသည် ဆဆ--- ကျေးရွာရှိ ရွာသားများ၏နေအိမ်များ မီးရှို့ဖျက်ဆီးခံရသော ပုံများဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG)*

### (ဃ) နေရပ်စွန့်ခွာနေရခြင်းကြောင့် ခံစားရသည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု

နေရပ်စွန့်ခွာရပြီးနောက်ပိုင်း အများဆုံးဖြစ်ပေါ်လေ့ရှိသည့်ခံစားမှုတစ်ခုမှာ အိမ်ကိုလွမ်းဆွတ်ပြီးဝမ်းနည်းရကြောင်း အင်တာဗျူးဖြေဆိုသူများကထုတ်ဖော်ပြောကြားကြပါသည်။ အမျိုးသမီးများအားလုံးနီးပါးက အိမ်ကိုမည်မျှလွမ်းဆွတ်ကြောင်းနှင့် လုံခြုံမှုရှိပါက အိမ်ကိုပြန်လည်နေထိုင်လိုကြကြောင်းတညီတညွတ်တည်း ဝေမျှပြောကြားခဲ့ကြသည်။ သို့သော် မြန်မာစစ်တပ်မှ ရွာသားများအပေါ်အစဥ်အမြဲတိုက်ခိုက်နေသောကြောင့် ရွာတွင်ပြန်လည်နေထိုင်ကြရန် အလွန်ကြောက်ရွံ့နေကြကြောင်း အမျိုးသမီးများက ဆိုပါသည်။

အမျိုးသမီးများအနေဖြင့် အိမ်သို့မပြန်နိုင်ကြပဲ အကြိမ်ကြိမ်အခါခါထွက်ပြေးတိမ်းရှောင်နေရပါသည်။ ယခုကဲ့သို့အကြမ်းဖက်မှုများထပ်ခါတလဲလဲကြုံတွေ့နေရပြီး မကြာခဏနေရပ်စွန့်ခွာနေရမှုအပေါ် စိတ်ပင်ပန်းနွမ်းနယ်နေကြရသည့်အပြင် လုံခြုံမှုနှင့် ခိုလှုံရာလုံးဝမရှိတော့သည့်ခံစားချက်ကို အစဥ်အမြဲခံစားနေရကြောင်း အမျိုးသမီးများက ဆိုပါသည်။ ခလယ်လွီထူခရိုင်မှ စစ်ဘေးရှောင်အမျိုးသမီးဖြစ်သူ နော်အခ--- မှ ပြောကြားသည်မှာ *“ကျွန်မတို့ လွတ်လွတ်လပ်လပ်ဘဲ နေချင်တယ်။ ကျွန်မတို့ တစ်ကြိမ်ပြီးတစ်ကြိမ် ပြေးနေရတယ်။ ခုတော့ ရေရှည်နေနိုင်တဲ့အိမ်လည်း မရှိတော့ဘူး။”* ဟူ၍ဖြစ်ပါသည်။ အမျိုးသမီးအများအပြားကလည်း မျှော်လင့်ချက်ကင်းမဲ့ကြောင်းနှင့် ထိတ်လန့်ကြောက်ရွံ့နေကြကြောင်း ထုတ်ဖော်ပြောဆိုကြပြီး နောက်တစ်ကြိမ်ထပ်မံထွက်ပြေးတိမ်းရှောင်နေရပါက မည်သည့်နေရာသို့ ပြေးရမှန်းမသိတော့ကြောင်း ဆိုပါသည်။ ဥပမာ ဖြစ်ရပ်တစ်ခုအနေဖြင့် နော်ပ--- မှ ဝေမျှခဲ့သည်မှာ *“ကျွန်မတို့ ကျေးရွာအခြေအနေနဲ့နှိုင်းယှဥ်ရင်တော့ ဒီမှာက အခြေအနေပိုကောင်းပါတယ်။ ဒါပေမယ့် အခြေအနေက အပြည့်အဝမကောင်းဘူးလို့တော့ ကြားသိရတယ်။ ရွာသူကြီးနဲ့ ဒေသခံခေါင်းဆောင်တွေက သတိနဲ့နေဖို့ပြောကြတယ်။ ရွာသားတွေက ကတုတ်ကျင်းတွေတူးပြီး ပြင်ဆင်ထားဖို့လိုတယ်။ ဒါက ကျွန်မတို့အတွက် အရမ်းအရေးကြီးတဲ့ပြဿနာတစ်ရပ်ဖြစ်လာတယ်။ အခြေအနေထပ်ဆိုးလာရင် ဘယ်ကိုပြေးရမှန်း မသိဘူး။ ကျွန်မတို့ ရွာကိုလည်းမပြန်ရဲသလို နောက်ထပ်ဘယ်ကိုပြေးလို့ပြေးရမှန်းလဲမသိတော့ဘူး။ နောက်တစ်ကြိမ်ထပ်ပြေးရရင်တော့ ဒီကရွာသူကြီးနောက်ကိုဘဲ လိုက်ရတော့မယ်။”* ဟူ၍ဖြစ်ပါသည်။

ထပ်ခါတလဲလဲ ကြာရှည်စွာနေရပ်စွန့်ခွာနေရခြင်းသည် ဆိုးရွားပြင်းထန်သည့်စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားမှုကို ဖြစ်ပေါ်စေပါသည်။ ၂၀၂၁ ခုနစ်ကတည်းက သုံးကြိမ်တိုင်တိုင်ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ယခုလက်ရှိတွင်လည်း ဘိတ်-ထားဝယ်ခရိုင်တွင် စစ်ဘေးရှောင်နေရသည့်ဒေါ်ဃ--- မှ ရှင်းပြသည်မှာ *“ကိုယ့်အိမ်လိုဘာတစ်ခုမှလုံခြုံမှုမရှိဘူး။ မလုံခြုံဘူး။ လုံခြုံတယ်လို့မခံစားရဘူး။ ဒါပေမယ့် လုံခြုံတယ်လို့ခံစားရအောင် မဖြစ်နိုင်ဘူးဆိုတာလဲသိတယ်။”* ဟုဆိုပါသည်။ သူမသတိအရဆုံးအရာနှင့်ပတ်သက်ပြီး တုံ့ပြန်ပြောဆိုရာတွင် သူမဖြည့်စွက်ပြောသည်မှာ *“အိမ်ကိုလွမ်းတယ်။ အဒေါ်တွေရော အိမ်နီးချင်းတွေရောပေါ့။ အရာအားလုံးကို သတိရတယ်။ အဲ့ဒါက ကျွန်မမွေးရပ်မြေလေ။ ဘယ်လိုလုပ် မေ့နိုင်မှာလဲ။ ဘယ်နေရာသွားသွား ကိုယ်နေခဲ့တဲ့မြို့ကို သတိရတယ်။”* ဟူ၍ဖြစ်ပါသည်။ တစ်ခါတရံတွင် ဆုံးရှုံးမှုအပေါ် ဖြစ်ပေါ်လာသည့်ခံစားချက်သည် မျှော်လင့်ချက်ကင်းမဲ့ခြင်းသို့ဦးတည်နေသည်ဟု အောက်ပါအတိုင်း သူမမှထပ်လောင်းပြောကြားခဲ့ပါသည်။ *“လတ်တလောမှာတော့ အနာဂတ်မရှိဘူးလို့ခံစားရတယ်။ အရင်တုန်းကတော့ တစ်ခုခုလုပ်ဖို့အိမ်မက်တွေရှိခဲ့တာပေါ့။ ဒါပေမယ့် ဒီမှာကတော့ ဘယ်မှလည်းသွားလို့မရဘူး။ ဒီနေရာမှာပဲကျင့်သားဖြစ်အောင်နေနေရတယ်။ ကိုယ်ဖြစ်ချင်တဲ့ဖြစ်တည်မှုအစိတ်အပိုင်းကို ဆုံးရှုံးလိုက်ရတယ်လို့ခံစားရတယ်။ ရှိနေတဲ့နေရာမှာ ကိုယ့်ကိုယ်ကိုအကောင်းဆုံးဖြစ်အောင်ကြိုးစားပြီးနေထိုင်နေရတယ်။”*

ကြာရှည်သည့်ပဋိပက္ခများ၊ ရွာသားများအပေါ် ကျယ်ပြန့်စွာလုပ်ဆောင်နေသည့်တိုက်ခိုက်မှုများနှင့် နေရပ်စွန့်ခွာရမှုများသည် လူမှုအသိုက်အဝန်းအတွင်း စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ်စိန်ခေါ်မှုအား ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်စေကြောင်း အင်တာဗျူးဖြေဆိုသူများက တင်ပြကြပါသည်။ ခလယ်လွီထူခရိုင်မှ စစ်ဘေးရှောင်သည့် ဒေါ်

အရ--- မှ ဝေမျှခဲ့သည်မှာ *"အမျိုးသမီးတိုင်း စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေရှိတယ်။ ဟုတ်တယ်။ ကျွန်မမြင်တွေ့ခဲ့ရတယ်။ ဘာလို့လဲဆိုတော့ အမျိုးသမီးရောလူတိုင်းပါ ဒီအချိန်မှာ သူတို့ကိုယ်သူတို့ စိုးရိမ်စိတ်တွေ ရှိကြတယ်။ ကျွန်မတို့ ပျော်ရွှင်မှုတကယ်ရှိတယ်လို့ မခံစားရဘူး။ လူတိုင်းကတော့ ခံစားချက်ကိုယ်စီနဲ့ ပြဿနာအခက်အခဲ ရှိကြတာပဲ။"* ဟူ၍ဖြစ်ပါသည်။ သူမမှ ဖြည့်စွက်ပြောကြားသည်မှာ *"ကျွန်မ သိမ်ငယ်တယ်။ စစ်ဘေးရှောင်နေရတဲ့အတွက် စိတ်အားထက်သန်မှုလဲ မရှိတော့ဘူး။"* ဟူ၍ဖြစ်ပါသည်။

စိတ်ပိုင်းဆိုင်ရာကျန်းမာပျော်ရွှင်မှု၏အရေးပါပုံကို အသိအမှတ်ပြုသည့်အပေါ် ကရင်လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် အရင်းအမြစ်များကန့်သတ်မှုများရှိသော်လည်း ကူညီထောက်ပံ့မှုများကို ဖြစ်နိုင်သမျှ ပံ့ပိုးပေးနေပါသည်။ ကရင်အမျိုးသမီးအစည်းအရုံး (KWO) ဝန်ထမ်းတစ်ဦးမှ ရှင်းပြခဲ့သည်မှာ *"စစ်ဘေးရှောင်နေရတဲ့အမျိုးသမီးတွေအတွက် နည်းလမ်းအမျိုးမျိုးကိုအသုံးပြုပြီး ကျွန်မတို့ကူညီပံ့ပိုးပေးနေပါတယ်။ စစ်ဘေးရှောင်စခန်းတွေဆီကိုသွားရောက်တဲ့အခါမှာလည်း သူတို့နဲ့တွေ့ဆုံပြီး အားပေးစကားတွေပြောခဲ့တယ်။"* ဟူ၍ဖြစ်ပါသည်။ ကရင်ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန (KDHW) မှ ဝန်ထမ်းတစ်ဦးကလည်း ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာစိန်ခေါ်မှုအခက်အခဲများရှိသော်လည်း စစ်ဘေးရှောင်နေရသည့် လူမှုအသိုက်အဝန်းထံသို့ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများ၊ လူမှုစိတ်ပိုင်းဆိုင်ရာကူညီပံ့ပိုးရေးလှုပ်ရှားမှုများ၊ စိတ်ပိုင်းဆိုင်ရာအသိပညာပေးဟောပြောပွဲများအတွက် ကူညီပံ့ပိုးနိုင်ရန် ရည်မှန်းချက်မည်သို့ထားရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

## ၅.၂။ တိုက်ခိုက်မှုများနှင့် နေရပ်စွန့်ခွာနေရခြင်းကြောင့် မိသားစုများအပေါ်သက်ရောက်မှုများ

မြန်မာစစ်တပ်၏တိုက်ခိုက်မှုများကြောင့် ချစ်ခင်ရသူများထိခိုက်ဒဏ်ရာရရှိခြင်းနှင့် အသက်ဆုံးရှုံးရခြင်းများသည် ကရင်ပြည်နယ်အတွင်းရှိ အမျိုးသမီးထုအကြား ပူဆွေးသောကရောက်စေခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ဆိုးဒေါသထွက်ခြင်းနှင့် မျှော်လင့်ချက်ကင်းမဲ့ခြင်းများ ဖြစ်ပေါ်စေပါသည်။ ထို့အပြင် စစ်ဘေးရှောင်နေရခြင်းကြောင့် မိသားစုဝင်များနှင့် ခွဲခွာနေရခြင်းသည်လည်း စိတ်ဖိစီးစရာကောင်းသည့် အတွေ့အကြုံတစ်ခုဖြစ်ပြီး ကြီးမားသောစိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်စေပါသည်။

### (က) ချစ်ခင်ရသူများသေဆုံးခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခြင်း

ဆွေမျိုးသားချင်းသေဆုံးခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခြင်းသည် အမျိုးသမီးများနှင့် လူမှုအသိုက်အဝန်း တစ်ခုလုံးအတွက် လူမှုစိတ်ပိုင်းဆိုင်ရာသာယာဝပြောမှုအပေါ် ကြီးမားသည့်ထိခိုက်နစ်နာမှုဖြစ်စေပါသည်။ ခင်ပွန်းသည်ဆုံးရှုံးရခြင်းသည် မိသားစု၏ဘဏ္ဍာရေးအခြေအနေအား ပြင်းထန်စွာထိခိုက်ပျက်စီးစေသောကြောင့် အထူးသဖြင့် လူမှုစိတ်ပိုင်းဆိုင်ရာနှင့်စားဝတ်နေရေးအပေါ် စိတ်ဖိစီးစရာကောင်းသည့်စိန်ခေါ်မှုတစ်ရပ်ကို ဆောင်ကျဉ်းစေပါသည်။ ဥပမာဖြစ်ရပ်တစ်ခုတွင် မူတြော်ခရိုင်မှ နော်အတ--- သည် ခင်ပွန်းသည် ဆုံးရှုံးရခြင်းကြောင့် ဆိုးရွားပြင်းထန်စွာ ထိခိုက်ခံစားခဲ့ရပါသည်။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ ညအချိန်တွင် မြန်မာစစ်တပ်သည် ဆဒ--- ကျေးရွာ[62] သို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီးနောက် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ နော်အတ--- နှင့် ဆွေမျိုးသားချင်းများက မိသားစု၏ဖုံးခိုကျင်းထဲသို့ ဝင်ရောက်ပုန်းရှောင်နိုင်ခဲ့သော်လည်း သူမ၏ခင်ပွန်း စောအဌ--- သည် ဖုံးခိုကျင်းဝအရောက်တွင် လက်နက်ကြီးကျည်ထိမှန်ခဲ့ပြီး သေဆုံးခဲ့ပါသည်။ နစ်နာဆုံးရှုံးမှုအပေါ် သူမက *"ကျွန်မခင်ပွန်းကိုဆုံးရှုံးခဲ့ရပြီးနောက်ပိုင်း စိတ်ထဲမှာတစ်စုံတစ်ခု*

---

[62] KHRG မှ ၂၀၂၆ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Mu Traw District Incident Report: Burma Army air strike and mortar shelling killed a villager, forcing other villagers to flee in Dwe Lo Township (October 2025)" တွင် ကြည့်ပါ။

*အမြဲတမ်းခံစားခဲ့ရတယ်။ ကျွန်မရဲ့ဘဝအကြောင်းကို မကြာခဏဆိုသလိုစဥ်းစားမိပြီးတော့ သူ့ကိုသတိရသွားချိန်မှာအမြဲငိုနေခဲ့မိတယ်။ ကျွန်မတို့ရှင်သန်ရပ်တည်ဖို့ အတွက်အရမ်းခက်ခဲနေပါတယ်။”* ဟုဆိုပါသည်။ မိသားစုအတွက် တစ်ဦးတည်းသောအဓိက ဝင်ငွေရှာဖွေပေးသူခင်ပွန်းသည်ဆုံးရှုံးခဲ့ရပြီးနောက်ပိုင်း နော်အတ--- သည် သူမ၏ကလေးသုံးဦးနှင့် သူမခင်ပွန်းသည်၏အဖွားတို့အတွက် စားနပ်ရိက္ခာနှင့် အခြားလိုအပ်သောအရေးကြီးသည့်အရာများကို ဝယ်ခြမ်းပေးရန် ငွေကြေးလုံလောက်မှုမရှိတော့သဖြင့် မိသားစုစားဝတ်နေရေးအတွက် အလွန်ရုန်းကန်နေခဲ့ရပါသည်။

မြန်မာစစ်တပ်၏တိုက်ခိုက်မှုကြောင့် ဆွေမျိုးသားချင်းထိခိုက်ဒဏ်ရာရမှုအပေါ် အမျိုးသမီးအချို့သည်လည်း စိတ်ဆိုးဒေါသထွက်ရကြောင်း အတိအလင်းထုတ်ဖော်ပြောကြားလာပါသည်။ ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ဒူးပလာယာခရိုင်မှစစ်ဘေးရှောင်သည့် နန်းအည--- သည် သူမအိမ်တွင်ရှိမနေသည့်အချိန်တွင် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုကြောင့် သူမ၏အိမ်အားထိခိုက်ခဲ့ပါသည်။ အိမ်ထဲတွင်ရှိသော သူမ၏သမီးဖြစ်သူ အသက် ၅ နှစ်အရွယ် နော်အယ--- အားထိခိုက်ခဲ့သဖြင့် ဆေးပေးခန်းသို့ ခေါ်ဆောင်သွားခဲ့ရပါသည်။ သူမမှ ပြန်လည်ပြောပြသည်မှာ *“ကျွန်မစိတ်ထဲမှာ အရမ်းဒေါသထွက်တယ်။ မင်းအောင်လှိုင်ကိုလည်း ကြိမ်ဆဲခဲ့တယ်။ ပြီးတော့ ငိုခဲ့တယ်။”* ဟူ၍ဖြစ်ပါသည်။





ဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ဒေသခံရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့ မနက် ၁၁ နာရီဝန်းကျင်ခန့်တွင် မြန်မာစစ်တပ်မှ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ ဆဃ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ ပစ်ခတ်လိုက်သောဗုံးများထဲမှ တစ်လုံးသည် စိုက်ခင်းတဲအနီးကျရောက်ခဲ့ပြီး အခြားဗုံးတစ်လုံးသည် နေအိမ်တစ်လုံး၏အနီးသို့ ကျရောက်ခဲ့ပါသည်။ အဆိုပါတဲနှင့် နေအိမ်ကို စောအဖ--- နှင့် နော်အထ--- ပိုင်ဆိုင်ပါသည်။ လေကြောင်းတိုက်ခိုက်ချိန်အတွင်း စိုက်ခင်းတဲထဲတွင်ရှိနေခဲ့သောစောအဖ--- သည် လက်နက်ကြီးအပိုင်းအစဖြင့်ထိမှန်ပြီး နေရာတွင်ပင်သေဆုံးသွားခဲ့ပါသည်။ ၎င်း၏ဇနီး နော်အထ--- နှင့် ၎င်း၏ကလေးနှစ်ဦးသည် ဗုံးခိုကျင်းထဲတွင် ပုန်းနေခဲ့ကြပါသည်။ သူမသည် ဗုံးခိုကျင်းမှထွက်လာပြီးသည့်နောက် သူမ၏နေအိမ်မီးလောင်နေသည်ကို တွေ့ရှိခဲ့သည်။ သူမသည် ကလေးများကိုခေါ်ပြီး အကူအညီတောင်းခံခဲ့ပါသည်။ ထို့နောက် သူမ၏ခင်ပွန်းသေဆုံးသွားကြောင်းသိရှိခဲ့ရပါသည်။ ခင်ပွန်းသည်သေဆုံးသွားခြင်းနှင့် ပိုင်ဆိုင်မှုများပျက်စီးသွားခြင်းကြောင့် နော်အထ--- သည် စိတ်ထိခိုက်ခံစားရပြီး သူမ၏ကလေးနှစ်ဦးကို သူမတစ်ဦးတည်းကျွေးမွေးစောင့်ရှောက်ရန် အခက်အခဲများကြုံတွေ့နေရသည်။ ဘယ်ဘယ်တွင်ဖော်ပြထားသော ဓာတ်ပုံသည် စောအဖ--- ၏ရုပ်အလောင်းပုံဖြစ်ပြီး ညာဘက်တွင်ဖော်ပြထားသောဓာတ်ပုံသည် ပျက်စီးသွားသည့် နေအိမ်ရှေ့ရှိ နော်အထ--- နှင့် သူမ၏ကလေးနှစ်ဦး၏ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

### (ခ) မိသားစုနှင့် ကွဲကွာနေရခြင်း

ရွာသားများသည် တိုက်ပွဲအခြေအနေနှင့်ပတ်သက်ပြီး ဒေသခံခေါင်းဆောင်များထံမှ ကြိုတင်သတိပေးချက်ရရှိပြီးနောက် ၎င်းတို့၏မိသားစုဝင်များနှင့်အတူ စစ်ဘေးရှောင်နိုင်ခဲ့သည်။ သို့သော်လည်း များသောအားဖြင့် ရုန်းရင်းဆန်ခတ်ရှိသောအခြေအနေအောက်တွင် အချို့ရွာသားများသည် ၎င်းတို့၏မိသားစုဝင်များနှင့်အတူ ထွက်ပြေးတိမ်းရှောင်နိုင်ခြင်းမရှိကြပဲ တကွဲတပြားခွဲခွာရသည်။ ခွဲခွာနေသည့်မိသားစုဝင်များ မည်သို့နေထိုင်ရသည်ကိုမသိကြရသဖြင့် ဤအခြေအနေအပေါ် အလွန်အမင်းစိုးရိမ်နေကြရကြောင်း အင်တာဗျူးဖြေဆိုသူများက ထုတ်ဖော်ပြောပြခဲ့ပါသည်။ ဥပမာဖြစ်ရပ်တစ်ခုတွင် ဒူးပလာယာခရိုင်မှဘားအံခရိုင်သို့ စစ်ဘေးရှောင်နေရသည့် နော်ပ--- မှ ရှင်းပြသည်မှာ *"တချို့မိသားစုတွေက သူတို့မိသားစုဝင်တွေနဲ့ကွဲကွာသွားခဲ့ရတယ်။ ကျွန်မတို့ထွက်ပြေးခဲ့တဲ့အချိန်မှာ တချို့ကလေးတွေက သူတို့အဖိုးအဖွားနဲ့အတူ ထွက်ပြေးကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မိဘက အလုပ်ကနေအိမ်ကိုပြန်မလာခဲ့ကြသေးလို့လေ။ အဲ့ဒါကြောင့် သူတို့စိုးရိမ်ပြီး တစ်ယောက်နဲ့တစ်ယောက်ပြန်တွေ့ကြဖို့ ရှာနေရတယ်။"* ဟူ၍ဖြစ်ပါသည်။ တချို့အမျိုးသမီးများသည် ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း ရွာတွင်ကျန်ရှိခဲ့သည့်မိသားစုဝင်များအတွက်စိုးရိမ်နေရကြောင်း ထုတ်ဖော်ပြောကြားလာပါသည်။ ဒူးပလာယာခရိုင်တွင်စစ်ဘေးရှောင်ပြီး ကလေးနှင့်ခွဲခွာခဲ့ရသော နော်အ--- မှ ပြောကြားသည်မှာ *"တချို့အမေတွေကထွက်ပြေးကြပြီး ဒါပေမယ့် သူတို့ကလေးတွေက အနောက်မှာကျန်ခဲ့တယ်။ ကျွန်မတို့ ပြန်သွားခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေက သူတို့အမေတွေကိုမတွေ့တော့ဘူးဆိုရင် ပျော်မှာမဟုတ်ဘူး။"* ဟူ၍ဖြစ်ပါသည်။[63]

အခြားတစ်ဖက်တွင်လည်း ရွာသားများအနေဖြင့် ထိခိုက်လွယ်သည့်မိသားစုဝင်များအားကာကွယ်ရန် တခြားရွေးချယ်စရာမရှိသောကြောင့် တကွဲတပြားစီထွက်ပြေးကြရပါသည်။ မူတြော်ခရိုင်တွင် စစ်ဘေးရှောင်သည့် နော်ဒ--- မှ သူမ၏မိဘနှင့် မည်သို့ ခွဲခွာခဲ့ရကြောင်း ရှင်းပြခဲ့သည်မှာ *"ကျွန်မမိဘနဲ့ တခြားသက်ကြီးရွယ်အိုတွေက သူတို့ကလေးတွေကို ဦးစားပေးတယ်။ ဒါကြောင့် ကျွန်မတို့ကိုအရင်ပြေးခိုင်းတယ်။ သူတို့ကတော့ရွာမှာဘဲကျန်နေခဲ့တယ်။ ခွဲခွာနေတဲ့အချိန်မှာ သူတို့ကိုဆက်သွယ်လို့လည်းမရဘူး။ ဒါကြောင့် သူတို့အတွက်စိုးရိမ်နေရတာပေါ့။ အဲ့အချိန်မှာလည်း လေယာဉ်ပျံကကျွန်မတို့ရဲ့ရွာနဲ့နီးနီးလေးပျံသန်းခဲ့တဲ့ အချိန်ပေါ့"* ဟူ၍ဖြစ်ပါသည်။ ထို့နည်းအတူ ဒူးပလာယာခရိုင်မှ ဘားအံခရိုင်သို့ စစ်ဘေးရှောင်သည့် နော်အသ--- မှလည်းပြောပြသည်မှာ *"ထွက်ပြေးတိမ်းရှောင်နေတဲ့ အချိန်မှာတော့ လူတိုင်းနဲ့အတူတကွနေလို့မရဘူး။ ကျွန်မတို့မိသားစုဝင်နဲ့ဆွေမျိုးတွေနဲ့ဘဲအတူနေကြတယ်။ အမျိုးသားတွေကထွက်ပြေးကြရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က စစ်သားတွေ [မြန်မာစစ်တပ်] တွေရဲ့ ဖမ်းဆီးခြင်းကို ခံရမှာကြောက်လို့လေ။ ကျွန်မတို့အမျိုးသမီးတွေအနေနဲ့လည်း ကြောက်နေရတာပါဘဲ။ ကျွန်မမှာ ကလေးနှစ်ယောက်ရှိတယ်။ မြန်မာ [စစ်တပ်] က လမ်းမှာရှိတဲ့အချိန်ဆို ကျွန်မခရီးမသွားရဲဘူး။"* ဟူ၍ဖြစ်ပါသည်။

## ၅.၃။ ပိုမိုကျယ်ပြန့်သောလူမှုအသိုက်အဝန်းအပေါ်သက်ရောက်မှုများ

လူ့အခွင့်အရေးချိုးဖောက်မှုသည် မိသားစုအစုအဖွဲ့များအပေါ်တွင်သာမကာ မြန်မာပြည်အရှေ့တောင်ပိုင်းရှိလူမှုအသိုက်အဝန်းတစ်ခုလုံးအပေါ်သို့ သက်ရောက်မှုရှိပါသည်။ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ၊ စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများကို ထိတ်လန့်ကြောက်ရွံ့နေရခြင်းအပြင် နေရပ်စွန့်ခွာနေရခြင်းဖြစ်ရပ်ကိုယ်၌ပင်လျှင် လူမှုအသိုက်အဝန်း၏စည်းလုံးညီညွတ်မှုအားဟန့်တားစေပြီး လူမှု

[63] KHRG မှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော "<u>ပျောက်ဆုံးနေသည့်ကလေးဘဝများ</u>"၊ စာမျက်နှာ ၅၅-၅၆ တွင် ကြည့်ပါ။

အသိုက်အဝန်းအတွင်း စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရမှုများကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် နာရေးကိစ္စရပ်များ၊ ထိမ်းမြားမင်္ဂလာပွဲများနှင့် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာပွဲလမ်းသဘင်များ ကဲ့သို့သော လူမှုရေးဆိုင်ရာ အခမ်းအနားများ ကျင်းပပြုလုပ်နိုင်စွမ်းမရှိခြင်း၊ ထွက်ပြေးတိမ်းရှောင်နေရချိန် ရွာသားများအချင်းချင်းအကြား ကွဲကွာနေရခြင်းနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ ပညာရေးလက်လှမ်းမီနိုင်ခွင့်မရှိခြင်းများသည် လူမှု စိတ်ပိုင်းဆိုင်ရာ သာယာဝပြောမှုအပေါ် ဆိုးရွားပြင်းထန်စွာထိခိုက်နစ်နာမှုဖြစ်စေပါသည်။

## (က) လူမှုအသိုက်အဝန်းသို့ လက်လှမ်းမီနိုင်စွမ်းမရှိခြင်း

မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုမှ ပစ်မှတ်ထားခံရခြင်းအား ရှောင်ကျဉ်ရန်အတွက် ရွာသားများသည် အဖွဲ့ငယ်များစုဖွဲ့ကာ နေရပ်စွန့်ခွာပြီး ကွဲပြားသောနေရာဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ လူမှု အသိုက်အဝန်း တကွဲတပြားဖြစ်သွားခြင်းနှင့် အပြန်အလှန်ဖေးမကူညီမှုစနစ် ဆုံးရှုံးခြင်းသည် အသိုက်အဝန်းများ အကြား ဝမ်းနည်းပူဆွေးမှုနှင့် အထီးကျန်မှုများ ဖြစ်ပေါ်စေကြောင်း တင်ပြကြပါသည်။ မူတြော်ခရိုင်မှ စစ်ဘေး ရှောင်သည့် နော်သ--- မှ ရှင်းပြသည်မှာ *"ထွက်ပြေးတိမ်းရှောင်နေတဲ့အချိန်မှာဆိုရင် ရွာသားတွေ တစ်နေရာ စီ ထွက်ပြေးတိမ်းရှောင်နေကြတယ်။ အိမ်ထောင်စု နှစ်စုသုံးစုလောက်က တစ်နေရာမှာတိမ်းရှောင်ပြီး အခြား အိမ်ထောင်စုနှစ်စုပေါင်းပြီး အခြားနေရာတစ်ခုကို အဲ့လိုဘဲထွက်ပြေးတိမ်းရှောင်ကြတယ်။ တစ်ရွာတည်းနေကြ တဲ့ ရွာသားတွေက ကျေးရွာတစ်ရွာတည်းမှာ အတူမတိမ်းရှောင်နေထိုင်ကြဘူး။ ဒါက ကျွန်မတို့ကို ဝမ်းနည်းမှုဖြစ် စေသလို ကျွန်မတို့က ကြောက်ရွံ့နေပြီးသားလေ။"* ဟူ၍ဖြစ်ပါသည်။

မြန်မာစစ်တပ်မှ လူစုလူဝေးရှိသည့်နေရာများဆီသို့ ဗုံးကြဲတိုက်ခိုက်လေ့ရှိသည့်အပေါ် လုံခြုံရေးဆိုင်ရာစိုးရိမ်မှု မြင့်မားသောကြောင့် အုပ်စုကြီးဖြင့်စုဖွဲ့နေထိုင်ခြင်းအားရှောင်ကျဉ်ပြီး မည်သည့်ဆုံညှိမှုမှမဖြစ်အောင် နေထိုင် ကြကြောင်း အမျိုးသမီးအချို့မှဝေမျှပြောကြားပါသည်။[64] ဤသည်ကား အမျိုးသမီးများအား လူမှုရေးဆိုင်ရာ အခမ်းအနားများ လက်လှမ်းမီနိုင်ခွင့်အပေါ် သက်ရောက်စေပါသည်။ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုများအား ကြောက်ရွံ့နေရခြင်းကြောင့် လူမှုရေးဆိုင်ရာပွဲလမ်းသဘင်အခမ်းအနားများတက်ရောက်ခြင်း နှင့် ဦးဆောင်ကျင်းပခြင်းများပြုလုပ်ရန် စိန်ခေါ်မှုအခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း အင်တာဗျူးဖြေဆို သူ သုံးပုံတစ်ပုံမှတင်ပြခဲ့သည်။ အချို့မှာ ယဉ်ကျေးမှုဆိုင်ရာပွဲလမ်းသဘင်များ၊ လူမှုရေးဆိုင်ရာစုဝေးမှုများ၊ ဘာသာရေးအခမ်းအနားများ၊ ထိမ်းမြားမင်္ဂလာပွဲများနှင့် နာရေးပွဲများအပါအဝင် လူမှုအသိုက်အဝန်းတစ်ခုလုံး ဆိုင်ရာ ပွဲလမ်းသဘင်အခမ်းအနားများ ကျင်းပပြုလုပ်နိုင်ခြင်းမရှိတော့ချေ။ မူတြော်ခရိုင်မှစစ်ဘေးရှောင်သည့် နော်ဒ--- မှပြောပြချက်အရ *"လေယာဉ်တွေကိုကြောက်နေရလို့ ဒါတွေကိုကျင်းပဖို့လုံခြုံမှုမရှိတော့ ယဉ်ကျေး မှုဆိုင်ရာ အခမ်းအနားတွေလည်း ပြောင်းလဲသွားခဲ့တယ်။ ကျွန်မတို့ရဲ့ကရင်နှစ်သစ်ကူးပွဲတော် ဒါမှမဟုတ် နှေ့ထူးနေ့မြတ်တွေကိုလည်း ကျင်းပပြုလုပ်ဖို့ အခွင့်အလမ်းလည်းမရှိတော့ဘူး။ ဘာလို့လဲဆိုတော့ ကျွန်မတို့ ကြောက်နေရလို့ မကျင်းပရဲတော့တာ။ ဒီလို ပြောင်းလဲမှုအပေါ်မှာတော့ ကျွန်မအမြင်မှာဆိုလို့ရှိရင် ကြီးမား တဲ့လူ့အခွင့်အရေးချိုးဖောက်မှုပါဘဲ။"* ဟူ၍ဖြစ်ပါသည်။ အချို့စစ်ဘေးရှောင်သည့်အမျိုးသမီးများသည်လည်း တခြားလူမှုအသိုက်အဝန်းမှကျင်းပပြုလုပ်သည့် ပွဲလမ်းသဘင်များသို့သွားရောက်လိုသော်လည်း အန္တရာယ် အလွန်များကြောင်း ရှင်းပြကြပါသည်။ ဒူးသထူခရိုင်မှ စစ်ဘေးရှောင်သည့် နော်အဗ--- ၏ပြောပြချက်အရ *"ဒီ လိုနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရတော့ သွားရေးလာရေးအပါအဝင် စိန်ခေါ်မှုတွေနဲ့ရင်ဆိုင်နေရတယ်။*

64 KHRG မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "လေယာဉ်ပျံလာပြီး (ကဘောယူဟဲလီး)"၊ စာမျက်နှာ ၃၃ ၊နှင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင်ထုတ်ဝေသော "အန္တရာယ်အောက်ကျရောက်နေသော ရပ်ရွာလူထုနေရာများ - နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရပ်ရွာအဆောက်အဦးများနှင့် ရိုးရာယဉ်ကျေးမှုအခမ်းအနားများအား တိုက်ခိုက်ဖျက်ဆီးခြင်း (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ)"၊ စာမျက်နှာ ၄-၅ တွင် ကြည့်ပါ။

*ဘာသာရေးအခမ်းအနားအပါအဝင် သာရေးနာရေးကိစ္စရပ်များနဲ့ လူမှုရေးဆိုင်ရာစုဝေးမှုတွေအတွက် လူမှုအသိုက်အဝန်းထဲကိုပြန်ဖို့ စိန်ခေါ်မှုတွေရှိနေတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ကြောက်နေရတယ်။ ခုချိန်ထိ ကျွန်မတို့အတွက်လုံခြုံမှုမရှိသေးဘူး။”* ဟူ၍ဖြစ်ပါသည်။

နေရပ်စွန့်ခွာနေရခြင်းတွင် ဤကဲ့သို့တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား လူစုကွဲသွားခြင်းသည် ဆက်ဆံရေးများလည်းကြဲသွားကြပြီး ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်ပတ်သက်ဆက်နွှယ်မှုများအပေါ် ပျက်ပြားစေကြောင်း အမျိုးသမီးများကမျှဝေပြောကြားခဲ့သည်။ ဤသည်ကား လူမှုအသိုက်အဝန်းအတွင်းစိုးရိမ်စရာဖြစ်စေကြောင်း အမျိုးသမီးများမှ ထုတ်ဖော်ပြောကြားကြသည်။ ဥပမာဖြစ်ရပ်တစ်ခုအနေဖြင့် တောအူးခရိုင်တွင် စစ်ဘေးရှောင်နေသည့် နော်စ--- ၏ပြောပြချက်အရ *“ရွာမှာနေတုန်းကတော့ တစ်ယောက်အိမ်တစ်ယောက်သွားလည်လေ့ရှိကြတယ်။ သွားလည်ကြတဲ့အချိန်မှာလည်း အချင်းချင်းအကြား ကျန်းမာရေး၊ ပညာရေးနဲ့ပတ်သက်ပြီးပြောဆိုဆွေးနွေးကြတယ်။ ဘာသာရေးပွဲနဲ့ပတ်သက်ပြီးတော့လည်း ပြောဆိုဆွေးနွေးကြသလို တစ်ဦးနဲ့တစ်ဦးအတွက်ဆုတောင်းပေးကြတယ်။ အပြန်အလှန်အားပေးကြတယ်။ အချင်းချင်းမတွေ့ဖြစ်တာကြာလာတော့လည်း ကျွန်မတို့ရဲ့ရင်းနှီးမှုတွေအေးစက်သွားခဲ့တယ်။ ဒီလိုနေရပ်စွန့်ခွာရခြင်းက လူမှုအသိုက်အဝန်းဆက်ဆံရေးအပေါ် ထိခိုက်စေတယ်။”* ဟူ၍ဖြစ်ပါသည်။ ထို့အပြင် ဤသည်ကား ကရင်လူမျိုးများ၏ဝိသေသလက္ခဏာနှင့် စည်းလုံးမှုအပေါ် မည်သို့သက်ရောက်မှုရှိသည်ကိုလည်း သူမက ဆက်လက်ရှင်းပြခဲ့သည်မှာ *“ရွာမှာနေတုန်းက နှစ်သစ်ကူးပွဲတော်မှာကရင်အလံတော်ကို လူတိုင်းကအလေးပြုကြတယ်။ လူတိုင်းကစည်းလုံးညီညွတ်မှုနဲ့နေကြတယ်လို့ ကျွန်မခံစားရတယ်။ ကျွန်မတို့ ထွက်ပြေးတိမ်းရှောင်ပြီးကတည်းက အရာအားလုံးပြောင်းလဲခဲ့တယ်။ ကျွန်မတို့ စည်းလုံးညီညွတ်မှုရှိရှိနဲ့မနေထိုင်ကြတော့ဘူးလို့ခံစားရတယ်။ ကျွန်မတို့ထွက်ပြေးတိမ်းရှောင်ရတဲ့အချိန်ကာလကြာလာတာနဲ့အမျှ ကရင်နှစ်သစ်ကူးနေ့လည်းမရှိတော့ဘူးလို့ခံစားရတယ်။ ကရင်နှစ်သစ်ကူးနေ့ကို ရွာမှာကျင်းပနိုင်တုန်းက ကျွန်မတို့ အရမ်းပျော်ခဲ့ကြတယ်။ အခုတော့ အဲ့လိုပျော်ရွှင်မှုမျိုးကျွန်မတို့မှာမရှိတော့ဘူး။”* ဟူ၍ဖြစ်ပါသည်။



ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် လက်ခံရရှိခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မြန်မာစစ်တပ်၏ တိုက်လေယာဉ် တစ်စင်းမှ ခလယ်လွိုထူခရိုင်၊ ဆောထိ (ရွှေကျင်) မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ဆဂ--- ကျေးရွာသို့ ဗုံးများကြဲချခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် မြန်မာစစ်တပ်မှ ဆဂ--- ကျေးရွာသို့ ပေါင် ၅၀၀ ဗုံးနှစ်လုံးပစ်ချပြီး ၎င်းတို့ထဲမှတစ်လုံးသည် ဘုန်းကြီးကျောင်းတွင် ကျရောက်ခဲ့ပါသည်။ ထို့ကဲ့သို့ ဗုံးကျရောက်ပေါက်ကွဲမှုကြောင့် ဗုဒ္ဓရုပ်ပွားတော်များနှင့် ဘုန်းကြီးကျောင်းပျက်စီးသွားခဲ့ပါသည်။ အဆိုပါဗုံးကြဲတိုက်ခိုက်မှုဖြစ်ပွားပြီးသည့်နောက် ဒေသခံရွာသားအများအပြားသည် ဆောထိမြို့နယ်ရှိ ပျဉ်ရေးကျေးရွာအုပ်စုနှင့် သက်ကယ်ကုန်းကျေးရွာအုပ်စုသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ဓာတ်ပုံထဲတွင် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့်ဆဗ--- ဘုန်းကြီးကျောင်း၏ပုံကို ဖော်ပြထားပါသည်။ အဆိုပါဖြစ်ရပ်သည် မြန်မာစစ်တပ်မှ ဘာသာရေးအဆောက်အအုံများကို ရမ်းသမ်းပစ်မှတ်ထားတိုက်ခိုက်ခြင်း သို့မဟုတ် တိုက်ရိုက်တိုက်ခိုက်ခြင်းများထဲမှတစ်ခုသောဥပမာဖြစ်ပြီး အဆိုပါတိုက်ခိုက်မှုများသည် ထွက်ပြေးတိမ်းရှောင်နေရသည့်ရွာသားများ ဘာသာရေးဝတ်ပြုမှုအတွက် သို့မဟုတ် ဓလေ့ရိုးရာရည်ရွယ်ချက်အတွက် စုဝေးရန်အကြောက်တရားကို ပိုမိုဖြစ်ပေါ်စေပါသည်။*(ဓာတ်ပုံ-ဒေသခံခေါင်းဆောင်)*

## (ခ) စိမ်းကားသည့်ခံစားမှုများရှိလာခြင်း

အမျိုးသမီးအချို့မှာ သူတို့၏နယ်မြေဒေသပထဝီအနေအထား သို့မဟုတ် ယဉ်ကျေးမှုနှင့်နီးစပ်မှုရှိသည့်နေရာများဆီသို့ စစ်ဘေးရှောင်နေကြသော်လည်း တချို့မှာ သူတို့နှင့်အကျွမ်းတဝင်မရှိသည့်နေရာများထံသို့ ထွက်ပြေးတိမ်းရှောင်ကြရပါသည်။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးထူထောင်ရန်အခက်အခဲရှိရသည့်အကြောင်းအရင်းမှာ ရိုးရာယဉ်ကျေးမှုနှင့် လူမှုအသိုက်အဝန်း၏ပွဲလမ်းသဘင်နှင့်ဆက်စပ်သော ကွဲပြားခြားနားမှုများဖြစ်ကြောင်း ရွာသားအချို့မှ တင်ပြကြပါသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး ဒူးသထူခရိုင်ရှိ ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ရာ ကျေးရွာတစ်ရွာတွင်စစ်ဘေးရှောင်နေသည့်မူတြော်ခရိုင်မှ ခရစ်ယန်ဘာသာဝင်ဖြစ်သူ နော်အဇ--- မှ အလေးပေး ပြောကြားသည်မှာ *"ကျွန်မတို့ ဒီနေရာကို ရွှေ့ပြောင်းလာတဲ့အချိန်မှာဆိုရင် ကိုးကွယ်ယုံကြည်မှုမတူတဲ့အတွက် နေစရာနေရာနှင့် ချက်ပြုတ်ရာနေတို့နဲ့ပတ်သက်ပြီး တစ်ဦးနဲ့တစ်ဦးဆက်ဆံရေးတည်ဆောက်ဖို့အခက်အခဲအများကြီးရှိခဲ့တယ်။"* ဟူ၍ဖြစ်ပါသည်။ ဒူးပလာယာခရိုင်တွင်စစ်ဘေးရှောင်သည့် ဒေါ်အက--- မှလည်း ဝေမျှပြောကြားသည်မှာ *"တစ်နေ့မှပျော်ရွှင်မှုရှိတယ်လို့မခံစားရဘူး။ ဒီမှာက အရာအားလုံးဟာ ကွဲပြားခြားနားနေတယ်။ ရွာမှာနေတုန်းကတော့ ဘာသာရေးပွဲတွေတက်ရောက်နိုင်ခဲ့တယ်။ ဘုန်းကြီးကျောင်းလည်းသွားနိုင်ခဲ့သလို ပျော်ရွှင်ခဲ့ရတယ်။ သူငယ်ချင်းတွေနဲ့ ပျော်ရွှင်စရာကောင်းတဲ့အချိန်ရှိခဲ့တယ်။ ရွာမှာရှိတဲ့အခမ်းအနားတွေကိုလည်း တက်ရောက်နိုင်ခဲ့တယ်။ ရိုးရာယဉ်ကျေးမှုဆိုင်ရာအခမ်းအနားတွေမှာလည်း ပါဝင်ခွင့်ရှိခဲ့တယ်။ ဒီမှာနေတဲ့အချိန်ဆိုရင် သိမ်ငယ်နေရတယ်။ ဘယ်မှာသွားရမှန်းလည်းမသိဘူး။ ဒီရွာမှာနေရတာ အရမ်းစိတ်အားငယ်ရတယ်။"* ဟူ၍ဖြစ်ပါသည်။

အခြားအင်တာဗျူးဖြေဆိုသူများကမူ ဒေသခံရွာသားများ၏လက်မခံနိုင်မှုအပေါ် စိုးရိမ်မှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ဒူးသထူခရိုင်တွင်စစ်ဘေးရှောင်နေသည့် နော်ဖ--- မှ ပြောပြသည်မှာ *"ကျွန်မအတွက် အကြီးမားဆုံးစိန်ခေါ်မှုတစ်ခုကတော့ ဒီကဒေသခံတွေက ကျွန်မတို့ကိုမကြိုဆိုမှာ ဒါမှမဟုတ် လက်မခံမှာကို စိုးရိမ်နေရတယ်။ ကျွန်မနေလာတဲ့ကျေးရွာရဲ့အခြေအနေနဲ့နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ ဌေ့သည်တွေကို နှစ်ရက်သုံးရက်လောက်ဘဲဖြစ်ဖြစ် ကြိုဆိုလက်ခံဖို့က စိန်ခေါ်မှုအခက်အခဲတွေရှိတယ်လေ။ ဒါကြောင့်မို့လို့ ကျွန်မတို့ကို လက်မခံမှာစိုးရိမ်နေရတယ်။ နောက်ပြီး အနာဂတ်မှာ ဒီလူတွေက ကျွန်မတို့ကို ဆက်ပြီးဘယ်လိုလက်ခံသွားမလဲဆိုတာနဲ့ပတ်သက်ပြီး ကျွန်မအနည်းငယ်စိုးရိမ်နေတယ်။"* ဟူ၍ဖြစ်ပါသည်။ အင်တာဗျူးဖြေဆိုသူအများစုမှ ဒေသခံများနှင့်ကောင်းမွန်သည့်ဆက်ဆံရေးများရှိကြောင်း ပြောဆိုတင်ပြသည့်အပေါ် ဤကဲ့သို့လက်မခံနိုင်စရာအခြေအနေများသည် စိုးရိမ်စိတ်သက်သက်သာဖြစ်လေ့ရှိကြောင်းသိရှိရပြီး KHRG အနေဖြင့် အဆိုပါ စစ်ဘေးရှောင်များအား လက်မခံသကဲ့သို့ ခံစားရသည့် ဖြစ်စဉ်အချို့သာရှိကြောင်း မှတ်တမ်းပြုစုချက်အရ တွေ့ရှိရပါသည်။ မူတြော်ခရိုင်မှ ဒေါ်အဇ--- က ပြောကြားသည်မှာ *"ကမမောင်းမြို့မှာနေခဲ့တုန်းက အခက်အခဲရှိခဲ့တယ်။ ကျွန်မတို့ကိုယ့်ကိုယ်ကို စိတ်အားငယ်တယ်လို့ခံစားခဲ့ရတယ်။ သူများတွေက ကျွန်မတို့ကိုအထင်သေးတဲ့အကြည့်နဲ့ကြည့်တော့ စိတ်မကောင်းဖြစ်ရတယ်။"* ဟူ၍ ဆိုပါသည်။

ရင်းနှီးကျွမ်းဝင်မှုများမရှိသော်လည်း အမျိုးသမီးများအကြား စာနာနားလည်စွာအပြန်အလှန်ရိုင်းပင်းကူညီဖေးမပေးကြသည့် သာဓကများလည်းရှိခဲ့ပါသည်။ ဥပမာဖြစ်ရပ်တစ်ခုအနေဖြင့် ရှမ်းရွာသားများနေထိုင်သည့် ကျေးရွာအနီးတွင်စစ်ဘေးရှောင်သည့် တောအူးခရိုင်မှ နော်ထ--- က *"ကျေးရွာတစ်ရွာတည်းမှာ လူမျိုးစု ဒါမှမဟုတ် ယုံကြည်ကိုးကွယ်မှုမတူပေမယ့်လည်း စည်းလုံးညီညွတ်မှုရှိရှိနဲ့နေထိုင်လို့ရတယ်ဆိုတာကိုသိခဲ့ရတယ်။ ဒါကို ကျောင်းမှာရှိတဲ့ ကျေးရွာအသီးသီးကမိဘတွေနဲ့ ခေါင်းဆောင်တွေကြားမှာ စည်းလုံးညီညွတ်မှုရှိနေတာကိုလည်း ကျွန်မမြင်တွေ့ရပါတယ်။"* ဟူ၍ဖြစ်ပါသည်။

## (ဂ) ပညာသင်ကြားခွင့်လက်လှမ်းမီနိုင်စွမ်းမရှိခြင်း- လူမှုအသိုက်အဝန်းရင်ဆိုင်နေရသည့်ပြဿနာ

ယခင်အခန်းများတွင် ဖော်ပြခဲ့သည့်အတိုင်း နေရပ်စွန့်ခွာနေရသည့်အမျိုးသမီးများသည် စားစရာ၊ ခိုလှုံရာ နေရာထိုင်ခင်းနှင့် ကျန်းမာရေးစသည့်အခြေခံမရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုများ လက်လှမ်းမီနိုင်ရန် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည်ကို မြင်တွေ့နိုင်ပါသည်။ လူမှုစိတ်ပိုင်းဆိုင်ရာသာယာဝပြောမှုအပေါ် သက်ရောက်မှုရှိသော အပျက်သဘောဆောင်သည့် အခြားအရေးကြီးသည့်ပြဿနာတစ်ခုမှာ ကလေးသူငယ်များအတွက် ပညာရေးလက်လှမ်းမီနိုင်ခွင့် ဆုံးရှုံးရခြင်းဖြစ်သည်။ အင်တာဗျူးဖြေဆိုသူ ၇၅ ရာခိုင်နှုန်းမှ လူမှုအသိုက်အဝန်းအတွင်း ပညာသင်ကြားနိုင်ခွင့်အတွက် ကြီးမားသည့်စိန်ခေါ်မှုနှင့်ရင်ဆိုင်ကြုံတွေ့နေရကြောင်းဆိုပါသည်။[65] အင်တာဗျူးဖြေဆိုသူသုံးပုံတစ်ပုံမှာ ပညာသင်ယူနိုင်မည့်ကျောင်း လုံးဝမရှိကြောင်းပြောကြားချိန်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ပရိဘောဂနှင့် ကျောင်းဆရာ/ဆရာမများ လုံလောက်မှုမရှိကြောင်း အခြားဖြေဆိုသူများက ဆိုပါသည်။ မြန်မာစစ်တပ်၏တိုက်ခိုက်မှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသော နေရပ်စွန့်ခွာရမှုများသည် ပညာရေးလက်လှမ်းမီခွင့်ဆုံးရှုံးခဲ့ရပြီး လူထုအတွက်ကြီးမားသောလူမှုစိတ်ပိုင်းဆိုင်ရာစိန်ခေါ်မှုများဖြစ်စေသလို အမျိုးသမီးများက ၎င်းတို့ကလေးများ၏အနာဂတ်အတွက် ဝမ်းနည်းခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ဖိစီးခြင်းနှင့် စိုးရိမ်ခြင်းများခံစားရကြောင်း ထုတ်ဖော်ပြောကြားလာပါသည်။

မိမိ၏ကလေးများအား ကျောင်းထားလိုသော်လည်း မြန်မာစစ်တပ်မှ စာသင်ကျောင်းများအပေါ် ရမ်းသမ်းတိုက်ခိုက်မှုနှင့် တမင်ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုများကြောင့် ကလေးများကိုကျောင်းသို့ပို့ရန် ကြောက်ရွံ့နေကြကြောင်း အမျိုးသမီးအများအပြားက ဝေမျှပြောကြားလာပါသည်။[66] ထိုသို့တိုက်ခိုက်မှုများကြောင့် ကြိုတင်ကာကွယ်သည့်အနေဖြင့် စာသင်ကျောင်းများကိုလည်း မဖြစ်မနေပိတ်သိမ်းနေရပါသည်။[67] တောအူးခရိုင်ရှိ မြန်မာစစ်တပ်ထိန်းချုပ်မှုနှင့် နီးသောကျေးရွာတွင် စစ်ဘေးရှောင်နေသည့် ကျောင်းဆရာမဖြစ်သူ ကလေးသုံးယောက်မိခင် နော်စ--- က သူမ၏ကြောက်ရွံ့မှုနှင့်ရင်ဆိုင်နေရသောစိန်ခေါ်မှုများအပေါ် ထုတ်ဖော်ပြောကြားသည်မှာ *"ကျွန်မတို့ ကလေးတွေအတွက် ပညာရေးဆိုင်ရာ ကူညီထောက်ပံ့မှုတွေရဖို့ မလွယ်ကူပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်မတို့ရဲ့ကလေးတွေကို ကျောင်းမပို့ရဲ ကြဘူးလေ။ ရွာမှာရှိတဲ့ကျောင်းကတော့ ပိတ်နေတယ်။ ကျွန်မတို့ မြန်မာစစ်တပ်ရဲ့ ခြိမ်းခြောက်မှုလည်း ကြုံတွေ့နေရတယ်လေ။ သူတို့ [မြန်မာစစ်တပ်] က ကျောင်းဖွင့်ရင် ကျောင်းအပေါ်ကို လက်နက်ကြီးနဲ့ပစ်မယ်လို့လဲ ပြောတယ်။ ဒါကြောင့် ရွာမှာရှိတဲ့ကျောင်းကိုမဖွင့်ရဲတာ"* ဟူ၍ဖြစ်ပါသည်။ နေရပ်စွန့်ခွာနေရခြင်းကြောင့် သူမ၏ကလေးငယ်သုံးဦးမှာလည်း ကျောင်းတစ်ခါမျှမတက်ခဲ့ရကြောင်း သူမကဖြည့်စွက်ပြောကြားခဲ့ပါသည်။

ထို့အပြင် ထွက်ပြေးတိမ်းရှောင်နေစဉ် အသက်မွေးဝမ်းကြောင်းအတွက်ရုန်းကန်နေရသည့်မိသားစုများအနေဖြင့် ၎င်းတို့၏ကလေးများအားကျောင်းမထားနိုင်ခဲ့ခြင်းအပေါ် စိတ်ဖိစီးမှုဖြစ်ခြင်း၊ အပြစ်ရှိသလိုခံစားရခြင်း၊ ရှက်ရွံ့အားငယ်ခြင်းများခံစားရကြောင်း အင်တာဗျူးဖြေဆိုသူအများအပြားက ရှင်းပြခဲ့ပါသည်။ ဘိတ်-ထားဝယ်ခရိုင်တွင်စစ်ဘေးရှောင်သည့် ကလေးခြောက်ယောက်မိခင် ဒေါ်ယ--- က *"ကျွန်မကလေးတွေကို ကျောင်းထားခိုင်းတယ်ပေါ့နော်။ ဒါပေမယ့် ကျွန်မရဲ့စားဝတ်နေရေးက အဆင်မပြေဘူးလေ။ ဒါကြောင့် သူတို့ရဲ့ကျောင်းကလိုအပ်ချက်တွေအတွက် မပံ့ပိုးပေးနိုင်ဘူး။ ကလေးတစ်ယောက်ကိုဘဲ ကျောင်းထားခဲ့တာတောင်မှ ကျွန်မအများကြီးရုန်းကန်နေရတယ်။ ဒါကြောင့် ဒီနှစ် ကျွန်မသူ့ကိုကျောင်းထုတ်ပစ်လိုက်ရတယ်။ ရွာသားတွေကတော့ ကျွန်မ*

[65] KHRG မှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော "ပျောက်ဆုံးနေသည့်ကလေးဘဝများ"၊ စာမျက်နှာ ၂၇-၂၉ တွင် ကြည့်ပါ။

[66] KHRG မှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော "ပျောက်ဆုံးနေသည့်ကလေးဘဝများ"၊ စာမျက်နှာ ၂၅-၂၆ တွင် ကြည့်ပါ။

[67] KHRG မှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော "ပျောက်ဆုံးနေသည့်ကလေးဘဝများ"၊ စာမျက်နှာ ၂၀ တွင် ကြည့်ပါ။

*ကလေးတွေကို ကျောင်းထားပေးဖို့ အားပေးတိုက်တွန်းကြပါတယ်။ အဲဒါကတော့ မှန်ကန်တဲ့အားပေးတိုက်တွန်းမှုဘဲလေ။ ဒါပေမယ့် ကျွန်မတကယ်ကိုမတတ်နိုင်လို့ပါ။"* ဟုဆိုပါသည်။

ပညာရေးအပေါ် လက်လှမ်းမီနိုင်စွမ်းမရှိခြင်းသည် အမျိုးသမီးများအပေါ် ၎င်းတို့၏မိခင်နှင့် ပြုစုစောင့်ရှောက်သူ ကဏ္ဍများထက်ကျော်လွန်၍ သက်ရောက်မှုရှိစေပါသည်။ အမျိုးသမီးအများအပြားက နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ပြီးနောက်ပိုင်း ၎င်းတို့ကိုယ်တိုင် သို့မဟုတ် သူတို့သိသည့်အခြားအမျိုးသမီးများသည် ပညာရေးကို လက်လွှတ်ခဲ့ရကြောင်းနှင့် ၎င်းတို့၏ဘဝအခြေအနေပါ ပိုမိုဆိုးရွားလာခဲ့ကြောင်းဆိုပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် ထွက်ပြေးတိမ်းရှောင်နေရသည့်အမျိုးသမီးများအတွက် အထက်တန်းပညာရေးနှင့် အဆင့်မြင့်ပညာရေးများ လက်လှမ်းမီနိုင်ရန်အလွန်ခက်ခဲပြီး အန္တရာယ်အလွန်များပါသည်။ တောအူးခရိုင်မှ စစ်ဘေးရှောင်သည့် နော်ထ--- က လေ့လာသိရှိချက်အရ *"သွားလာရေးအခက်အခဲတွေကြောင့် တချို့မိန်းကလေးတွေဆို ကျောင်းမသွားနိုင်ကြတော့ဘူး။"* ဟုဆိုပါသည်။ သူမမှ ဖြည့်စွက်ပြောကြားသည်မှာ *"တခြားရွာက အချို့မိန်းကလေးတွေကြတော့ ကျောင်းထွက်ပြီး တစ်နှစ်၊ နှစ်နှစ်အတွင်းမှာဘဲ စောစောစီးစီးအိမ်ထောင်ကျသွားခဲ့တယ်။ ဘာလို့လဲဆိုတော့ သူတို့က ကျောင်းဆက်မတက်နိုင်တော့လို့လေ။"* ဟူ၍ဖြစ်ပါသည်။ အမှန်စင်စစ် စားဝတ်နေရေးအခက်အခဲများကြောင့် မိန်းကလေးများအနေဖြင့် မိမိကိုယ်ကိုဖွံ့ဖြိုးတိုးတက်စေမည့်အခွင့်အရေးများ လက်လွှတ်ဆုံးရှုံးခဲ့ရခြင်းဖြစ်ပြီး အချို့အတွက်မှာမူ အိမ်ထောင်ပြုခြင်းသည်သာလျှင် တစ်ခုတည်းသောရွေးချယ်စရာဖြစ်လာသည်ကိုခံစားနေရကြောင်း တွေ့ရှိရပါသည်။ ခလယ်လွိထူခရိုင်တွင် စစ်ဘေးရှောင်သည့် ဒေါ်အရ--- က *"မိဘတွေအားလုံးက အသက်မွေးဝမ်းကြောင်းအတွက် အရေးပေးနေရတဲ့အပေါ် သူတို့ကလေးတွေကို အပြည့်အဝမကြည့်ရှုနိုင်ကြဘူးလေ။ အဲ့ဒါကြောင့်ဘဲ တချို့မိန်းကလေးတွေက စောစောစီးစီး အိမ်ထောင်ကျပြီး တချို့ကြတော့ ကျောင်းတောင်မပြီးကြဘူး။"* ဟုဆိုပါသည်။

ပညာသင်ကြားခွင့် ဆုံးရှုံးရခြင်းသည် အမျိုးသမီးငယ်များအတွက် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာများ ဖြစ်ပေါ်နိုင်ကြောင်း အင်တာဗျူးဖြေဆိုသူအများအပြားကဆိုပါသည်။ ဒူးပလာယာခရိုင်တွင် စစ်ဘေးရှောင်နေသည့် ဒေါ်အက--- မှ သူမ၏၁၉ နှစ်အရွယ်မြေးမ ရင်ဆိုင်နေရသည့်အခြေအနေနှင့်ပတ်သက်၍ ဝေမျှပြောကြားသည်မှာ *"ကျွန်မရဲ့မြေးမအကြီးဆုံး နေရပ်စွန့်ခွာထွက်ပြေးမတိမ်းရှောင်ခင်က သူမ ၁၀ တန်း တက်နေတယ်လေ။ သူမပြေးနေရတော့ ကျောင်းထွက်လိုက်ရတယ်။ အဲ့ဒါကြောင့် သူမစိတ်ဓာတ်ကျနေတယ်။ သူမထွက်ပြေးတိမ်းရှောင်တဲ့အချိန်မှာလည်း စိန်ခေါ်မှုအခက်အခဲအများကြီးကြုံတွေ့နေရတယ်။ နောက်တော့ သူမအိမ်ထောင်ကျသွားတယ်။ သူမဘာလို့အိမ်ထောင်ကျသွားလဲဆိုတာကို ကျွန်မတကယ်မသိခဲ့ဘူး။ ကျွန်မစိတ်ထင် သူမမှာစိတ်ဖိစီးမှုအများကြီးရှိနေလို့ ဖြစ်မယ်။"* ဟူ၍ဖြစ်ပါသည်။

## ၅.၄။ စိတ်ပိုင်းဆိုင်ရာဖိစီးမှုပြဿနာများလျှော့ချရန်အတွက် အမျိုးသမီးများ၏နည်းဗျူဟာများ

မြန်မာစစ်တပ်မှ တိုက်ခိုက်မှုနှင့် နောက်ဆက်တွဲဖြစ်ပေါ်လာသော နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်မှုများကြောင့် အမျိုးသမီးများ၏လူမှုစိတ်ပိုင်းဆိုင်ရာသာယာဝပြောမှုအပေါ်စိန်ခေါ်မှုများဆိုးရွားစွာရှိနေသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိအမျိုးသမီးများသည် သူတို့၏စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို တက်ကြွစွာပြန်လည်မြှင့်တင်ရန်အတွက် နည်းလမ်းများစွာအသုံးပြုနေကြပါသည်။

### (က) အားပေးစကားပြောခြင်း

အမျိုးသမီးများ၏ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားမှုများကိုလျှော့ချရန် အဓိကနည်းလမ်းတစ်ခုမှာ အပြန်အလှန်အားပေးကူညီခြင်းပင်ဖြစ်ပါသည်။ အမျိုးသမီးတစ်ဦးချင်းစီအနေဖြင့်သော်လည်းကောင်း လူမှုအသိုက်အဝန်းအဆင့်တွင်သော်လည်းကောင်း အားပေးစကားပြောကြခြင်းဖြင့် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ကူညီပံ့ပိုးပေးလျှက်ရှိနေပါသည်။ ကရင်ပြည်နယ်အတွင်းရှိ အမျိုးသမီးများအတွက်မူ မည်သည့်အခြေအနေများ စိုးစဥ်းမျှမရှိတော့သည့်တိုင်အောင် အားပေးစကားပြောခြင်းသည် လူတိုင်းအသုံးပြုနိုင်သည့်နည်းလမ်းတစ်ခုဖြစ်ပါသည်။ ဒူးပလာယာခရိုင်ရှိ စစ်ဘေးရှောင်စခန်းတွင် စစ်ဘေးရှောင်နေသည့် နော်လ--- မှ ပြောသည်မှာ *"အခက်အခဲပြဿနာတစ်ခုခုရင်ဆိုင်လာရပြီးဆိုရင် တစ်ဦးနဲ့တစ်ဦး ငွေကြေးနဲ့မပံ့ပိုးနိုင်ကြပေမယ့် ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် အားပေးစကားပြောပေးတာနဲ့ဘဲ ဖေးမကူညီကြတယ်။ ဥပမာ ဝမ်းနည်းနေတဲ့ ဒါမှမဟုတ် မျှော်လင့်ချက်မဲ့နေတဲ့အမျိုးသမီးတစ်ယောက်ကိုတွေ့ရင် အရှုံးမပေးဖို့နဲ့ ကြံ့ကြံ့ခံရင်ဆိုင်ဖို့ အားပေးစကားပြောခဲ့တယ်။ ဒါကို သူမတစ်ယောက်ထဲ ကြုံတွေ့ရတာမဟုတ်ဘူးဆိုတာကိုပြောခဲ့တယ်။ သူမလိုပဲ ထွက်ပြေးနေရတဲ့အခြားသူအများကြီး ရှိတယ်။ ဒါကြောင့် သူမကို စိတ်ဓာတ်ခိုင်ခိုင်မာမာထားဖို့ပြောခဲ့တယ်။"* ဟူ၍ဖြစ်ပါသည်။ ထို့နည်းအတူပင် တောအူးခရိုင်တွင် စစ်ဘေးရှောင်နေသည့် နော်စ--- မှလည်း *"ကျွန်မတို့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် အားပေးစကားပြောကြတယ်။ စိတ်ဓာတ်ခိုင်မာစွာနဲ့ နေဖို့ပြောကြတယ်။ ဒါက တစ်ရက်တည်းမဟုတ်ဘူးလေ။ ဒီလိုအခြေအနေက အချိန်ကာလအကြာကြီးရှိနေမှာ။ ငြိမ်းချမ်းမှုမရှိမခြင်း သေနတ်သံကိုတော့ ကြားနေရဦးမှာဘဲလေ။ ဒါကြောင့် ကျွန်မတို့ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ဖို့လိုတယ်။"* ဟုဆိုပါသည်။

### (ခ) အမျိုးသမီးများ စုစည်းနေထိုင်ခြင်း

အမျိုးသမီးများအတွက် သီးသန့်ဖြစ်သော အရေးကြီးသည့်နည်းဗျူဟာတစ်ခုမှာ အပြန်အလှန်ဖေးမကူညီခြင်းနှင့် ရံဖန်ရံခါဆိုသလို ဖြေရှင်းမှုနည်းလမ်းများ ရှာဖွေရန်အတွက် ၎င်းတို့၏အတွေ့အကြုံနှင့် စိုးရိမ်ပူပန်မှုများကို စုစည်းပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဝေမျှခြင်းဖြစ်သည်။ မူတြော်ခရိုင်တွင် စစ်ဘေးရှောင်သည့် နော်ဒ--- မှ *"ကျွန်မတို့ တစ်ဦးနဲ့တစ်ဦးတွေ့ဆုံတဲ့အခါနဲ့ သွားလည်ကြတဲ့အခါမှာ ဆိုလို့ရှိရင်တော့ ကျွန်မတို့ရဲ့အနာဂတ်ဘဝအတွက် ဘယ်လိုဆက်လက်ရှင်သန်ရမလဲဆိုပြီး ပြောဆိုဆွေးနွေးကြတယ်။ ပြီးတော့ စကားအနည်းငယ်ပြောပြီး အပြန်အလှန်အားပေးစကားပြောကြတယ်။"* ဟုဆိုပါသည်။ နော်ဒ--- အနေဖြင့် သူမ၏ရပ်ရွာရှိ အမျိုးသမီးများသည် နေရပ်စွန့်ခွာတိမ်းရှောင်ရပြီးနောက်ပိုင်းမှသာလျှင် ဤနည်းဗျူဟာကို စတင်အသုံးပြုကြခြင်းဖြစ်ကြောင်း ဖြည့်စွက်ပြောဆိုပါသည်။ *"ကျွန်မတို့က ထွက်ပြေးတိမ်းရှောင်နေရပြီးသားလေ။ ပူပင်သောကရှိနေတဲ့သူတွေအတွက် ကျွန်မတို့က အားပေးစကားမပြောပေးဘူးဆိုလို့ရှိရင် သူတို့အတွက် ပိုပြီးခက်ခဲသွားနိုင်တယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့အနာဂတ်ဘဝအတွက် ဘယ်လိုရှင်သန်ကျော်ဖြတ်ကြမလဲ၊ အနာဂတ်မှာ ဘာတွေဆက်လုပ်သွားကြမလဲ ဆိုတာနဲ့ပတ်သက်ပြီး ကျွန်မတို့ အတူတကွပါဝင်ဆွေးနွေးပြီးတော့ တစ်ဦးကိုတစ်*

*ဦး အပြန်အလှန်အားပေးစကားပြောကြပါတယ်။"* ဒူးပလာယာခရိုင်တွင် စစ်ဘေးရှောင်သည့် ဒေါ်အက--- က အမျိုးသမီးများစုစည်းကြသည့်အခါ *"သူတို့ရဲ့အတွေ့အကြုံနဲ့ စိန်ခေါ်မှုတွေကို မျှဝေကြတယ်။ သူတို့ငြိမ်းချမ်းစွာနေထိုင်ချင်တယ်လို့ ကျွန်မကိုပြောခဲ့တယ်။ ကျွန်မသူတို့ကို စိတ်ခေတ်ခိုင်ခိုင်မာမာထားဖို့နဲ့ တစ်နေ့ကျရင် ကျွန်မတို့ငြိမ်းချမ်းစွာနေထိုင်နိုင်သွားမယ်လို့ ပြောခဲ့တယ်။"* ဟုဆိုပါသည်။

**(ဂ) အခြားနည်းဗျူဟာများ**

အမျိုးသမီးအချို့သည် ဆုတောင်းခြင်း၊ ကျမ်းစာကျောင်းတွင် ဓမ္မစာပေများသင်ယူခြင်း၊ အွန်လိုင်းပေါ်မှ ဝိညာဉ်ရေးရာနှင့် စိတ်ခေတ်ခွန်အားဖြည့်စေသည့် ဓမ္မတရားတော်နှင့် ဆရာတော်များ၏ဆုံးမသြဝါဒများကို ကြည့်ရှုကြားနာခြင်း၊ တရားကျင့်ခြင်းအပါအဝင် ကလေးသူငယ်များနှင့် အချိန်ကုန်ဆုံးခြင်း စသည်တို့ဖြင့် စိတ်ပိုင်းဆိုင်ရာခွန်အားများကို ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ အခြားသောနည်းလမ်းတစ်ခုအနေဖြင့် အခြေအနေပေးသည့်အခါမျိုးတွင် အမျိုးသမီးများသည် ၎င်းတို့၏စိတ်ကျန်းမာရေးသာယာဝပြောမှုအား ယာယီပြန်လည်ကုစားရန်အတွက် ပျော်ပွဲရွှင်ပွဲများပြုလုပ်ခြင်း၊ သူငယ်ချင်းများနှင့်အတူ အပြင်ထွက်လည်ပတ်ခြင်းများကဲ့သို့သော လှုပ်ရှားမှုများကို လုပ်ဆောင်ကြကြောင်း ထည့်သွင်းပြောဆိုခဲ့ပါသည်။ ဒူးပလာယာခရိုင်ရှိ စစ်ဘေးရှောင်စခန်းတွင် စစ်ဘေးရှောင်နေသော နော်အ--- က *"တစ်ခါတလေကြတော့လည်း စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားအောင် သူငယ်ချင်းတွေနဲ့ ရယ်စရာတွေပြောကြတယ်။ ကျွန်မကိုယ်ကျွန်မပျော်အောင်လုပ်ဖို့အတွက် သူငယ်ချင်းတွေဆီသွားလည်ပြီး ရယ်စရာတွေပြောကြတယ်။"* ဟုဆိုပါသည်။ ဒူးပလာယာခရိုင်တွင် စစ်ဘေးရှောင်နေသည့် နော်ဇ--- မှလည်း *"ကျွန်မတို့ပျော်ပွဲရွှင်ပွဲတွေသွားတဲ့အခါမှာတော့ စိတ်ဖိစီးစရာတွေ ခဏတဖြုတ်တော့ ပျောက်သွားတယ်ပေါ့။ ဒါပေမယ့် အိမ်ပြန်ရောက်တော့လည်း အဲ့ဒီစိတ်ဖိစီးမှုတွေက ပြန်ပေါ်လာဘဲ။"* ဟုဆိုပါသည်။

မည်သို့ပင်ဆိုစေကာမူ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှု၊ စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်လွတ်ကင်းပြီး ဘေးကင်းလုံခြုံမှုရှိသည့်ပတ်ဝန်းကျင်သို့ ပြန်လည်အခြေချနေထိုင်နိုင်ခွင့်ရှိမှသာလျှင် သူတို့၏စိတ်ပိုင်းဆိုင်ရာသာယာဝပြောမှုနှင့် ငြိမ်းချမ်းမှုအား အပြည့်အဝပြန်လည်ရရှိနိုင်မည်ဟု အမျိုးသမီးအများစုကဆိုပါသည်။ ဘိတ်-ထားဝယ်ခရိုင်တွင် စစ်ဘေးရှောင်သည့် မက--- က ဝေမျှသည်မှာ *"ကြောက်ရွံ့မှုတွေမရှိတော့ရင် ကျွန်မတို့နှလုံးသားဟာ ပိုမိုပြီးကြံ့ခိုင်လာမှာပါ။ ကျွန်မတို့ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေတဲ့ ဒီကြောက်ရွံ့မှုတွေက ဆေးဝါးနဲ့ကုသလို့မရနိုင်ပါဘူး။ တိုက်ပွဲတွေမရှိတော့မှသာ ကျွန်မတို့ရဲ့ကြောက်ရွံ့မှုတွေက လျော့ကျသွားမှာဖြစ်ပြီး စိတ်ခွန်အားတွေလည်း ပြန်လည်ရရှိမယ်။"* ဟူ၍ဖြစ်ပါသည်။

## ဒေါ်ပအ--- ၏ဘဝဖြတ်သန်းမှု

ဒေါ်ပအ--- သည် ဘိတ်-ထားဝယ်ခရိုင်မှ အသက် ၅၈ နှစ် အရွယ် အဖွားတစ်ဦးဖြစ်သည်။ သူမအနေဖြင့် ဖမ်းဆီးခံရမည်ဟု ခြိမ်းခြောက်မှုကြောင့် ကျေးရွာမှထွက်ပြေးရှောင်နေရသူဖြစ်ပါသည်။ သူမ၏သားသမီးများသည်လည်းထွက်ပြေးတိမ်းရှောင်နေကြရပြီး အခြားနေရာတွင်အလုပ်လုပ်ကာ တတ်နိုင်သမျှငွေကြေးထောက်ပံ့မှုများပြုလုပ်ကြပြီး ထိုငွေဖြင့် သူမ၏မြေးများကို ပြုစုစောင့်ရှောက်ပေးနေရပါသည်။

ထွက်ပြေးတိမ်းရှောင်နေရသည့်အကြောင်းအရင်းနှင့်ပတ်သက်၍ သူမမှပြောကြားသည်မှာ *"အရင်တုန်းကတော့ ကျွန်မ ဆပဟ--- ရွာမှာနေပါတယ်။ အဲ့ဒီအချိန်တုန်းကတော့ ဆပဟ--- ရွာက အမေစု [ဒေါ်အောင်ဆန်းစုကြည် ၏ NLD အစိုးရ] ရဲ့ အုပ်ချုပ်မှုအောက်မှာရှိတဲ့ကာလဖြစ်တယ်။ ဒါပေမယ့် ခုတော့ အဲ့ဒီနေရာက စစ်အာဏာရှင်ရဲ့အုပ်ချုပ်မှုအောက်ကိုရောက်သွားပြီးလေ။ စစ်အာဏာရှင်အုပ်ချုပ်မှုအောက်မှာကျွန်မမနေချင်ဘူး။ ဒါကြောင့် ကျွန်မဆန့်ကျင်မှုလုပ်ခဲ့တယ်။ အဲ့ဒီအတွက်နဲ့ ကျွန်မထွက်ပြေးတိမ်းရှောင်နေရတယ်။ ဆန္ဒပြပွဲတွေမှာ ကျွန်မနေ့တိုင်းပါဝင်ခဲ့တယ်။ သံပုံးတီးပြီးတော့လည်း ဆန္ဒပြခဲ့တယ်။ အဲ့ဒီအတွက် သူတို့ကကျွန်မကိုဖမ်းဆီးဖို့ကြိုးစားခဲ့တယ်။ ဒါကြောင့် ကျွန်မထွက်ပြေးခဲ့ရတယ်။ ကျွန်မထွက်မပြေးရင် ကျွန်မသေရလိမ့်မယ်။ ကျွန်မတို့ ညဘက်အချိန်မှာထွက်ပြေးခဲ့တယ်။ ထွက်မပြေးတဲ့လူတွေကတော့ အဖမ်းခံခဲ့ရတယ်။ ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၈ ရက်နေ့မှာ ကျွန်မတို့ထွက်ပြေးတိမ်းရှောင်ခဲ့တယ်။ ကျွန်မတို့ထွက်ပြေးတိမ်းရှောင်နေရတာ နေရာသုံးလေးနေရာလောက်တောင်ရှိနေပြီး"* ဟူ၍ဖြစ်ပါသည်။

ဒေါ်ပအ--- မှ စစ်ဘေးရှောင်နေစဥ် ကြုံတွေ့ခဲ့ရသည့်ကြောက်ရွံ့မှုနှင့် အချင်းချင်းကူညီရိုင်းပင်းမှုများအပေါ် သူမက ဆက်လက်၍ပြန်လည်ပြောပြသည်မှာ *"ပစ်ခတ်သံတွေ [သေနတ်ပစ်သံ၊ လက်နက်ကြီးနဲ့ လေကြောင်းတိုက်ခိုက်မှုပြုသံ] ကြားရတဲ့အချိန်မှာ ကျွန်မတုန်လှုပ်ခြောက်ခြားခဲ့တယ်။ ကျွန်မတို့ထွက်ပြေးတဲ့အချိန်မှာ စားစရာနဲ့ လိုအပ်တဲ့အရာတွေကို ကျောပိုးအိတ်ထဲမှာထည့်ထားပြီး သယ်ဆောင်လာခဲ့တယ်။ ကျွန်မတို့ သယ်ယူလာတဲ့စားစရာတွေကိုစားခဲ့တယ်။ ထွက်ပြေးခဲ့တဲ့အချိန်မှာ အမျိုးသမီးတွေ အတူတကွနေဖို့ ခေါ်ယူစုစည်းကြတယ်။ အမျိုးသမီးတွေကတော့ အိတ်တွေကိုအမြဲတမ်းပြင်ဆင်ထားရတယ်ပေါ့။ ကျွန်မတို့ပြေးတဲ့အချိန်မှာ ကလေးတွေရော ကိုယ်ဝန်သည်တွေရောပါတယ်။ တချို့ရွာသားတွေကတော့ ဘာမှမသယ်လာကြဘူး။ ဒါကြောင့် စားစရာတွေကို အချင်းချင်းဝေမျှစားကြရတယ်။"* ဟူ၍ဖြစ်ပါသည်။

ဒေါ်ပအ--- သည် ရွာသားများအချင်းချင်းကြင်နာတတ်ပြီး ဖေးမကူညီတတ်ကြောင်း ပြောပြသည့်အပြင် အနာဂတ်တွင် သူမဖြစ်လိုသည့်ဆန္ဒကိုလည်း ဤသို့ပြောပြသည်။ *"ကျွန်မ အိမ်ပြန်ချင်တယ်။ တိုင်းပြည်က စစ်ပွဲမပြီးဆုံးမချင်း ကျွန်မအိမ်ပြန်မှာမဟုတ်ဘူး။ ကျွန်မအနေနဲ့ အနာဂတ်မျိုးဆက်သစ်အတွက် ကောင်းမွန်တဲ့ဘဝရစေချင်တယ်။"*

# အခန်း ၆။ တရားမျှတမှုအပေါ်ထင်မြင်ချက်များနှင့် အနာဂတ်အတွက် မျှော်လင့်ချက်များ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများနှင့် ပြုလုပ်ခဲ့သည့် အင်တာဗျူးအားလုံးတွင် အမျိုးသမီးများသည် ၎င်းတို့၏ကိုယ်တိုင်အတွက်၊ မိသားစုဝင်အများအတွက်၊ လူမှုအသိုက်အဝန်းအတွက်နှင့် တိုင်းပြည်အတွက် အနာဂတ်မျှော်လင့်ချက်နှင့် ဆန္ဒမွန်များရှိကြောင်း ထုတ်ဖော်ပြောကြားကြပါသည်။ ရမ်းသမ်းတိုက်ခိုက်မှု သို့မဟုတ် ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုများ၊ ဆက်လက်ဖြစ်ပွားလျှက်ရှိသည့် ပဋိပက္ခများနှင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရမှုများအပေါ် တရားမျှတမှုသည် မည်သို့သောပုံသဏ္ဍာန်ရှိသင့်သည် ဟူသောအချက်ပေါ်၌ ၎င်းတို့မှ ပြတ်သားခိုင်မာသည့်မျှော်မှန်းချက်များလည်း ရှိကြပါသည်။ အမျိုးသမီးအများစု အလိုလားဆုံးအရာ သည် ပဋိပက္ခနှင့်ကင်းဝေးပြီး ငြိမ်းချမ်းသောမြန်မာနိုင်ငံတော်အား မြင်တွေ့လိုပြီး မိသားစုဝင်များ၊ ပြည်သူလူထု များနှင့်အတူ ကြောက်ရွံ့မှုကင်းဝေးစွာဖြင့် ဘဝကိုဖြတ်သန်းလိုကြခြင်းဖြစ်ပါသည်။ အချို့မှာ ၎င်းတို့အပေါ် ကျူးလွန်ခဲ့သည့် ထိခိုက်နစ်နာမှုများအတွက် ပြန်လည်ကုစားမှုများရရှိသည်ကိုမြင်တွေ့လိုကြောင်း ထုတ်ဖော် ပြောကြားကြပါသည်။ အနာဂတ်သို့ မျှော်ကြည့်သည့်အခါ အမျိုးသမီးများအတွက် အခွင့်အရေးများပိုမိုရရှိလိုကြ ပြီး ကျား၊မ တန်းတူညီမျှမှု တိုးတက်ကောင်းမွန်လာသည်ကိုလည်း မြင်တွေ့လိုကြောင်း အမျိုးသမီးများက ဆို ပါသည်။ နောက်ဆုံးအနေဖြင့် မြန်မာစစ်အာဏာရှင်ခေါင်းဆောင်များအား ၎င်းတို့ကျူးလွန်ခဲ့သည့်လုပ်ရပ်များ အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုပြုစေလိုကြကြောင်း အမျိုးသမီးအများအပြားထုတ်ဖော်ပြောကြားလာပါသည်။ ရွာသားများအနေဖြင့် တရားမျှတမှုဟုဆိုရာတွင် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ၎င်းတို့နေရာဒေသများတွင် ရှိသောမြန်မာစစ်တပ်များပြန်လည်ရုပ်သိမ်းရေး၊ ငြိမ်းချမ်းစွာနေထိုင်နိုင်ရန်အတွက် အကြမ်းဖက်ချိုးဖောက်မှု များရပ်တန့်ရေးစသည်တို့ ပါဝင်ပါသည်။ တရားမျှတမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောဆိုရာတွင်လည်း အမျိုးသမီး များသည် မိမိတို့၏အိမ်သို့ပြန်လည်နေထိုင်လိုကြကြောင်း၊ ပြန်လည်ကုစားမှုများ၊ တန်းတူအခွင့်အရေးများ၊ နိုင်ငံတကာအာရုံစိုက်မှုပိုမိုရရှိမှုများနှင့် တာဝန်ယူမှုတာဝန်ခံမှုများအကြောင်းကို အဓိကထားတုံ့ပြန်ပြောဆိုကြ ပါသည်။

## နေအိမ်တွင်ပြန်လည်နေထိုင်လိုခြင်းနှင့် ကြောက်ရွံ့မှုကင်းဝေးသောဘဝကိုရရှိခြင်း

အင်တာဗျူးပြုလုပ်ခဲ့သည့်အမျိုးသမီး လေးပုံသုံးပုံကျော်မှ ထုတ်ဖော်ပြောကြားမှုအများဆုံးခံစားချက်မှာ မိမိ၏အိမ်အား လွမ်းဆွတ်သတိရပြီး ပြန်လည်နေထိုင်လိုကြခြင်းနှင့် ငြိမ်းချမ်းစွာနေထိုင်လိုကြခြင်းတို့ပင် ဖြစ် ပါသည်။ ဥပမာအားဖြင့် တရားမျှတမှုအကြောင်းနှင့်ပတ်သက်ပြီးမေးမြန်းရာတွင် ဒူးပလာယာခရိုင်မှ ဘားအံခရိုင် သို့စစ်ဘေးရှောင်သည့် နော်အသ--- မှ အကျဉ်းချုပ်ပြောကြားသည်မှာ *“အိမ်မှာပြန်နေထိုင်လို့ရရင်တော့ ကျွန်မ စိတ်ကျေနပ်မှာပဲ။”* ဟူ၍ဖြစ်ပါသည်။ အမျိုးသမီးအများအပြားမှ အိမ်တွင်ပြန်လည်နေထိုင်လိုကြောင်းပြောကြား ချိန်တွင် ကနဦးနေရပ်စွန့်ခွာတိမ်းရှောင်မှုပြုခဲ့သည့် အမျိုးသမီးအများအပြားသည်လည်း အိမ်တွင်ပြန်လည် နေထိုင်နိုင်ခြင်း မရှိသေးပေ။ အင်တာဗျူးဖြေဆိုသူအများအပြားမှ တိုက်ပွဲများထာဝရရပ်တန့်သွားမှသာလျှင် အိမ် တွင်ပြန်လည်နေထိုင်လိုကြောင်းနှင့် ကြောက်ရွံ့မှုကင်းဝေးသည့်ဘဝဖြင့် နေထိုင်နိုင်မည်ဖြစ်ကြောင်းဆိုပါသည်။

ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့သည့် လွတ်လပ်ခွင့်တို့သည် ၎င်းတို့မျှော်မှန်းထားသည့် အနာဂတ်တည်ငြိမ် မှုနှင့် တရားမျှတမှုတို့၏အစိတ်အပိုင်းများဖြစ်ကြောင်း အမျိုးသမီးအများစုမှ တစ်ခဲနက်ထုတ်ဖော်ပြောဆို ကြသည်။ ဘိတ်-ထားဝယ်ခရိုင်မှ စစ်ဘေးရှောင်သည့် မက--- က ဝေမျှပြောကြားသည်မှာ *“ကျွန်မမိသားစုနဲ့ တခြားမိသားစုတွေ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်နိုင်တာကို မြင်တွေ့ချင်ပါတယ်။ ကျွန်မတို့ လွတ်လွတ်လပ်လပ် နဲ့ သွားလာလုပ်စားချင်ပါတယ်။ ပြီးတော့ အိမ်ထောင်စုတိုင်းကိုလည်း သူတို့ရဲ့အသက်မွေးဝမ်းကြောင်းပြုမှုကို*

*ကောင်းမွန်စွာနဲ့ လက်လှမ်းမီနိုင်စွမ်း ရှိစေချင်ပါတယ်။ ကျွန်မကတော့ ဒီလိုမျိုးဘဲဖြစ်စေချင်တယ်။ ကျွန်မတို့အားလုံး စားနပ်ရိက္ခာ အလုံအလောက်ရှိပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေထိုင်ချင်ပါတယ်။ ဘယ်သူဘဲဖြစ်ဖြစ်လူတိုင်းလူတိုင်း သူတို့ရဲ့မိသားစုဝင်တွေ၊ ညီအကိုမောင်နှမတွေနဲ့အတူ ငြိမ်းချမ်းစွာနဲ့ ညီညွတ်စွာနေထိုင်စေလိုပါတယ်။ ကျွန်မတို့အတွက် ပိုပြီးအဆင်ပြေချောမွေ့မှုရှိတဲ့ တည်ငြိမ်တဲ့အလုပ်လည်းရှိချင်ပါတယ်။ တရားဝင်မှုရှိပြီး တည်ငြိမ်တဲ့အလုပ်တစ်ခု ကျွန်မလိုချင်ပါတယ်။ ကျွန်မရဲ့မိသားစုရှင်သန်ရပ်တည်ရေးအတွက် လုံလောက်တဲ့ အရာတွေရှိတဲ့အခြေအနေမျိုး ရှိစေချင်ပါတယ်။ လူတိုင်း အိမ်ထောင်စုတိုင်းကတော့ သူတို့ရဲ့ဘဝရှင်သန်ရပ်တည်ရေးအတွက် ကြီးမားတဲ့အိမ်မက်ကိုယ်စီရှိကြတာပါဘဲ။"* ဟူ၍ဖြစ်ပါသည်။

မိခင်အများအပြားသည် ၎င်းတို့၏သားသမီးများတိုးတက်အောင်မြင်နေသည်ကို မြင်တွေ့လိုပြီး ဤသည်မှာ ၎င်းတို့၏အကြီးမားဆုံးသော အနာဂတ်မျှော်လင့်ချက်များထဲမှတစ်ခုဖြစ်သကဲ့သို့ ကြောက်ရွံ့မှုကင်းဝေးသည့် ဘဝတစ်ခုပိုင်ဆိုင်ခွင့်ရှိခြင်းသည်လည်း ၎င်းတို့အတွက်အထင်ရှားဆုံးသောညွှန်ပြချက်တစ်ခုလည်း ဖြစ်ပါသည်။ မူတြော်ခရိုင်တွင် စစ်ဘေးရှောင်သည့် ဒေါ်အက--- မှ အလေးပေးပြောကြားသည်မှာ *"ကျွန်မတို့ရဲ့ကလေးတွေလွတ်လွတ်လပ်လပ်နဲ့ပညာသင်ကြားနိုင်ပြီးတော့ လွတ်လပ်စွာသွားလာနိုင်တာမြင်တွေ့ချင်ပါတယ်။ ဒါကတော့ မိခင်တိုင်းရဲ့ရင်ထဲမှာရှိနေတဲ့အရာဆိုတာကို ကျွန်မသိပါတယ်။ ကျွန်မတို့ရဲ့သားသမီးနဲ့ပတ်သက်ပြီးတော့ သူတို့လွတ်လပ်စွာစာသင်ကြားနိုင်ပြီးတော့မှ တစ်ဆင့်ပြီးတစ်ဆင့် ကြီးပြင်းဖွံ့ဖြိုးတိုးတက်လာတာကိုမြင်တွေ့လိုပါတယ်။ ကျွန်မတို့အဲ့ဒီအတိုင်းဘဲ ဖြစ်စေချင်ခဲ့ပါတယ်။"* ဟူ၍ဖြစ်ပါသည်။ ဤရှုမြင်ချက်နှင့်စပ်လျဥ်း၍ ဒူးသထူခရိုင်တွင် စစ်ဘေးရှောင်သည့် နော်ဖ--- မှ ထပ်တူပြောကြားသည်မှာ *"ကျွန်မအနေနဲ့ ရွာသားတွေရွာထဲမှာ အကြောက်တရားမရှိဘဲနေထိုင်နိုင်တာကို မြင်တွေ့လိုပါတယ်။ ဒီပြောင်းလဲမှုကို ကျွန်မတွေ့ချင်ပါတယ်။ ဘယ်မိသားစုဝင်တွေမှ ရွာထဲမှာနေတာ လုံခြုံမှုရှိတယ်လို့မခံစားရဘူး။ အကြောက်တရားမရှိဘဲ ရှင်သန်ရတဲ့လူတွေရဲ့ဘဝကိုပဲမြင်တွေ့ချင်တယ်။ မိဘတွေကလည်း သူတို့သားသမီးတွေအတွက် စိုးရိမ်နေကြရတယ်။ ဒါကြောင့်မို့လို့ ရွာသားတွေကို ရွာထဲမှာဘေးကင်းလုံခြုံစွာနဲ့ ငြိမ်းချမ်းစွာနေထိုင်နိုင်တာကို မြင်တွေ့လိုပါတယ်။"* ဟူ၍ဖြစ်ပါသည်။

## ပြန်လည်ကုစားခြင်း

အိမ်နှင့် ရွာများမှ ထွက်ပြေးတိမ်းရှောင်ခဲ့စဥ်ကာလအတွင်း ဆုံးရှုံးခဲ့ရသည့်အရာများအပေါ် ၎င်းတို့၏မိသားစုနှင့်လူမှုအသိုက်အဝန်းအတွက် တရားမျှတမှုရရှိခဲ့သည်ဟုခံစားရစေရန် ရုပ်ဝတ္ထုပိုင်းဆိုင်ရာပြန်လည်ကုစားမှုများ ရရှိရေးသည်အရေးကြီးကြောင်း အမျိုးသမီးများမှဆွေးနွေးတင်ပြကြပါသည်။ မူတြော်ခရိုင်တွင် စစ်ဘေးရှောင်သည့် ဒေါ်အဇ--- မှ ပြောပြသည်မှာ *"ကျွန်မဆုံးရှုံးခဲ့တဲ့ပိုင်ဆိုင်မှုတွေကို ပြန်ရချင်တယ်။ ကျွန်မတို့က အသက်လည်းကြီးလာပြီ။ ဒါကြောင့် ပိုင်ဆိုင်မှုအသစ်တွေကိုထပ်ဝယ်ဖို့ မတတ်နိုင်တော့ဘူး။ အခုကျွန်မက အသက် ၅၄ နှစ်အရွယ်ရှိနေပြီ။ အင်အားတွေနည်းပါးလာတဲ့အချိန်လည်းဖြစ်နေပြီ။ ကျွန်မတို့မှာ အားကိုးအားထားပြုဖို့ဘယ်သူမှလည်းမရှိဘူး။"* ဟူ၍ဖြစ်ပါသည်။ မြန်မာစစ်တပ်၏တိုက်ခိုက်မှုမှ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့်အရာများအပေါ် ပြန်လည်အစားထိုးရရှိနိုင်ခြင်းမရှိသောကြောင့် ရွာသားအများအပြားအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာပြန်လည်ကုစားမှုသည် ၎င်းတို့၏အသက်မွေးဝမ်းကြောင်းပြုရေးအတွက် မရှိမဖြစ်အလွန်ရေးကြီးပါသည်။ ခလယ်လွီထူခရိုင်မှ စစ်ဘေးရှောင်သည့် ဒေါ်အရ--- အမည်ရှိအခြားအမျိုးသမီးမှလည်း သူမ၏ရှုထောင့်အရ တရားမျှတမှုရရှိခြင်းသည် ရုပ်ဝတ္ထုပိုင်းဆိုင်ရာပြန်လည်ကုစားမှုများ ပါဝင်သည်သာမက ထိုထက်ပို၍နက်ရှိုင်းကြောင်း ဝေမျှပြောဆိုပါသည်။ သူမမှ *"ဟုတ်ပါတယ်။ ကျွန်မဆုံးရှုံးခဲ့တဲ့အရာတွေကို ပြန်ရချင်တယ်။ ဒါပေမယ့် ကျွန်မနားလည်တဲ့တရားမျှတမှုဆိုတာကတော့ ကျွန်မတို့ခံစားရသလိုမျိုး သူတို့ကိုလည်း (မြန်မာစစ်တပ်) ခံစားစေချင်တယ်။"* ဟုဆိုပါသည်။

အခြားအမျိုးသမီးများအတွက်မှာမူ ၎င်းတို့ထင်မြင်သည့် ပြန်လည်ကုစားမှုဆိုသည်မှာ တရားမျှတမှုယန္တရား တစ်ခုထက်ပို၍ ကျယ်ပြန့်ပြီး လွတ်လပ်စွာသွားလာခွင့်နှင့် နေရပ်သို့ပြန်လည်နေထိုင်နိုင်ခွင့်အပြင် ၎င်း တို့၏အခွင့်အရေးများ ပြန်လည်ရရှိရေးလည်း ပါဝင်ပါသည်။ တောအူးခရိုင်တွင် စစ်ဘေးရှောင်နေသည့် နော်မ--- မှ အတည်ပြုပြောကြားသည်မှာ *"ကျွန်မအနေနဲ့ လူတွေကို သူတို့မှာ အခွင့်အရေးတွေရှိတယ်။ သူတို့ကိုယ် သူတို့ ဖော်ထုတ်ပြသပိုင်ခွင့်နဲ့ ထုတ်ဖော်ပြောဆိုပိုင်ခွင့်ရှိတယ် ဆိုတာကို သိစေချင်တယ်။"* ဟူ၍ဖြစ်ပါသည်။ ထိုစဥ် မူ တြော်ခရိုင်မှ စစ်ဘေးရှောင်သည့် နော်ဒ--- မှလည်းရှင်းပြသည်မှာ *"အနာဂတ်မှာ တရားမျှတမှုရဲ့ပုံစံက ဘယ်လို ရှိမလဲဆိုတာကို ကြိုတင်ခန့်မှန်းနိုင်မလားတော့ ကျွန်မမသိဘူး။ ဒီအချက်နဲ့ပတ်သက်ပြီး တရားမျှတမှုရေးရာမှာ လုပ်ဆောင်နေတဲ့သူတွေက လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကျူးလွန်တဲ့သူတွေအပေါ် ဖိအားပေးဆောင်ရွက် ဖို့ မျှော်လင့်ပါတယ်။ ဒါမှလည်း ကျွန်မတို့ရဲ့ဘဝကို ပြန်လည်ထူထောင်နိုင်မှာဖြစ်ပြီးတော့ ကျွန်မတို့ရဲ့အခက်အခဲ နဲ့ မလျှော်ကန်တဲ့လုပ်ရပ်တွေကနေ လွတ်မြောက်နိုင်မှာဖြစ်တယ်။ ဒါက ကျွန်မတို့ရဲ့မျှော်လင့်ချက်ပါပဲ။ ကျွန်မ တို့ရဲ့မိသားစုဘဝပြန်လည်တည်ဆောက်ဖို့အတွက် မျှတတဲ့အခွင့်အလမ်းနဲ့ တန်းတူညီမျှမှုရှိတဲ့ အခွင့်အရေးစ တာတွေ အများကြီးပါဝင်တယ်လို့ ကျွန်မခံစားရပါတယ်။ အိမ်တစ်လုံးကို ပြန်လည်တည်ဆောက်ဖို့လိုအပ်တဲ့ အရာတွေအများကြီးရှိတယ်ဆိုတာကိုလည်း ကျွန်မသိတယ်လေ။"* ဟူ၍ဖြစ်ပါသည်။

KHRG အင်တာဗျူးခဲ့သည့်အမျိုးသမီးအများအပြားသည် တရားမျှတမှုဆိုသည်မှာ ပဋိပက္ခအလွန်အစိုးရ တစ်ရပ်မှ ၎င်းတို့၏ရပ်ဝတ္ထုပိုင်းဆိုင်ရာရပိုင်ခွင့်နှင့် အခွင့်အရေးများပြန်လည်ဖြည့်ဆည်းပေးခြင်းထက် ပိုမို ကျယ်ပြန့်ပါသည်။ ထိုမျှမကတရားမျှတမှုအား ပြန်လည်ဖော်ဆောင်ရာတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင် အုပ်ချုပ်ပိုင်ခွင့်များသည် အဓိကကျသည့်အစိတ်အပိုင်းဖြစ်ပြီး ထိုအရာများသည် ကရင်လူမျိုးများ၏သမိုင်းဝင် တော်လှန်ရေး၏ပန်းတိုင်ဖြစ်သည်။ မိမိ၏နေရပ်သို့ပြန်လည်နေထိုင်လိုသည့် ဘုံသဘောထားဆန္ဒအား ထပ်လောင်းပြောဆိုရင်း ဆယ်စုနှစ်များစွာရှိသည့်ဖိနှိပ်အုပ်ချုပ်မှုများကြောင့် ဖြစ်ပေါ်လာသောရှုပ်ထွေးသည့် အခြေအနေအားဆွေးနွေးသည့်အခါ ဒူးပလာယာခရိုင်တွင် စစ်ဘေးရှောင်သည့် နော်ဂ--- မှ ပြောကြားသည်မှာ *"ဒီအခြေအနေကို အမြန်ဆုံးပြီးဆုံးချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မအိမ်ပြန်ချင်ပြီး။ ကျွန်မလွတ်လပ်ရေး ရှိတဲ့တိုင်းပြည်လိုချင်တယ်။ ပယော်တွေ [မြန်မာစစ်တပ်] ရှုံးနိမ့်အချိန်ကြမှဘဲ ကျွန်မတို့အိမ်ပြန်နေထိုင်လို့ရ မယ်။ ကရင်ပြည်နယ်ကို ကရင်လူမျိုးကဘဲအုပ်ချုပ်တာမြင်ချင်တယ်။ ကျွန်မတို့ကို ပယော်တွေ [မြန်မာစစ်တပ်] အုပ်ချုပ်တာကိုမလိုချင်ဘူး။ ဒီလိုအတွေ့အကြုံတွေကြောင့် ဝါးခီး [မြန်မာစစ်တပ်] ကို ကျွန်မတို့ရဲ့ခေါင်းဆောင် တွေက အောင်နိုင်ပါစေ။ အဲ့ဒီလိုအောင်နိုင်မှဘဲ ကျွန်မတို့လည်း နေရပ်ပြန်နေလို့ရမှာဖြစ်ပြီး ကရင်လူမျိုးတွေ လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိလာမှာဖြစ်တယ်။ ဝါးခီး [မြန်မာစစ်တပ်] တွေရဲ့ဖိနှိပ်အုပ်ချုပ်မှုကို ကျွန်မတို့စိတ်ကုန် လှပြီး။"* ဟူ၍ဖြစ်ပါသည်။ ကရင်လူမျိုးများကို အချိန်ကာလကြာမြင့်စွာ ဖိနှိပ်အုပ်ချုပ်သည့်အုပ်ချုပ်ရေးအဖွဲ့ အစည်းတစ်ခု၏လက်အောက်တွင်ရှိနေခြင်းအား အချို့သောရွာသားများအတွက် မူလနေရပ်ဌာနေသည် မည် သည့်အခါမျှ စစ်မှန်သည့်အိမ်ဖြစ်လာနိုင်မည်မဟုတ်ပေ။ တရားမျှတမှုရရှိနိုင်မည့်တစ်ခုတည်းသောနည်းလမ်း မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိခြင်းသာ ဖြစ်ပါသည်။

စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးသည် တရားမျှတမှုရရှိရေးဆိုင်ရာအတွက် မရှိမဖြစ်အရေးပါသည့်အယူအဆ တစ်ခုဖြစ်နေသည်ကို အခြားသောအင်တာဗျူးဖြေဆိုမှုများတွင်လည်း ထင်ဟပ်ပေါ်လွင်နေပါသည်။ *"ကျွန်မ အနေနဲ့ အစိုးရကို တရားမျှတမှုနဲ့ စည်းလုံးညီညွတ်မှုအတွက်လုပ်ဆောင်စေချင်တယ်။ ဒီလိုအုပ်ချုပ်မှုမျိုးလုံးဝမ လိုချင်တော့ဘူး။ ဒီလို ပြည်တွင်းစစ်အရှိန်မြင့်တက်လာမှုနဲ့ တရားမဝင်အစိုးရရှိနေတာဟာ ဒီလိုအချိန်မှာ ကျွန်မ တို့အတွက် တရားမျှတမှုရရှိဖို့ မျှော်လင့်ချက်မရှိတော့ဘူး။ တရားမျှတမှုအတွက် တရားရုံးတွေနဲ့ ခေါင်းဆောင် တွေဟာ မှန်ကန်တဲ့ဆုံးဖြတ်ချက်ချမှတ်ပေးစေချင်ပါတယ်။ အရပ်သားပြည်သူတွေကနေပြီး ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားပြီးတော့ ပြည်သူတွေရဲ့ဆန္ဒသဘောထားအတိုင်း လိုက်နာဆောင်ရွက်မယ့်*

*ခေါင်းဆောင်တွေကိုဘဲ ကျွန်မတို့လိုချင်ပါတယ်။"* ဟု နော်ဖ--- မှ ဆိုပါသည်။ အမျိုးသမီးများသည် ဆယ်စုနှစ်များစွာကြာရှည်သည့် စစ်အာဏာရှင်၏ဖိနှိပ်အုပ်ချုပ်မှုစနစ်ကိုကြုံတွေ့ရပြီးနောက်ပိုင်း အရပ်သားပြည်သူများကိုပစ်မှတ်ထားအန္တရာယ်ပြုမည့်အစား ၎င်းတို့အတွက် တက်ကြွစွာလုပ်ဆောင်ပေးသည့်အစိုးရတစ်ရပ်ပေါ်ထွက်လာစေမည့် လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲများကို လိုလားတောင့်တနေကြပါသည်။

## အမျိုးသမီးများအတွက် တန်းတူညီမျှသည့်အခွင့်အလမ်းများ- ပညာရေးနှင့် ခေါင်းဆောင်မှု

အမျိုးသမီးအချို့မှလည်း ကရင်လူမှုအသိုက်အဝန်းအတွင်း အမျိုးသမီးများအတွက် ခေါင်းဆောင်မှုအခွင့်အလမ်းများ ပိုမိုရရှိလာသည်ကို မြင်တွေ့လိုကြောင်း ဆိုပါသည်။ အင်တာဗျူးမေးမြန်းမှုများအရ လတ်တလောခုနှစ်များအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အမျိုးသမီးများ၏အခွင့်အရေးနှင့် ကျားမတန်းတူညီမျှမှုများ တိုးတက်ကောင်းမွန်လာသော်လည်း အထူးသဖြင့် နေရပ်စွန့်ခွာနေရသည့်အမျိုးသမီးများအတွက် စိန်ခေါ်မှုများရှိဆဲဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးလေးပုံတစ်ပုံက ခွဲခြားဆက်ဆံမှုများ ကြုံတွေ့နေရသေးကြောင်းနှင့် အဆိုပါခွဲခြားဆက်ဆံမှုအား ကြုံတွေ့နေရသည့်သူများမှာ အသက် ၃၆ နှစ်အထက် အမျိုးသမီးများဖြစ်ကြောင်း ဆိုပါသည်။

တရားမျှတမှုရှိသည့် အနာဂတ်တစ်ခု ရှိလာစေရန်အတွက် အမျိုးသမီးများမှ ၎င်းတို့အတွက်နှင့် အခြားအမျိုးသမီးများအတွက် တန်းညီမျှမှုရှိသည့်အခွင့်အရေးနှင့် အခွင့်အလမ်းများကိုလိုလားကြောင်း အလေးပေးပြောကြားခဲ့ပြီး ယင်းတို့တွင် ပညာရေးနှင့်သင်တန်းများကဲ့သို့သော မိမိကိုယ်ကိုဖွံ့ဖြိုးတိုးတက်စေသည့်နည်းလမ်းများလည်း ပါဝင်ပါသည်။ နော်ဒ--- မှ ရှင်းပြသည်မှာ *"ကျွန်မတို့ အမျိုးသားတွေနဲ့ တန်းတူညီမျှမှုရှိဖို့ ခေါင်းဆောင်တွေကို အမျိုးသမီးများအတွက် ထည့်သွင်းစဉ်းစားဖို့ ပြောချင်ပါတယ်။ ကျွန်မဆိုလိုချင်တာကတော့ ကျွန်မတို့ရင်ဆိုင်နေရတဲ့ အခက်အခဲစိန်ခေါ်မှုတွေအများကြီးရှိနေတဲ့အတွက် ခေါင်းဆောင်တွေ၊ တာဝန်ရှိတဲ့သူတွေအနေနဲ့ ကျွန်မတို့ အမျိုးသမီးတွေအပေါ် စာနာနားလည်ပေးစေချင်ပါတယ်။ အဲ့ဒါမှပဲ အနာဂတ်မှာ အခုလိုမျိုးအခက်အခဲစိန်ခေါ်မှုတွေမရင်ဆိုင်ရတော့မှာ ဖြစ်တယ်။ ဒါကတော့ ကျွန်မတို့အလိုအပ်ဆုံးအရာဘဲ။"* ဟူ၍ဖြစ်ပါသည်။ နော်မ--- မှလည်း ထပ်ဆင့်ပြောကြားသည်မှာ *"ကျွန်မကတော့ အမျိုးသမီးတွေအတွက် အခွင့်အရေးလိုချင်ပါတယ်။ ကျေးရွာအဆင့်မှာဆိုလို့ရှိရင် တချို့က အမျိုးသမီးတွေရဲ့ပညာသင်ယူခွင့်ကို ကန့်ကွက်ဆန့်ကျင်ကြတယ်။ အမျိုးသမီးတွေအတွက် ပညာသင်ယူခွင့်အပြည့်အဝရှိတာကျွန်မမြင်တွေ့လိုပါတယ်။ ကျောင်းပြီးရင်တောင်မှ သူတို့ဆက်လက်ပညာသင်ကြားနိုင်ရမယ်။ ဆယ်တန်းပြီးတာနဲ့အိမ်ထောင်ကျတာမျိုး၊ မိဘတွေကိုပြန်လုပ်ကျွေးနေရတာမျိုးမဖြစ်စေချင်ဘူး။"* ဟူ၍ဖြစ်ပါသည်။ ပဋိပက္ခနှင့် နေရပ်စွန့်ခွာရမှုများကြောင့် ပညာရေးရပ်တန့်ခဲ့ရသည့် အမျိုးသမီးများအနေဖြင့် တက္ကသိုလ်ပြန်လည်တက်ရောက်လိုသည့်ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားကြပါသည်။ အချို့က ဤသည်မှာ မြန်မာနိုင်ငံအတွင်း ဆက်လက်ပညာသင်ကြားလိုကြောင်းဆိုလိုသော်လည်း ဒူးပလာယာခရိုင်တွင် စစ်ဘေးရှောင်နေသည့် အသက် ၂၃ နှစ်အရွယ်ရှိ ကျောင်းသူဖြစ်သည့် နော်ပဘ--- ကဲ့သို့သော အခြားသူများအတွက်မှာမူ မတူညီသောအနာဂတ်တစ်ခုသို့ထွက်ခွာလိုကြောင်း ဆိုလိုကြပြန်သည်။ ပဋိပက္ခကြောင့် ရန်ကုန်တွင် တက္ကသိုလ်ကျောင်းထွက်လိုက်ရသည့် နော်ပဘ--- ရှင်းပြသည်မှာ *"သမီးရဲ့ပန်းတိုင်ကတော့ ပညာသင်ကြားဖို့ပဲလေ။ သမီးမှာ အိပ်မက်အကြီးကြီးရှိတယ်။ တခြားနိုင်ငံမှာဆက်လက်ပညာသင်ယူချင်တယ်။ ပြီးတော့ တခြားနိုင်ငံမှာအလုပ်လုပ်ချင်တယ်။"* ဟူ၍ဖြစ်ပါသည်။

ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် တန်းတူညီမျှစွာအသိအမှတ်ပြုခံရစေလိုကြောင်းလည်း အမျိုးသမီးများက ဆိုပါသည်။ တောအူးခရိုင်တွင် စစ်ဘေးရှောင်သည့် နော်စ--- မှ KHRG အားပြောခဲ့သည်မှာ *"လူတွေကို တချို့ အမျိုးသမီးခေါင်းဆောင်တွေက ကောင်းကောင်းလုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိနေတယ်ဆိုတာကို သတိပြုစေ*

*ချင်ပါတယ်။ အဲ့လိုအမျိုးသမီးတွေအတွက် ခေါင်းဆောင်မှုအခန်းကဏ္ဍမှာထည့်သွင်းစဥ်းစားပေးစေချင်ပါတယ်။”* ဟူ၍ဖြစ်ပါသည်။

## နိုင်ငံတကာ၏အာရုံစိုက်မှုနှင့် တာဝန်ခံမှုရှိခြင်း

မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏အာရုံစိုက်မှု အားနည်းခြင်းကို သတိပြုမိသည့်အမျိုးသမီးများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အခြေအနေများအား နိုင်ငံတကာမှ ပါဝင်ပတ်သက်သူများအနေဖြင့် ထိရောက်မှုရှိပြီး အဓိပ္ပါယ်ရှိသောနည်းလမ်းဖြင့် အသိအမှတ်ပြုကာ အာရုံစိုက်ပေးကြပါရန် မကြာခဏတောင်းဆိုလေ့ရှိကြသည်။ ထို့အပြင် ၎င်းတို့က လက်ရှိဖြစ်ပွားနေသောပဋိပက္ခများနှင့် မြန်မာစစ်အာဏာရှင်မှ ဆက်လက်လုပ်ဆောင်နေသည့်တိုက်ခိုက်မှုများအပေါ် တာဝန်ယူမှုတာဝန်ခံမှုကင်းမဲ့နေခြင်းများအပြင် မြန်မာစစ်အာဏာရှင်ထံသို့ လက်နက်ခဲယမ်းမီးကျောက်များထောက်ပံ့ပေးနေသည့် နိုင်ငံတကာအင်အားစုများ၏အခန်းကဏ္ဍတို့အပေါ်တွင်လည်း အလွန်အမင်းစိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ဤအချက်များကြောင့် အမျိုးသမီးအချို့မှ နိုင်ငံတကာ၏အာရုံစိုက်မှုနှင့်တာဝန်ခံမှုအား တောင်းဆိုနေရခြင်းဖြစ်ပါသည်။ နိုင်ငံတကာ၏အခန်းကဏ္ဍနှင့်စပ်လျဥ်း၍ပြောဆိုရာတွင် ခလယ်လှိုထူခရိုင်တွင် စစ်ဘေးရှောင်နေသည့် နော်အပ---က *“နိုင်ငံတကာအသိုင်းအဝိုင်းကမျက်စိဖွင့်နားဖွင့်ပြီး သတိပြုသင့်တယ်။ ကျွန်မတို့မြန်မာနိုင်ငံသားတွေက နေရပ်စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်နေရတယ်။ ကျွန်မတို့လိုအပ်တဲ့အရာတွေကို သူတို့သိပါစေ။ ကျွန်မတို့ ပြည်သူလူထုအပေါ်ကို စာနာနားလည်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ [မြန်မာစစ်အာဏာရှင် ] ကို စစ်ဘက်ဆိုင်ရာနဲ့ လက်နက်ခဲယမ်းထောက်ပံ့မှုတွေမလုပ်ဖို့ ဆုတောင်းပါတယ်။ ဒါ့အပြင် ကျွန်မတို့အတွက် ပံ့ပိုးကူညီမှုတွေပေးပြီး အမှန်တရားဘက်ကရပ်တည်ဖို့ တောင်းဆိုချင်ပါတယ်။”* ဟုဆိုပါသည်။

အမျိုးသမီးအချို့မှာမူ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာစစ်အာဏာရှင်၏ရာဇဝတ်မှုများအပေါ် တာဝန်ယူမှုတာဝန်ခံမှုရှိရန်နှင့် အရေးယူဆောင်ရွက်မှုပြုရန် နောက်ထပ်တာဝန်ဝတ္တရားများရှိကြောင်း ရှုမြင်ကြပါသည်။ ဘိတ်-ထားဝယ်တွင် စစ်ဘေးရှောင်နေသည့် ဒေါ်ဟ--- က သူမ၏အမြင်နှင့်ပတ်သက်ပြီး ပြောကြားသည်မှာ *“ကျွန်မပြေးနေရတဲ့အပေါ်မှာတော့ ဝမ်းနည်းတယ်။ အိမ်မှာဆိုရင် ကျွန်မနေချင်သလိုနေလို့ရတယ်လေ။ ကျွန်မ အိမ်ပြန်ချင်တယ်။ ဒါပေမယ့် တိုက်ပွဲတွေမပြီးဆုံးရင်တော့ ကျွန်မအိမ်ပြန်မှာမဟုတ်ဘူး။ တစ်နိုင်ငံလုံး ဒီစစ်အာဏာရှင်စနစ်အောက်ကနေ လွတ်မြောက်စေချင်တယ်။ အနာဂတ်မှာ ဒီစစ်အာဏာရှင်စနစ်ကို ပြောင်းလဲပစ်ဖို့နဲ့ စစ်အာဏာရှင် အုပ်ချုပ်မှုအောက်ကနေ လွတ်မြောက်ဖို့ ပြည်သူတွေရဲ့ စည်းလုံးညီညွတ်မှုကို မြင်တွေ့လိုပါတယ်။ ဒီစစ်အာဏာရှင်စနစ်ကနေ လွတ်မြောက်ဖို့လည်း နိုင်ငံတကာအသိုင်းအဝိုင်းက ကျွန်မတို့ကို ကူညီပေးစေချင်ပါတယ်။ ပြစ်မှုကျူးလွန်သူတွေကို ဖမ်းဆီးအရေးယူပေးဖို့ သူတို့ [နိုင်ငံတကာအသိုင်းအဝိုင်း] ကို အကူအညီတောင်းဆိုချင်ပါတယ်။ ကျွန်မတို့ တွေ့ကြုံခံစားခဲ့ရတဲ့အပေါ်မှာ သူတို့လည်း [ပြစ်မှုကျူးလွန်သူ] ထပ်တူခံစားကြည့်စေချင်ပါတယ်။”* ဟူ၍ဖြစ်ပါသည်။

# နိဂုံး

၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်များအတွင်း မှတ်တမ်းပြုစုခဲ့သည့်ကာလတစ်လျှောက်လုံးတွင် မြန်မာစစ်တပ်မှ တိုးမြင့်လုပ်ဆောင်လာသည့်တိုက်ခိုက်မှုများကြောင့် ကရင်ပြည်နယ်တစ်ဝန်း နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလာခဲ့ပြီး ပဋိပက္ခခံနေရသည့်အမျိုးသမီးများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုဆိုးရွားလာစေပါသည်။ ရမ်းသမ်းတိုက်ခိုက်မှု သို့မဟုတ် တမင်ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုများကြောင့်ဖြစ်ပေါ်လာသည့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှုများသည် အမျိုးသမီးများအား အန္တရာယ်ရှိသောပတ်ဝန်းကျင်တစ်ခုမှ အခြားနေရာတစ်ခုသို့ မည်သို့နေရပ်စွန့်ခွာတိမ်းရှောင်နေထိုင်ရမှုများဖြစ်ပေါ်စေကြောင်းနှင့် ထိုသို့ဖြစ်ပေါ်ခြင်းအပေါ် စိန်ခေါ်မှုအသစ်များကြုံတွေ့ရခြင်းနှင့် ပိုမိုကြီးမားသောစိန်ခေါ်မှုများမည်သို့ဆင့်ကဲဖြစ်ပွားခဲ့ပြီး အမျိုးသမီးများ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသည့်အပေါ် မည်သို့နားလည်သဘောပေါက်လာကြောင်းကို ဤအစီရင်ခံစာမှဖော်ပြထားပါသည်။ အတိအကျဆိုရသော် ဤအစီရင်ခံစာသည် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်မှုအပြင် ၎င်း၏နောက်ဆက်တွဲဖြစ်ပေါ်လာသော ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးနှင့် ဘေးအန္တရာယ်များ၊ အသက်မွေးဝမ်းကြောင်းပြုမှုဆိုင်ရာစိန်ခေါ်မှုများနှင့် ယင်းနှင့်ဆက်စပ်နေသည့် အခြေခံလိုအပ်ချက်များအား လက်လှမ်းမီနိုင်စွမ်းအပေါ် အခက်အခဲများ၊ ကျန်းမာရေးနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုအပေါ်သက်ရောက်နေသည့် နောက်ဆက်တွဲဆိုးကျိုးများ၊ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသည့် အမျိုးသမီးများ၏ လူမှုစိတ်ကျန်းမာရေးသာယာဝပြောမှုအပေါ် နက်ရှိုင်းစွာဖြစ်ပေါ်လာသည့်ထိခိုက်မှုများစသည်တို့အား လေ့လာဆန်းစစ်ထားပါသည်။ မြန်မာစစ်တပ်မှ တမင်ဖန်တီးထားသည့်အကျပ်အတည်းကိုဖြစ်ပေါ်စေသောတိုက်ခိုက်မှုများကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသော နေရပ်စွန့်ခွာရမှုများသည် နိုင်ငံတကာဥပဒေချိုးဖောက်ရာမြောက်ပြီး သက်ဆိုင်ရာပါဝင်ပတ်သက်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများ အရေးယူဆောင်ရွက်မှုများပြုရန် လိုအပ်နေပါသည်။

## နေရပ်စွန့်ခွာနေရခြင်း၏အကျိုးသက်ရောက်မှုများ

ထွက်ပြေးတိမ်းရှောင်နေသည့် အမျိုးသမီးအများအပြားအတွက်မူ အကြမ်းဖက်မှုနှင့်မလုံခြုံမှုများ လွတ်မြောက်ရန် ၎င်းတို့၏အိမ်မှထွက်ပြေးခြင်းသည် ဘေးကင်းလုံခြုံမှုအားရှာဖွေတွေ့ရှိသွားခြင်းမဟုတ်ဘဲ အဆိုပါဘေးအန္တရာယ်များက ၎င်းတို့နောက်အား လိုက်ပါလာခြင်းဖြစ်ပါသည်။ အဆိုပါနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူများသည် ရုပ်ပိုင်းဆိုင်ရာဘေးအန္တရာယ်များနှင့်ကြုံတွေ့နေဆဲဖြစ်ပြီး ၎င်းတို့၏နေ့စဥ်လှုပ်ရှားမှုနှင့်အခွင့်အရေးအပြည့်အဝခံစားရမှုများအပေါ် ကန့်သတ်ပိတ်ပင်မှုများနှင့် ရင်ဆိုင်နေရလျှက်ရှိနေပါသည်။ *"ကျွန်မတို့ အစိုးရိမ်ရဆုံးကတော့ မြန်မာစစ်တပ်ရဲ့လက်နက်ကြီးပစ်ခတ်မှုနဲ့ လေကြောင်းတိုက်ခိုက်မှုကို ကြောက်နေရတာဘဲဖြစ်တယ်။"* ဟု မူတြော်ခရိုင်မှ စစ်ဘေးရှောင်သည့် နော်ဒ--- က ဆိုပါသည်။ အင်တာဗျူးဖြေဆိုသူများက သွားလာလှုပ်ရှားမှုအပေါ် လက်နက်ကိုင်တပ်ဖွဲ့များမှ ကန့်သတ်ပိတ်ပင်မှုများပြုလုပ်နေကြောင်း ပြောကြားစဥ်တွင် အမျိုးသမီးများမှ ဘေးကင်းလုံခြုံစွာသွားလာနိုင်မှုအပေါ် ကန့်သတ်ပိတ်ပင်မှုဖြစ်စေသောအရာမှာ မြန်မာစစ်တပ်၏တိုက်ခိုက်မှုနှင့်ဆက်စပ်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် အဆိုပါအကြမ်းဖက်မှုများကြောင့်ဖြစ်ပေါ်လာသော ကြောက်ရွံ့မှုများဖြစ်ကြောင်းဆိုပါသည်။ ဤကဲ့သို့သွားလာလှုပ်ရှားမှုအပေါ် ကန့်သတ်ပိတ်ပင်ခံရခြင်းသည် နေ့စဥ်ဘဝရှင်သန်ရပ်တည်မှုအပေါ်သက်ရောက်မှုရှိစေပြီး မြန်မာစစ်တပ်၏လုပ်ရပ်များအား ကြောက်ရွံ့နေရသဖြင့် အရေးကြီးသည့်ကိစ္စရပ်များအတွက်ပင်လျှင် ခရီးသွားခြင်းများကိုရှောင်ကျဥ်ကြရကြောင်း အမျိုးသမီးများမှထုတ်ဖော်ပြောကြားလာပါသည်။ အလုပ်လုပ်နိုင်စွမ်းမရှိခြင်းနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများလုပ်ဆောင်နိုင်စွမ်းမရှိခြင်းသည် စားနပ်ရိက္ခာမလုံလောက်မှုများ၊ အခြေခံလိုအပ်ချက်များ

လက်လှမ်းမမီနိုင်ခြင်းအပြင် မိသားစုဝင်များနှင့် ကလေးသူငယ်များအား ပြုစုကျွေးမွေးရန်စိုးရိမ်ပူပန်ခြင်းများ ဖြစ်စေကြောင်း အင်တာဗျူးဖြေဆိုသူများက မကြာခဏဆက်စပ်ပြောဆိုလေ့ရှိသည်။ ဘိတ်-ထားဝယ်ခရိုင်တွင် စစ်ဘေးရှောင်သည့် မက--- က ရှင်းပြသည်မှာ *"နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရတဲ့အပေါ်မှာ အလုပ်အကိုင်လည်း မရှိတော့ ကျွန်မတို့သိပ်ခံစားရတာပေါ့။ ကျွန်မတို့ အလုပ်အကိုင်မရှိတဲ့အချိန်မှာ စိုးရိမ်ပူပန်မှုတွေပိုကြုံတွေ့နေရတယ်။ အဲ့ဒီအတွက် ကျွန်မတို့ပြန်စဥ်းစားဖို့လိုတယ်။ ဒါကတော့ ကျွန်မတို့ရဲ့နေ့စဥ်ဘဝအပေါ်မှာ ခံစားနေရတဲ့ အရာဘဲလေ။ နေ့တိုင်းသေနတ်ပစ်သံနဲ့ လေကြောင်းတိုက်ခိုက်သံတွေကြားနေရတယ်။ နောက်တစ်ခါထပ်ပြေးရမှာကိုလည်းစိုးရိမ်နေရတယ်။ နောက်တစ်ခါထပ်ပြေးရရင်တော့ ဘယ်ကိုပြေးရမှန်းလည်းမသိတော့ဘူး။ ကျွန်မတို့ အသက်မွေးဝမ်းကြောင်းအတွက်လည်း စဥ်းစားနေရသေးတယ်။ နေ့တိုင်း ကျွန်မတို့အစာစားရဖို့လိုအပ်တယ်။ နေ့တိုင်းအစာမစားရဘဲ ကျွန်မတို့မနေနိုင်ဘူးလေ။ ဒါကတော့ အသက်မွေးဝမ်းကြောင်းအတွက် စိုးရိမ်ပူပန်မှုတွေ ကြုံတွေ့နေရတဲ့သူတွေ စဥ်းစားရမယ့်အရာတွေဘဲလေ။"* ဟူ၍ဖြစ်ပါသည်။

တပြိုင်နက်တည်းမှာပင် ထွက်ပြေးတိမ်းရှောင်နေစဥ်အတွင်း ကျန်းမာရေးပြုစုစောင့်ရှောက်မှု လက်လှမ်းမီနိုင်ခွင့်အပေါ်စိုးရိမ်ပူပန်မှုများသည်ပိုမိုဆိုးရွားလာပြီး ပုံမှန်အားဖြင့် ကုသ၍ရသောကျန်းမာရေးအခြေအနေများသည်ပင်လျှင် အသက်အန္တရာယ်စိုးရိမ်ရသည်အထိ ဖြစ်လာပါသည်။ စားနပ်ရိက္ခာမလုံလောက်မှု၊ ကောင်းမွန်လုံခြုံသည့်နေရာထိုင်ခင်းမရှိမှုနှင့် ဆေးဝါးကုသမှုမရှိသည့်အခြေအနေမျိုးတွင် အထူးသဖြင့် ကိုယ်ဝန်သည်အမျိုးသမီးများနှင့် မီးဖွားပြီးခါစမိခင်များအတွက် ပို၍ပင်အန္တရာယ်ကြီးမားစေပါသည်။ နောက်ဆုံးနေဖြင့် နေရပ်စွန့်ခွာနေရခြင်းသည် လူမှုအသိုက်အဝန်းနှင့် ကွဲကွာမှုများဖြစ်စေပြီး ယဥ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာလူမှုဘဝတွင် ပါဝင်ဆင်နွှဲခွင့်မရှိတော့သောကြောင့် လူမှုအသိုက်အဝန်းများအကြား ကျယ်ပြန့်သောပူဆွေးသောကရောက်ရမှုများ ဖြစ်ပေါ်စေပါသည်။ ဒူးသထူခရိုင်မှ စစ်ဘေးရှောင်သည့် နော်အဗ--- မှ ပြန်လည်ပြောပြသည်မှာ *"ကျွန်မအိမ်နဲ့ရွာကိုသတိရတယ်။ ကျွန်မတို့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေထိုင်ခဲ့ဖူးတယ်။ ဘာသာရေးအခမ်းအနားပွဲတွေကိုလည်း ကျင်းပခွင့်ရှိခဲ့တယ်။ ကျွန်မတို့ရဲ့အိမ်ဆိုရင်လည်း ကလေးတွေရဲ့ပျော်ရွှင်သံနဲ့ ပြည့်နှက်ခဲ့ဖူးတယ်။ ကျွန်မရဲ့ရွာနဲ့အိမ်ကိုအရမ်းလွမ်းတယ်။ အခုကျွန်မတို့အိမ်လည်း လူသူမရှိပဲအထီးကျန်ဆိတ်သုဥ်းနေပြီ။ ကျွန်မအိမ်နဲ့ပတ်သက်တဲ့အရာရာတိုင်းကိုသတိရနေတယ်။"* ဟူ၍ဖြစ်ပါသည်။

အမျိုးသမီးများအနေဖြင့် ၎င်းတို့ကြုံတွေ့ရသည့်အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းကြသော်လည်း ထပ်ခါတလဲလဲလုပ်ဆောင်နေသောတိုက်ခိုက်မှုများ၊ ဆက်လက်တည်ရှိနေသော မလုံခြုံမှုများနှင့် သွားလာလှုပ်ရှားမှုအပေါ်ကန့်သတ်ပိတ်ပင်မှုများသည် ဘေးအန္တရာယ်ထိခိုက်မှုအားရှောင်လွှဲ၍မရနိုင်သည့် ပတ်ဝန်းကျင်အခြေအနေတစ်ရပ်ကိုဖန်တီးပေးစေပါသည်။ အမျိုးသမီးများအနေဖြင့် ရွှေ့ပြောင်းနေထိုင်သည်ဖြစ်စေ မရွှေ့ပြောင်းသည်ဖြစ်စေ အကြမ်းဖက်မှုများ၊ မလုံခြုံမှုများ၊ စားနပ်ရိက္ခာမလုံလောက်မှုများ၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအပေါ် အဟန့်အတားများနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများဆုံးရှုံးရခြင်းများနှင့် ဆက်လက်ရင်ဆိုင်ကြုံတွေ့နေကြောင်း အင်တာဗျူးဖြေဆိုသူအများအပြားကဆိုပါသည်။ တောအူးခရိုင်တွင်စစ်ဘေးရှောင်သည့် နော်စ--- က တင်ပြသည်မှာ *"တိုက်ပွဲအခြေအနေကြောင့် လမ်းတွေပိတ်ထားလို့ ကျွန်မတို့ စားချင်တဲ့အရာလည်း သွားရောက်ရယူလို့မရဘူး။ ဒါကြောင့် စားစရာရရှိဖို့ လေးငါးရက်လောက်စောင့်ခဲ့ရတယ်။ တစ်ခါတလေကြတော့လည်း ကျွန်မတို့ရဲ့ပစ္စည်းတွေပြန်ယူဖို့ ရွာကိုကြောက်ကြောက်နဲ့ဘဲပြန်ခဲ့ရတယ်။ ကျွန်မတို့စားစရာလည်းအလုံအလောက်မရှိဘူးလေ။ ဒါကြောင့် ကျွန်မတို့စားနေကြဆန်ပမာဏကိုလည်း လျှော့စားနေရတယ်။ ကျွန်မတို့ဆန်ကို ကြာကြာစားရဖို့အတွက် ချွေတာတဲ့အနေနဲ့ နည်းနည်းလေးဘဲ စားနေကြရတယ်။"* ဟူ၍ဖြစ်ပါသည်။

အမျိုးသမီးများသည် ၎င်းတို့ရင်ဆိုင်နေရသည့်အခြေနေဆိုးများ၊ နစ်နာဆုံးရှုံးမှုများနှင့် စိုးရိမ်ကြောက်ရွံ့မှုများရှိသည့်တိုင်အောင် အလွန်ထူးခြားပြောင်မြောက်သည့်ကြံ့ကြံ့ခံနိုင်စွမ်းကို ဆက်လက်ထုတ်ဖော်ပြသလျက်ရှိသည်။ ၎င်းတို့မှ တစ်ဦးနှင့်တစ်ဦးအပေါ်သတင်းအချက်အလက်များ၊ တုံ့ပြန်လုပ်ဆောင်သည့်နည်းဗျူဟာများ၊ ကန့်သတ်

မှုရှိလာသည့်အရင်းအမြစ်များအားဝေမျှကြပြီး ရှင်သန်ရပ်တည်နိုင်ရေးအတွက် အပြန်အလှန်အားပေးမှုများဖြင့် ၎င်းတို့၏ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းကို ထုတ်ဖော်ပြသလျှက်ရှိနေပါသည်။ သို့စေကာမူ ဤကဲ့သို့သောကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိသည့် နည်းလမ်းများပေါ် အမျိုးသမီးများသည် ဖိနှိပ်အုပ်ချုပ်မှုကင်းဝေးကာအခွင့်အရေးများအပြည့်အဝရှိပြီး ဂုဏ်သိက္ခာရှိသောလူမှုဘဝဖြင့်နေထိုင်ရသည်ဟု နားလည်သဘောပေါက်၍မရပါ။ ထိုအစား အမျိုးသမီးများသည် ဘေးအန္တရာယ်များပြည့်နှံ့နေသည့် ပတ်ဝန်းကျင်တွင်ရှင်သန်နေထိုင်နေရပြီး လုံလောက်သောကူညီထောက်ပံ့မှုများမရရှိခြင်း သို့မဟုတ် နိုင်ငံတကာအရေးယူဆောင်ရွက်ပေးမှုမရှိခြင်းဖြင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်ရေးတို့အားမျှော်ကိုးပြီး ရှင်သန်နေထိုင်နေရကြောင်း နားလည်ထားပေးရပါမည်။




ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် လက်ခံရရှိခဲ့ပါသည်။ ဤဓာတ်ပုံတွင် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် မြိတ်မြို့တွင်အခြေချသည့် မြန်မာစစ်တပ်၏ အမြောက်တပ် အမှတ် (၄၀၁) နှင့် ခြေလျင်တပ်ရင်း အမှတ် (၁၀၄)၊ အမှတ် (၂၈၅) နှင့် အမှတ် (၄၃၁) ပူးပေါင်းတပ်တို့အကြားတိုက်ပွဲဖြစ်ပွားသည့်အချိန်တွင် တနောသရီ (တနင်္သာရီ) မြို့နယ်ရှိတောထဲတစ်နေရာ၌ ထွက်ပြေးတိမ်းရှောင်နေရသော ဘိတ်-ထားဝယ်ခရိုင်၊ တနောသရီ မြို့နယ်၊ ကြိမ်ချောင်းကျေးရွာအုပ်စုရှိကျေးရွာသုံးရွာမှ အမျိုးသမီးများ၏ပုံကိုဖော်ပြထားပါသည်။ ထွက်ပြေးတိမ်းရှောင်သည့်နေရာတွင် ရွာသားများသည် စပါးကြိတ်နိုင်ခြင်းမရှိသဖြင့် အစားအစာပြတ်လပ်မှုများနှင့် ရင်ဆိုင်နေကြရပါသည်။ ဤကဲ့သို့ ဆက်လက်ဖြစ်ပွားနေသောပြင်းထန်သည့်တိုက်ပွဲများကြောင့်၎င်းတို့သည်အသက်မွေးဝမ်းကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုရယူရန်အတွက် ရုန်းကန်နေကြရပါသည်။ *(ဓာတ်ပုံ- KHRG)*

## ဥပဒေပိုင်းဆိုင်ရာသုံးသပ်တွေ့ရှိချက်များ

သက်သေထွက်ဆိုချက်များဖြင့်အခြေခံထားသည့် ဤအစီရင်ခံစာ၏ဖော်ပြချက်အရ ကရင်ပြည်နယ်အတွင်း စစ်ဘေးရှောင်နေရသည့် အမျိုးသမီးများ၏အခြေအနေအား နားလည်သဘောပေါက်ထားရမည်မှာ ၎င်းတို့ကြုံတွေ့နေရသည့်ထိခိုက်နစ်နာမှုများသည် သီးခြားဖြစ်ပေါ်နေခြင်းမဟုတ်ဘဲ တစ်ခုနှင့်တစ်ခု ဆင့်ကဲသက်ရောက်မှုများရှိနေသည်ကိုအသိအမှတ်ပြုရန်လိုအပ်ပါသည်။ အကြမ်းဖက်ချိုးဖောက်မှုများသည် နောက်ထပ်ဆိုးရွားသည့် ချိုးဖောက်မှုအခြေအနေများအား ဖန်တီးပေးစေပြီး ၎င်းတို့သည် စစ်ဘေးရှောင်နေရသည့်အမျိုးသမီးများအပေါ်စုပြုံပြီး ဆင့်ကဲသက်ရောက်မှုများဖြစ်ပေါ်စေပါသည်။ ဤအခန်းတွင် KHRG မှ မှတ်တမ်းပြုစုထားသည့် အမျိုးသမီးများ၏အတွေ့အကြုံအပေါ် ဖြစ်နိုင်ခြေရှိသည့် ဥပဒေပိုင်းဆိုင်ရာချိုးဖောက်မှုအားလုံးကို အသေးစိတ်ဖော်ပြရန် ရည်ရွယ်ထားခြင်းမရှိသော်လည်း အင်တာဗျူးများမှသက်သေထွက်ဆိုသည့် အဓိကကြုံတွေ့ရသည့် အတွေ့အကြုံများနှင့် အစဉ်အမြဲရှိနေသည့် စိုးရိမ်ပူပန်မှုများအား မီးမောင်းထိုးဖော်ပြနိုင်ရန်အတွက် ဥပဒေအကြောင်းအရ အဖြစ်များဆုံးနှင့် အရေးပါဆုံးဖြစ်ရပ်များကို အထူးအလေးပေးဖော်ပြထားပါသည်။ ဤချိုးဖောက်မှုပုံစံများသည် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ထားသည့်နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) အောက်ရှိ လိုက်နာကျင့်သုံးရမည့် တာဝန်ဝတ္တရားများနှင့်သက်ဆိုင်နေပါသည်။ ၎င်းတွင် ဂျီနီဗာသဘောတူညီမှုစာချုပ်၏အထွေထွေအပိုဒ်ခွဲ (၃) ၌ အကျုံးဝင်သော နိုင်ငံတကာအဆင့်မဟုတ်သည့် လက်နက်ကိုင်ပဋိပက္ခများ (NIAC) အပါအဝင်

မြန်မာနိုင်ငံမှအတည်ပြုလက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေ (IHRL)၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာပဋိညာဉ်စာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ် (CEDAW) အပြင် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေ (CIL) အရ အကာအကွယ်ပေးထားမှုများကိုလေးစားလိုက်နာရန် တာဝန်ရှိသည်။ ထို့အပြင် မြန်မာစစ်တပ်၏အကြမ်းဖက်လုပ်ရပ်များသည် နိုင်ငံတကာရာဇဝတ်မှုဥပဒေ (ICL) အောက်တွင်လည်း စိုးရိမ်ဖွယ်ရာဖြစ်စေပြီး စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်ပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများလည်း ချိုးဖောက်ရာရောက်ပါသည်။

တင်ပြချက်များအရ နေရပ်စွန့်ခွာနေရခြင်းသည် မြန်မာစစ်တပ်၏အကြမ်းဖက်လုပ်ရပ်များကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည်။ မြန်မာစစ်တပ်၏လုပ်ရပ်များဖြစ်သော လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်မှုနှင့် အခြားတိုက်ခိုက်မှုများကြောင့် သေကြေမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ အိုးအိမ်နှင့် ပြည်သူပိုင်ပစ္စည်းများ ထိခိုက်ပျက်စီးမှုများလည်းဖြစ်ပေါ်စေပြီး ထိုလုပ်ရပ်များသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေအောက်တွင် တားမြစ်ထားသည်။ ဤတိုက်ခိုက်မှုအများစုသည် ရမ်းသမ်းတိုက်ခိုက်မှု၊ အချိုးအစားညီမျှမှုမရှိသည့်တိုက်ခိုက်မှု၊ ပြည်သူလူထုနှင့် ပြည်သူပိုင်ပစ္စည်းများအား ပစ်မှတ်ထားသည့်တိုက်ခိုက်မှုများဖြစ်ကြပြီး ၎င်းသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေမှ လိုက်နာကျင့်သုံးရမည့် ခွဲခြားမှုဆိုင်ရာအခြေခံမူ၊ အချိုးအစားမျှတမှုဆိုင်ရာအခြေခံမူနှင့် ကြိုတင်အသိပေးကာကွယ်မှုဆိုင်ရာအခြေခံမူများအား ချိုးဖောက်နေသည့်တိုက်ခိုက်မှုများဖြစ်ပါသည်။[68] ဤလုပ်ရပ်များသည် မလုံခြုံမှုများကိုဖြစ်ပေါ်စေပြီး မကြာခဏဆိုသလို ပြည်သူများအား ဘေးကင်းလုံခြုံမှုရှာဖွေရန် နေအိမ်မှထွက်ပြေးတိမ်းရှောင်စေပါသည်။ ထွက်ပြေးတိမ်းရှောင်နေစဉ်တွင်လည်း အခြေခံလိုအပ်ချက်များ လက်လှမ်းမမီနိုင်မှုနှင့် ဒုက္ခမျိုးစုံကိုလည်းကြုံတွေ့နေရပါသည်။ နေရပ်စွန့်ခွာနေရခြင်းသည် အမျိုးသမီးများ၏စားနပ်ရိက္ခာ၊ ခိုလှုံရာနေရာထိုင်ခင်းများနှင့် အခြားအခြေခံလိုအပ်ချက်ရရှိပိုင်ခွင့်အခွင့်အရေးများအပေါ် သိသာထင်ရှားသည့်ဟန့်တားပိတ်ပင်မှုများလည်း ရှိနေပါသည်။[69]

နေရပ်စွန့်ခွာနေရခြင်းသည် အမျိုးသမီးများ၏အသက်မွေးဝမ်းကြောင်းပြုမှုအပေါ် လက်လှမ်းမီနိုင်ခွင့်ဆုံးရှုံးခြင်းအပြင် ဝင်ငွေရရှိမည့်လုပ်ငန်းများအပေါ် အခွင့်အရေးများဆုံးရှုံးစေပါသည်။ အချို့သောဖြစ်စဉ်များတွင် အမျိုးသမီးများသည် ကျားမရေးရာ ခွဲခြားဆက်ဆံမှုများ[70] နှင့်လည်းကြုံတွေ့နေရပြီး ခြုံငုံအားဖြင့်ဆိုရသော် ၎င်းတို့၏အလုပ်လုပ်ပိုင်ခွင့်အခွင့်အရေးများအပေါ် ဟန့်တားပိတ်ပင်မှုများဖြစ်စေပါသည်။[71] နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေ (IHRL) အောက်တွင် အသိအမှတ်ပြုထားသည့်အတိုင်း ကျေးလက်နေအမျိုးသမီးများသည် ၎င်းတို့၏မိသားစုရှင်သန်ရပ်တည်ရေးအတွက် စီးပွားရှာဖွေရေးတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေပါသည်။[72] ကရင်ပြည်နယ်အတွင်းရှိ လူဦးရေအများစုသည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး အင်တာဗျူးဖြေဆိုသူအများစုမှာ နေရပ်စွန့်ခွာနေရခြင်းမပြုခင်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသူများ ဖြစ်ကြပါသည်။ အမျိုးသမီးများ၏အသက်မွေးဝမ်းကြောင်းပြုမှု လက်လှမ်းမီနိုင်ခွင့်အပေါ် တားဆီးပိတ်ပင်မှုများရှိနေခြင်းသည် တစ်ဦးချင်းစီ၏ဝင်ငွေရရှိမှုအား ထိခိုက်မှုရှိစေသည်သာမက မိသားစုတစ်ခုလုံး၏ရှင်သန်ရပ်တည်မှုနှင့် အခြေခံလိုအပ်ချက်များရရှိနိုင်စွမ်းအပေါ် သက်ရောက်မှုများရှိစေပါသည်။ ကရင်ပြည်နယ်အတွင်းရှိစစ်ဘေးရှောင်နေရသည့် အမျိုးသမီးအများစုမှ အလုပ်လုပ်ကိုင်ခွင့် အခွင့်အလမ်းမရှိခြင်း

[68] Customary IHL Study, Rules 1, 7, 11, 14, 15 တွင် ကြည့်ပါ။

[69] ICESCR, Art. 11 တွင် ကြည့်ပါ။

[70] CEDAW, Art. 11 တွင် ကြည့်ပါ။

[71] ICESCR, Art. 6 တွင် ကြည့်ပါ။

[72] CEDAW, Art. 14 တွင် ကြည့်ပါ။

သည် မြန်မာနိုင်ငံ၏တာဝန်ဝတ္တရားဖြစ်သော လူအခွင့်အရေးများကိုလေးစားလိုက်နာပြီး ကာကွယ်ဖြည့်ဆည်းပေးခြင်းများကို ချိုးဖောက်ချင်းသက်သက်မဟုတ်ပေ။ ၎င်းအပြင် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (IHL) နှင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေ (IHRL) များအရ တားမြစ်ထားသည့် မြန်မာစစ်တပ်၏တိုက်ခိုက်မှုများ၊ လုံခြုံမှုမရှိခြင်းများနှင့် အခြားသောအဓမ္မဖိအားပေးသည့်လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာရသည့် ပိုမိုကျယ်ပြန့်သော ဆင့်ကဲသက်ရောက်မှုများ၏အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း နားလည်သဘောပေါက်ထားရမည်ဖြစ်ပါသည်။ မြန်မာစစ်တပ်၏လုပ်ရပ်များကြောင့် အမျိုးသမီးများအနေဖြင့် လယ်ယာစိုက်ပျိုးမြေများ၊ ကူးသန်းရောင်းဝယ်မှုနှင့် အခြားသောအသက်မွေးဝမ်းကြောင်းဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်သည့်နေရာများထံသို့ ဘေးကင်းလုံခြုံစွာ သွားရောက်နိုင်စွမ်းအပေါ်ထိခိုက်စေပြီး ၎င်းတို့၏အလုပ်လုပ်ကိုင်ခွင့်အခွင့်အလမ်းများအပေါ် ဟန့်တားနှောက်ယှက်မှုများဖြစ်စေသည်သာမက လုံလောက်သောစားနပ်ရိက္ခာရရှိခွင့်အပါအဝင် လုံလောက်သောလူနေမှုအဆင့်အတန်းရရှိပိုင်ခွင့်များကိုပါ ချိုးဖောက်ရာမြောက်စေပါသည်။ [73]

ထို့အပြင် နေရပ်စွန့်ခွာနေရခြင်းသည် ရွာသားများအား မတူညီသည့် စစ်ဘေးရှောင်စခန်းများဆီသို့ တကွဲတပြားစီနေထိုင်စေပြီး ယဉ်ကျေးမှုဓလေ့ထုံးတမ်းကွဲပြားသည့်နေရာဒေသများတွင် ရွှေ့ပြောင်းအခြေချနေထိုင်ရသည့်အပေါ် မကြာခဏဆိုသလို လူမှုအသိုက်အဝန်းများပြိုကွဲပျက်စီးခြင်းကို ဖြစ်ပေါ်စေပါသည်။ ယဉ်ကျေးမှုဆိုင်ရာလူနေမှုဘဝသည် လူမှုအသိုက်အဝန်းအပေါ် အလွန်အမင်းအမှီသဟဲပြုနေပြီး လူထုအကြားဆက်ဆံရေးများ၊ အတူတကွမျှဝေကျင့်သုံးသည့် ဓလေ့ထုံးတမ်းများနှင့် ဘိုးဘွားပိုင်မြေများအပေါ် နီးကပ်စွာပတ်သက်ဆက်နွယ်နေပါသည်။[74] ဤအခြေအနေမျိုးတွင် နေရပ်စွန့်ခွာနေရခြင်းကြောင့် လူမှုအဖွဲ့အစည်းများနှင့် လူထုအတွင်းဆက်ဆံရေးများ ပျက်ပြားသွားရခြင်းသည် ယဉ်ကျေးမှုဆိုင်ရာလူနေမှုဘဝအားပါဝင်ဆင်နွှဲခွင့်ကို သိသိသာသာထိခိုက်နှောင့်ယှက်စေသည်။ အင်တာဗျူးဖြေဆိုသူများကလည်း ဤကဲ့သို့ပျက်ပြားရခြင်းသည် ၎င်းတို့အတွက် ကြီးမားလှသောဝမ်းနည်းပူဆွေးမှု၏ အရင်းအမြစ်တစ်ခုဖြစ်ကြောင်း မကြာခဏထုတ်ဖော်ပြောကြားလေ့ရှိသည်။[75] ဤထိခိုက်နစ်နာမှုများသည် ဘာသာရေးဆိုင်ရာနေရာများနှင့် အဆောက်အအုံများအပါအဝင် ယဉ်ကျေးမှုဆိုင်ရာပိုင်ဆိုင်မှုပစ္စည်းများအား တိုက်ခိုက်ခြင်း၊ ထိမ်းမြားမင်္ဂလာပွဲများနှင့် သာရေးနာရေးကဲ့သို့သော လူထုစုဝေးမှုများကိုတိုက်ခိုက်ခြင်း စသည့်နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေ (IHL) ကို ပို၍ ပြောင်ပြောင်တင်းတင်း ချိုးဖောက်သည့်လုပ်ရပ်များဖြစ်စေပါသည်။[76]

ဘေးကင်းလုံခြုံမှုအားရှာဖွေပြီး ထွက်ပြေးတိမ်းရှောင်နေသော်လည်း စာသင်ကျောင်းများ၊ ဆေးပေးခန်းများနှင့် အကာအကွယ်ပေးထားသည့် ပြည်သူပိုင်အဆောက်အအုံများအပါအဝင် စစ်ဘေးရှောင်စခန်းနှင့် ၎င်းတို့၏ပတ်ဝန်းကျင်အနီးတဝိုက်တွင် မြန်မာစစ်တပ်၏တိုက်ခိုက်မှုများကို ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရကြောင်း စစ်ဘေးရှောင်နေရသည့်အမျိုးသမီးအများအပြားမှ ထုတ်ဖော်ပြောကြားခဲ့သည်။[77] နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ (IHL) အောက်ရှိ အခြေခံမူများအရ အဆိုပါတိုက်ခိုက်မှုများသည် စိုးရိမ်ပူပန်မှုများကို မြင့်တက်စေသည့်အပြင်[78] ထိုတိုက်ခိုက်မှုများပြုလုပ်သည့်အချိန်၊ ပြုလုပ်သည့်တည်နေရာနှင့် ထပ်ခါတလဲလဲပြုလုပ်နေသော တိုက်ခိုက်မှုများ၏သဘောသဘာဝများသည် ခွဲခြားမှုမရှိသည့် ရမ်းသမ်းတိုက်ခိုက်မှု၊ အချိုးအစားမျှတမှုမရှိသည့်တိုက်ခိုက်မှုနှင့် ကြိုတင်သတိပေးခြင်းမရှိသည့်တိုက်ခိုက်မှုများဖြစ်ပြီး နိုင်ငံတကာ

---

[73] ICESCR, Art. 11 တွင် ကြည့်ပါ။

[74] Committee on Economic, Social and Cultural Rights, *General Comment No. 21, Right of everyone to take part in cultural life (Art. 15, para. 1(a) of the Covenant)*, para 36 တွင် ကြည့်ပါ။

[75] ICESCR, Art. 15 တွင် ကြည့်ပါ။

[76] ICRC, Customary IHL Study, Rule 38 တွင် ကြည့်ပါ။

[77] ICRC, Customary IHL Study, Rules 7, 9, 28 တွင် ကြည့်ပါ။

[78] ICRC, Customary IHL Study, Rules 1, 7 တွင် ကြည့်ပါ။

လူသားချင်းစာနာထောက်ထားမှု ဥပဒေ (IHL) မှ ပြဋ္ဌာန်းထားချက်အရတားမြစ်ချက်များကိုလည်း ချိုးဖောက်ရာ မြောက်ပါသည်။[79] ထိုကဲ့သို့သော အရပ်သားနှင့် ပြည်သူပိုင်အိုးအိမ်စည်းစိမ်များအား တမင်ရည်ရွယ်ချက်ရှိစွာ တိုက်ရိုက်တိုက်ခိုက်မှုများသည် နိုင်ငံတကာရာဇဝတ်မှု ဥပဒေ (ICL) အရ စစ်ရာဇဝတ်မှုလည်းမြောက်ပါသည်။ [80]

မြန်မာစစ်တပ်မှ စစ်ဘေးရှောင်စခန်းနှင့် ကရင်ပြည်နယ်တစ်ဝန်းရှိ ဆေးရုံဆေးပေးခန်းများအပေါ် တိုက်ခိုက်ခြင်းသည်လည်း ကျန်းမာရေးဆိုင်ရာအခွင့်အရေးအား ချိုးဖောက်ရာရောက်ပါသည်။[81] စစ်ဘေးရှောင်သည့်နေရာများတွင် ကျန်းမာရေးလက်လှမ်းမီနိုင်စွမ်းအပေါ် တားဆီးပိတ်ပင်နေသောအဟန့်အတားများသည် နောက်ဆက်တွဲဆိုးကျိုးများ ပြင်းထန်စွာဖြစ်ပေါ်စေပြီး အထူးသဖြင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) နှင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ ဥပဒေ (IHRL) နှစ်ခုလုံးမှအသိအမှတ်ပြုထားသည့် ကာကွယ်စောင့်ရှောက်ရေးနှင့် ကူညီထောက်ပံ့မှုပေးရေးလိုအပ်နေသော ကိုယ်ဝန်သည်အမျိုးသမီးများနှင့် ကလေးငယ်ရှိသောမိခင်များအတွက် သက်ရောက်မှုရှိစေပါသည်။ [82]

မြန်မာစစ်တပ်၏တိုက်ခိုက်မှုများအပြင် ၎င်းနှင့်ဆက်စပ်သည့် အကြမ်းဖက်ချိုးဖောက်မှုများကြောင့် မြင့်တက်လာသည့် နေရပ်အန္တရာယ်မလုံခြုံမှုများသည် စစ်ဘေးရှောင်နေရသည့်အမျိုးသမီးများ၏လွတ်လပ်စွာသွားလာနေထိုင်ခွင့်အပေါ် သိသာထင်ရှားသည့်ကန့်သတ်ချုပ်ချယ်မှုများ ဖြစ်စေပါသည်။ [83] အမျိုးသမီးများ၏ထုတ်ဖော်ပြောကြားချက်များအရ မြန်မာစစ်တပ်၏လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသည့်ကြောက်ရွံ့မှုများအပေါ် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ စားနပ်ရိက္ခာနှင့် အခြားလိုအပ်ချက်များကို ရယူနိုင်မှု၊ ယဉ်ကျေးမှု သို့မဟုတ် လူထုစုဝေးပွဲများသို့ သွားရောက်ခြင်းကိုရှောင်ကြဉ်ခဲ့ရပြီး ဤကဲ့သို့သွားလာလှုပ်ရှားမှုများအပေါ် ကန့်သတ်ချုပ်ချယ်ခြင်းသည် အခြေခံအခွင့်အရေးများ ထပ်မံဆုံးရှုံးရစေပါသည်။ စစ်ဘေးရှောင်နေရသည့်အမျိုးသမီးများသည် ဘေးကင်းလုံခြုံရေးအတွက် ၎င်းတို့၏သွားလာလှုပ်ရှားမှုအားကန့်သတ်ရန် ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ခဲ့ရခြင်းမှာ မြန်မာစစ်တပ်၏ထပ်ခါတလဲလဲ တိုက်ခိုက်မှုနှင့် ၎င်းနှင့်ဆက်စပ်သည့်ချိုးဖောက်မှုများမှ ဖြစ်ပေါ်လာသည့်ဘေးအန္တရာယ်ရှိသော ပတ်ဝန်းကျင်အခြေအနေကြောင့် ထိုကဲ့သို့ရွေးချယ်ဆုံးဖြတ်ခဲ့ရခြင်း ဖြစ်ပါသည်။ မြန်မာစစ်တပ်၏တိုက်ခိုက်မှုများသည် ထပ်ခါတလဲလဲနှင့် နေရာအနှံ့အပြားတွင်ဖြစ်ပွားနေသည့်သဘောသဘာဝရှိသည့်အပြင် အချိန်ကြာလာသည်နှင့်အမျှ အရပ်သားများ၏နေ့စဉ်ပြုမူနေထိုင်မှုများကိုပါ ကန့်သတ်ချုပ်ချယ်လာခြင်းများကြောင့် အရပ်သားပြည်သူများကြုံတွေ့ခံစားရသည့် ကြောက်ရွံ့စိတ်များသည် လက်နက်ကိုင်ပဋိပက္ခမှပေါ်ထွက်လာသည့် ဘေးထွက်ဆိုးကျိုးသက်သက်မဟုတ်ပေ။ ဤသည်မှာ အရပ်သားလူနေမှုဘဝအပေါ် ကြိုတင်ခန့်မှန်း၍မရသည့် ထပ်တလဲလဲဖြစ်ပွားနေသော အကြမ်းဖက်မှုများနှင့် ရင်ဆိုင်နေရခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ညွှန်ပြနေပါသည်။ ကရင်ပြည်နယ်အတွင်း စစ်ဘေးရှောင်နေရသည့်အမျိုးသမီးများအတွက်မူ ဤကဲ့သို့သောကြောက်ရွံ့စိတ်သည် နေ့စဉ်လူနေမှုဘဝတွင် ဖြစ်ပေါ်လျက်ရှိသည့်အခြေအနေတစ်ခုဖြစ်လာခဲ့ပါသည်။ ဤအခြေအနေအပေါ် မှတ်တမ်းပြုစုထားသည့်တိုက်ခိုက်မှုပုံစံများသည် ပြည်သူလူထုအကြားကြောက်ရွံ့ထိတ်လန့်မှုဖြစ်ပွားစေရန်ရည်ရွယ်ပြီး အကြမ်းဖက်မှု သို့မဟုတ် ခြိမ်းခြောက်မှုများပြုလုပ်ခြင်းသည် နိုင်ငံတကာလူသားခြင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (IHL) ၏ပြဋ္ဌာန်းချက်များအား ချိုးဖောက်ရာရောက်သည်။[84]

[79] ICRC, Customary IHL Study, Rules 11, 14, 15 တွင် ကြည့်ပါ။

[80] ICC, Rome Statute, Art. 7(2)(d) တွင် ကြည့်ပါ။

[81] ICESCR, Art. 12 တွင် ကြည့်ပါ။

[82] ICRC, Customary IHL Study, Rule 134; CEDAW, Art. 12 တွင် ကြည့်ပါ။

[83] UDHR, Art. 13 တွင် ကြည့်ပါ။

[84] ICRC, Customary IHL Study, Rule 2 တွင် ကြည့်ပါ။

အရပ်သားပြည်သူလူထုအပေါ် စဥ်ဆက်မပြတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းသည် မည်သည့်နေရာမှ လုံခြုံမှုမရှိစေဘဲ ပြည်သူလူထုများအတွက် ပိုမိုကျယ်ပြန့်သောထိတ်လန့်ကြောက်ရွံ့မှုနှင့် မလုံခြုံမှုများကိုခံစားရစေကြောင်း အပြည်ပြည်ဆိုင်ရာတရားရုံးများက အလေးပေးပြောကြားထားပါသည်။[85] ထို့အပြင် အရပ်သားများအပေါ် အဆိုပါတိုက်ခိုက်မှုများ၏သဘောသဘာဝ၊ ပုံသဏ္ဍာန်နှင့် သက်ရောက်မှုများအား ကြည့်ခြင်းအားဖြင့် ပြည်သူလူထုများအကြား ကြောက်ရွံ့မှုများပြန့်နှံ့စေရန် တမင်ရည်ရွယ်ချက်ထားရှိကြောင်း ကောက်ချက်ချနိုင်ပါသည်။[86] ၎င်းရည်ရွယ်ချက်တွင် အရပ်သားများ၏သာမန်နေ့စဥ်လူပ်ရှားမှုအပေါ်ထိခိုက်စေရန် တိုက်ခိုက်မှုများလည်းပါဝင်ပါသည်။[87] KHRG မှ မှတ်တမ်းပြုစုထားသည့်တိုက်ခိုက်မှုပုံသဏ္ဍာန်များ အထူးသဖြင့် ထပ်ခါတလဲလဲလုပ်ဆောင်နေသည့်တိုက်ခိုက်မှုများသည် အစဥ်အမြဲလုံခြုံမှုမရှိသောအခြေအနေတစ်ရပ်အား ဖြစ်ပေါ်စေကြောင်း ဥပဒေရှုထောင့်မှ ရှုမြင်နိုင်ပါသည်။ ဤကဲ့သို့သော မလုံခြုံမှု၏သက်ရောက်မှုများအပေါ် အနာဂတ်တွင် နောက်ထပ်တိုက်ခိုက်မှုများအား ကြုံတွေ့လာရနိုင်သည်ကို ကြိုတင်မှန်းဆပြီး မိမိတို့၏လူနေမှုဘဝကိုပြောင်းလဲခဲ့ကြရကြောင်းနှင့် အန္တရာယ်ရှိသည့်သူများသည် သာမန်အရပ်သားများဖြစ်နေသည်ကို ရှင်းလင်းစွာမြင်တွေ့နိုင်ကြောင်း စစ်ဘေးရှောင်အမျိုးသမီးများ၏ပြောကြားချက်များတွင် ပိုမိုထင်ဟပ်နေပါသည်။ ထို့အပြင် အထက်ပါဖော်ပြခဲ့သည့်အမျိုးသမီးများမှ ၎င်းတို့၏နေ့စဥ်လှုပ်ရှားမှုများ ပြုပြင်ပြောင်းလဲနေထိုင်သည့်ဥပမာဖြစ်ရပ်များအရ မြန်မာစစ်တပ်မှ ရွက်ဖျင်တဲအမိုးအားလှမ်းတွေ့ပါက အရပ်သားများကိုပစ်မှတ်ထားပြီးလေကြောင်းတိုက်ခိုက်မှုပြုလုပ်လေ့ရှိကြောင်း သတိပေးချက်များရရှိပြီးနောက် လေယာဥ်သံကြားတိုင်း ရွက်ဖျင်တဲအမိုးအားဖြုတ်ပစ်ခဲ့သည်ဟု စစ်ဘေးရှောင်သည့်အမျိုးသမီးတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ဤတိုက်ခိုက်မှုပုံသဏ္ဍာန်များသည် ပြည်သူများအားစိုးရိမ်ပူပန်မှုများဖြစ်နေသည်ကိုမှန်ကန်ကြောင်း သက်သေပြနေသည်။ ပြည်သူလူထုကြားထဲ၌ ဖြစ်ပေါ်နေသောထိတ်လန့်ကြောက်ရွံ့မှုမှာ သာမန်တိုက်ပွဲများကြောင့် မတော်တဆဖြစ်လာသည့်ဘေးထွက်ဆိုးကျိုးမဟုတ်ပေ။ အကြောင်းမှာ မြန်မာစစ်တပ်မှ အရပ်သားပြည်သူများအားရည်ရွယ်ချက်ရှိရှိဖြင့် ထပ်ခါတလဲလဲတိုက်ခိုက်နေသောကြောင့် ဤကြောက်ရွံ့မှုများဖြစ်ပွားနေရခြင်း ဖြစ်ပါသည်။ ဤသည်မှာ ကရင်ပြည်နယ်ရှိအရပ်သားပြည်သူများ၏နေ့စဥ်ဘဝနှင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်မှုဖြစ်စဥ်များတွင် အမြဲကြုံတွေ့နေရသောအခြေအနေတစ်ခုဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (IHL) အောက်တွင် မြန်မာစစ်တပ်၏လုပ်ရပ်များသည် အကြမ်းဖက်မှုပြုမည်ဟုခြိမ်းခြောက်ခြင်းမြောက်ပြီး ၎င်း၏အခြေခံရည်ရွယ်ချက်မှာ ပြည်သူလူထုများအကြား ထိတ်လန့်ကြောက်ရွံ့မှုများပျံ့ပွားစေရန်ဖြစ်ပါသည်။[88] ဤစွဲချက်များခိုင်လုံမှုရှိသည့်ကာလပတ်လုံး အဆိုပါကြီးလေးသည့်လုပ်ရပ်များအပေါ် အနာဂတ်တွင်ပေါ်ပေါက်လာမည့် တာဝန်ယူမှုတာဝန်ခံမှုဆိုင်ရာလုပ်ငန်းစဥ်များအတွင်း ထင်ဟပ်ပေါ်လွင်စွာ ထည့်သွင်းဖော်ပြထားရမည်ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင်ဖော်ပြထားသော အရပ်သားနှင့် အရပ်ဘက်ဆိုင်ရာအဆောက်အအုံပစ္စည်းများအပေါ် တိုက်ခိုက်သည့်လုပ်ရပ်များသည် နိုင်ငံတကာရာဇဝတ်မှုဥပဒေ (ICL) ၏သက်ရောက်မှုအရ ဖြစ်ပွားနိုင်ခြေရှိသော စစ်ရာဇဝတ်မှုများထက်ပင် ကျော်လွန်နေပါသည်။ KHRG ၏ယခင်အစီရင်ခံစာများနှင့် ယှဥ်တွဲထည့်သွင်းစဥ်းစားကြည့်ပါက ယခုအစီရင်ခံစာတွင် ဖော်ပြထားသည့်ဖြစ်ရပ်များသည် လူသားမျိုးနွယ်အပေါ်ကျူးလွန်

85 ICTY, *Prosecutor v. Stanilav Galic (Trial Judgement and Opinion) (IT-98-29-T)*, 5 December 2003, para. 593 တွင် ကြည့်ပါ။

86 ICTY, *Prosecutor v. Stanilav Galic (Appeal Judgement) (IT-98-29-A)*, 30 November 2006, para. 104 တွင် ကြည့်ပါ။

87 ICTY, *Prosecutor v. Stanilav Galic (Trial Judgement and Opinion) (IT-98-29-T)*, 5 December 2003, para. 593 တွင် ကြည့်ပါ။

88 See, for example, ICTY, *Prosecutor v. Stanilav Galic (Trial Judgement and Opinion) (IT-98-29-T)*, 5 December 2003, para. 163 တွင် ကြည့်ပါ။

သည့် ရာဇဝတ်မှုတစ်ခုဖြစ်သော နေရပ်မှပြောင်းရွှေ့နေထိုင်စေမှုမြောက်ပါသည်။[89] နေရပ်မှပြောင်းရွှေ့နေထိုင်စေခြင်းတွင် အပြည်ပြည်ဆိုင်ရာဥပဒေအရ အကြောင်းပြချက်မရှိသည့်နှင်ထုတ်ခြင်း သို့မဟုတ် အခြားသော အတင်းအဓမ္မဖိအားပေးခိုင်းစေသည့်လုပ်ရပ်ကြောင့် လူပုဂ္ဂိုလ်များအား နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်စေခြင်းများပါဝင်ပါသည်။[90] လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုမြောက်ရန်အတွက်မူ အဆိုပါလုပ်ရပ်များသည် အရပ်သားပြည်သူများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျတိုက်ခိုက်မှု၏အစိတ်အပိုင်းတစ်ခုအနေဖြင့် ကျူးလွန်ခြင်းဖြစ်ရပါမည်။[91] အတင်းအဓမ္မဖိအားပေးခြိမ်းခြောက်ခြင်းဆိုသည်မှာ ကိုယ်ထိလက်ရောက်တိုက်ရိုက်ဖိအားပေးခြင်းသာမက တစ်ဦးချင်းစီအပေါ် အကြမ်းဖက်မှုပြုခြင်း သို့မဟုတ် မလုံခြုံမှုကြောင့် မိမိအိမ်မှစွန့်ခွာရန် ဖိအားပေးခံရသည့်အခြေအနေမျိုးကို ဆိုလိုပါသည်။ ထိုသို့သောအခြေအနေမျိုးသည် မိမိသဘောဆန္ဒအလျောက်မဟုတ်သည့် အတင်းအကျပ်ထွက်ပြေးတိမ်းရှောင်စေခြင်းဟု နားလည်သဘောပေါက်ထားရမည်ဖြစ်ပါသည်။[92]

89 ICC, Rome Statute, Art. 7(1)(d) တွင် ကြည့်ပါ။

90 ICC, Rome Statute, Art. 7(2)(d) တွင် ကြည့်ပါ။

91 ICC, Rome Statute, Art. 7(1) တွင် ကြည့်ပါ။

92 ICTY, Prosecutor v. Milorad Krnojelac Trial Judgement (IT-97-25-T), 15 March 2002, para. 475 တွင် ကြည့်ပါ။

# ဆက်စပ်နောက်ဆက်တွဲအချက်အလက် (က)- အင်တာဗျူးဖြေဆိုသူများ၏တည်နေရာ

ရှင်းလင်းချက်အနေဖြင့် ဤခရိုင် နှင့် မြို့နယ်များအတွက် မြန်မာဘာသာအသုံးအနှုန်းများကို ကွင်းထဲတွင် ထည့်သွင်းထားသော်လည်း မြန်မာအစိုးရ၏စီမံအုပ်ချုပ်မှု နယ်မြေများနှင့် ဆက်စပ်ခြင်းမရှိပါ။

အဓိကအင်တာဗျူးများ

| ခရိုင် အလိုက် | နာမည် | ဇာတိကျေးရွာ | နေရပ်စွန့်ခွာတိမ်းရှောင်ရာနေရာ |
|---|---|---|---|
| ၁ | နော်ဖ--- | ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဆသ--- ကျေးရွာအုပ်စု၊ ဆဧ--- ကျေးရွာ | ဒူးသထူ (သထုံ) ခရိုင်၊ ဘားအံမြို့နယ်၊ တခေါ်ဘိုး ကျေးရွာအုပ်စု၊ ဆက--- ကျေးရွာ |
| ၁ | နော်အဗ--- | ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ပယာ့ရော (မြစ်ကျိုး) ကျေးရွာအုပ်စု၊ ဆလ--- ကျေးရွာ | ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ပယာ့ရော (မြစ်ကျိုး)၊ ဆလ--- ကျေးရွာအပြင်ဘက်ရှိ တောနက်တစ်နေရာ |
| ၂ | နော်မ--- | ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့ | တောအူး(တောင်ငူ) ခရိုင်၊ ထောတထူ (ထန်းတ ပင်) မြို့နယ်၊ ပယ်ထိကျေးရွာအုပ်စု၊ ဆန--- ကျေးရွာ၊ ဆမ--- စာသင်ကျောင်းဘော်ဒါဆောင် |
| ၂ | နော်ထ--- | တောအူးခရိုင်၊ ထောတထူ (ထန်းတပင်) မြို့နယ်၊ ဒေးလိုကျေးရွာအုပ်စု၊ ဆဝ--- ကျေးရွာ | တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဒေးလို ကျေးရွာအုပ်စု၊ ဆပ--- စာသင်ကျောင်း |
| ၂ | နော်အဟ--- | တောအူးခရိုင်၊ ဒေါ်ဖားခို(သံတောင်ကြီး) မြို့နယ်၊ ထီးသာစောကျေးရွာအုပ်စု၊ ဆခ--- ကျေးရွာ | တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ပယ်ထိကျေး ရွာအုပ်စု၊ ဃမ--- ကျေးရွာ၊ ဆမ--- စာသင်ကျောင်း |
| ၂ | နော်စ--- | တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ဒေးလိုမူနူလာ ကျေးရွာအုပ်စု၊ ဆရ--- ကျေးရွာ | တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ဒေးလိုမူနူလာ ကျေးရွာအုပ်စု၊ ဆစ--- ကျေးရွာစစ်ဘေးရှောင်ရာ နေရာ |
| ၂ | နော်အအ--- | တောအူးခရိုင်၊ ထောတထူ(ထန်းတပင်) မြို့နယ်၊ ဒေးလိုကျေးရွာအုပ်စု၊ ဆတ--- ကျေးရွာ | တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဒေးလို ကျေးရွာအုပ်စု၊ ဆင--- ကျေးရွာအပြင်ဘက်ရှိ တောနက်တစ်နေရာ |
| ၃ | နော်အပ--- | ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်၊ မူး(မုန်း) မြို့နယ်၊ ဥသျှစ်ကုန်း ကျေးရွာအုပ်စု၊ ဆဖ--- ကျေးရွာ | ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ဖလီးထကျေးရွာအုပ်စု၊ ဆထ--- နေရာ |
| ၃ | ဒေါ်အရ--- | ခလယ်လွီထူခရိုင်၊ ဆောထိ (ရွှေကျင်) မြို့နယ်၊ ထောင်လောင်ကျေးရွာအုပ်စု၊ ဆည--- ကျေးရွာ | ခလယ်လွီထူခရိုင်၊ ဆောထိမြို့နယ်၊ ပုသိမ်ကုန်း ကျေးရွာအုပ်စု၊ ဆယ--- ကျေးရွာ |
| ၃ | နော်ပဆ---*[93] | ခလယ်လွီထူခရိုင်၊ ဆောထိ(ရွှေကျင်)မြို့နယ်၊ (ကျေးရွာအုပ်စုမသိ)၊ ဆဇ--- ကျေးရွာ | ခလယ်လွီထူခရိုင်၊ ဆောထိမြို့နယ်၊ ကျောက်ဖျာ ကျေးရွာအုပ်စု၊ (ဒအ---) စစ်ဘေးရှောင်စခန်း |
| ၄ | မက--- | ဘိတ်-ထားဝယ်ခရိုင်၊ တနော့သရီ(တနင်္သာရီ) မြို့နယ်၊ မောတောင်ကျေးရွာအုပ်စု၊ ဘပ--- ကျေးရွာ | ဘိတ်-ထားဝယ်ခရိုင်၊ တနော့သရီမြို့နယ်၊ မူးကပို ကျေးရွာအုပ်စု၊ ဒဘ--- ကျေးရွာအနီးရှိ တောနက်တစ်နေရာ |
| ၄ | ဒေါ်ယ--- | ဘိတ်-ထားဝယ်ခရိုင်၊ တနော့သရီမြို့နယ်၊ မောတောင်ကျေးရွာအုပ်စု၊ ဘပ--- ကျေးရွာ | ဘိတ်-ထားဝယ်ခရိုင်၊ တနော့သရီမြို့နယ်၊ မူးကပို ကျေးရွာအုပ်စု၊ ဒဘ--- ကျေးရွာအနီးရှိ ဆီအုန်းခြံ |

[93] (*) အမှတ်အသားပါသည့်နာမည်များသည် အင်တာဗျူးများ၏အဓိကအစိတ်အပိုင်းများဖြစ်သော်လည်း အစီရင်ခံစာ၏စာကိုယ်တွင် တိုက်ရိုက်ကိုးကားခြင်းမရှိပေ။ သို့သော် ၎င်းတို့၏အချက်အလက်များသည် အစီရင်ခံစာတစ်လျှောက်လုံး ပေါင်းစပ်ဒေတာ၏တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေပါသည်။

| | | | |
|---|---|---|---|
| ၄ | ဒေါ်ပဒ---* | --- | ဘိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန် ကျေးရွာအုပ်စု၊ ဒဒ--- ကျေးရွာ၊ ဒဆ--- ရပ်ကွက် |
| ၄ | ဒေါ်ပအ--- | ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ဆဟ--- ကျေးရွာ | ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ကစယ်ခလဲ ကျေးရွာအုပ်စု၊ ဘဆ--- ကျေးရွာ |
| ၄ | ဒေါ်ဟ--- | ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ကစယ်ဒိုကျေးရွာအုပ်စု၊ ဃန--- ကျေးရွာ | ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ကစယ်ခလဲ ကျေးရွာအုပ်စု၊ ဘဆ--- ကျေးရွာ |
| ၄ | ဒေါ်ဃ--- | ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ဆဟ--- ကျေးရွာ | ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ဘဒ--- ကျေးရွာ |
| ၅ | နော်ပဃ---* | မူတြော် (ဖာပွန်) ခရိုင်၊ လူသောမြို့နယ်၊ ဘောသေ့ထကျေးရွာအုပ်စု၊ ဖာပွန်မြို့၊ ဒဃ--- ကျေးရွာ | မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဘောသေ့ထ ကျေးရွာအုပ်စု၊ ဒဂ--- (စစ်ဘေးရှောင်စခန်း) |
| ၅ | နော်ဒ--- | မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလော ကျေးရွာအုပ်စု၊ ဒဗ--- ကျေးရွာ | မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလော ကျေးရွာအုပ်စု၊ ဒဂ--- ကျေးရွာ |
| ၅ | နော်သ--- | မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ဒဟ--- ကျေးရွာ | မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ဒဟ--- စစ်ဘေးရှောင်နေရာ |
| ၅ | နော်ပဗ--- | မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေး ရွာအုပ်စု၊ ဒဇ--- ကျေးရွာ | မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ တောနက်တစ်ခုထဲရှိ စစ်ဘေးရှောင်နေရာ |
| ၅ | ဒေါ်အဇ--- | မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ကတိုင်တိ ကျေးရွာအုပ်စု၊ ဒသ--- ကျေးရွာ | မူတြော်ခရိုင်, ဒွဲ့လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ ဒက--- ကျေးရွာ |
| ၆ | ဒေါ်အက--- | ဒူးပလာယာခရိုင်၊ ကရူတူး (ကျုံဒိုး) မြို့နယ်၊ တောင်ကြာအင်းကျေးရွာအုပ်စု၊ ဒလ--- ကျေးရွာ | ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ လောင်းကိုင် ကျေးရွာအုပ်စု၊ ဃပ--- ကျေးရွာ |
| ၆ | နော်ဇ--- | ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်) မြို့နယ်၊ ကော့နွဲကျေးရွာအုပ်စု၊ ဒမ--- ကျေးရွာ | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ စက္ကဝက် ကျေးရွာအုပ်စု၊ ဘဂ--- ကျေးရွာစစ်ဘေးရှောင်နေရာ |
| ၆ | နော်ဂ--- | --- | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဖလူး ကျေးရွာအုပ်စု၊ ဘဗ--- စစ်ဘေးရှောင်စခန်း |
| ၆ | နော်အ--- | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဖလူး ကျေးရွာအုပ်စု၊ ဒန--- | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဖလူး ကျေးရွာအုပ်စု၊ ဘဗ--- စစ်ဘေးရှောင်စခန်း |
| ၆ | နော်လ--- | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဖလူး ကျေးရွာအုပ်စု၊ ဒဝ--- ကျေးရွာ | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ သေ့ဘောဘိုး ကျေးရွာအုပ်စု၊ ဘတ--- သဝီ, (ဒတ--- နေရာ) စစ်ဘေးရှောင်စခန်း |
| ၇ | မအဂ--- | ဒူးသထူခရိုင်၊ သထုံမြို့၊ ဒခ--- ကျေးရွာ | ဘားအံခရိုင်၊ တာကရယ် (ပိုင်ကျုံ)မြို့နယ်၊ ပတ ကျေးရွာအုပ်စု၊ ဒရ--- ကျေးရွာ |
| ၇ | နော်အသ--- | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကော့နွဲကျေးရွာအုပ်စု၊ ဒမ--- ကျေးရွာ | ဘားအံခရိုင်၊ တနေးချား (နဘူး) မြို့နယ်၊ ထီးကလေ့ ကျေးရွာအုပ်စု၊ ဒစ--- ကျေးရွာ |
| ၇ | နော်ပ--- | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ နို့ဖိုး (အတွင်းကွင်းကလေး) ကျေးရွာအုပ်စု၊ ဘဟ--- ကျေးရွာ | ဘားအံခရိုင်၊ တနေးချားမြို့နယ်၊ ကယ်ဂေါ် ကျေးရွာအုပ်စု၊ ဒတ--- ကျေးရွာ |

## ကိုးကားထားသော ဖြည့်စွက်အင်တာဗျူးများ

| ခရိုင် အလိုက် | နာမည် | ကျေးရွာဇာတိ | နေရပ်စွန့်ခွာတိမ်းရှောင်ရာနေရာ |
|---|---|---|---|
| ၁ | နော်အဒ--- | ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ အီးကျူ ခီး (အဆူးချောင်း) ကျေးရွာအုပ်စု၊ ဒယ--- ကျေးရွာ | --- |
| ၁ | နော်အဇ--- | မူတြော်ခရိုင် | ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ နို့ဘယ်ဘော ကျေးရွာအုပ်စု၊ ဃဆ--- ကျေးရွာ |
| ၃ | နော်အခ--- | ခလယ်လွို့ထူခရိုင်၊ မူးမြို့နယ်၊ နော့ဂေါ် ပ လော (မြက်နီကွင်း) ကျေးရွာအုပ်စု၊ ဃဘ--- ကျေးရွာ | --- |
| ၅ | နော်အတ--- | မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ကတိုင်တိ ကျေးရွာအုပ်စု၊ ဆဒ--- ကျေးရွာ | --- |
| ၅ | စောခ--- | မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ဝေါ် မူကျေးရွာအုပ်စု၊ ဒဌ--- ကျေးရွာ | --- |
| ၅ | စောည--- | --- | မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ မထောကျေးရွာအုပ်စု၊ ဒဇ--- စစ်ဘေးရှောင်ရာနေရာ |
| ၆ | နန်းဘ--- | --- | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဖလူးကျေး ရွာအုပ်စုရှိ ဘဗ--- စစ်ဘေးရှောင်ရာနေရာ |
| ၆ | မဆ--- | --- | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဖလူးကျေး ရွာအုပ်စု၊ ဘအ--- ကျေးရွာရှိ ဘဗ--- စစ်ဘေးရှောင်ရာနေရာ |
| ၆ | နော်ပဂ--- | ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ ကော်ဝလိုင်ကျေးရွာအုပ်စု၊ ဒဗ--- ကျေးရွာ | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကျော့ထော့ (အဇင်း) ကျေးရွာအုပ်စု၊ ဒထ--- ကျေးရွာ |
| ၆ | မအဆ--- | --- | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ နို့ဖိုး ကျေးရွာအုပ်စု၊ ဒည--- ကျေးရွာ |
| ၆ | နော်န--- | --- | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ စက္ကဝက် ကျေးရွာအုပ်စု၊ ဘဂ--- ကျေးရွာ |
| ၆ | နော်အဃ--- | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ရော်ကုကျေးရွာအုပ်စု၊ ဃအ--- ကျေးရွာ | --- |
| ၆ | နန်းအည--- | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ စက္ကဝက် ကျေးရွာအုပ်စု၊ ဘဂ--- ကျေးရွာ | --- |
| ၆ | နော်ပဘ--- | --- | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဝေါ်ရေ (ဝင်းရေး) မြို့နယ်၊ တောင်တီးကျေးရွာအုပ်စု၊ ဃဒ--- ကျေးရွာ |

## ဓာတ်ပုံ - အရှေ့မျက်နှာဖုံးနှင့် အနောက်မျက်နှာဖုံး

### အရှေ့မျက်နှာဖုံးပုံ


ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဖာပွန်မြို့အနီးတွင် ရိုက်ယူခဲ့ပါသည်။ မြန်မာစစ်တပ်မှ ဖာပွန်မြို့ရှိ ဃသ--- ဘုန်းကြီးကျောင်းသို့လေကြောင်းတိုက်ခိုက်မှုပြုလုပ်ပြီးသည့်နောက် အမျိုးသမီးများသည် ၎င်းတို့၏ကလေးငယ်များနှင့်အတူ ခြေလျင်ဖြင့်တောထဲသို့ထွက်ပြေးတိမ်းရှောင်နေရသောပုံကိုဖော်ပြထားပါသည်။ မြန်မာစစ်တပ်၏ထိုးစစ်ဆင်မှုကြောင့် ရွာသားများသည် ထိုဘုန်းကြီးကျောင်းတွင် လာရောက်စစ်ဘေးရှောင်ခဲ့သောသူများဖြစ်သည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် စစ်ဘေးရှောင်ရွာသားကိုးဦးဒဏ်ရာရရှိခဲ့ပြီး ရွာသားများသည် မြို့ပြင်ရှိတောတွင်းနေရာသစ်တစ်ခုသို့ ထပ်မံထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ ဤကဲ့သို့ထွက်ပြေးတိမ်းရှောင်နေရခြင်းကြောင့် ရွာသားများသည် ၎င်းတို့၏နေအိမ်များ၊ အမိုးအကာပစ္စည်းများနှင့် စားနပ်ရိက္ခာများကိုချန်ထားခဲ့ကြရပါသည်။ ထွက်ပြေးတိမ်းရှောင်နေရသောနေရာများတွင် ရွာသားများသည် အဖျားတက်ခြင်း၊ နာစေးခြင်း၊ ချောင်းဆိုးခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောခြင်းစသည့်ပြဿနာများကိုကြုံတွေ့ရပြီး ဆေးဝါးများလည်းလုံလောက်မှုမရှိပါ။ ဤလေကြောင်းတိုက်ခိုက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့်ရွာသားဦးရေအတိအကျကိုမသိရှိရပါ။ *(ဓာတ်ပုံ- KHRG)*

### အနောက်မျက်နှာဖုံးပုံ

လက်ဝဲဘက်ဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ အလူးကျေးရွာအုပ်စုရှိတောတွင်းတစ်နေရာ၌ရိုက်ယူခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေရသည့်မိသားစုတစ်စု၏ချက်ပြုတ်ရာနေရာကို ဖော်ပြထားပါသည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် မြန်မာစစ်တပ်မှ အလူးကျေးရွာအုပ်စုသို့ ထိုးစစ်ဆင်တိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများပြုလုပ်သဖြင့် အနည်းဆုံးရွာသားသုံးဦးသေဆုံးသွားခဲ့ပြီး ရွာသားအချို့ဒဏ်ရာရရှိခဲ့ပါသည်။ ဤကဲ့သို့သောတိုက်ခိုက်မှုများကြောင့် အလူးကျေးရွာအုပ်စုရှိရွာသားအားလုံးနီးပါးသည် နီးစပ်ရာကျေးရွာများနှင့် တောထဲအပါအဝင် ၎င်းတို့အတွက်လုံခြုံမှုရှိသည်ဟုယူဆရသောအခြားနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ဤကဲ့သို့ထွက်ပြေးတိမ်းရှောင်နေသောရွာသားများသည် အစားအစာနှင့် ဆေးဝါးများလုံလောက်မှုမရှိသဖြင့် အခက်အခဲများကိုကြုံတွေ့နေကြရပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

လက်ယာဘက်ဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ ဃက--- ဂူတွင်ရိုက်ယူခဲ့ပါသည်။ ကတိုင်တိကျေးရွာအုပ်စု၊ ဃဇ--- ကျေးရွာမှ အိမ်ထောင်စုရှစ်စုသည် ၎င်းတို့၏ကျေးရွာမှ ဤဂူသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ဒွဲ့လိုးမြို့နယ်တွင် မြန်မာစစ်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်ဖွဲ့များ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တို့အကြားတိုက်ပွဲဖြစ်ပွားပြီး မြို့နယ်ထဲတွင် နေရပ်စွန့်ခွာနေရခြင်းများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ဤဓာတ်ပုံထဲတွင်ဖော်ပြထားသော ဂူရှေ့ရှိရွာသားများသည် ထွက်ပြေးတိမ်းရှောင်သည့်နေရာတွင် ၎င်းတို့၏နေ့စဥ်လုပ်ငန်းဆောင်တာ အစိတ်အပိုင်းတစ်ခုအဖြစ် အစားအစာဝေမျှနေကြပါသည်။ *(ဓာတ်ပုံ- KHRG)*





*"ကျွန်မတို့ကိုယ်တိုင် စစ်ဘေးရှောင်နေရတော့ စိတ်ထဲမှာတစ်မျိုးကြီးဘဲခံစားရတယ်။ စစ်ဘေးရှောင်လို့အခေါ်ခံရတာက ကျွန်မတို့ကို စိတ်မသက်မသာဖြစ်စေတယ်။ ကျွန်မတို့စစ်ဘေးရှောင်နေရတဲ့နေရာက ကျွန်မတို့ရဲ့အိမ်၊ ကျွန်မတို့ရဲ့ ရွာမဟုတ်ဘူးလေ။ ကူညီထောက်ပံ့မှုတွေရရှိပေမယ့်လည်း သက်တောင့်သက်သာမရှိဘူးလို့ခံစားရတယ်။ ကျွန်မတို့ ရွာကိုဘဲ ပြန်နေချင်တယ်။"*

နော်ပ---၊ ဘားအံခရိုင်မှ စစ်ဘေးရှောင်သူ

၁၉၄၈ ခုနှစ် နိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စစ်ပဋိပက္ခ၊ ဖိနှိပ်ချုပ်ချယ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် နေရပ်စွန့်ခွာနေရခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ ဤနေရပ်စွန့်ခွာတိမ်းရှောင်ရခြင်းအား ထိခိုက်နစ်နာမှုများနှင့် ဆင်းရဲချို့တဲ့မှုကို ထပ်လောင်းဖြစ်ပေါ်စေသော လူ့အခွင့်အရေးချိုးဖောက်မှုတစ်ရပ်အဖြစ် နှင့် ရွာသားများအနေဖြင့် မတရားဖိနှိပ်ချုပ်ချယ်မှုများကိုဆန့်ကျင်၍ မိမိကိုယ်ကိုကာကွယ်သည့် နည်းလမ်းတစ်ရပ်အဖြစ် အသုံးပြုရသည့်အခြေအနေဖြစ်သည်ဟု နားလည်ရှုမြင်နိုင်ပါသည်။ ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် စစ်ဖက်ဆိုင်ရာအကြမ်းဖက်မှုများသည် တစ်ကျော့ပြန်ဆိုးရွားလာပြီး စစ်ဘေးရှောင်ရသည့်ရွာသားဦးရေမှာလည်း တစ်ဟုန်ထိုးများပြားလာပါသည်။ နေရပ်စွန့်ခွာတိမ်းရှောင်နေရစဉ် အမျိုးသားနှင့် အမျိုးသမီးများအသီးသီးတို့သည် အခက်အခဲစိန်ခေါ်မှုများစွာကို ကြုံတွေ့ရသော်လည်း အထူးသဖြင့် အမျိုးသမီးများကြုံတွေ့ရသည့် အခက်အခဲပြဿနာများသည် ကျား၊မ ဝိသေနလက္ခဏာများကြောင့် မတူကွဲပြားမှုများရှိနေပါသည်။

ဤအစီရင်ခံစာသည် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့်အမျိုးသမီးများ၏ ဘဝအတွေ့အကြုံများနှင့် ၎င်းတို့ကြုံတွေ့ရသော ကြောက်ရွံ့မှုများ၊ မလုံခြုံမှုများနှင့် ထပ်လောင်းစိန်ခေါ်မှုများကြောင့် ၎င်းတို့၏ဘဝအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဖြစ်စေ၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာဖြစ်စေ ပြင်းထန်စွာထိခိုက်မှုများရှိသော်လည်း ခံနိုင်ရည်ရှိစွာရပ်တည်ရင်ဆိုင်ကျော်ဖြတ်ခဲ့သည့်အခြေအနေကို ဖော်ပြထားပါသည်။ အမျိုးသမီးများ၏ သက်သေခံချက်များအရ မြန်မာစစ်တပ်သည် ရည်ရွယ်ချက်ရှိရှိသော်လည်းကောင်း၊ အရပ်သားပစ်မှတ်နှင့် စစ်ရေးပစ်မှတ်များမခွဲခြားပဲ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရမှုများဖြစ်ပေါ်စေပြီး ရုပ်ပိုင်းဆိုင်ရာလုံခြုံရေး၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် စိတ်ပိုင်းဆိုင်ရာချမ်းသာသုခများအပေါ် ထိခိုက်စေသည့်အရာများကို မီးမောင်းထိုးဖော်ပြထားသည်။ အမျိုးသမီးများအနေဖြင့် ၎င်းတို့ကြုံတွေ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဖြစ်ပေါ်လာသောနောက်ဆက်တွဲအခက်အခဲများကို ရင်ဆိုင်ကျော်လွှားရန်အတွက် စွမ်းဆောင်ရည်နည်းလမ်းအမျိုးမျိုးကို စဉ်ဆက်မပြတ်အသုံးပြုခဲ့ကြောင်းကိုလည်း ဖော်ပြထားသည်။ ထိခိုက်ဆုံးရှုံးမှုအများဆုံးကြုံတွေ့ရသူများ၏အသံများကို မြှင့်တင်ပေးခြင်းနှင့် စစ်ပဋိပက္ခဆိုင်ရာနေရပ်စွန့်ခွာတိမ်းရှောင်ရမှုများကြောင့် အမျိုးသမီးများ၏ဘဝအပေါ်ထိခိုက်စေသည့် ဆိုးကျိုးသက်ရောက်မှုများကိုပြသခြင်းဖြင့် KHRG မှ နေရပ်စွန့်ခွာတိမ်းရှောင်နေရသော အမျိုးသမီးများ၏ကြုံတွေ့ရသောစိန်ခေါ်မှုများနှင့် ၎င်းတို့၏အရေးပေါ်လိုအပ်ချက်များကိုအများသိရှိစေရန် ဖော်ပြထားပါသည်။ ဤအစီရင်ခံစာတွင် သက်ဆိုင်ရာတာဝန်ရှိ သူများအနေဖြင့် အမျိုးသမီးများအားကာကွယ်စောင့်ရှောက်ပေးရန်၊ မြန်မာစစ်တပ်၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့်အကြောင်းအရင်းများကိုရှုတ်ချပေးရန်နှင့် တစ်ချိန်ထဲတွင်လည်း စစ်ဘေးရှောင်အမျိုးသမီးများ ကြုံတွေ့ရသည့်အခက်အခဲများအား လျော့နည်းလာစေရန် ကြိုးပမ်းအားထုတ်သည့် ဒေသခံတက်ကြွလှုပ်ရှားသည့်အဖွဲ့များကို ကူညီပံ့ပိုးပေးရန်လည်း အကြံပြုတောင်းဆိုထားပါသည်။

**KHRG**

ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများရှိရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့်အခြားအထောက်အထားများအားဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် သီးခြားလွတ်လပ်စွာလှုပ်ရှားဆောင်ရွက်သော အဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်ခြင်းမရှိပါ။